www.burmeseclassic.com

BURMESE CLASSIC .com

# ရှင်ဖိုး

(ဆေးတက္ကသိုလ်)

## အသစ်တစ်ပန် ချစ်ခြင်းများစွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အမှတ်(၆၂)

Synergy Publications

အမှတ်(၁၇၄)၊ ဒုတိယထပ်(ဝဲ)၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၄၀၁၅၁၊ ၀၁၀ – ၃၁၀၀၃၃၂၊ ၀၉ – ၅၀၃၃၉၄၁

www.burmeseclassic.com

www.burmeseclassic.com

Synergy Publications
အမှတ် (၁၇၄)၊ ဒုတိယထပ် (ဝဲ)၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၂၄၀၁၅၁၊ ၀၁၀ - ၃၀၀၁၃၃၂၊ ၀၉ - ၅၀၃၃၉၄၁။

---

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် (၂၀၁၃ အောက်တိုဘာလ)။ |
| အုပ်ရေ | ၅၀၀ |
| မျက်နှာဖုံး | ဇေယျာဝင်းထက် |
| ကွန်ပျူတာစာစီ | Synergy |
| ထုတ်ဝေသူ | ဦးသုတ (မြဲ - ၀၄၆၉၄)<br>Synergy Publication<br>အမှတ်(၁၇၄)၊ဒုတိယထပ်(ဝဲ)၊ဆိပ်ကမ်းသာလမ်း(အလယ်)၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| အဖုံး/အတွင်းပုံနှိပ် | ဒေါ်နွဲ့နွဲ့ရီ (မြဲ ၀၉၈၇၀)<br>ရွှေရောင်လင်းပုံနှိပ်တိုက်<br>အမှတ် (၄၂၃)၊ အောက်ပုဇွန်တောင်လမ်း၊ (၁)ရပ်ကွက်၊<br>ပုဇွန်တောင်။ |
| စာအုပ်ချုပ် | မေသူဝင်း |
| တန်ဖိုး | ၁၅၀၀ |

ရှင်မိုး(ဆေးတက္ကသိုလ်)
အသစ်တစ်ဖန်ချစ်ခြင်းများစွာဖြင့်/ရှင်မိုး(ဆေးတက္ကသိုလ်)။ရန်ကုန်၊
ဦးသုတ၊ Synergy Publication၊ ၂၀၁၂။
၂၃၇ - စာ၊ ၁၂ စင်တီမီတာ၊ ၁၈.၃ စင်တီမီတာ။
(၁) အသစ်တစ်ဖန်ချစ်ခြင်းများစွာဖြင့်

# ရှင်မိုး (ဆေးတက္ကသိုလ်)

# အသစ်တစ်ဖန်ချစ်ခြင်းများစွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအဖြစ်နဲ့ မဆုံရခင်အချိန်တွေတုန်းကတော့ သွင်သည် သာမာန်အပျိုအရွယ် မိန်းကလေးငယ်တွေလိုပဲ၊ ဘဝကို လွတ်လပ်ပေါ့ပါး စွာ ကျော်ဖြတ်နေခဲ့သူဖြစ်သည်။

မနက်အိပ်ယာထ၊ ဝိတ်ထားသော မိုဘိုင်းဖုန်းကို ဖွင့်ကြည့်မယ်။ Facebook ကို ခဏဝင်ကြည့်မယ်။ ပြီးရင် ရေချိုးအလှပြင်ပြီးတာနဲ့ ကျောင်း သွားမယ်၊ သူငယ်ချင်းတွေနဲ့ တွေ့မယ်။ အတန်းလစ်ချင်ရင် လစ်မယ်၊ ရုပ်ရှင်ဝင်ကြည့်ချင်ရင် ကြည့်မယ်၊ ရှော့ပင်းမောလ်တွေ ပတ်ရင်ပတ်မယ်။ လည်လို့ဝရင် အိမ်ပြန်လာမယ်။ ညဘက် TV ကြည့်မယ်။ သူငယ်ချင်းတွေနဲ့ မပြီးနိုင်၊ မစီးနိုင် ဖုန်းပြောမယ်၊ အိပ်ချင်လာရင်ဖြစ်ဖြစ် ဒါမှမဟုတ် အိမ်က လူကြီးတွေက "ဟဲ့ အိပ်တော့လေ" ပြောလာရင်ဖြစ်ဖြစ်မှသာ အိပ်ရာဝင် မယ် စသဖြင့် သာမာန် မိန်းမပျိုလေးတစ်ယောက်ဖြတ်သန်းနေကျ နိစ္စဓူဝ ကိစ္စတွေနဲ့သာ အချိန်ကုန်ခဲ့သူဖြစ်လေသည်။

Synergy Publications

www.burmeseclassic.com

www.burmeseclassic.com



အသက်ကလေးနှစ်ဆယ်ကျော်ခါစ ရုပ်ရည်လေးလှတာပတာ၊ ဖော်ရွှင်ကျကျဖော်တတ်စားတတ်သော သွင်သည် ကိုယ့်ကို လာကြိုက်ကြသော ကောင်လေးတွေ၊ ယောကျ်ားသားတွေရှိပေမယ့် ဘယ်လိုမှ စိတ်ဝင်စားလို့ မရသည်ဖြစ်ရာ ချစ်သူရည်းစားတော့ တစ်ယောက်မှမထား ဖြစ်သေးပါ။ သူငယ်ချင်းတွေကတော့...

"ဘာလဲတကယ်မချစ်ပဲနဲ့...မတွဲချင်ဘူးလို့ဆုံးဖြတ်ထားလို့လား"

ဟူ၍ စပ်စုတတ်ကြပေမယ့် သွင့်သဘောကတော့ အဲဒီလို့လည်း မဟုတ်။

"အဲဒီလို့တော့မဟုတ်ပါဘူး၊ ချစ်တာတွေ၊ မချစ်တာတွေလည်း ငါ စိတ်မဝင်စားပါဘူး။ ရည်းစားထားရမှာကို ဝါသနာမပါတာ။ ကိုယ်ပိုင်တဲ့ အချိန်တွေကနေ သူ့ကို ခွဲပေးရမှာ စိတ်ကိုမပါဘူး"

"ဝါသနာပါမှပဲ ရည်းစားထားရတယ်ရှိသေးပါ့ဟယ်၊ ဒါဖြင့် ငါက တော့ ဝါသနာပါလို့ရည်းစားထားတယ်ပေါ့"

ရည်းစားများလှသော သူငယ်ချင်း မွယာက စကားအထာအနေ ကောက်ကာ ပြောပါသည်။

"နင့်ကို ပြောတာ မဟုတ်ပါဘူး၊ ငါ့မှာ ရည်းစားတစ်ယောက်မှ မထားဖူးတာကို ဘယ်လိုရှင်းပြရမှန်း မသိလို့၊ သိသလို ပြောတာပါ၊ စိတ်မ ဆိုးပါနဲ့ဟယ်"

သွင့်မှာ သူငယ်ချင်းဆိုလို့ များများစားစား မရှိ။ အတွဲဆုံးသုံး ယောက်သာ ရှိပါသည်။ ထိုသုံးယောက်ထဲမှာ မွယာကလွဲလျှင် ကျန်တဲ့ နှစ် ယောက်က ခပ်အေးအေးသမားတွေ၊ မွယာလိုလည်း ရည်းစားများ ဖြူနမှာ တော့ သူ့ထက် သုံးနှစ်လောက်ကြီးသော ဆေးကျောင်းသားတစ်ဦး





ဖြစ်သူ ကိုပြေစိုး ဆိုတဲ့ ရည်းစားတစ်ယောက်ရှိသည်။ ရည်းစားဖြစ်တာ နှစ်နှစ် လောက်ပဲ ရှိသေးသည်။ ကြည့်ရတာ တစ်နေ့ကျရင်တော့ ယူမဲ့ပုံပဲဟု သွင် ထင်လေသည်။ နောက်တစ်ယောက် သူငယ်ချင်းဖြစ်သူ မေရှင်း ကျတော့ မိန်းမ မဆန်။ ဆံပင်ကို တိုကပ်နေအောင် ညှပ်ထားကာ မိတ်ကပ်၊ ဘာ လိုးရှင်းမှလည်း မလိမ်းသော မျက်နှာပြောင်နှင့်၊ လေးထောင့်ခပ်ကြီး ကြီးလည်သာသားရေအိတ်ကို စလွယ်သိုင်းလွယ်ကာယောကျ်ားလျာလေး တိုင်နဲ့ နေတတ်သူ၊ ရုပ်ရာလေး က နုဖတ်ပြီး နှုတ်ခမ်းလေးတွေ ပန်းရောင် သမ်း နေအောင် လှပေမဲ့ သူကိုယ်တိုင်က ယောကျ်ားလျာလိုလို စိတ်ပေါက် နေသောအခါ သူ့ကို လာကြိုက်သော ကောင်လေးတွေကို ပြန်ဆွဲထိုးဖို့ လက်သီး တပြင်ပြင်၊ တုတ်တစ်ကိုင်ကိုင်နဲ့ ဖျောင်းဖျနေရပါသည်။

ယောကျ်ားလျာပုံစံလေးမို့ ယောကျ်ားလေးတွေကို စိတ်မဝင် စားပေမဲ့ မိန်းကလေးတွေကိုကျတော့ စိတ်ဝင်စားသား။ ဟိုကောင်မလေး ကြိုက်ရ၊ ဒီကောင်မလေးကြိုက်ရ၊ စာပေးရ၊ ဖုန်းနဲ့ အီစီကလီလုပ်ရနဲ့။ တစ်ခါတလေ အဆိုတော်မ၊ မော်ဒယ်လ်နဲ့ မင်းသမီးတွေကိုတောင် သဲသဲကြိုက် လိုက်သေးတာ၊ ဒါပေမယ့်ခုထိတော့ သူ့ရည်းစားလို့ ပြောရမဲ့ ကောင်မလေး လည်း တစ်ယောက်မှ မရသေး။

အဲဒါ သွင်ဆိုတဲ့ မိန်းကလေးရဲ့ အရင်းနှီးဆုံး သူငယ်ချင်းမှ သုံး ယောက်ရဲ့ အကြောင်းပါပဲ။ အားလုံး တစ်ယောက်နဲ့ တစ်ယောက်ရန် မဖြစ်ဘဲ ပြန်ချစ်လိုက်နဲ့ပဲ မိန်းကလေးတို့ရဲ့ ထုံးစံအတိုင်း လက်တွဲနေ ကြသူတွေ။

အဲဒီတော့ သွင့်နဲ့ နေ့ရက်တွေဟာ သိပ်အဆန်းတကြယ် မရှိခဲ့ ဘူးပေါ့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာကောင်းပြီး တကယ့်အဖြစ်တစ်ခုပါပဲလို့ ထင်ယောင်ထင်မှား ဖြစ်စရာ ရက်တစ်ရက်ကိုသာ မကြုံတွေ့ခဲ့ရဘူးဆိုရင် သေချာပါသည်။ သွင့်ရဲ့နေ့ရက်တွေဟာ ဘာမှ ထူးထူးခြားခြား ပြောင်းလဲလာစရာ မရှိပါ။

*　*　*

# အပိုင်း (၁)

အဲဒီနေ့က ကျောင်းက အိမ်အပြန်လမ်းမှာ ကားမောင်းပြန်ခဲ့စဉ် တိုးဆိုင်လေးတစ်ဆိုင်ရှေ့ဖြတ်တော့ ဝယ်ချင်တာလေးတွေ သတိရသွားတာနဲ့ ခဏရပ်လိုက်ပါသည်။ အချဉ်ထုပ်တို့၊ နေကြာစေ့၊ ကွာစေ့လှော်တို့ ညတျ တီဗွီကြည့်ရင်း ဖြစ်ဖြစ်စားဖို့ ဆင်းဝယ်လိုက်သည်။

အချဉ်ထုပ်များထားရာ နေရာလေးမှာ ရွေးချယ် ဝယ်ယူပြီး ပလတ်စတစ်ခြင်းထဲထည့်နေစဉ်အနားကိုအရိပ်တစ်ရိပ်လာရပ်လိုက်တာ သတိထားမိလိုက်သည်။ ဆိုင်က လူရှင်းနေပြီးသိပ်လည်းမကျယ်လှသဖြင့် ငွေသိမ်းကောင်တာမှာသာ ကောင်မလေးတစ်ယောက် ထိုင်နေသည်။ အရောင်းစာရေးမလည်း တစ်ယောက်မှမတွေ့။ ဆိုင်ထဲမှာ ဝယ်သူဆိုလို့ ရှင် တစ်ယောက်တည်း ရှိသည်။ ဒီတော့ အနားမှာ အရိပ်တစ်ရိပ် ဖြတ်တာကို ချက်ချင်းသတိထားမိသွားတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အချိုရည်ဗူး ဘယ်မှာတုန်း"

အသံ အသက်ကြီးကြီး မိန်းမကြီးတစ်ယောက် အသံဖြစ်ပြီး ဒီနားမှာ သွင်ပဲရှိတာမို့ သွင့်ကို မေးသည်ဟု ယူဆကာ လှည့်ကြည့်လိုက်ပါသည်။

"ဟိုဘက်မှာ ထင်တယ်"

ထင်ထားတာထက် အသက်ပိုကြီးနေပြီး မျက်မှန်သေးသေးဝိုင်းဝိုင်း၊ နဖူးပြောင်ပြောင်၊ ဆံပင်ပါးပါးရှိကာ အဖြူရောင်တော်တော်သမ်းနေသော ဆံပင်ပါးများသည် နံသာဖြူသီးဟု ထင်ရသည့် ဘီးချောင်းလေးရအောင် ရစ်ခွေထုံးထားပါသည်။ ရင်ဖုံးအင်္ကျီအဖြူရောင်မှာ ညစ်ပေနေသည်။ သူမ၏ ခန္ဓာကိုယ်ပိန်ပိန်လေးနဲ့ မလိုက်အောင် ပွယောင်းနေသေးသည်။ ပြီးတော့ ယောဂီလုံချည်ကို ဆင်မြန်းထားပါသည်။ ယောဂီရောင်တဘက်တစ်ထည်ကို လည်ပင်းမှာ ပတ်ထားသေးသည်။ လက်ကောက်ဝတ် နှစ်ဖက်လုံးမှာ စိပ်ပုတီးကြီးတွေ ရစ်ခွေပတ်ထားပါသည်။ လက်တံတောင်မှာတော့ ဘာတွေထည့်ထား၍ ဖောင်းပွကြီးမားနေမှန်း မသိသော လက်ဆွဲအိတ်ကြီးတစ်လုံးကို ချိတ်ထားပါသည်။

"ကဲ...ညည်း...ငါ့ကိုကြည့်လို့ဝရင်အချိုရည်ဗူးသွားယူပေးတော့"

"ရှင်"

သွင် အံ့သြသွားပါသည်။ ဈေးဝယ်သူချင်းချင်းကို တမင်ကြီးလာ ခိုင်းသလိုပြောသံ၊ အထက်စီးသံကြောင့် စိတ်ထဲ ကသိကအောက်ဖြစ်သွားပါသည်။ သို့သော် သွင်စိတ်လျှော့ကာ

"အဘွား လူမှားနေပြီထင်တယ်။ ကျွန်မဒီဆိုင်က ဝန်ထမ်းမဟုတ်ပါဘူး။ ဈေးဝယ်တဲ့ သူပါ"





ကြည့်ရတာ စိတ်လဲသိပ်မနံ့ဘူးထင်တယ်။ သွင် အဲဒီလိုပဲ တွေးလိုက်သေးသည်။

"အံမာ...ငါမသိဘူး မထင်နဲ့ သိတယ် ညည်းကို ဓာတ်ကျလို့ သွားယူခိုင်းတာ။ သွားသာယူခဲ့...လိမ္မော်ရည်ဗူးယူခဲ့"

"အဘွားလည်း သွားနိုင်လာနိုင်နေတဲ့သူပဲ ဘာကြောင့် ကျွန်မကို ခိုင်းရတာလဲ"

"ညည်းကို ဓါတ်ကျလို့ လို့ပြောနေတယ်လေ ငါ့ရဲ့ အထက်ဆရာတွေက ပြောနေတယ်။ ညည်းယူပေးတဲ့ အချိုရည်ကိုသောက်ကိုသောက်ရမယ်တဲ့...ကဲ သွားယူစမ်း"

သွင် တော်တော်လေး စိတ်ညစ်သွားပါသည်။ သေချာပါတယ်။ ဒီအဘွားကြီး စိတ်မနံ့တာဖြစ်မယ်။ အထက်ဆရာတွေ ဘာတွေထည့်ပြောသိုပြော၊ ဓာတ်ကျတယ်ဆိုလို့ဆိုနဲ့၊ သူ့ကို ရှောင်ကွင်းပြီး သွားဖို့ဆိုတာလဲ မဖြစ်နိုင်၊ သွင် အချဉ်ထုပ်ဝယ်နေသော နေရာလေးက ထောင့်စွန်းဖြစ်ကာ အပြင်ပြန်ထွက်ချင်ရင် အဘွားကြီး ပိတ်ရပ်နေသော နေရာကို ဖြတ်ထွက်မှ ရောက်နိုင်သည်။ အခုတော့ အဘွားကြီး က ပိတ်ရပ်ပြီး လူကို ခိုင်းနေသဖြင့် သွင် သူ့ကို ဖယ်မခိုင်းရဲ၊ စိတ်မနံ့တဲ့သူမို့ သွင်ကို တစ်ခုခုလုပ်လိုက်မှာ ကြောက်မိပြန်သည်။

ဒီလောက် လေအေးစက်ပေးပြီး မွှေးပျံ့နေတဲ့ စတိုးဆိုင်လေးထဲမှာ အဘွားကြီးဆီက ဘာနံ့မှန်းမသိ အနံ့တစ်မျိုးကိုလဲ သွင် ရှူရှိုက်မိသည်။ အဝတ်အစားတွေ မလျှော်ဖွပ်ဘဲ လနဲ့ ချီဝတ်ထားလို့ ရတဲ့အနံ့လား၊ ကိုယ့်နံ့လား၊ ပရုဆေးတစ်ခုခုကို အသုံးပြုထားတဲ့အနံ့လား၊ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ရေရေရာရာ ခွဲခြားမရ။ ဒါပေမယ့် အနံ့က မနံ့ဘဲ လူကို မူးနောက်နောက် ဖြစ်စေနေတာ။ အသက်ရှူမဝသလိုဖြစ်နေတာတော့အမှန်ပင်။

အဘွားကြီးမျက်လုံးတွေတော့ အသက်အရွယ်နဲ့ မလိုက်အောင်ပင် သိမ်းငှက်တစ်ကောင်လိုပဲ စူးရှနေပြန်သည်။

"ကဲ...ကဲ ယူပေးပါမယ်"

သွင့် စိတ်ထဲ သူ့ကို ငါ ဒီအချိုရည်မယူပေးရင် ဒီနေရာက သွားရတော့မှာ မဟုတ်ဘူးဟု တွေးမိသည်။ ပြီးတော့ စိတ်မနှံ့သူမို့ ဖက်ပြိုင်ပြီး ဒေါသမဖြစ်ချင်သလို ကိုယ့်အဘွား အရွယ်လောက်ကြီးမို့ အပြစ်လည်း မပြောချင်။ သူ့ကို ဒါလေးယူပေးလိုက်ရလို့ ကိုယ့်မှာ ဘာမှလဲ ဖြစ်သွားတာ မဟုတ်ပါဘူးလေလို့စိတ်ဖြေလိုက်ကာအဘွားကြီးကို ရှောင်ကွင်းထွက်ပြီး မလှမ်း မကမ်းရှိ မှန်သေတ္တာ အသေးလေးကို သွားဆွဲဖွင့်။ လိမ္မော်ရည်ဗူး ဆို၍ Pokka (ပေါကာ)လား၊ Fanta (ဖန်တာ)လား၊ Max (မက်စ်)လား Star (စတား)လား ရွေးမနေတော့ဘဲ မျက်စေ့ထဲတွေ့ရာ ဆွဲယူလိုက်ပါသည်။

"အေးဟုတ်ပြီ ဒီလိုမှပေါ့"

"အမယ်လေး"

ရေခဲသေတ္တာတံခါးကို ပြန်ပိတ်စဉ်မှာ နောက်က ရုတ်တရက် ပေါ်လာသော အသံကြောင့် သွင် လန့်၍ ယောင်သွားပါသည်။ ကြည့်စမ်း ဟိုအဘွားကြီး ရောက်လာတာ မြန်လိုက်တာ။ ပြီးတော့ အသံတောင် မကြားရဘူး။ ဒီလောက်အသက်အရွယ်နဲ့ သွက်လက်မြန်ဆန်နေလိုက်တာ ထူးခြားတာက ခြေသံတောင် မကြားရတာပဲ။ သွင့် စိတ်ထဲတစ်မျိုးကြီး ဖြစ်နေပေမဲ့ ဒီနားက မြန်မြန်သွားရရင်ပြီးရော တွေးကာ





"ဒီမှာ အအေးဗူး"

"အအေးဗူးလို့ မပြောနဲ့ အချိုရည်ဗူး"

"အင်း ... အင်း.... အချိုရည်ဗူး"

သွင် စိတ်တော်တော်တိုလာပြီမို့ ဆောင့်ဆောင့်အောင့်အောင့် ပြောကာ အဘွားကြီးလက်ထဲ လိမ္မော်ရည်ဗူးကို ထည့်လိုက်လျှင်

"အား"

သွင် လန့်သွားပြီး ယောင်မိသည်။ လက်တွေက ရေခဲတုံးမျှအေးစက်နေသည်။ သွင် ကိုင်ထားသောရေခဲသေတ္တာထဲက အအေးဗူးထက်ပင် အဆများစွာ အေးသကဲ့သို့ ခံစားရသည်။ သူ့လက်တွေကို ထိလိုက်တာနဲ့ အဘွားကြီးက သွင်လက်ကောက်ဝတ်ကို ဖမ်းကိုင်ထားလိုက်တာကို သွင် နောက်ဆုံး သတိထားလိုက်မိသည်။ နောက်ဆုံးလို့ ဘာကြောင့်ပြောရသလဲဆိုတော့ သွင်သည် နေ့ခင်းကြောင်တောင်ကြီး ရုတ်တရက် အိပ်ပျော်သလိုလို ဖြစ်သွား၍ပင်။

မျက်လုံးတွေ ပွင့်နေပေမဲ့ မျက်လုံးထဲတွင် ဘာမှ မမြင်တော့။ ခပ်ဝါးဝါးပုံရိပ်တွေက ရုပ်ရှင်ပြကွက်တွေလို ပေါ်လာသည်။ ရှေးခေတ် အဝတ်အစား (ဘယ်ကမှန်းမသိပေမဲ့ ဘုရင်တို့ မိဖုရားတို့ ရှိစဉ်ကာလက အဝတ်အစားမျိုး) သစ်လွင်တောက်ပစွာ ဝတ်ဆင်ထားသော ရွှေအပြည့် ဆင်ထားသည့် ချောမောလှပသည့် မိန်းမပျိုတစ်ဦးကို မြင်သည်။ လှလွန်းသဖြင့် နတ်သမီးလေးများလားလို့တောင် ထင်ရမည်။ သူမက အင်မတန်လှပေမဲ့ မျက်နှာသွင်ပြင်ကတော့ ရွှင်လန်းမှုမရှိ။ မောက်မာတန်လှ ဟာကို မြင်ရသည်။ နောက်တော့ .... နောက်တော့ ဘာတွေမှန်းမသိ ပိုးတိုး ပါးတားအရိပ်တွေဖြစ်ကာ ထိုချောမောလှပသော သူဌေးသမီးလေး ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်ခွေလဲလျောင်းနေတာကို တွေ့ရပြန်သည်။ ကြည့်ရတာ သူမ သေဆုံးသွားပုံရသည်။ သူမနံဘေးတွင် အော်ဟာစ်ဖို့ သာနေကြသူတွေ၊ ဖြတ်ကန်းဖြတ်ကန်း မြင်နေရသည်။ ငယ်ရွယ်ချောမောသော မိန်းမပျိုလေး ဘာကြောင့်များ စောစောစီးစီးသေရပါလိမ့်။ ထိုပိုးတဝါးမြင်ကွင်းတွေကို ဖမ်းဆုပ်ရင်း သွင်သည် သူမပါ ကြေကွဲချင်၊ ငိုချင်သလိုလို ဖြစ်လာသည်။

"ညည်း.... သွားရမဲ့ရက်နီးလာပြီ"

ဟူသော ခပ်တိုးတိုးအသံက သွင့်ကို သတိရအောင် လှုပ်နှိုးလိုက်သလို ဖြစ်သွားပါသည်။

သွင် ဒီတော့မှ သူမလက်တွေကို ပြန်ရုန်းလိုက်မိ၏ ကြည့်စမ်း ဒီလောက် ရေခဲထက်တောင် ပိုအေးမဲ့လက်နဲ့ကိုင်ထားခံခဲ့ရတာတောင် သွင့် တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်လို့ပါလား။

သွင် အဘွားကြီးကို ထိတ်လန့်ကြောက်ရွံ့သွားကာ ကမန်းကတန်းနောက်ကို ဆုတ်လိုက်ပါသည်။

"လူတစ်ယောက်ကို သိပ်ချစ်သွားမိပြီးရင် ညည်း အသက်ကိုပေးလိုက်ဖို့သာ ပြင်တော့ မကြာတော့ဘူး။ ငါပြောတာမှတ်ထား မမေ့နဲ့၊ လူတစ်ယောက်ကို သိပ်မချစ်မိစေနဲ့ ။ ညည်းမှာကိန်းစာသင့်နေတာ ချစ်တဲ့သူ တွေ့ရင် အသက်နှုတ်ခံမဲ့ ကိန်းစာ .... ကျွတ်...ကျွတ်...ကျွတ်"

အဘွားကြီးက ပြောပြောဆိုဆို စုတ်တသပ်သပ်ဖြင့် ချာကနဲ လှည့်ထွက်သွားပါသည်၊ သွင်သည် သူပြောသော စကားတွေဟာ ဘာတွေမှန်းမသိ မြိမ်းခြောက်သလိုလို၊ သတိပေးသ လိုလိုကြီးဖြစ်နေသောကြောင့် စိတ်ထဲမှာ ရှုပ်ထွေးသွားပါသည်၊ ရုတ်တရက်လည်း ကြောင်ငေးပြီး ရပ်ကျန်ခဲ့မိ၏ နောက်စက္ကန့်အနည်းငယ်ကြာမှ သတိဝင်လေရာ သွင့် မြင်ကွင်း





...မှ ပျောက်သွားသော အဘွားကြီးနောက်ပြေးလိုက်မိသည်။ ရှင်ဘာတွေ ...ပြော သွားတာလဲ။ ဘာသဘောနဲ့ ကျွန်မကို ပြောတာလဲ။ ရှင့်က ဘယ်သူ ...။ သွင့် ရင်ထဲမေးခွန်းတွေပြည့်နေသည်။ ဒီအဘွားကြီး ရူးနေတာတော့ ...တ်။ ရူးတဲ့ပုံမပေါက်ဘူး။အထက်ဂိုဏ်းတွေ၊ အထက်ဆရာတွေ အယုံ ...ကြည်သိပ်များပြီး နည်းနည်းပေါက်တောက်တောက် ဖြစ်နေတဲ့သူလား။ ...ကိုယ်သူ အကြားအမြင် ရသယောင်ယောင် မာနဆောင်နေတဲ့သူလား။

သွင် ဆိုင်သေးသေးလေးမှာ နေရာ အနှံ့ လိုက်ရှာတော့ ဘယ်သူ ...မှ မတွေ့တော့။ ကောင်တာမှ ငွေသိမ်းသူ ကောင်မလေးကတော့ ...တစ်လုံးဖြင့် အလုပ်ရှုပ်နေလေသည်။ သူ့ရှေ့ သွင် သွားရပ်တာတောင် ...မကြည့်အား။ သွင် က

"ညီမ"

ဟု ခေါ်မှ မော့ကြည့်ဖော်ရပေသည်။

"ခုနက ယောဂီလုံချည်၊ အင်္ကျီအဖြူနဲ့ အဘွားကြီးတွေ့လိုက်...း"

"မတွေ့လိုက်ပါဘူး"

"သူ အအေးတစ်ဗူး ဝယ်သွားတာလေ"

"ဘယ်သူမှ မဝယ်ဘူး အစ်မ၊ ဒီဆိုင်ထဲကို ဝင်လာတာ အစ်မတစ်...ယောက်ပဲလေ"

"ဟုတ်ရဲ့လား ညီမ ဖုန်းကို ငုံ့ကြည့်နေတုန်း သူငွေမရှင်းဘဲ ထွက်...သွားတာများလား"

"အစ်မကလည်း လာနောက်နေပြန်ပြီ သမီးတို့ဆိုင်က တံခါး...ဖွင့် အပိတ်နဲ့လေ၊ ဆိုင်ထဲကို တံခါးတွန်းဖွင့်ရင်လဲ၊ ခေါင်းလောင်းလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ အသံမြည်တာပဲ၊ အထဲကနေ အပြင်ကို တံခါးဆွဲဖွင့်ပြီး ထွက်ရင်လဲ ခေါင်းလောင်းတွေ အသံမြည်တာပဲလေ၊ ဘယ်သူမှ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်း ထွက်လို့မရဘူး၊ ဘာမှလဲ ခိုးလို့မရဘူး၊ CCTV ကင်မရာတွေ တပ်ထားတယ်ကြည့်လို့ရတယ်"

ကင်မရာဆို၍သွင်ဝမ်းသာသွားသည်၊ ဒါဆိုကင်မရာထဲမှာတော့ အဘွားကြီးပုံရှိမှာပဲ၊ သွင် ကောင်မလေးကို မျက်နှာချိုသွေးလိုက်ပြီး

"အစ်မကို ခဏပြန်ပြလို့ရမလားဟင်… အစ်မ ဈေးဝယ်နေတုန်း အဲဒီအဘွားကြီးရောက်လာတာပါ၊ ပုံစံက စိတ်မနှံ့သလိုကြီးမို့ အစ်မ လန့်တောင်လန့်နေတာ"

ကောင်မလေး သွင့်ကို သိပ်တော့ လိုလားပုံမပြ၊ သို့သော် သူ့စားပွဲပေါ်မှာ တင်ထားသော TV ဖြင့် CCTV ကင်မရာမှ မှတ်တမ်းတင်ထားသည့် ပုံတွေကို Disc ထုတ်ကာ ဒီဗွီဒီစက်ထဲ ပြန်ထည့်ကာ ပြပါသည်၊ fast forward (ဖက်စ် ဖော်ဝေါ့တ်) လုပ်ပြီး ပြတာပေမဲ့ ဘယ်သူ ဝင်တာ ထွက်တာ ဘာဝယ်တာဆိုတာ အကုန်မြင်ရသည်၊ သွင် ပြူးနေအောင် ကြည့်ကာရှာနေမိသည်၊ သို့သော်ရှုးကြောင်ကြောင်၊ အဘွားကြီး ကိုတော့ မတွေ့၊ သွင် တစ်ယောက်သာ အချဉ်ထုပ်တွေ ဝယ်ရင်းအိပ်မက် ထဲမှာ လမ်းလျှောက်သူလိုပဲ ရေခဲသေတ္တာဖွင့်လိုက်၊ အအေးဗူးကတော့ သွင့် ဈေးဝယ်ခြင်းထဲ ပါလာကြောင်း အခုမှပဲ သတိပြုမိလိုက်တော့ လေသည်၊

"ကဲ ကျေနပ်ပြီလားအစ်မ၊ ဘယ်သူမှမရှိပါဘူး၊ အစ်မ ဘာတွေ လာစားနေတာလဲ၊ ဒီမှာဖုန်းနဲ့ မက်ဆေ့ချ် ပို့တာ မရလို့ ညစ်နေရတဲ့အထဲမှာ"





ကောင်မလေးက သွင်ကို ဂေါက်မနေနဲ့ဆိုသော ပုံစံဖြင့်လည်း ကြည့်ရင်း စက်ကို ရပ်လိုက်ပါသည်၊ သွင်သည် ဘာမှန်းမသိသော အဖြစ်ကို အံ့ဩမဆုံးဖြစ်နေသည်၊ ကောင်မလေးနဲ့လည်း ဖက်ပြိုင်မငြင်းချင်၊ သူ့ရဲ့ CCTV ကင်မရာမှာ မှတ်ယူထားတဲ့ ပုံတွေထဲမှာ အဲဒီအဘွားကြီးမှ မပါ တာ၊ သွင်ကတွေ့လိုက်ပါသည်၊ စကားတွေ ပြောလိုက်ပါသည်ဆိုတာ ဘယ်လိုရှင်းပြမလဲ၊

ဘာမှန်းမသိသော အဖြစ်အတွက် သွင်သည် တနုံ့နုံ့ မကျေမနပ် ဖြစ်ရင်း အိမ်ကို ကားမောင်းပြီး ပြန်ခဲ့ပါသည်၊ အိမ်ရောက်တော့လည်း ဘယ်သူ့ မှပြောပြ မနေချင်လောက်အောင် ဒီခပ်ကြောင်ကြောင် အဖြစ်ကြီး ကိုစိတ်ကုန်လျက် မြိုသိပ်ထားလိုက်မိတော့လေသည်၊

* * *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၂)

ထူးခြားတာကအဲဒီနောက်ပိုင်းမှာသွင့်စိတ်တွေမလန်းတော့တာပင်၊ စိတ်တွေမလန်းရတဲ့အထဲ သွင့်နောက်မှာ သွင့်ဘေးမှာ၊ သွင့်ခေါင်းပေါ်မှာ မီးခိုးငွေ့လိုလို အရိပ်တွေ တွေ့တွေ့နေရသည်ဟု ထင်ယောင်ထင်မှားဖြစ်နေမိပြန်သည်။ ထိုအရိပ်တွေကို သွင့်စိတ်ထဲတွင် မကြောက်ပေမဲ့ စိတ်အနှောင့်အယှက်ဖြစ်ရသည်။ လူကြားသူကြားထဲမှာဆို ယောင်ယမ်းပြီး အဲဒီမီးခိုးငွေ့တွေကို ငေးကြည့်နေမိတာမျိုး၊ ကိုယ့်ပခုံးဘေးမှာ လာထိနေသည်ထင်ကာ ပြန်ငဲ့ကြည့်နေတာမျိုး၊ နောက်ကျောမှ ကပ်ပါလာသည်ထင်ကာမကြာခဏပြန်လှည့်ကြည့်မိတာမျိုးတွေလုပ်မိလွန်းပေါင်းဖြစ်လာတော့ စိတ်အနှောင့်အယှက်ဖြစ်စရာကြီးလိုပင်။

"သွင်...နင်ခုတလော ဘာဖြစ်နေတာလဲ ဟိုကြည့်ဒီကြည့်နဲ့ ဘာရှာရှာနေတာလဲ"





သူငယ်ချင်းတွေက တစ်ရက်တျတော့ သွင့်ကို မေးတာခံရတော့သည်။

"နင့်ကို ဘယ်သူအသည်းအသန်လိုက်နေလဲ"

မှုယာကတော့ တစ်ခုခုဆို ယောကျ်ားလေးတစ်ယောက်နဲ့သာ ဖတ်သက်ရမည်လို့ချက်ချင်းသံသယဝင်ကာ မေးသည်။

"ဘယ်သူမှ မလိုက်ပါဘူးဟဲ့.... မလိုက်လို့လဲ မတွေ့တာပေါ့"

မေရှားက သူလည်း စီးကရက်သောက်တာမဟုတ်ပါပဲ၊ ဘာစတိုင် မှန်းမသိ၊ ဇစ်ပါမီးခြစ်အကောင်းစားကို ဆောင်ထားကာ မီးခြစ်ကို ဖွင့်လိုက် ပိတ်လိုက် ဆော့ကစားနေရင်း သွင့် အစားဝင်ဖြေပါသည်။ မေရှားက ယောကျ်ားလျာပုံစံလေးဖြစ်ပြီး လှကသာ ဖြူဖြူနွဲ့နွဲ့ပေမဲ့ သူ့သူငယ်ချင်းတွေကိုလာမထိနဲ့ ... မီးပွင့်သွားမယ်ဆိုတဲ့စိတ်ဓာတ်မျိုးရှိလေသည်။ သူနဲ့ မယှဉ်နိုင်မှန်းသိပေမဲ့ ပြေးရိုက်ဖို့လဲ ဝန်မလေး၊ ကားထဲ တုတ်တစ်ချောင်းဆောင်ထားပြီး မကြည်ရင်မကြည်သလို ဆင်းရိုက်တတ်သေးလေသည်။

"သွင် ဘာဖြစ်နေတာလဲဟဲ့.. မျက်မှောင်လဲ ကျုံ့လွန်းလို့ နဖူးမှာ အရေပြားအရင်တွန့်နေပြီ အသက်လေးနှစ်ဆယ်ကျော်နဲ့ ပါးရေတွန့်နေပါဦးမယ်"

အလှအပအခင်မတန်ကြိုက်ပြီး ကိုယ့်ကိုယ်ကိုဘယ်လိုလှအောင်နေရမလဲဘဲ တီထွင်ဇန်တီးစဉ်းစားနေတတ်သော ဖြူနုက သွင့် နဖူးတွေကို လက်နဲ့ ပွတ်ရင်း ပြောသည်။

"ဒါ ခုတလော ဘာဖြစ်နေမှန်းတောင် ကိုယ့်ဘာသာမသိပါဘူး"

"ဘယ်သူနဲ့ ပတ်သက်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပြီ မှယာ၊ ဒေါ်မှယာကျော် တဆိတ်တွေးတူးပြုပြီး ယောကျ်ားကိစ္စကို ခေါင်းထဲ ရှေ့တန်းတင်တာ ရပ်ထားပါဦးခင်ဗျာ"

"ဟဲ့... ငါက ဘယ်သူ ဆိုတဲ့ အများဆိုင်နာမ်ကိုပဲ သုံးတာပါဟယ် ဘယ်ကောင်လေး ဆိုတဲ့ စကားလုံးမပါပါဘူး"

မှယာနဲ့ မေရှားက ပေါင်းသာပေါင်းနေရတာ၊ တစ်ယောက်နဲ့တစ်ယောက် သိပ်မကြည်လေရာ၊ ဒီလိုပင် အမြဲခွပ်နေတတ်ကြတာ မဆန်း မှယာပြောသမျှ မေရှားကမကြိုက်၊ မေရှားလုပ်သမျှလည်း မှယာက မကြိုက်၊ တစ်ယောက်ကွယ်ရာဆို ကျန်တစ်ယောက်က ကဲ့ရဲ့တုပ်တတ်ကြတာကို သွင် နဲ့ ဖြူနုတို့က နားထောင်ရပေါင်းများလို့ ရိုးနေပြီတည်း။

"ငါ့မျက်စေ့ထဲမှာလေ အရိပ်လိုလိုတွေ ငါ့နားမှာ ရှိတတ်လို့ ထင်နေတာ"

"ဘယ်လိုမျိုးအရိပ်လဲ လူရိပ်လား"

"လူရိပ်လည်း မဟုတ်ဘူး၊ မီးခိုးငွေ့လိုပဲ၊ ပုံစံမျိုးစုံပြောင်းနေတာ၊ ရှည်ရှည်ကြီးဖြစ်သွားလိုက်၊ အကွင်းအဝိုင်းတွေ ဖြစ်သွားလိုက်၊ လေးထောင့်တွေဖြစ်လိုက်၊ တစ်ခါတလေ ခေါင်းတိုင်ကထွက်တဲ့ မီးခိုးတန်းကြီး လိုပဲ ဖြစ်ရင် ဖြစ်သွားလိုက်နဲ့"

"တစ်ခါတလေ မျက်စေ့ သိပ်အားနည်းရင်လည်း အဲဒီလိုတွေမြင်တတ်ပါတယ်"

ဖြူနုက သွင် စာအုပ်တွေသိပ်ဖတ်၊ ဗီဒီယိုခွေသိပ်ကြည့်သလို TV အစီအစဉ်က လာတာတွေလဲ သိပ်အလွတ်မပေးတတ်မှန်းသိထားသူပီပီ သွင် မျက်စိအားနည်း၍ ဖြစ်မည်ဟု သုံးသပ်နေလေသည်။





"နင်က အိပ်ရေးပျက်ခံပြီး ရုပ်ရှင်တစ်ကားမပြီးမချင်း၊ ဒါမှမဟုတ် စာအုပ်တစ်အုပ် မပြီးမချင်း နေနေတတ်တယ်ဆိုတော့ အဲဒီလိုမျိုး သုံးလေး ရက်လောက် ဖြစ်လာရင် ခေါင်းထဲမှာ ရီဝေဝေဖြစ်လာတာပေါ့၊ မျက်စေ့ လည်း အားနည်းပြီး မြင်ချင်ရာမြင်တာဖြစ်မယ်"

"ငါ နေရတာလဲ စိတ်မကြည်မလင်နဲ့ တစ်ခုခု ထူးဆန်းတာဖြစ် တော့မယ်၊ အဲဒီ ထူးဆန်းတာဖြစ်ရင် ငါ့အတွက် ကောင်းတာတွေ ရော၊ မကောင်းတာတွေရော ရောနေအောင်ထင်နေတယ်၊ ကြိုသိနေသလိုပါပဲ"

"အိပ်ရေးပျက်လို့ပါဟယ်"

"အိပ်ရေးက မပျက်ဘူး၊ အခုဆို အိပ်ရာဝင်ရင် ခေါင်းချတာနဲ့ အိပ်ပျော်တယ်၊ ဒါပေမယ့် အိပ်မက်တော့ နေ့တိုင်း မက်တယ်၊"

"ဘာ အိပ်မက်တွေလဲ"

"မသိဘူး၊ ရှုပ်ရှက်ခတ်နေတာပဲ ဘာမှကို ရေရေရာရာ မရှိဘူး"

တကယ်ပဲ ဘာတွေမှန်း မသိရောထွေးနေသော အိပ်မက်တွေ ကြောင့် အိပ်သာအိပ်သော်လည်း အိပ်ရေးက ဘယ်တော့မှ ဝ တယ်ရယ် မရှိ။

"စိတ်ရောဂါ ဆရာဝန်နဲ့ သွားပြမလား"

"ဟဲ့ မှယာ သွင့် မရူးသေးပါဘူး"

မေရှား စူးကနဲ ထအော်လိုက်သည်။

"ငါက ရူးတယ်လို့ ပြောလို့လား"

"နင်ပဲ စိတ်ရောဂါ ဆရာဝန်နဲ့ ပြဆို"

"စိတ်ရောဂါဆရာဝန်နဲ့ ပြတိုင်း ရူးလို့မှ မဟုတ်တာ၊ နိုင်ငံခြား ကာဆိုကြည့်ပါလား၊ Psychiatrist (ဆိုက်ကီရာထရစ်) တွေက အေးအေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေး ဆိုဖာမှာ ထိုင်ပြီး သူနဲ့ လာစကားပြောရင် ဖွင့်တဲ့ လူနာတို့ မျက်နှာချင်းဆိုင်စကားတွေ ပြောနေတာပါ။ လူတိုင်းဟာ ရူးလို့မှ မဟုတ်တာ။ မိသားစုပြဿနာကို ရင်ဖွင့်ချင်လို့ လာတာရှိမယ်။ ကျောင်းမှာဖြစ်တဲ့ ကျောင်းသူကျောင်းသားလေးတွေ၊ အလုပ်မှာစိတ်ဖိစီးမှုများလို့ ထွက်ပေါက်ပေးတဲ့အနေနဲ့ ဆရာဝန်ဆီမှာ ရင်ထဲက ခံစားရတာတွေ လာပြောရင်ပြောမယ်၊ ကိုယ်ဖြစ်ချင်တာတွေမဖြစ်ဘဲ မဖြစ်ချင်တာတွေ သိပ်ဖြစ်လာလို့ စိတ်ဓါတ်ကျပြီး Depression ရတဲ့သူတွေ လာရင်လာမယ်၊ လင်မယားချင်းအဆင်မပြေတာများလာမယ်၊ ကွဲဖို့ကွာဖို့ထိတောင် ဖြစ်ရင်ဖြစ်နေမယ်။ ဒါပေမယ့် မွေးထားတဲ့ ကလေးတွေ မျက်နှာထောက်ပြီး ပြန်ပေါင်းရင်ပေါင်းဖို့ စိတ်ကူးတဲ့ စုံတွဲလည်း ဆရာဝန်နဲ့လာတွေ့ရမှာပဲ နောက်ပြီး အပြင်းအထန် အက်ဆီးဒင့် ဖြစ်ပြီးရင်လည်း အဲဒီအက်ဆီးဒင့်ကြောင့် ခံစားရတဲ့ စိတ်ဝေဒနာ သက်သာအောင်လည်း စိတ်ရောဂါဆရာဝန်ဆီ လာကြတာပဲလေ။ သူတို့ဆီမှာ လူတွေကို ဆေးမကုခင် Psychological coumseling (ဆိုက်ကော်လော်ဂျီကယ်လ် ကောင်းဆဲလ်လင်း) ကို အရင်လုပ်ကြတာ"

မှုယာက လူကသာရည်းစားများ၊ ခပ်ရှုပ်ရှုပ်ပေမဲ့ ဗဟုသုတတော့ ကြွယ်ဝလေရာ အားလုံးနားထောင်နေချင်လောက်အောင် ချက်နဲ့ လက်နဲ့ ပြန်ဖြေပါသည်။

"ဒါဖြင့် ငါလည်း Psychiatrist နဲ့ သွားတွေ့ရင်ကောင်းမယ်ထင်တယ်"

"ဟယ်...ဘာတွေဖြစ်လို့လဲဟယ်...နင်က ဘာတွေစိတ်ညစ်စရာရှိလို့လဲ။ စိတ်ညစ်စရာရှိရင် ငါတို့ကို အရင်ပြောပါ။နင်ဘာဖြစ်ထားလို့လဲ"





သွင် မပြောဘူးလို့ စိတ်ထဲမှာ ဆုံးဖြတ်ထားပေမဲ့ အခုတော့ ပြောလိုက်ချင်နေသည်။ သွင် ခုလိုဖြစ်လာတာဟာ ဟိုအဘွားကြီးနဲ့ တွေ့ပြီးမှ ဖြစ်လာတာလို့ကို ထင်နေသည်။

သွင် က အဖြစ်အပျက်တို့ကို ပြောပြနေစဉ် သူငယ်ချင်းတွေ အားလုံးစိတ်ဝင်တစားပင် နားထောင်ကြပါသည်။ သူနဲ့ အိစိကလီဖြစ်နေတဲ့ တောင်လေးတွေသီ အရှိန်ပြည့် ဖုန်းမက်ဆေ့ချ်ပို့နေတတ်ပြီး သူငယ်ချင်းတွေစကားပြောလျှင် ဘယ်တော့မှ စိတ်ဝင်တစားနားထောင်ပေးတတ်ခြင်း မရှိသော မှုယာပင်လျှင် ဖုန်းကို ချပြီး တအံ့တသြ စိတ်ဝင်တစားနဲ့ နားထောင်နေတော့သည်။

သွင် စကားဆုံးတော့ သူတို့ သုံးယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြပြန်သည်။

"အဲဒါ ဘာဖြစ်နိုင်မလဲ"

မေရှားကို မြှုနက ဘယ်ရယ်မဟုတ်မေးတော့ မေရှားက အမေရိကန်ရုပ်ရှင်ကားတွေထဲက မင်းသား၊ မင်းသမီးတွေနဲ့ အိုက်တင်လိုပဲ မာန်ပါပါပခုံးလေးအသာတွန့်ပါသည်။ "မသိဘူးလေ" ဆိုတဲ့ သဘောကို စကားမပြောဘဲ ပခုံးတွန့် အမူအရာလုပ်ဖို့ ကို မေရှားက အင်မတန်မှ ဝါသနာပါနေလေသည်။

"သွင် နင် တကယ်တွေ့လာတာလား။ အိပ်မက်မက်တာကို တကယ်ထင်နေတာလား"

"တကယ်တွေ့လာတာပါ။ မှုယာရယ် ဘာလို့ အိပ်မက်မက်တယ် ထင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေကျ ညတုန်းကအိပ်မက် သိပ်ဆန်းလွန်းရင် တကယ်ပဲဖြစ်ခဲ့သလိုလို ထင်ယောင်ထင်မှားဖြစ်တတ်တယ်လေ"

"အိပ်မက်မဟုတ်ဘူး။ တကယ်တွေ့လာတာ"

"ဒါဖြင့် CCTV နဲ့ ပြန်ကြည့်တော့ဘာလို့ အဲဒီအဘွားကြီးပုံ မတွေ့လဲ"

"အေး ... ငါလည်း အဲဒါကို မတင်မကျဖြစ်နေတာပေါ့။ ငါ တကယ် တွေ့လိုက်တယ်။ သူ့အသားနဲ့ ထိလိုက်တာတွေဟာ တကယ်ပါ။"

"ဒါဖြင့် ... နေ့ခင်းကြောင်တောင်ကြီး လူရှင်းတဲ့ စတိုးဆိုင်မှာ သရဲခြောက်ခံရတာထင်တယ်"

ဖြူနုက ငြိမ်နားထောင်နေရာမှ ပခုံးတွန့်ပြီး ကြောက်ရွံ့သလို အမူ အရာနဲ့ ဝင်ဖြေပါသည်။

"ဘယ် စတိုးဆိုင်မှာ ဝင်ဝယ်လို့လဲ"

"ငါ့ အိမ်အပြန်လမ်းက စတိုးဆိုင်က အချဉ်ထုပ်လည်းစုံတယ်၊ လတ်လည်းလတ်တယ်ဆိုတော့ ငါ အမြဲဝယ်နေကျပါ"

"အခုရော နင် အရိပ်လိုလို မီးခိုးငွေ့လိုလိုတွေ တွေ့နေလား"

"ဘာလဲ ခုလောလောဆယ်လား"

"ဟုတ်တယ်၊ ငါတို့နဲ့ စကားပြောနေတုန်းမှာ တွေ့နေလား မေး တာ"

"မတွေ့ဘူး ... အဲဒါတွေက အမြဲလိုလိုရယ်လို့တော့ ပေါ်မလာ ဘူး။ ဒါပေမယ့် နေ့တိုင်းတော့ ငါ့နားရောက်ရောက်လာတတ်တယ်။တစ်ခါ တလေ အကြာကြီးရှိနေတယ်၊ တစ်ခါတလေ ဖြတ်ကနဲ ရောက်လာလိုက် ပျောက်သွားလိုက်ပုံစံမျိုး"





"အရိပ်တွေက အဘွားကြီးယောင်ဆောင်လာတာလားမသိဘူး"

"အဲဒီအဘွားကြီးက ဘာလဲ၊ ဘာလို့ သွင့်ကိုခြိမ်းခြောက်သလိုလို ပြောရတာလဲ"

"ကျိန်စာမိနေတာလဲပါလိုက်သေးတယ်နော်"

"ဘယ်တုန်းက ကျိန်စာလဲ အဓိပ္ပါယ်မရှိတာ အခုလို IT ခေတ် ကြီးထဲမှာ ကျိန်စာရှိနေစရာလား"

"အေးလေ ... 2012 (ကမ္ဘာသောင်ဖင်တွဲလ်) မှာ ကမ္ဘာပျက်မယ် ဆိုတာတောင် ပျက်မှမပျက်တာ ဘာကျိန်စာမှမရှိဘူး။ သွင် မကြောက်နဲ့ ကိုယ် ချစ်ချင်တဲ့ သူတွေ့ရင် ချစ်သာချစ်လိုက်"

မှယာကတော့ "အချစ်" အကြောင်းပဲ စိတ်ဝင်စားသူ၊ တွေးနေ သူပီပီ ထိုသို့ပြောပါသည်။

"သွင် နင်က ဗေဒင်တွေ ဘာတွေတော့မေးလေ့မရှိဘူးနော်၊ မယုံ လို့လား"

ဖြူနုတ ကောက်ခါငင်ခါ မေးသဖြင့် သုံးယောက်စလုံး ငိုင်းကြည့်လိုက်ကြသည်၊ ဖြူနုက ရှက်လို့ရှက်ကိုးရှက်ကန်းရယ်ရင်း

"ငါကတော့ ဗေဒင်ခဏခဏမေးတတ်တယ်လေ။ ယုံတယ်ရယ် တော့ မဟုတ်ဘူး။ ကိုယ့်မှာ ဘာတွေ အဆိုးအညံ့ရှိလဲ ... ဘာကောင်းတာ တွေရှိမလဲ ဆိုပြီး သိချင်တာပါ။ ယကြောချေပါဆိုရင် တစ်ခါမှကို ဖြစ်ဖြစ် မြောက်မြောက်မချေဖြစ်ခဲ့ဘူး"

"အဲဒီတော့ ဘာဖြစ်တုန်း"

မေရှားက စိတ်မရှည်ဟန်ဖြင့် ခါးထောက်ပြီး မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗေဒင်သွားမေးကြည့်စေချင်လို့ပါ။ ဗေဒင်က ဘာပြောမလဲဆိုတာ သိရတာပေါ့"

"နေစမ်းပါဦး … ဗေဒင်ဆရာတိုင်းက အမှန်ဟောနိုင်မယ်လို့ ထင်လို့လား၊ လူတိုင်းကို မှန်အောင် ဟောနိုင်နေရင် သူဟာနဲ့ သူတောင် ဗေဒင်ဆရာလုပ်စားနေစရာမလိုတော့ဘူး။ သူ့ကိုယ်သူ မိလျံနာဖြစ်အောင် တွက်ချက်ပြီး ဖိမ်နဲ့ နပ်နေပြီပေါ့"

"သူများပညာကို စော်ကားသလိုမပြောပါနဲ့ မေရှားရယ်၊ ငါက ဗေဒင်မမေးတာက စိတ်မဝင်စားလို့ပါ။ ငါ့ဘဝမှာ ဘာမှ ထူးထူးခြားခြားဖြစ်စရာမှ မရှိတာလေ… နင်တို့ သိသားပဲ။ အေးဆေးပြီး စာကြိုးစားတဲ့ အစ်ကိုတစ်ယောက်ရှိတယ်၊ ကလေးဆန်တဲ့ ညီမတစ်ယောက်ရှိတယ်၊ သားသမီးတွေကို ချစ်ခင်ဂရုစိုက်ပြီး ပြည့်ပြည့်စုံစုံထားပေးတဲ့ မိဘနှစ်ပါး ရှိတယ်၊ ပြီးတော့ ငါကိုယ်တိုင်အနေနဲ့လည်း ဘာပြဿနာမှလဲမရှိ ဘာစိတ်ညစ်စရာမှလဲ မရှိတဲ့ သာမာန်တက္ကသိုလ်ကျောင်းသူမိန်းကလေးတစ်ယောက်ဆိုတော့ ဗေဒင်သွားမေးလည်း ဘာမှအထူးအဆန်းကြားရမယ် မထင်လို့ မမေးတာပါ။ အဓိက ကတော့ ရှေ့ရေးဘာဖြစ်မလဲ ဆိုတာကို စိတ်မဝင်စားတာလည်းပါတယ်"

"ဒါပေမယ့် အခုတော့ မှန်အောင်ဟောနိုင်တဲ့ ဗေဒင်ဆရာရှာကြည့်ပြီး တွက်ချက်ဖို့လိုပြီထင်တယ်။ ငါကတော့ ဖြူနေပေးတဲ့ အကြံ့ကို စိတ်ဝင်စားတယ်"

မှုယာကပါ ထောက်ခံသဖြင့် မေရှားမျက်နှာကြီး ကျုံ့နေတော့သည်။





"ကဲ ဘယ်လိုသဘောရလဲ ဒေါ်ကြာညိုသွင် သူတို့ ဘက်လိုက်မလား —— ကျုပ်ဘက်လိုက်မလား"

သွင်သည် သူမ နာမည်ကိုအပြည့်အစုံခေါ်ကာ ဘာတွေဒေါသ နေမှန်းမသိ၊ စိတ်ကောက်နေမှန်းမသိသော မေရှားကို ပြုံးပြုံးလေး ငေးည့်နေမိလေသည်။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၃)

"ဟဲ့ ... ညီမလေး ... မနက်အစောကြီးထလို့ပါလား။ ဘာလုပ်

လို့လဲ"

"အဟီးဟီး"

သွင် ရှက်စနိုး ရယ်မိသည်။ မနက် ငါးနာရီသည် သွင် အိပ်ရာ

နေကျ အချိန်မဟုတ်မှန်း ကိုကြီးမင်းညို သိလေသည်။ ပီအိပ်ချ်ဒီ ဘွဲ့

ကျောင်းစာကို အပတ်တစ်ကုတ် ကြိုးစားနေရသော သွင်၏ အစ်ကို

ကိုမင်းညိုကတော့ ညဆို ဆယ်နာရီစောစောအိပ်ကာ မနက်ငါးနာရီ

ဘုရားဝတ်ပြုပြီးတာနဲ့ စာတွေရေးလိုက်မှတ်လိုက် Laptop (လက်

တော့ပ်) တစ်လုံးဖြင့် အင်တာနက်မှာ ရှာလိုက်ဖွေလိုက် လုပ်နေကျဖြင်း

လို တစ်အိမ်လုံးမှာ အစောဆုံး အိပ်ရာထလေ့ရှိသူ ဖြစ်ပါသည်။ အိပ်

နိုင်းဖို့ ခေါ်ထားတဲ့ ကောင်မလေးနှစ်ယောက်တောင် မထရသေး။ သူတို့





ခြောက်နာရီခွဲလောက် ထဖို့တော့ မှာထားတာမို့ အဲဒီလောက်မှ နိုးမှာ

ဖြစ်သည်။

"သွင် သွားစရာရှိလို့"

"ဘယ်လဲ"

"သူငယ်ချင်းတွေနဲ့ အင်းတိုင်ဘက်ပါ"

"ဩော် ဟိုသုံးယောက်နဲ့လား"

"သွင့်မှာ သူငယ်ချင်းဆိုလို့ ဒီသုံးယောက်ပဲရှိတာ"

"အင်းတိုင် ဘာသွားလုပ်မှာလဲ"

"အဟီး ... ဟိုဟာ ... ဗေဒင်လေး ...အဲ ...အကြားအမြင်ပေါ့၊

အကြားအမြင်ရတဲ့ ဗေဒင်ဆရာတစ်ယောက်နာမည်ကြီးတယ်တဲ့ သူ့ဆီမှာ

လူတွေက တန်းစီနေတာဆိုတော့ စောစောသွားရတယ်ဆိုလို့၊ ရန်ကုန်က

ငါးနာရီခွဲလောက်ထွက်ကြမယ် တိုင်ပင်ထားလို့"

" နင်တို့မိန်းကလေးတွေနဲ့ စိတ်ပညာကို ငါ လေ့လာဦးမယ်၊ ဘာ

ကြောင့် အဲဒါမျိုးတွေမှာ စိတ်ဝင်စားကြသလဲဆိုတာ"

"ကိုကြီးရဲ့ ရှေးဟောင်းသုတေသနဆိုင်ရာ ပညာရေးရာဆိုတဲ့

ထမ်းကို ဆက်ပြီးပြုစုပေါ့"

"မေမေတို့ မေးရင် ငါပြောရမှာလား"

"ပြောလိုက်ပါ ရတယ်၊ သွင်မှာ ဘာမှ လျှို့ဝှက်စရာမရှိပါဘူး"

"အခု ဘာနဲ့ သွားမှာလဲ"

"မေရှား ကားနဲ့"

"အမယ်လေး Jeep အကောင်းစားကြီးနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မေရှားက၁မိန်းမဆန်ယောကျ်ားဆန်လှလေရာ 4 WD တောင် Jeep Cherokee (ဂျိ(ပ်)ချယ်ယိုကီ) ဆိုသည့်ပုံသိပ်မလှသော ကားအပြာကြီးကိုမောင်းသည်။ ကားကအနက်ရောင် ပြောင်လက်ပြီး တောင့်တင်းနိုင်မာကာ ခရီးဝေးသွားလျှင်အတော်ပင် သက်တောင့်သက် သာရှိလှသောကြောင့် မေရှားက သူ့ကားကို သုံးမည်ဟုမှာထားပါသည်။

"ငါကတော့ သိပ်တော့ အားပေးတာမဟုတ်ဘူးနော်။ ငါ့ဘတ်[...] တစ်မဲပဲရှိနေလို့၊ သုံးမဲတစ်မဲနဲ့ ရှုံးလို့ပါလာတာ"

ဟုလည်း ... တစ်ချိန်လုံးဂျိုတိုက်နေပြန်သေးသည်။

တကယ်တော့ သူလည်းမလိုက်ချင်တာလည်း မဟုတ်ဘဲ၊ လိုက်ချင်လို့ စိတ်ပါလက်ပါ ကားနဲ့ တောင်လိုက်ပို့ပေးတယ် ဆိုတာအားလုံး သိပါသည်။ မေရှားစိတ်မပါရင် ဘယ်လောက်ပဲပိုပြီး အရေးဆိုပါစေ လု[...] ပေးမယ့်သူ မဟုတ်ဘူးဆိုတာ အားလုံးရိပ်မိပြီးသား။ လူကသာ ယောကျ်ား စိတ်ပေါက်သလိုလိုဖြစ်ပမဲ့ သူငယ်ချင်းတွေအတွက်ဆိုရင်တော့ ဘာမ[...] စိတ်ဝင်တစား ရှေ့ဆုံးကပါတတ်တာလည်းမေရှားရဲ့ချစ်စရာကောင်းသော စိတ်ဓာတ် ပင်။

မနက်ငါးနာရီခွဲကျော်ကျော်မှာ မေရှား၏ ကားမီးကြီး တဝင်းဝင်း အိမ်ရှေ့ရောက်လာသည်။ ကားထဲမှာ ဖြူနုနဲ့ မုယာတို့အသင့်ပါလာပြီးသား ဖြစ်နေသည်၊ သွင့်ကို နောက်ဆုံးလာခေါ်တာဖြစ်ပါသည်။

"အတိရောက်မဲ့ဟာ မရောက်ဘူးဖြစ်သွားတယ်၊ မုယာ[...] အလှပြင်တာ မပြီးသေးလို့ဆိုတာနဲ့၊ ငါတိုင်စောင့်လိုက်ရသေးတယ်၊ [...] တော့ ထွက်လာတော့လည်း ဒီပုံပါပဲ ဘာမှမထူးဘူး"

ကားပေါ်ရောက်ရောက်ချင်း မေရှားက ပြောပါသည်။





"နင်ကတော့လေ ငါ့ကို နှိပ်ဖို့ဆို အကွက်ကိုချောင်းနေတော့ တာပဲ"

"ကဲပါ ...ကဲပါ စောစောစီးစီးရန်ဖြစ်မနေကြပါနဲ့၊ ကားကဘယ်မှာ ရပ်ပြီး၊ ဘယ်မှာရပ်မယ်ဆိုတာပြောထားဦး"

ဖြူနုက အရေးတကြီး မေးလေရာ

"ဘာဖြစ်လို့လဲ"

"ငါက မနက်အစောကြီးဆို ရှူးရှူးခဏခဏပေါက်တဲ့အကျင့်ရှိ တယ်။ နင်တို့မနားမနေသွားကြရင် ရှူးပေါက်ချင်လာတဲ့အခါ ငါ ဒုက္ခရောက် မှာစိုးလို့"

အားလုံးအံ့အားသင့်ပြီး တုရယ်မောမိလိုက်ကြပါသည်။ ဖြူနုက ရှက်သလိုဖြင့် အားလုံးကို တစ်ချက်စီလိုက်ရိုက်လိုက်၏

"ဘာဖြစ်လို့ ရှူးရှူးခဏခဏပေါက်ချင်ရတာလဲ"

မုယာက သိချင်လို့ စပ်စုလေသည်။

"မနက်အစောကြီး အိပ်ရာကထထချင်းဆို ရေကို တစ်လီတာ လောက်သောက်နိုင်ရင် အူလည်းရှင်းပြီးသားဖြစ်တယ်၊ ကျောက်ကပ် လည်းသန့်ရှင်းစေတယ်၊ အသားအရည်လည်းကြည်လင်လှပစေတယ်ဆို တာ အင်တာနက်ထဲမှာ ဖတ်လိုက်ကတည်းက ငါ မနက်ဆို ရေ တစ်လီတာ ရအောင် သောက်တယ်၊ အဲဒီတော့ ရှူးရှူးခဏခဏပေါက်တော့တာပေါ့"

"ဟယ် ... မကြားဖူးပါဘူးဟယ် ... တစ်ခါတလေ အင်တာနက် တွေမှာ၊ Facebook တွေမှာ လျှောက်တင်တာတွေ သိပ်မယုံနဲ့ မှန်တာ တစ်ဝက်၊ မှားတာ တစ်ဝက်ပါ။ ငါကြားဖူးတာတော့ လူတစ်ယောက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကို ရေနစ်လီတာသောက်ရင် ရပါပြီ၊ ဘယ်သူမှ မနက်အစောကြီး တစ်လီတာသောက်ရမယ် မပြောပါဘူး"

"ဟုတ်သားပဲ ဖြူနုရယ် နင့်ရဲ့ ဆရာဝန်လောင်းကိုကို ကိုမေးများ ကြည့်ပါဦး"

"မနက် အစောကြီး ဘာမှမစားရသေးဘဲ ရေတစ်ပုံကြီးသာ သောက်ရရင် ငါတော့ အန်ထွက်မလားမသိဘူး"

သွင်က သူမ မျက်စေ့ရှေ့မှာ ကာဆီးသလိုဖြစ်နေသော အရိပ် အငွေ့တွေကို မမြင်ချင်တာနဲ့ ကားနောက်မှီကို ခေါင်းတင်ရင်းမျက်လုံး စုံမှတ်ထားလိုက်ပါသည်။ အဲဒီ အရိပ်တွေမြင်ရင် ဘာကြောင့်မသိပါ၊ သွင် မပျော်တော့၊ စိတ်ညစ်လာသည်။ သွင့်ကို တစ်ခုခုစကားပြောနေ သတင်းပေး သည်ဟု သွင်ထင်မိသည်၊ အဲဒီသတင်းက မကောင်းသတင်းဖြစ်ဖို့များ သည်ဟုလဲ ထင်မိသည်။

"သွင် ဘာဖြစ်လို့လဲ ခေါင်းမူးလို့လား"

မေရှားက သွင် အားမူးသည်ထင်ကာ လှည့်မေးပါသည်။

"မဟုတ်ပါဘူး။ အရိပ်တွေလာရှုပ်နေလို့"

"လက်နဲ့ ပိတ်တွန်းလိုက်ဟယ်"

"အရိပ်ပါဆိုမှ ထိလို့မှမရတာ"

"စိတ်တင်းထား သွင် ... ဖြူနုပြောသလိုဆိုရင် အကြားအမြင် ဆရာမကြီးက သိပ်တော်တယ်ဆိုတော့ နင် တစ်ခုခုတော့ သိရမှာပေါ့"

"သိရမယ်......သိရမယ်" ဆိုသော လေသံလိုလို အသံတွေကို အရိပ်တွေဆီက သဲ့ကနဲကြားလိုက်သောကြောင့် သွင် တအံ့တဩမျက်လုံး ဖွင့်ကြည့်မိပါသည်၊ သို့သော် အရိပ်တွေရှိမနေပြန်ပါ။ ဘယ်တုန်းကတည်း





က ပျောက်သွားသည်မသိ၊ သွင် ဒီအကြောင်းအရာကိုတော့ ဘူငယ်ချင်း တွေကို ပြောပြမနေတော့ပါ။ သူတို့က သွင့်ကို တချို့က တစ်ဝက်ယုံလျက်၊ တချို့က တစ်ဝက်မယုံတဲ့အခါလည်းရှိနေသည်၊ ဒီတော့ သွင် မပြောတာ ကောင်းပါမည်၊

လမ်းမှာ ဖြူနုကြောင့် ခရီးနှစ်ခါတောင်နားရပြီးမှ အင်းတိုင်ကို နှစ်နာရီကျော်ကျော်လေးမှာ ရောက်လာပါသည်။ ဟိုမေးဒီမေးနှင့် ရောက် လာရသော အကြားအမြင်ဆရာမကြီးအိမ်နီးလာလေလေ သွင့် ရင်ထဲမှာ ဝေဒနာဖြစ်လာလေလေ။

ငါ တကယ်ပဲ သိချင်ရဲ့လား၊ သိလာခဲ့ရင်ရော ငါ့အတွက် ဘာများ ထူးခြားသွားမလဲ၊ ငါ တကယ်ရင်ဆိုင်ရဲပါ့မလား။ အဲ့ အကြားအမြင်ရတယ် ဆိုတိုင်းရော တကယ်မှန်တတ်လို့လား၊ အမှန်တွေချည်းပဲ မြင်မယ်လို့ ... ဘယ်သူက အာမခံလဲ။ ဘာဖြစ်လဲ အပျော်လာမေးတဲ့ သဘောပေါ့၊ သူ ဘာပြောမလဲ နားထောင်ကြည့်ရတာပေါ့။ ဒါဖြင့် အရိပ်တွေကရော ဘာလဲ၊ ဘာကြောင့် ငါ့ နောက်လိုက်နေလဲ။ အိပ်မက်မက်ခဲ့လိုလို၊ သရဲခြောက်ခံရ သလိုလို ဆုံလိုက်ရတဲ့ အဘွားကြီးရောဘာလဲ၊ သူ ဘာကြောင့် ငါ့ကို တွေ့လာပြောသွားရသလဲ။ တကယ်ချစ်တဲ့သူ တွေ့တာနဲ့ပဲ ငါက ဘာကြောင့်သေရမှာလဲ၊

"ဟဲ့ ... သွင် ရောက်ပြီဟဲ့ ။ လာ...လာ ...ဘယ်သူမှမရှိသေးဘူး၊ ခန်းထဲလူရှင်းနေတယ်"

ဖြူနုက ဝမ်းသာအားရ သွင့် လက်ကိုလာဆွဲခေါ်တော့မှ သွင် သတိပြန်ဝင်လာသည်၊ ရေနံချေးဝနေသော အုတ်ဖိနပ်ခံ နှစ်ထပ်ပျဉ် ထောင်အိမ်ကြီးရှိသည့် ခြံဝန်းထဲမှာ မေရှားကားကြီးက ရပ်ထားပြီးပေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ခြံဝန်းက သိပ်အကျယ်ကြီးတော့ မဟုတ်ပေမဲ့ တစ်ခြံလုံး မာလကာပင်ကြီးတွေသာ ရှိနေတာတွေ့ရသည်။ မာလကာရွက်နံ့၊ ပန်းနံ့ နှင့် အသီးနံ့တို့က ရင်ထဲကိုလန်း၍ ခေါင်းကြည်သွားစေပါသည်။

"ဟယ် … မာလကာသီးကြီးတွေ စားချင်လိုက်တာနော်"

"အေးဟယ် … ဘယ်သူမှ မခူးဘူးလားမသိဘူး၊ တချို့ဆို အမှည့်တောင်လွန်နေပြီ"

"သူ့ဘာသာ ဓာတ်တွေ၊ ယတြာတွေ၊ အတိတ် နိမိတ်တွေနဲ့ ထားတာထင်တယ်၊ သွား မတောင်းမိစေနဲ့"

သူငယ်ချင်းတွေ တီးတိုးပြောကြရင်း အိမ်ကြီးရှေ့ရပ်လိုက်လျှင် အသားမည်းမည်းကောင်မလေးတစ်ယောက် ထွက်လာကြည့်သည်။ မည်းပေမဲ့ မနက်စောစောစီးစီးပဲ ကွက်ကြီးတွေ ဖွေးနေအောင် ကွက်ထားတာ တစ်ကိုယ်လုံး ခြေဆုံး၊ ခေါင်းဆုံး သနပ်ခါးတွေ လိမ်းထားသဖြင့် ကြည့်ရတာ ဘဝင်ကျစရာ ကောင်းလှပါသည်။

"အမေသိန်းနဲ့ တွေ့ဖို့လား"

"ဟုတ်တယ် ညီမ"

"ဒါဆို ခဏစောင့်ပါ၊ အမေသိန်းတရားထိုင်နေလို့"

"ရပါတယ်"

ကောင်မလေးက ခဏစောင့်ပါသာ ပြောသွားသည် အိမ်ရှေ့တံခါးကို ဖွင့်လဲ မဖွင့်ပေးသွား။ သူမဘာသာ ဘာတွေအရေးကြီးနေမှန်းမသိ နောက်ဖေးကို သုတ်ကနဲ ပြန်ဝင်သွားသည်။

လေးယောက်သား မိုးတိုးမတ်တပ်ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေသည်။ မှုယာ ဖုန်းက အသံမြည်လာသဖြင့် မှုယာ





တစ်ယောက် မလှမ်းမကမ်းသွားပြီးလျှင် ခွဲပျစ်နေသောအသံဖြင့် ဖုန်းပြောနေတော့သည်။ မေရှားလည်း ကလိစရာမရှိသဖြင့် ဖုန်းထုတ်ကာ ဂိမ်းတစ်ခုကို ကစားနေသည်။ ဖြူနုလည်း ဖုန်းထုတ်ကာ Facebook ကြည့်နေသည်။ သွင်လည်း ဘာမှလုပ်စရာမရှိဖြစ်ကာ ဖုန်းပဲ ကလိရမလိုလို၊ မာလကာပင်တွေပဲ လိုက်ကြည့်ရမလိုလို ဖြစ်နေသည်။ တကယ်တော့ သွင်လည်း အခုခေတ်ကာလ မိန်းကလေးပီပီ တစ်နေရာရောက်လို့ စောင့်နေရမဲ့ ကိစ္စဖြစ်ဖြစ်ပေါ်လာရင်တော့ အပျင်းပြေ ဖုန်းကလိတာ၊ ipad (အိုင်ပတ်) ပါလာရင် လျှောက်ဖွင့်တာတွေ လုပ်လေ့လုပ်ထရှိပါသည်။ သို့သော် ခုချိန်မှာတော့ ဘာမှ စိတ်ဝင်စားလို့မရ ဖြစ်နေသည်။

ဆယ့်ငါးမိနစ်နီးပါးလောက် စောင့်ပြီးသောအခါ ခုနက ကောင်မလေး ခပ်သုတ်သုတ်ပြန်ထွက်လာပြီး အိမ်ရှေ့သံပန်းတံခါးကို သော့လာဖွင့်သည်။

"အမေသိန်းက အပေါ်ထပ်မှာ"

ကောင်မလေးက အသံပြတ်ဖြင့် ပြောလေသည်။

"တက်သွားရမှာလား … ဒီမှာ ထိုင်စောင့်ရမှာလား"

မေရှားက သိပ်စိတ်ရှည်သူ မဟုတ်လေရာ၊ အသံမာမာဖြင့် ပြန်မေးတာကြောင့် ဖြူနုမှာ အသာကုပ် သတိပေးရလေသည်။

"အပေါ်ထပ်ကို တက်ရမယ်၊ ဘယ်နှစ်ယောက်မေးမှာလဲ"

"သူ"

မေရှားက သွင့်ကိုသာ လက်ညှိုးညွှန်ပြသည်။

"ဒါဆို မေးမဲ့သူတစ်ယောက်ပဲတတ်ရမယ်"

"ဟယ် ရောက်တုန်းရောက်ခိုက်မထူးပါဘူး။ ငါလည်းမေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ငါလည်းမေးမယ်"

မူယာနဲ့ ဖြူနုတို့ မဆိုင်းမတွ ဝင်ပြောပါသည်။

"ဒါဆို နင်တို့ သုံးယောက်တတ်သွားလိုက်၊ ငါတော့ မမေးဘူး။ ဒီက စောင့်မယ်"

ဖည့်ခန်းရှိ ဟောင်းနွမ်းနေသော ကြိမ်ဆက်တီတွေကို ငေးကြည့်ပြီး မေရှား ပြောပါသည်။ မေရှားက စိတ်မဝင်စားမှန်းသိ၍ အတင်းမရမကခေါ်မနေတော့ဘဲ၊ သွင်တို့သုံးယောက်သာ လှေကားအိုကြီး က အိုဟောင်းလှသဖြင့် လှေကားတွေ တတ်တိုင်း အသံမြည်နေသည်။ ခြေသံပြင်းပြင်းသာနင်းလျှင် လှေကားတစ်ခုလုံး ယိမ်းယိုင်နေမလားမသိ၊ လက်ရမ်းတွေကလည်း ခပ်နဲ့နဲ့ ဖြစ်နေသည်။ လှည်းကျင်းတိုက်ချွတ်ထား၍ ဖုန်မတတ်သော် လည်း ဟောင်းနွမ်းဆွေးမြေ့ခြင်းတွေတော့ နေရာအနှံ့တွေ့ရသည်။

အပေါ်ထပ်ရောက်တော့ သွင့်တို့ အားလုံး အံ့ဩငေးမောသွားပါသည်။ အပေါ်ထပ် တစ်ထပ်လုံးမှာ ကော်ဇောကြီးအပြည့်ခင်းထားကာ ပန်းနံ့နှင့် အမွှေးတိုင်ရနံ့ များ ပြည့်လျှံနေသည်။ ဉာဏ်တော် အင်မတန်မှမြင့်သည့် ဘုရားဆင်းတုတော်ကြီးက ခေါင်းရင်းခန်းမှာ ရှင်သီဝလိ၊ ရှင်ဥပဂုတ် ရုပ်ထုများဘေးမှာ ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ စိုင်းဘာသာ၊ ကွမ်းရင်မယ်တော် စသဖြင့် သော ရုပ်ထုတွေကလဲ အစီအရီအကြီးကြီးတွေရှိလေသည်။ လူတစ်ကိုယ်စာ နှင့် ညီသော ရုပ်ထုများဖြစ်ကာ အုန်းပွဲ၊ ငှက်ပျောပွဲများ၊ မောင်းကြီးတစ်ခုနှင့် အမျိုးစုံသော ပန်းအိုးများမှာ အပေါ်ထပ်တစ်ထပ်လုံးပြည့်နေသည်။

ဘယ်မှာလဲအမေသိန်းဆိုတာ၊ သွင်တို့သုံးယောက်အသံမထွက်ဘဲ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ မေးဟန်ပြုမိသည်။ ရုပ်ထုများ





နှင့် အုန်းပွဲ၊ ငှက်ပျောပွဲ၊ ပန်းအိုးများသာ ပြည့်ကြပ်နေသော အပေါ်ထပ်တစ်ထပ်လုံးတွင် လူနှင့်တူတာဆိုလို ဘယ်သူမှ မတွေ့ရသေး။

"ထိုင်ကြလေ ... အရင်ဘုရားဝတ်ပြုပါ"

ဘယ်ကပေါ်လာမှန်းမသိသော အသံကြောင့် လန့်တုန်သွားပါသည်။ သုံးယောက်သား ခေါင်းတွေလည်နေအောင် ရှာသော်လည်း မတွေ့ရသဖြင့် လန့်နေသည်။ သို့သော် ဘုရားကန်တော့လိုက်တာတော့ မမှားပါဘူး ဟု တွေးကာ ဘုရားကို ဦးသုံးကြိမ်ချလိုက်ကြပါသည်။

"မေးမဲ့သူ အရင်လာ"

အရင်လာသာပြောနေသည်။ ဘယ်မှာမှန်းမသိ ဖြစ်နေလေရာ သွင်က အရဲစွန့်ပြီး

"ဘယ်ကိုလာရမှာလဲရှင်"

ဟု ...မေးမိသည်။

"ငါ ဒီမှာလေဟဲ့ အမယ်လေး ဒီလောက်မြင်အောင် ပြတာတောင်မမြင်ဘူး"

အသံလာရာဆီမှန်းကြည့်တော့မှ သွင်တို့ အံ့ဩသွားပါသည်။ ရုပ်ထုများနှင့် ပန်းအိုးကြီးများကြားတွင် မျက်စေ့မှိတ်ထိုင်နေသော ခပ်သေးသေး အဘွားအိုကြီး တစ်ယောက်ကို တွေ့လိုက်ရ၍ပင်။ သေးလွန်းလှသဖြင့်ရုပ်ထုတွေကပင် သူ့ထက်ကြီးနေသည်၊ ပန်းအိုးတွေကြားထဲ ညှပ်နေသည်။ သူ့ပုံကြည့်ရတာ ထွက်လာမဲ့ပုံလဲမရ၊ သွင်တို့ကသာ သူ့ရှေ့ရောက်အောင် ပန်းအိုးတွေ၊ ရုပ်ထုတွေကို ရှောင်ရှား တွားသွားဝင်ရမလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဖော်ခံထားသော ရုပ်ထုတွေရယ်၊ အုန်းပွဲ၊ ငှက်ပျောပွဲတွေရယ်၊ ပန်းအိုးတွေရယ်ကြားကို ဘယ်သူကများ မိုးတိုးမတ်တပ်ကြီး ရုပ်ရှင်လမ်းလျှောက်ဝင်ရဲပါ့မလဲ။ မရှိမသေမလေးစားရာရောက်သည်ဟု ထင်ကြသူတွေချည်း ဖြစ်သည်။ ဒီတော့ သွင့် ခမျာ ဒူးလေးထောက်ကာ ထောက်ကာ အသောလေးရွှေ့ဝင်သွားရပါသည်။

"နာမည်ပြော"

"ကြာညိုသွင်ပါ"

"သောကြာသမီး အသက်နှစ်ဆယ်ပြည့်ပြီးသုံးလ ဟုတ်သလား"

သွင့် လန့်သွားပါသည်။ နာမည်ကြားလိုက်တာနဲ့ တန်းပြောသဖြင့် တယ်ဟုတ်ပါလားလို့ တွေးမိပါသည်။ အဘွားကြီးက မျက်လုံးတွေကို လုံးဝဖွင့်မကြည့်ပါ။ လူကအိုမင်းနေသော်လည်း ဆံပင်တွေကျတော့ သိပ်မဖြူ၊ ယောဂီရောင်ကြီးဝတ်ထားပြီး လည်းပင်မှာကျတော့ သူ့အရပ်ထက်တောင် ရှည်မဲ့ ပုတီးကြီးတစ်ကုံးဆွဲထားသည်။ အဘွားကြီးရဲ့အရွယ်အစားက ဆယ်နှစ်ကလေးအရွယ်လောက်လေးဖြစ်နေသည်။ ပုပြီးသေးကွေးနေသည်။

"ညည်းလက်နဲ့ ငါ့လက်တွေထိထားစမ်းပါ"

သွင် သူမ၏လက်တွေကို အဘွားကြီး၏လက်များနှင့် မဝံ့မရဲထိထားလိုက်စဉ်တွင် သွင်အာရုံတွေမှာ လျှပ်စစ်လက်သလိုလို ပြိုးကနဲ ပြက်ကနဲဖြစ်သွားပါသည်။ မျက်စေ့ထဲမှာ ဘာမှာမမြင်တော့ဘဲ ဟိုးအရင်တစ်ခါက တွေ့ရသော လှပလွန်းသည့် မိန်းမပျိုလေးကို ထပ်တွေ့ရပြန်သည်။ သူမက မောက်မာစွာလက်ညှိုးငေါက်ငေါက်ထိုးပြီးအော်ဟစ်ဆူပူနေသည်။





သူမ ၏မျက်လုံးအရောင်တောက်တောက်တွေဟာ သူမဝတ်ဆင်ထားသော ကျောက်မြတ်ရတနာတွေလိုပဲ တဖြတ်ဖြတ်တောက်နေသည်။

"ကလျာပဘာ ညည်းအတော့်ကို မောက်မာရိုင်းပျခဲ့တာပဲ"

အဘွားကြီးအသံကို ကြားနေပေမဲ့ သွင် ဘာမှပြန်ပြောလို့မရအောင် နှုတ်ဆွံ့နေသည်။ ဘယ်သူကိုပြောမှန်းမသိပေမဲ့ သွင်သည် ဒီအကြောင်းအရာတွေကို သိသလိုလို ခံစားနေရသည်။

"သူဌေး သူကြွယ်ကြီးရဲ့ တစ်ဦးတည်းသောသမီး၊ ရုပ်ရည်ကညည်း တစ်နယ်လုံးမှာ ဘယ်သူမှလိုက်မမှီအောင် လှလွန်းလို့ နတ်သမီးထဲကနေ လူဝင်စားတယ်လို့တောင် ထင်ယောင်ထင်မှားဖြစ်ပြီး တချို့ဆိုကိုးကွယ် ကြရတဲ့အထိလှတာ၊ သို့သော် မောက်မတာ၊ ရက်စက်တာ၊ ရိုင်းပျတာ၊ လူကြီးကို လူကြီးမှန်းမသိ၊ ကိုယ့်ထက် နိမ့်ပါးတဲ့သူဆိုရင် ခြေထောက်နဲ့ ခပ်ပစ်ဖို့လဲ ဝန်မလေးဘူး။ အဲဒါတွေကြောင့် အင်း အဲဒါတွေကြောင့်ပဲပေါ့"

သွင် ဘာကိုဝမ်းနည်းနေမှန်းမသိဖြစ်ကာ တရှိုက်ရှိုက် စတင်ငိုကြွေးလာမိပါသည်။

"သူဆင်းရဲ လှုပျိုလေးခမျာ ပန်းရောင်းရင်း မိခင်မုဆိုးမကြီးကို ခင်တွေးနေရှာတာပါ။ ဟုတ်တယ်မဟုတ်လား။ ကလျာပဘာ ညည်းကို အချက်မှောကြည့်ရပါမလားဆိုပြီး ညည်းဆတ်ဆတ်ခါအောင် နာတာဘ__ သူ့အမေကြီး ရှေ့မှာ မညှာမတာ သူ့သားလေး ပါးကိုဘယ်ပြန်ညာပြန်ရိုက်တယ်။ မအေခမျာ ရင်ကျိုးရှာတယ်။ ခြေသလုံးပြေးဖတ်ကောင်းသန်တော့ ညည်း ခြေနဲ့ ခပ်ထုတ်ပစ်လိုက်ပါရောလား"



www.burmeseclassic.com

www.burmeseclassic.com



သွင်သည် သူမကိုယ်သူမ သွင် မဟုတ်တော့သလို ခံစားလာ ကား ဒေါသတွေထောင်းကနဲ ထသွားပါသည်။

"တန်းသလား သင်း ငါ့ကို မော့ကြည့်ဖို့များ တန်လို့လား ... ဟင်း"

ဟု သွင် တတွတ်တွတ်ပြန် ရေရွတ်နေပေမဲ့ မပီမပြင် မသဲမကွဲ မှုယာနဲ့ ဖြူနမှာ ခပ်လှမ်းလှမ်းက ကြည့်ရင်း တစ်စုံတစ်ရာအသွင်ပြောင်း လို ဖြစ်သွားသော သွင့်ကို အံ့သြငေးကြောင်နေကြပါသည်။

"ပန်းသည်လုလို့လေးမှာ ရေးလယ်ကောင်း အရုက်ခွဲခံတာ မိခင်အိုကို ခြေနဲ့ ဓပ်ခံရတာရော မြင်ပြီး အရုက်ကြီးရှက်လို့ အပျင်းများသွား ရာက အသက်ပါပါသွားရှာပါရဲ့ မအေအိုကြီးမှာရော ဘယ်လောက် ကွဲလိုက်မလဲ။ ဒီသားလေးတစ်ယောက်ပဲ အားကိုးနေရရှာတာ သူက ပျော် သည်အေ့၊ ဝမ်းတွင်းပါပညာသည်ပါ။ သူလင်ကို အင်မတန်ချစ်ရှာလို့ လ က ဘုရားကိုလှူလိုက်ပါ နားချတော့ သူပညာကို လှူပြီး တစ်သက် ကောင်းရာမွန်ရာ လုပ်ကိုင်နေထိုင်၊ သားကိုသခင် လင်ကိုဘုရား နေရာ လို့ မာနချပြီး နေခဲ့တဲ့သူ။ အခုတော့ ညည်းရဲ့ ရက်စက်မှုကြောင့် သူ့သား လေး အရှက်ကြီးရှက်ရာက ဖျားနာ အသက်ဆုံးရတာဆိုတော့ သူပ ပညာကို ဒေါသအလျောက်ပြန်သုံးပြီပေါ့။ ဟင် ကလျာပဘာ ညည်း ဖြစ်တယ်ထင်လဲ"

သွင်သည် မိန်းမပျိုလေးတွေတစ်ယောက်ပြီး တစ်ယောက် ခေတ်အပြင်အဆင်အမျိုးမျိုးနဲ့ အသွင်သဏ္ဍာန်တွေကို မြင်လာပါ အားလုံးဟာ အသက်မရှိတော့ဘဲ အလောင်းအသွင်ပြင်ဆင်ခံထား မြင်ကွင်းတွေချည်းဖြစ်နေသည်။





"သူ့ဘဝမှာ သူသိပ်ချစ်ခင်အားထားရတဲ့ သားလေးကို ဆုံးရှုံး လိုက်ရတဲ့ အမေအိုက ညည်းကို ကျိန်လိုက်တယ်။ ညည်းဘဝမှာလဲ မေတ္တာစစ်နဲ့ ချစ်တဲ့သူမှန်သမျှ ညည်းမပိုင်ဆိုင်ရစေနဲ့ အမြဲသေကွဲကွဲ ရပါစေလို့ ကျိန်ခဲ့တယ်။ ညည်း အဲဒီဘဝဆက်ထဲကပဲ အဲဒီကျိန်စာမိခဲ့တာ။ ဘဝပေါင်း ရာနဲ့ချီနေပြီ ကလျာပဘာ...."

"ဘာလုပ်ရမလဲ၊ ကျွန်ုပ်ဘာလုပ်ရမလဲ"

သွင် ရှိုက်ကြီးတငင် ငိုရင်း ထိတ်လန့်တကြားမေးမိသည်။

"ဘာမှ လုပ်လို့ မရဘူး။ ဘယ်တော့မှ မချစ်မိစေနဲ့။ အမေအိုရဲ့ သားလေးဟာ ညည်းကို တစ်ချက် မော့ကြည့်မိရာကနေ အင်မတန်မှ ချစ်ခင်မြတ်နိုးသွားရှာတယ်ဆိုတာ အမေအိုသိသွားတယ်။ ဒါပေမယ့် ညည်းက သူ့သားကို ရက်ရက်စက်စက်ရိုက်ပစ်ခဲ့တယ်။ အဲဒါကြောင့် သူ့တာလေး ရှက်ရှာပြီး သေသွားရတယ်ဆိုတဲ့ အဖြစ်ကြောင့် အမေအိုဟာ ညည်းကို ကျိန်တာ ညည်းကိုယ်တိုင် သိပ်ချစ်ခင်မြတ်နိုးရတဲ့ သူတွေရင် ညည်းကိုယ်တိုင်အသက်ပေးလိုက်ဖို့ပဲ ရှိတော့တယ်နော်။ အမေအိုက သူ့သားညည်းကို ချစ်မိလို့ သေရတယ်ဆိုတာ သိတော့ ညည်းကိုလည်း ဘယ်တော့မှ သူများနဲ့ မဆုံဆည်းစေရဖို့ ကျိန်ကို ကျိန်ထားတာပဲ။ ဒီတော့ ညည်းချစ်ရသူ တွေ့သည့်တိုင်အောင် ချစ်ပါပြီလို့ ပြောကိုမပြောမိစေနဲ့ ညည်းအသက် ပေးကိုပေးရမယ်။ ကလျာပဘာ"

ရုတ်တရက်ဖြုန်းဆို အဘွားကြီးအမေသိန်းက သွင့်လက်တွေကို ယ်ရှာတာ ဆောင့်တွန်းပစ်လိုက်ပါသည်။ သွင်သည် ဒီတော့မှ သတိဝင် ပေမဲ့ သွင့်တစ်ကိုယ်လုံးချွေးစေးများ၊ မျက်ရည်များဖြင့် မောဟိုက်နေ ရှုတ်ပုံကနဲ ချွေလဲသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ သွင် ... သွင် အမယ်လေး ... သွင် ဘာဖြစ်သွားတာလဲ"

"အမေသိန်း အမေသိန်း ရှင်ဘာလုပ်လိုက်တာလဲ ရှင် သွင့်ကို ဘာလုပ်လိုက်လဲ"

မှုယာနဲ့ ဖြူနတို့ ပန်းအိုးတွေ ကန်တော့ပွဲတွေကိုပင် အားမနာဘဲ တိုးတိုက်ပြေးဝင်ကာ သွင့်ကို ပွေ့လိုက်ကြသည်။

သွင်ကား သတိမလည်တော့ဘဲ မေ့မျော သွားတော့လေပြီ တည်း။

* * *

# အပိုင်း(၄)

သွင်သည် သွင့်ကို စောင့်ခေါ်နေသော အရိပ်တွေထဲ တိုးဝင်လိုက်ပါသည်။ အခုသွင် ဒီအရိပ်တွေကို မကြောက်၊ စိတ်အနှောင့်အယှက်လည်း ဖြစ်တော့၊ သူတို့က သွင့်ကို တစ်ခုခုပြချင်လို့ စောင့်နေတယ်ဆိုတာ သွင် ခံစားလို့ရသည်၊ သွင်သည် အရိပ်တွေ ဖန်တီးပေးထားသော လှိုဏ်မြောင်လို သို့ လှိုဏ်ခေါင်းလိုလို လမ်းကြောင်းကြီးထဲ မျောပါသွားပါသည်၊ သွင် လမ်းလျှောက်နေပေမဲ့ လမ်းလျှောက်တာနဲ့ မတူဘဲ လေထဲမျောနေသလို ပုံ ဖြစ်နေသည်၊ လှိုဏ်ခေါင်းကြီးဆုံးသောအခါ သွင် နေရာသစ်တစ်ခုကို ရောက်သွားပါသည်။

ပိုးဖဲ ကတ္တီပါ အကောင်းစားကြီးဝတ်ပြီး သလွန်ညောင်စောင်းလို ဆိုင်မှာ လက်တံတောင်ထောက်၍ ခပ်ပြေပြေလေးထိုင်လျက် မျက်နှာကို မှာထားသော မိန်းမချောလေးကို သွင် တွေ့လိုက်ရပြီ။ သူမ၏ ကိုယ်ပေါ်မှာ

www.burmeseclassic.com



ဆင်မြန်းထားသော ကျောက်သံပတ္တမြား စိန်ရွှေတို့မှာ အရောင်တွေလ[က်]လက်တောက်နေပါသည်။

သွင့်ကို တွေ့တော့ သူက စေ့စေ့ကြည့်နေသည်။ သွင်ကလည်း သူ့ကို ကြည့်နေမိသည်။ သွင်တို့ အရွယ်ချင်းမတိမ်းမယိမ်း ဖြစ်နေသည်... ရုပ်ရည်ချင်းကတော့ မတူပါ။ ထိုမိန်းမပျိုကတော့ အင်မတန်မှ ချော... လှနေသည်။ ရွှေငွေအပြည့်ဆင်မြန်းထားတာကြောင့် နတ်သမီးလေ... လို့တောင် ထင်ရသည်။ သွင်ကတော့ ရွှေနဲ့တူတာဆိုလို့ ဘာမှဆင်မြ[န်း] မထား။ ဖန်စီပုံစံ လက်ကောက်ကြီးတစ်ကွင်းသာ သွင့်ကိုယ်ပေါ်မှာ ရှိ... သည်။ လက်စကဒူးဖုံး ဝါဝန်တိုလေးနှင့် ကြိုးသိုင်းဒေါက် အပါးလေး... ဝတ်ထားသော သွင့်ကို ထိုမိန်းမပျိုက စေ့စေ့ကြည့်ရင်း

"ကျုပ်က အားလုံးထက်ကို လှတဲ့ မိန်းမဖြစ်ချင်တာ၊ အားလုံး... ကိုယ့်ကိုမော်ကြည့်နေတာကိုပဲ လိုချင်တာ အဲဒီ့ဆုကို ဘဝအဆက်ဆက်... အတွက် တောင်းခဲ့တာပေါ့လေ၊ ဒါပေမယ့် ညည်းမြင်မှပဲ ဒီဆု မပြည့်ခဲ့... လား ဆိုတာသိပြီး ဝမ်းနည်းရပါရဲ့၊ ယခင့် ယခင်ဘဝတွေတုန်းကတော့ ညည်းလှသားပဲ ၊ ဒီဘဝကျမှ ဘယ့်နှယ့်ဖြစ်တာတုန်း"

ဟု ကဲ့ရဲ့သလို ပြောပါသည်။ သွင်သည် သူမ၏ ပထမဦးဆုံးသော... ပိုင်ရှင် ကလျာပဘာ ၏ စီးပိုးသော၊ နှိမ့်ချလိုသော စကားအပြောအဆို... မုန်းသွားပါသည်။

"တစ်ကယ်တော့ ကျွန်မ ဒီဘဝမှာ ရုပ်ဆိုးမတစ်ယောက်သ... ဖြစ်လိုက်ပါတော့လို့တောင် ဆုတောင်းချင်တာ"

သွင် ရင်ထဲရှိတာ ပြောလိုက်သည်။

"ဘယ်လိုဘယ်လို ဘာကြောင့် ရုပ်ဆိုးချင်ရတာလဲ"





"ရှင့်လို အလှဂုဏ်မောက်၊ ပစ္စည်းဂုဏ်မောက် ဘဝမျိုးကို စက်ဆုပ်လွန်းလို့"

"တရားလာဟောမနေနဲ့ ငါ ညည်းကို တွေ့ချင်လို့ သံတမန်တွေ မှာလိုက်တာအကောင်းမထင်ပါနဲ့"

"သံတမန် ဟုတ်လား ဘယ်သူလဲ"

"သူတို့လေ"

သွင့်နံဘေးမှာ ဝေ့ဝိုက်ကာ စောင့်နေကြသော အရိပ်တွေကို ကလျာပဘာ က သံတမန်ဟု ခေါ်ကြောင်း သွင်သိလိုက်ရသည်။

"ညည်း ငါ့ဆီတင်မကဘူး၊ ဟိုးအရင့်ဘဝတွေကို မြင်ချင်ရင် ညည်း စိတ်ထဲမှာ တောင့်တပြီး သူတို့ထဲဝင်လိုက်ရုံပါပဲ၊ ရောက်သွားလိမ့်မယ် တွေ့ရလိမ့်မယ်"

"ဪ Time Traveller (တိုင်း(မ) ထရယ်ဗယ်လာ) သဘောပဲ"

"ဘာစကားလဲ အဲဒါ"

ကလျာပဘာက သွင် ပြောသော အင်္ဂလိပ်စကားကို နားမလည်သဖြင့်မေးပေမဲ့ သွင်မဖြေပါ။ သူ့ကို ရှင်းပြတော့ရော ဘာထူးမှာလဲ၊ နှစ်ပေါင်း...တော့်မှာရှိတဲ့ မိန်းမပျိုတစ်ယောက်ဟာ ဒီဝေါဟာရကို ဘယ်လိုမှ မယဉ်...နိုင်။

"ကျွန်မ ဒီလိုကျိန်စာသင့်နေတဲ့ ဘဝကြီးကို စိတ်ကုန်လှပါပြီ၊ ...တ်ဘဝမှာ လူပြန်မဖြစ်ရရင်လည်း မဖြစ်ပါရစေနဲ့၊ ဒီဘဝမှာ ကျိန်စာကို ...ဆုံးသတ်ချင်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မချစ်မိစေနဲ့ ညည်းလူတစ်ယောက်ကို အရှုးအမူးမချစ်မိစေနဲ့ သူ့ကို ချစ်တဲ့ အကြောင်းပြောလိုက်မိတာနဲ့ ဟိုစုန်းမ အဘွားကြီးရဲ့ လိုအင်ဆန္ဒကို ဖြည့်ပေးလိုက်သလိုဖြစ်သွားမယ်"

"ဒါတော့ ဘယ်ဟုတ်မလဲ ဒီကျိန်စာကို ပျက်ပြယ်စေမဲ့ ဟာကွက်တစ်ခုတော့ ရှိကိုရှိမှာပေါ့"

"ဟားဟားဟား ရှာလေ။ ရအောင်ရှာလေ နှစ်ပေါင်းရာနဲ့ချီနေပြီနော်။ ဘဝတိုင်း ဘဝတိုင်းမှာ ဒီလို မိန်းမ ဘဝပဲ ပြန်ရပြီး အသက်နှစ်ဆယ်ကျော်တာနဲ့ ကိုယ်က ဘယ်လောက်ပဲ ရုပ်ဆိုးနေနေ၊ မချစ်မိစေအောင်ပဲနေနေ၊ ကိုယ့်အသက်ကို ပေးလိုက်ရမဲ့ယောကျာ်းတစ်ယောက်နဲ့ တွေ့ကို တွေ့ရတော့တာပဲ"

"ကျွန်မကတော့ အဲဒီဟာကွက်ကို ရအောင် ရှာမယ်"

"ရှာနိုင်ပါစေကွယ် ကျုပ်လည်း ဆုတောင်းပါတယ်၊ ညည်းအနေရထားတဲ့ ဘဝက အရင့်အရင် ဘဝတွေနဲ့တော့ မတူဘူးပေါ့၊ တစ်နေ့ ဒီလိုဖြစ်ရ မယ်ဆိုတာ ကြိုသိခွင့်ရလိုက်တာ ပြုခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်တွေကြောင့် ဒီဘဝမှာ ဒီကျိန်စာလွတ်အောင် ကူညီပေးချင်တဲ့ ပုဂ္ဂိုလ်ကောင်းတွေ ရောက်လာပြီး လမ်းညွှန်ပေးခံရနေတယ် ဒီတော့ ညည်းရဲ့ ကြိုးစားမှုအောင် မြင်ပါစေကွယ်"

သွင်သည် ကလျာပဘာ ပြောသော သံတမန်များ (သွင်ကတော့ အရိပ်များ ၏ အမည်ပေးထားသော) ထဲသို့ ပြန်လည် မဝင်ရောက်ခင်မှာတော့ စကားတစ်ခွန်းပြောဖြစ်အောင်လုပ်ပြောခဲ့ပါသည်။

"ဒါပေမယ့် ကျွန်မရုပ်ကို မုန်းတယ် ကလျာပဘာ"





"အလို ဘာရယ် ညည်း ကိုယ့်ကိုယ်ကို မုန်းတယ်လို့ပြောနေတာ နိမ့်များဖြစ်နေမလား"

သွင်သည် အရိပ်များထဲ ပြန်လည်တိုးဝင်လာခဲ့လိုက်ပါသည်။ သွင်ဘယ်ကိုသွားရမလဲ၊ ဘာလုပ်ရမလဲ၊ သွင့်ရဲ့ အရင်ဘဝတွေဆီ ပြန်သွားလည်ပြီး ဘာတွေဖြစ်ခဲ့သလဲ ပြန်ကြည့်ရင်ရော ဘယ်လိုနေမလဲ၊ ဘယ်လိုဟာကွက်တွေပြန်တွေ့မှာ မို့လဲ၊ သွင့်သည် အမှောင်တစ်ခုကို ဖြတ်သန်းကျော်လွန်ပြီးသောအခါ ဖြတ်ကနဲ မျက်လုံးတွေကို ဖွင့်လိုက်တော့သည်၊ ထိုအခါ.....

* * *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၅)

"သွင့် သမီး သမီး သတိရပြီလား"

"အမယ်လေး တော်ပါသေးရဲ့သွင်ရယ်"

"အခုမှပဲ ရင်ပူသက်သာတော့တယ်"

တစ်ယောက်တစ်ပေါက် အသံများကို သွင်စတင်ကြားရပါသည်။ ဘုရားရေ သွင် ဆေးရုံခုတင်ပေါ်ရောက်နေတာပါလား၊ သွင် ဘာဖြစ်သွားတာလဲ။

"သွင် နင် သတိမေ့ သွားတာလေ ပြန်နိုးလို့ကို မရတော့လို့ ငါတို့လည်းစိတ်ပူပြီး နင့်ကို ကားပေါ်ပြန်တင်ခေါ်လာတယ်။ နင့်အိမ်ကိုလည်း ဖုန်းဆက် အသိပေးလိုက်ပြီး ဆေးရုံကို တန်းခေါ်လာကြတာပဲ"

မေရှားက သွင့် နဖူးပြင်ကို အသာပွတ်လိုက်ရင်း ပြောပြပါသည်။

"စိတ်ပူလိုက်ရတာ သမီးရယ် ဘာတွေလျှောက်လုပ်ကြတာလဲ"





"ဗေဒင်သွားမေးကြတာပါ အန်တီ"

"ဟို သွင်က ခေါင်းမူးပြီး မေ့လဲသွားတာပါ။ ဘာမှမဟုတ်ပါဘူး"

"သူ့ အသွားထဲက ကားမူးနေလားမသိဘူး မေရှားတို့ကို ဘာမှမပြောဘူး အန်တီ ပြီးတော့ မှယာတို့ပြောတာကျတော့ အဲဒီဗေဒင်ခန်းက အမွှေးတိုင်နံ့တွေ တစ်အားမွှန်တာတဲ့ အဲဒါကြောင့် သွင် မူးလဲသွားတာဖြစ်မယ်"

သူငယ်ချင်းတွေက သူတို့ကို အပြစ်တင်ခံရမှာ စိုးသဖြင့် တစ်ယောက်တစ်မျိုးစီ ရှင်းပြနေလျှင် သွင်လည်း မနေသာတော့၊ သွင့်ကြောင့် သူငယ်ချင်းတွေ အထင်လွဲမခံရစေချင်၊ သွင် မေမေ့ လက်ကလေး ကိုင်ပြီး နှစ်သိမ့်လိုက်ပါသည်။

"မေမေ သွင် မနက်အစောကြီးထသွားရတာရယ်၊ ကားနည်းနည်းမူးနေတာရယ်ပေါင်းပြီး အမွှေးတိုင်နံ့တွေ ရှူလိုက်တော့ ခေါင်းထဲ တိုးသက်ပြီး မေ့သလိုလို ဖြစ်သွားတာပါ"

"နောက် အဲဒါမျိုးတွေ မလုပ်နဲ့ကွယ် ... ဗေဒင်မေးတာ ပြုတာကို အပြစ်မပြောပါဘူးလေ၊ တကယ်လို့ သွားချင်ရင်လည်း နီးနီးနားနားပဲ သွားပေါ့၊ အဝေးကြီး ဘာလို့သွားလဲ"

ထိုအချိန်တွင် ဆေးရုံအခန်းတံခါးကို အသာခေါက်သံကြားရသည်၊ အသံနှင့်အတူ

"အမေ သားတို့ဝင်လာလို့ရမလား"

ဟုသော ကိုကြီးအသံကြားလျှင်

"ဝင်လာသား ရပြီ ရပြီ ညီမလေးလည်း သတိရပြီ"



www.burmeseclassic.com

www.burmeseclassic.com



သားတို့ဟု ပြောသံကြောင့် ကိုကြီးမင်းညိုနဲ့ အတူ သွင့်ရဲ့ဆယ်နှစ်အရွယ် ညီမလေး သီရိသွင်တို့ ဝင်လာမည်ဟု ထင်လိုက်သော်လည်း တကယ်ဝင်လာသူတွေက ကိုကြီးမင်းညိုနှင့်အတူ သူ့စိမ်းယောကျ်ားတစ်ဦးပါလာတာတွေ့ရသည်။ သွင် အရင်ဆုံး သတိထားမိလိုက်တာကတော့ ထိုသူရဲ့ မျက်လုံးတွေဖြစ်ပါသည်။ အရောင်ကြည်လင်ပြီး နူးညံ့ပုံရသော မျက်ဝန်းညိုတွေသည် သွင့်ကို ဖြတ်ကနဲ သာလှမ်းကြည့်လိုက်ပေမဲ့ သွင့်ရင်ထဲမှာတော့ နွေးပြီး တစ်စုံတစ်ခု ပြည့်စုံသွားသလို ခံစား လိုက်ရပါသည်။

အင်မတန်မှ အရပ်မြင့်မားလှသော သွင့် အစ်ကိုကြီးကိုမင်းညို၏ အရပ်အမောင်းကိုပင် နည်းနည်းလေးကျော်ချင်သော ထိုသူ့အရပ်အမောင်းကြီးက အားလုံးထဲမှာ မိုးနေသည်။ ဒီဂရီမျက်မှန်ပါးပါးတပ်ထားပေမဲ့ ပြုံးနေသယောင်ယောင်ထင်ရသော နှုတ်ခမ်းများက သွင့်ကို အနေရခက်စေသည်။ ခြုံပြောရလျှင် သူဟာ လူချောလူခန့်တစ်ယောက်ဖြစ်ပြီး သွင့်ကို များစွာ ဆွဲဆောင်မှုရှိသော လူတစ်ဦးဖြစ်နေသည်။

သွင်ကိုယ့်ကိုယ်ကိုအံ့လည်းအံ့ဩနေသည်။ သွင့်ကိုသဘောကျကြသော ရွယ်တူတွေရော၊ အရွယ်မတူသူတွေရော ယောကျ်ားလေးတို့ဟာ အခုတွေ့နေရတဲ့ သူ့လိုပင် ချောမောရှိကြည့်ကောင်းသူတွေပါပါသည်။ သို့သော် သွင်ဘယ်တုန်းကမှ စိတ်မလှုပ်ရှားခဲ့။ ရင်ထဲမှာ သဘောတတွေ ဖြစ်သွားတာမရှိခဲ့။ ဒီအစ်ကိုကြီးကျမှ သွင့် ရင်ထဲလှုပ်ရှားရသတဲ့လား။

"ညီမလေး ဘယ်လိုနေသေးလဲ"

"သက်သာသွားပါပြီ ကိုကြီးမင်းညို"

"ဘယ်လိုများဖြစ်ရတာလဲကွာ၊ မနက်က ထွက်သွားတော့ အဟုတ်ပါပဲ။ ဘာတွေသွားလုပ်ကြတာလဲ"





ကိုကြီးမင်းညိုနှင့်အတူ ထိုအစ်ကိုကြီးကပါမလာသော်လည်း မေမေ့ အနောက်ဘက်ကျကျမှာ ကပ်၍ ရပ်ကာ ပြုံးကြည့်နေသဖြင့် သွင်ရှက်ပြီး မဖြေရဲ။ ဖေဖေသွားမေးရင်း မူးလဲတာလို့ ဖြေရင် ရယ်စရာကြီးဖြစ်နေမလဲ။ ဆင်စွယ်ရောင်ရှပ်လက်တိုနှင့် ပိုးတွဲပုဆိုး ခပ်မှောင်မှောင် ဝတ်ထားသော ထိုအစ်ကိုကြီးရဲ့ အသွင်က သန့်ပြန့်ရည်မွန်ပြီး သွင့်ကို မလှုပ်ရဲ၊ မရှင်းရဲ၊ အသံတောင် မထွက်ရဲအောင် ပြုစားလှသည်။

"အခု သက်သာသွားပြီဆိုတော့ တော်သေးတာပေါ့။ သီရိလေးရော မေမေ"

"ဖေဖေ ကျောင်းသွားကြိုပြီး အိမ်ပဲ တစ်ခါတည်းခေါ်သွားတယ်။ သမီးလည်း သိပ်စိုးရိမ်ရဘူးလေ။ အခုပဲ အိမ်ပြန်ရင်ပြန်လို့ ရပြီဆိုတာ ဖေဖေလည်း သိသွားတော့ အိမ်မှာပဲ စောင့်နိုင်းလိုက်တော့မယ်တဲ့"

"သားလည်း ဖုန်းကြားကြားချင်း လာမလို့ပဲ။ ဆရာနဲ့ resear (ရီဆာ့ချ်) ကိစ္စတွေ ဆွေးနွေးနေတာ မပြတ်တာနဲ့ ချက်ချင်းထ မလာဖြစ်တာ မိတ်ဆက်ပေးရဦးမယ်၊ ဒါ သားတို့ရဲ့ ဆရာအစ်ကိုပါ မေမေ။ အခု သွားကြမဲ့ ပုဂံမြို့ဟောင်းဘက်က ရှေးဟောင်းသုတေသနနေရာကို ဦးစီးနေတဲ့ ဆရာပါ။ Arachaeologist (အစီရောလောဂျစ်) တစ်ယောက်ပါပဲ။ ဦးတော်သူစံ တဲ့"

ကိုကြီးမင်းညို၏ဆရာဟု မိတ်ဆက်ပေးခံလိုက်သော အစ်ကိုကြီးကို အားလုံးလေးစားအားကျသော မျက်လုံးတွေနဲ့ ကြည့်ကာ ပြုံးရယ်နှုတ်ဆက်လိုက်ကြလေသည်။

"တွေ့ရတာဝမ်းသားပါတယ်ဆရာရယ် သားကြီးက ဆရာ့နာမည်တော့ ကျွန်မကို ခဏခဏပြောပါတယ်၊ ဆရာသိပ်တော်တဲ့ အကြောင်း၊

www.burmeseclassic.com



သူ့အရမ်းလေးစားအားကျရတဲ့ အကြောင်း တစ်နေ့ကျ ဆရာ့လိုအောင်မြင်တဲ့ Arachaelolgist တစ်ယောက်ဖြစ်ချင်တဲ့ အကြောင်း ပြောပြပါတယ်"

သွင်လည်း ကိုကြီးပြောပြဖူးသော သူ့ဆရာတွေ ထဲက ဦးတော်သူစံ ဆိုတာနာမည်တော့ကြားဖူးနေပါသည်။ ခပ်ဆန်းဆန်းနာမည်မျိုး။ တော် တဲ့သူက စံရမယ်ဆိုတဲ့ အဓိပ္ပါယ်ကောင်းသော အမည်မျိုးမို့ သွင်မှတ်မှတ်ရရ ဖြစ်နေခဲ့ဖူးသည်။ အခုကျမှသာ လူချင်းဆုံရတာ ဖြစ်ပေမဲ့ သွင့်အသွင် သဏ္ဍာန်က မလှမပနဲ့ဆေးရုံခုတင်ပေါ်မှာတည်း။ သွင် ဒီတစ်ခါ ယောကျ်ားတစ်ယောက်ရှေ့မှာ ကိုယ့်ပုံကိုယ် မလှမပကြည့်မကောင်းဖြစ်နေမှာကို စိုးရိမ်မိသလို ခံစားရလေသည်။

"ကိုမင်းညိုက သိပ်တော်ပါတယ်။ ကျွန်တော်တောင် တစ်ခါတလေ သူ့ Idea တွေ ယူနေရတာပါခင်ဗျာ။ ကျွန်တော်ကို ဆရာလို့ မခေါ်လည်း ရပါတယ် အန်တီ ကိုမင်းညိုနဲ့ ကျွန်တော် မတိမ်းမယိမ်းပါပဲ တူလို သားလို သဘောထားပြီး နာမည်ပဲ ခေါ်နိုင်ပါတယ်"

"ဟုတ်လား။ ဒီလိုလား ဆရာဆိုလို့လေ သားတို့ ထက်များ တော်တော်အသက်ကြီးမလား ထင်တာပါ။ လူပုံတွေ့တော့လည်း ငယ်သားပဲ အရွယ်တင်တာများလားပေါ့ အန်တီက ထင်နေတာ"

"သားနဲ့ ဆရာက ရှစ်နှစ်လောက်တော့ ကွာတယ် မေမေ။ ဆရာက အရမ်းတော်တော့ ပညာတော်သင်တွေသွားရတယ်၊ အဓိက Arachaeological Site (အစီရော်လောဂျီကယ်လ်ဆိုဒ်) တွေဖြစ်တဲ့ အီဂျစ်တို့၊ ဂျေရုဆလင်တို့တွေမှာ လေးငါးနှစ်လောက် တာဝန်ထမ်းဆောင်ပြီးမှ မြန်မာပြည်ပြန်လာတာ သိပ်မကြာသေးဘူး"





"ဟိုမှာ ဘာလို့ မလုပ်တော့တာလဲ ဆရာရဲ့။ အန်တီက အီဂျစ်ကို သိပ်စိတ်ဝင်စားတော့ တစ်နေ့ကျ ပီရမစ်တွေရအောင် သွားကြည့်ဦးမယ် တွေးထားတာ"

"ကိုယ့်နိုင်ငံမှာလည်း ကိုယ်မသိလိုက်တဲ့ ရှေးဟောင်းသမိုင်းကြောင်းတွေ အများကြီး ကျန်ဦးမှာလေ၊ အဲဒါကို ပိုအာရုံစိုက်လုပ်ရင် ကိုယ့်နိုင်ငံအတွက်လည်း အကျိုးရှိမယ် ကမ္ဘာကလည်း သိရပြီး ပိုစိတ်ဝင်စားခံရမယ်ဆိုတဲ့ စိတ်ကူးနဲ့ ပြန်ချလာတာ။ ဟိုကကုမ္ပဏီတွေက လစာကောင်းကောင်း ပေးပေမဲ့ လက်မခံတော့ပါဘူး။ သူတို့ဆီက သိလာတဲ့ နည်းပညာတွေနဲ့ ဒီမှာ ပြန်သုံးပြီး ထပ်ရှာကြည့်ချင်သေးတဲ့ စိတ်ကူးနဲ့ပါ"

"ဪ ဒါနဲ့ ပုဂံကို ရွေးရတာကရော"

"ပုဂံကတော့ အမည်မတပ်နိုင်တဲ့ ရှေးဟောင်းစေတီပုထိုးတွေလည်း အများကြီး၊ အထင်ကရသမိုင်းတွေလည်း အများကြီးဆိုတော့ သိပြီးသားထဲကပဲ ဘာတွေမသိတာတွေ ရှိမလဲဆိုတဲ့ စိတ်ကူးနဲ့ ရွေးလိုက်တာပါ။ ကျွန်တော်ရဲ့ Team (တင်း(မ))ထဲမှာ ကိုမင်းညိုကတော့ ရှေ့ဆုံးက ပါလာတဲ့ ပညာရှင်ပေါ့"

"ကဲ ...ကဲ မေမေ ဆရာက ညီမလေးသတင်းမေးဖို့ လိုက်လာတာပါ။ ဘယ်နှယ့်မေမေကချည်း အင်တာဗျူးနေရတာလဲ"

မေမေက ရက်ရယ်ရယ်သည်။ ဆရာဦးတော်သူစံ ဆီကတော့ အေးချမ်းသော အပြုံးတစ်ခု သွင်လက်ဆောင်ရပါသည်။ သွင် သူ့ကို ပြန်ရော ပြုံးပြလိုက်မိရဲ့လား။ ကိုယ့်ကိုယ်ကို မသေချာပါ။ သွင်တော့ ခက်နေပါပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးနဲ့ ကျွန်တော်ကတော့ ငါးနှစ်လောက်ပဲ ကွာတော့ ပိုနီးကပ်ကြတယ် ဆရာ၊ အငယ်ဆုံးလေးကသာ ကျွန်တော်တို့နဲ့ အသက်တအားကွာသွားတာ ခုမှ ဆယ့်ငါးနှစ်ကွာတာပေါ့။ ဆရာတွေ့ပါလိမ့်မယ်။ တစ်အိမ်လုံးဝိုင်းအလိုလိုက်ထားတော့ ဂျစ်ကန်ကန်လေးဖြစ်နေတယ်"

"ဪ ကလေးပဲဆိုတော့ ဒီလိုပါပဲ ... ကိုမင်းညိုတို့က မောင်နှမတွေနဲ့ . သိုက်သိုက်ဝန်းဝန်းဆိုတော့ ပျော်စရာပေါ့၊ ကျွန်တော်ကတော့ တစ်ယောက်တည်းပါပဲ၊"

"ဆရာက တစ်ဦးတည်းသော သားလား"

ဦးတော်သူ့စံမျက်လုံးတွေထဲ ရိပ်ကနဲ တစ်မျိုးဖြတ်ပြေးသွားပါသည်။ ဘာအရိပ်မှန်းမသိပေမဲ့ သူက သူ့ဘဝအကြောင်း သိပ်မပြောလိုသော ပုံစံမျိုးဖြစ်ကြောင်း မေမေ သတိထားလိုက်မိပုံရကာ စကားလွှဲလိုက်ပါသည်။ သွင်လည်း သူ့ဘာကြောင့် ဒါကို မပြောချင်လဲဆိုတာ ဂရုစားမရ၊ သူ့မှာ မိသားစုပြဿနာ ဘာတွေများ ရှိနေခဲ့လို့ပါလိမ့်၊ သွင် သူ့အကြောင်းကို တော်တော် စိတ်ဝင်စားသွားပါသည်။ သူက သွင့်ထက် အသက်ဆယ်နှစ်ကျော် ဆယ်သုံးနှစ်နီးပါး အသက်ကြီးနေသောကြောင့် သွင် သူ့ကို ဘယ်လိုခေါ်ပြောဆက်ဆံရမလဲ၊ "ဦး" တပ်ခေါ်ရမလား၊ ကိုကြီးမင်းညို ခေါ်သလို ဆရာလို့ပဲ ခေါ်ရမလား၊ အမယ်လေး သွင်တော့ တော်တော်အဖြစ်သည်းနေပြီ၊

"သက်သက်သာသာ ၊ ထူထူထောင်ထောင်ဖြစ်သွားတာတွေ့ရလို့ ဝမ်းသာပါတယ်၊ ဖုန်းသတင်းရခါစက ကိုမင်းညိုတော်တော်စိတ်ပူသွားတာတွေ့တော့ ကျွန်တော်လည်း ကိုမင်းညိုအားရှိအောင် အဖော်လိုက်လာပြီး သတင်းမေးလိုက်တာပါ"





သွင် ဒီတစ်ခါတော့ ကိုယ်တိုင်ကိုယ်ကျ တစ်ခုခုပြန်ပြောရတော့မည်မှန်းသိပေမဲ့ ဘာပြောရမှန်း မသိဖြစ်နေသည်၊

"ဟဲ့ သမီး ဆရာ့ကိုစကား ပြန်ပြောလိုက်လေ၊ ဘယ်နယ့် အအ ကြီးလိုလုပ်နေရတာလဲ" ,

မေမေ့အသံကြောင့် သွင်ပိုပြီး စကားလုံးရှာမရဖြစ်သွားပါသည်၊

"ရပါတယ် ကလေးနေသာသလိုနေပါစေလေ"

သူ့ရဲ့ "ကလေး" ဟု ခေါ်သံသည် သွင့်ကို ကမ္ဘာလုံးထိတောင် ခေါ်သွားမလို ခံစားရစေပါသည်၊

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာ၊ သတင်းမေးတာလည်း ကျေးဇူးတင်ပါတယ်"

သွင်ဘယ်လို ဘယ်လို ယောင်ပြီး "ဆရာ" ဟု ခေါ်လိုက်မိသည် သိ၊ ခေါ်ပြီးမှ ဒီအခေါ်ဝေါ်ကို မကြိုက်တော့သလို ခံစားသည်၊ သွင် သူ့ကို ဆရာလို့ မခေါ်ချင်၊ သူက သွင့်ဆရာမှ မဟုတ်တာ၊

"သွင်က ကျောင်းတက်တုန်းလား"

"သွင် E မေဂျာကို ဂုဏ်ထူးတန်း ဆက်တက်နေတာပါ"

"ဪ—ဪ ...ကောင်းတယ် ကောင်းတယ် ဒီက ကလေးတွေ ရောပဲလား"

"သူတို့က သွင့် သူငယ်ချင်းတွေ သွင်တို့ ကျောင်းအတူတူ တက်ကြတာပါ"

"ကဲ သွင်ရေ ညည်းသက်သာနေပြီဆိုလည်း ဆေးရုံဆင်းတော့လေ၊ ဆင်းမယ်ပြောပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မေမေပြောပြီးပြီ သားကြီး သူတို့ (Bill) ဘေလ်တွေ သွားလုပ်နေတယ်"

"ဟောဗျာ တက်တာက နာရီပိုင်းကို"

"ခေါင်းခါတ်မှန်ရိုက်၊ သွေးစစ်၊ ဆီးစစ် လုပ်သတဲ့ သူတို့က လုပ်မယ် ပြောတော့လည်း လုပ်ရတာပေါ့ကွယ် ပြီးတော့ အခန်းငှားခ တစ်ရက်စာ ပေးရမယ်တဲ့"

"ဒါဆို မေမေတို့ချည်း နေခဲ့ရင်ရမလား၊ သားနဲ့ ဆရာ လုပ်စရာလေးရှိလို့ပြန်လိုက်ဦးမယ်"

"ပြန် ပြန် ရတယ် သမီးသူငယ်ချင်းတွေလည်း ရှိတယ်"

ဦးတော်သူစံက အားလုံးကို ငေ့ကြည့်ပြီး

"သွားလိုက်ပါဦးမယ်"

ဟု ပြောကာ နှုတ်ဆက်သွားပါသည်။

သွင်ကတော့ အနုမှုပင် အိပ်မက်တစ်ခုခုကို ပီပီပြင်ပြင် မက်ခွင့်သူလိုပဲ ဖြစ်သွားပါသည်။ သွင်သည် အကြားအမြင်ဆရာမကြီး အမေသိန်းဆီက ကြားခဲ့ရတဲ့ အတိတ်ဘဝက ကျိန်စာမဟုတ်၊ ခုန သတိမေ့သလိုလိုဖြစ်နေစဉ်က သိခွင့်ရလိုက်သော ကျိန်စာရဲ့အစဖြစ်တည်ရာကိုရယ်၊ စတိုးဆိုင်မှာ ဘယ်ကဘယ်လိုပေါ်လာမှန်းမသိသော အဘွားကြီးတစ်ယောက်ရဲ့ အသိပေးစကားရယ်တွေကို လျစ်လျူရှုကာ သွင် တကယ်ပင် ရင်ထဲတွင်နင့်အောင် ချစ်နေရသော ယောကျာ်းကို တစိမ့်စိမ့်ပြန်မြင်ယောင်တမ်းတမဆုံးဖြစ်နေတော့လေသည်။

*   *   *

# အပိုင်း(၆)

မိန်ကလေး၏ ပိတုန်းရောင်ကေသာမှာ ယခင်ကတော့ လှပသေသပ်စွာ ထုံးဖွဲ့ထားခဲ့ပုံပေါ်သည်။ ယခုတော့ ဤသို့ မဟုတ်တော့ ဖါးဖါးဝေအောင် ပြေလျော့ကာ မဖီးမသင်နိုင်တော့သဖြင့် ရှုပ်ထွေးပြန့်ကျဲနေသည်။ ဝေဒနာတစ်ခုခုကို ပြင်းထန်စွာ ခံစားနေရပုံရသော မိန်းကလေးက ဝေဒနာသည် တစ်ယောက်ရဲ့ မျက်လုံးတွေနဲ့မတူဘဲ မာနဖြင့်တောက်ပကာ မာကြောစိမ်းမြွေနေသည်။

သို့သော် သူ့ကိုမော့ကြည့်သည့်အခါမှာတော့ ချစ်ခင်မြတ်နိုးခြင်း၊ အားကိုးခြင်း၊ တစ်ဘဝလုံးစာအတွက် စိတ်ချလက်ချပုံပေးလိုခြင်းတည်းဟူသော ခံစားချက်တွေပြည့်နေကြောင်း သူမြင်ရတွေ့ရခံစားရလေသည်။

သူသည်ထိုမိန်ကလေးကိုမြင်နေရင်းကျွတ်...ဒီအိပ်မက်မက်ပြန်ပြီကွာဟု စိတ်ညစ်ညျူးစွာပင် အိပ်မက်ထဲမှာတောင် ပြန်တွေးတော့နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ဘာကြောင့်မှန်းမသိ သူလှုပ်ဖြစ်စေအရွယ်တည်းက ဒီအိပ်မက်တို့ မက်မက်နေတာ၊

တစ်ခါတလေ တစ်ပတ်နှစ်ပတ်နေတစ်ခါ မက်၊ တစ်ခါတလေတ တစ်လရှမ့်၊ တစ်ခါတလေလည်း သုံးလေးလကြာမှလောက်မှ မက်ပေမဲ့ အိပ်မက်က ဘယ်တော့မှ မပြောင်း။ ဒီအတိုင်းသာ၊ ဝေဒနာတစ်ခုခုကို ပြင်း ထန်စွာ ခံစားနေရသေး။ ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ရဲ့ နောက်ဆုံးအချိန်လို့သိထားတဲ့ မြင်ကွင်းတစ်ခုကို အိပ်မက်မက်တာယ် သူကတော့ ထိုမိန်းကလေးကို တယုတယ မထိရက် မကိုင်ရက်နဲ့ ယုကြုံ မရစွာ ပွေ့ဖက်ထားရသူ။ မိန်းကလေးရဲ့ ချစ်ရသူအဖြစ်ကို အိပ်မက်ထဲမှာ ပါဝင်နေကြောင်း သူသိနေပါသည်၊

"မောင်ဖုရား ...နှမတော်ကို ခွင့်လွှတ်ပါ၊ မိန်းကလေးက မနည်း အားယူပြောရသောအသံဖြင့် သူကို ပြောနေသည်၊

"အပြစ်ဆိုလို့ မြူမှုန်တစ်မှုတောင်မရှိတဲ့ မိန်းကလေးကို ကျပ်တ ဘာများအပြစ်ယူစရာ ရှိလို့လဲ"

သူ့ရင်ထဲ ယုကြုံးမရစွာ ပြန်ပြောမိ၏

"နှမတော်က ဒီဘဝမှာ မောင်ဖုရားနဲ့ သေတစ်ပန်သက်တစ်ဆုံး အိုအောင်မင်းအောင် ပေါင်းရတဲ့သူ ဖြစ်ခွင့်မရတော့ဘူး။ နှမတော်ကြောင့် မောင်ဖုရားမှာ တစ်ဘဝလုံး လွမ်းဆွေးပြီး ကျန်ရစ်ခဲ့ရမယ်။ အဲဒါ နှမတော်ရဲ့ အပြစ်တွေပါ၊ မောင်ဖုရားကို နှမတော် စိတ်ဝေဒနာတစ်သက်လုံး ခံစားရ စေဖို့ ထားရစ်ခဲ့ရသလိုဖြစ်နေပြီ"

"နှမတော် ... တိတ် ...တိတ် နေသာအောင်နေပါ၊ နောက်ထပ် ဆေးနည်းတစ်ခုရှာတွေ့ပြီးပြီလို့ ပြောတယ်"





"တကယ်တော့ ဒါ ဟိုစုန်းမကြီးကြောင့် နှမတော်ဒီလိုဖြစ်ရတာ ဒူးထောက်တောင်းပန်တဲ့အထိလုပ်တာ၊ နေပါစေ ဘယ်တော့မှ မ င်းပန်ဘူး။ အသက်သာ အသေခံသွားမယ် သူဆင်းရဲမကြီးရှေ့မှာ ဒူးထောက်အညံ့မခံဘူး"

မတောင်းပန်ဘူး မတောင်းပန်ဘူး ဆိုသော အသံများညံနေကာ ရုတ်တရက် လန့်နိုးသွားပါသည်၊ နိုးတော့မှ သူနေ့ခင်းကြောင်တောင် တဖြုတ် အိပ်ပျော်သွားကြောင်း သိလိုက်ရသည်၊ သူ အိပ်ပျော်နေရာ ခုံရှည်မှ ထထိုင်လိုက်လျှင် စာကြည့်ခန်း တံခါးဟာမှတစ်ဆင့် တပည့် ကို လှမ်းတွေ့ရပါသည်၊

"ဟော ဆရာ ခဏလှဲလိုက်တာ အိပ်ပျော်သွားတယ်ထင်တယ်။ ကြောင့် ကျွန်တော်တို့ လာမနှိုးတော့ဘဲ ဆရာ့ကို နောက်မှပြမယ်ဆိုပြီး တွေ သိမ်းဆည်းထားလိုက်တယ်၊ ကိုသက်ဦး၊ မေနိုင်မာလာ၊ ပွန်းဟူသော ပီအိပ်ချ်ဒီကျောင်းသားငါးယောက်နှင့် သူအပါအဝင်ဆို တ်ယောက်ရှိပါသည်။ ပုဂံရှိရှေးဟောင်းသုတေသန နယ်မြေတစ်နေ ကို ရွေးကာ သုတေသနရှာဖွေရေး လုပ်ဖို့ သက်ဆိုင်ရာကို ခွင့်ပြုထားပြီး သည်၊ ပုဂံမသွားခြင်မှာ လိုအပ်သော အချက်အလက်များကို စု င်းထားသော စာအုပ်များမှ ရှာဖွေပြုစုခြင်း၊ အင်တာနက်မှ ရသ က် လေ့လာခြင်း၊ ပုဂံသမိုင်းကို အပြန်ပြန်အလှန်လှန် သုံးသပ်ခြင်း လုပ်ဖို့ သူ့အိမ်မှာ နေ့စဉ်လူစုကြရခြင်းဖြစ်သည်။ သူက တစ်ထပ်တိုက် တစ်လုံးနဲ့ ဆိတ်ငြိမ်ရပ်ကွက်တွင် တစ်ဦးတည်းနေထိုင်သူဖြစ်လေရာ များအားဖြင့် လူစုရွေး ရွေးဖို့ဆိုလျှင် သူ့အိမ်ကိုရွေးဖြစ်တာ များပါသည်။

"ဆရာ နေကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်။ နေ့ခင်းဘက်ကြီး အကျင့်မရှိဘဲ အိပ်လိုက် တော့ ခေါင်းမကြည်သလိုဖြစ်နေလို့ပါ"

"ကော်ဖီခါးခါးသောက်မလားဆရာ ကျွန်မသွားဖျော်လိုက်မယ်"

"ရတယ် ရတယ် မသောက်တော့ဘူး"

မမြယွန်းက ကိုမင်းညိုတို့နဲ့ ရွယ်တူဖြစ်ကာ သူ့အပေါ် နည်းနည်း လေးသံယောဇဉ် ပိုချင်ပုံပြသည့် တပည့်တစ်ဦးမို့ သူ့ဂရုတစိုက်ပြော ဆက်ဆံရပါသည်။ သူကိုယ်တိုင် ဒီအုပ်စုကို စာသင်ကြားပြသရ၍ ဆ ရာထူးကို ရထားတာမဟုတ်သော်လည်း သူ ဘယ်မိန်းကလေးနဲ့မှ အရ အရင်း မဖြစ်ချင်၊ အလုပ်အကိုင်ကိစ္စနှင့် ပုဂ္ဂိုလ်ရေးကိစ္စတို့ကို ရောနှော လိုက်ဖို့ သူ့မှာ စိတ်ကူးမရှိတော့လည်း ပါသလို၊ သူ့ရင်ထဲတွင် အိပ်မက်ထ မှာ တွေ့တွေ့နေရသော မိန်းကလေးကို တမြတ်တနိုးနေရာပေးထားမိတာ ပါပါသည်။

အိပ်မက်ထဲတွင် တွေ့ရသော အဝတ်အစားနှင့် စကားအပြေ အဆို လေယူလေသိမ်းတို့ကို ပုံဖော်စစ်ဆေးပြီးသောအခါ ဒါ ပုဂံခေတ်ရဲ့ အချိန်တစ်ချိန်က ဖြစ်မည်ဟု မှန်းဆကြည့်မိသည်။ ဒီလိုအိပ်မက်တစ်း ကြောင့်ပဲ သူဟာ နိုင်ငံရပ်ခြားမှာ အဆင်ပြေနေရက်နဲ့၊ သူ့စိတ်ဝင်စားသော ရှေးဟောင်း သုတေသနလုပ်ငန်းတွေကို ထောက်ပံ့ငွေဖောဖောသီသီ သုံး ပြီး လုပ်ချင်သလိုလုပ်ခွင့်ရမှန်း သိပေမဲ့ မြန်မာပြည်ကို စွတ်တရွက် ပြန်ခဲ့ လာခဲ့မိတာဖြစ်သည်။ ဒီအသက်အရွယ်ရောက်နေပြီ၊ ဘာကြောင့် ဒီ အိပ်မက်ရဲ့အဓိပ္ပါယ်ကို ရှာဖွေလို့ မရသေးတာလဲ၊ ဘာတွေဖြစ်ခဲ့သလဲ ဆို တာရဲ့သဲလွန်စကို ဖြစ်ဖြစ် ဘာကြောင့် ရှာမတွေ့ရသေးတာလဲ။ ဒါ ဘယ်သူ တွေလဲ။ ဘာလဲ။ ဘယ်ခေတ်ဘယ်အခါကလဲ၊ ဒီမိန်းကလေးဟာ ဘယ်သူ





အိပ်မက်ထဲလူဟာ သူကိုယ်တိုင်မှန်းသိပေမဲ့ အိပ်မက်ရဲ့ အကြောင်း ကို မသိနိုင်သေးတာဟာ သူ့ရဲ့ပြဿနာပဲ။

ဒါကြောင့် မြန်မာပြည်ပြန်ချလာပြီး အိပ်မက်ထဲမှာ ပြတ်ပြတ်သား း တွေ့ရတဲ့ အခန်းဆောင်ပုံစံနေရာဒေသ၊ စကားအပြောအဆို လေယူ သိမ်း၊ အဝတ်အစားအသုံးအဆောင်တို့ကို တစ်ခုချင်းပြန်ပုံဖော်ယူကာ ယ်ခေတ်ဘယ်အခါဆိုတာ ပြန်ရှာရတော့သည်။ ကိုးကားသော စာအုပ် ငင်း ရှေးခေတ်ပန်းချီကားပေါင်းများစွာနှင့် အကြိမ်ကြိမ် သွားရောက်လေ့ သော အမျိုးသားပြတိုက်ထဲက ရှေးဟောင်းအသုံးအဆောင် အပြင် ဆင်များစွာ တို့၏ နောက်ဆုံးအဖြေကား ပုဂံခေတ်ရဲ့ နှစ်ကာလ အပိုင်း ခြားတစ်ခုဆိုတာ အဖြေထွက်တော့လေသည်။

"ကျွန်တော်တို့ saved ဆေ့စ် လုပ်ထားတဲ့ file ဖိုင်လ်တွေ ဆရာ အားမှ ပြန်ဖွင့်ကြည့်ပါ။ ပုဂံသွားဖို့အတွက် လေယာဉ်လက်မှတ် ဘယ်တော့ Book (ဘွတ်) လုပ်ရမလဲဆိုတာ သိချင်လို့ ဆရာ"

"အားလုံးအဆင်ပြေတဲ့ ရက်တွက်ကြမယ် ညှိလိုက်ကြပါ။ ကျွန်တော်က ကျောင်းသားမဟုတ်ဘဲ ဆရာတစ်ယောက်ဆိုတော့ ပြီး တော့ ကျောင်းမှာပြုစုထားမဲ့ စာတမ်းတွေအတွက် researd ရိုဆော့ချ် ကိစ္စ သွားမှာဆိုတော့ ပါမောက္ခချုပ်ကို ပြောလိုက်တာနဲ့ ချက်ချင်းထွက်လာလို့ရ တာပဲလေ။ ကိုမင်းညိုတို့ကတော့ ပရက်တီကယ်၊ ကျူတိုရီယယ် အချိန်တို့ စာမေးပွဲ test လေးတွေ လွတ်မဲ့အချိန်တို့ကို ညှိကြရမယ်လေ။ အချင်းချင်း ညှိကြပါ။ ကျွန်တော်ကတော့ အချိန်မရွေးထလာလို့ရပါတယ်"

"ဆရာ့ဘက်က အဆင်ပြေနေမှတော့ သွားဖို့ပြင်ဆင်ရုံပဲ ရှိတော့ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှစ်ရက်လောက် နေဖြစ်မလဲ ဆရာ"

မနိုင်မာလာက တော်တော်ထူသော ဒိုင်ရီမှတ်စုကို ပင့်တင်၍ မေးသည်။

"တစ်ပတ် ဆယ်ရက်ပေါ့။ သိပ်ကြာကြာတော့ မနေပါဘူး ဘာဖြစ်လို့လဲဆိုတော့ စာတမ်းမပြီးမချင်းသွားလိုက်ပြန်လိုက်လုပ်နေရ မှာဆိုတော့ အကြာကြီးနေစရာမလိုပါဘူး။ မနိုင်မာလာမှာ ဘာများ စိုး စရာ ရှိလို့လဲ"

"အဖေနဲ့ အမေကို အိမ်ဖော်လေးနဲ့ထားခဲ့ရမှာ စိတ်မချလို့ အ ထဲက အဒေါ်ရင်းတစ်ယောက်ကို နယ်ကနေ ခေါ်လာနေပေးဖို့ လှမ်း ထားလိုက်တယ်ဆရာ။ ဒါကြောင့်ပါ"

"မနိုင်မာလာအတွက် လိုက်ရမှာ အဆင်မပြေဘူးဆိုလည်း တယ်နော်။ ဘာမှအားနာစရာ မလိုဘူး။ ပြင်းလို့ရတယ် အားလုံးရှာတွေ့ တာ အားလုံးမျှ သုံးလို့ရတယ်။ ရှုထောင့်အမျိုးမျိုးက ရေးပြီး သုတေသ စာတမ်းတင်ရုံပါပဲ"

နိုင်မာလာကအမျိုးကြီးတစ်ဦးဖြစ်သလိုတစ်ဦးတည်းသောသ လဲဖြစ်ရာ မိဘိုဖအိုတွေကို သူပဲ ပြုစုစောင့်ရှောက်နေရပါသည်။ အဖေ လေတစ်ခြမ်းဖြတ်ပြီး ပြန်ကောင်းခါစ ဖြစ်သလို အမေကတော့ နာတာရှ ပန်းနာရင်ကျပ်ရှိသူဖြစ်ပြန်သဖြင့် သူမမှာ နောက်ဆံတင်းစရာတွေရှိ သည်။ သို့သော် ပညာရေးနဲ့ ပတ်သက်၍လည်း လောဘကြီးသူဖြစ်လေ ဘာမဆို သူမ မသိလိုက်ရတာမျိုးမရှိချင်သူ ဖြစ်နေပြန်သည်။

"ဒီတစ်ခေါက်တော့ ပထမဦးဆုံးအခေါက်လို့ ဆုံးဖြတ်ထားလို့





...ရာ နောက်အခေါက်တွေတော့ အခြေအနေကြည့်ပြီး လိုက်ဖြစ်ရင်လည်း ...တ်ဖြစ်ပါလိမ့်မယ်"

"ညနေတောင်စောင်းပြီ ကျွန်တော်တို့တွေ ပြန်လိုက်ပါဦးမယ်။ ...တ်ဖြန်မှာလေယာဉ်လက်မှတ်အဆင်ပြေပြီဆိုရင် ဆရာ့ဆီဖုန်းဆက် ...ိတ်မယ်နော်"

"အိုကေ... ကိုသက်ဦးရပါတယ်ကြိုက်တဲ့အချိန်ဖုန်းခေါ်လိုက်ပါ"

ကျောင်းသားအုပ်စုအသီးသီး နှုတ်ဆက်ပြန်သွားသောအခါ ...တော်သူစံ တစ်ယောက်ထဲ အိမ်ထဲမှာ တိတ်ဆိတ်ကျန်ခဲ့တော့သည်။

သူတစ်ယောက်တည်း ကျန်ခဲ့တော့မှ စာကြည့်ခန်းထဲ ပြန်ဝင် ...ပြီး သူ့ရဲ့ ပုံဆွဲစာအုပ်အကြီးကြီးကို ထုတ်ယူလိုက်ပါသည်။ A4 ဆိုဒ် ...ရွက်လေးရှယ်စာလောက်ကြီးသော အဖြူရောင် ပုံဆွဲစာအုပ်ထဲတွင် ...တော့ ခဲခြစ်ရာ ပန်းချီပုံများစွာ ရှိပါသည်။ အများစုမှာ သူ၏ အိပ်မက်ထဲတွင် ...တွေ့တွေ့နေရသော ရှေးခေတ်အဝတ်အစားဝတ် မိန်းကလေး၏ မျက်နှာ ...ပုံများဖြစ်သလို သူ့အိပ်မက်ထဲမှာ တွေ့ရတတ်သောကြောင့် မြင်ကွင်းရှိ ...တ်ဝန်းကျင်ပုံစံ အနေအထားတွေဖြစ်ပါသည်။

အခုလဲ... ပုံဆွဲစာအုပ်ကို ထုတ်ပြီး စိတ်ပြေလက်ပျောက်ပင် အိပ် ...တ်ထဲက မိန်းကလေး၏ရှည်လျားနက်မှောင်၍ပိုးသားလို ပြောင်လက်နေ ...သော ဆံပင်ရှည်ကြီးကို ရေးခြစ်နေမိသည်။ မျက်ရည်တွေ ပြည့်နေပေမဲ့ ...ာနကြီးမှန်းသိသာသော မျက်လုံးအိမ်ထဲက အရိပ်ကို အမိအရ ရေးခြစ်ရင်း ...ခင်ထဲမှာ လွမ်းဆွတ်နေမိပါသည်။

"မင်း... ဒီအိမ်ရောက်ခါစက စကားပြန်ပြောလာအောင် အမျိုးစုံ ကြိုးစားကြတယ်။ တက်ကျွမ်းတဲ့ ဆရာဝန်တွေနဲ့ ပြပြီး ကုတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒါလည်း စကားမပြောဘူး။ မွေးရာပါချို့တဲ့ နေတာမျိုး မဟု ဘဲ စိတ်ထိခိုက်လွန်းလို့ စကားပြောတဲ့နေရာမှာ ဆွံ့အသလို ဖြစ်သွာ သိတော့ အမေတို့က အစွမ်းကုန်ကြိုးစားကြတာပေါ့ကွယ် ဟူသော သူ စားမိခင်၏ စကားသံတွေကို ကြားယောင်လာသည်။ သူ့ကို မိဘမဲ့ဂေ တစ်ခုမှ ခေါ်ယူမွေးစားခဲ့သော မိဘနှစ်ပါးကိုယ်တိုင်က ဆရာဝန် ဖြစ်သည်။ ဆရာဝန်တွေမို့လို့လည်း သူ့ရဲ့ အဖြစ်အပျက်ကို စိတ်ဝင်စာ ကုသကြည့်ချင်တာနဲ့ မွေးစားခဲ့ကြတာလည်းဖြစ်နိုင်သည်။ သူတို့ ဆရာ အသိုင်းအဝိုင်းမှာပင် နီးစပ်ရာအထူးကုများနှင့် ပြသပြီး သူ့ကို စကား ပြောအောင် ဘယ်လို ကုသခဲ့ကြောင်း အမေက မကြာခဏ ပြောပြေ သည်။

"မင်းက စကားသာ မပြောတတ် ပန်းချီပုံလေးတွေကတေ ဆွဲသလား မမေးနဲ့။ တစ်နေ့တစ်နေ့စာရွက်တွေ အထပ်လိုက် ထွက်တယ် ကလေးဘဝတည်းကိုက ဘယ်မှာမှ ပန်းချီပညာမသင်ဘဲနဲ့ ပုံကောင်းလေ တွေ ဆွဲတတ်နေတော့ မင်းကို ကုတဲ့ ဆရာဝန်တွေက ဘာမှတ်ချက်ပေး လဲဆိုရင် မင်းက စကားမပြောဘဲ ရင်ထဲမှာ ပြောချင်တာတွေကို ပန်းချီပုံ ပြောနေတာတဲ့"

အမေစကားတွေကို ကြားယောင်ရင်း တော်သူစံသည် မိန်းက လေး၏ ဆံနွယ်တွေကို နက်သထက်နက်အောင် ခဲဖြင့် ခြစ်နေမိ၏ အခု တော့ ကျွန်တော်စကားပြောပါပြီ အမေ။ ဒါပေမယ့် ရင်ထဲမှာ စွဲလမ်းနေတာ ကိုတော့ ပန်းချီပုံတွေဆွဲပြီး ဖြေသိပ်နေတုန်းပါပဲ။ ဘဝမှာ ဘယ်မိန်းကလေး ကိုမှ ချစ်လို့မနေဘဲ အိပ်မက်ထဲက ဒီမိန်းကလေးကိုပဲ စွဲစွဲလမ်းလမ်း ချစ်နေ တာဟာ ဘာကြောင့်များပါလိမ့်။ စိတ္တဇတစ်မျိုးလေလား။





"သားကို ပန်းချီသင်တန်းလေးတွေ ပေးတတ်နိုင်းတယ်။ သူငယ် ချင်းတွေလာရင် စကားပြောမယ်ထင်ပေမဲ့လည်း မပြောပြန်ဘူး။ သားက နှစ်တောင်ကျော်လာပြီ ကျောင်းလဲနေရမဲ့ အရွယ်ရောက်လာတော့ အမေတို့က စိတ်ပူတာပေါ့။ ဘယ်လိုကျောင်းမျိုးကို ပို့ရမလဲပေါ့။ ဆွံ့အနား ကြားကျောင်းပဲ ပို့ရမလား။ စကားပြန်ပြောတဲ့ အထိပဲ စောင့်ရမလားဆို တာမင်းအဖေနဲ့အမေ နေ့တိုင်းခေါင်းချင်းဆိုင် ဆွေးနွေးကြရတယ်။ သား က မွေးရာပါချို့တဲ့နေတဲ့ ကလေးမဟုတ်တော့ အလွယ်တကူဆုံးဖြတ်မရ တာလဲပါတယ်။ သားက တစ်နှစ်မပြည့်ခင်မှာတောင် စကားစပြောပြီး သုံးနှစ်အထိ မှတ်နေအောင် စကားလည်လည်ဝယ်ဝယ်လည်း ပြောတတ် တောမပီတာတောင်မရှိဘူးလို့ ဆရာဝန်တွေရဲ့မှတ်ချက်မှာ ရှိတယ်လေ"

ငယ်ငယ်လေးထဲက မှတ်မှတ်ရရ ပြောရရင် အသက်တစ်နှစ်မ ပြည့်ခင်ကတည်းက မိဘမဲ့ခဲ့လို့ မိဘမဲ့ကျောင်းတစ်ကျောင်းမှာ ကြီးပြင်းခဲ့ ရသော တော်သူစံသည် မွေးစားမိဘနှစ်ပါးတို့ကြောင့်သာ အနုလို လူတစ် လုံးသူတစ်လုံးဖြစ်လာခဲ့ရခြင်းပါ။ ဘာကြောင့် မိဘမဲ့ခဲ့ရသလဲဆိုတာတော့ အဖေနဲ့အမေဟာ သူ့ကို ဘယ်တုန်းကမှ မပြောခဲ့သလို သူကိုယ်တိုင်လည်း ဘယ်တုန်းကမှ မေးမကြည့်ခဲ့ဖူးချေ။ သို့သော် သူ့ရဲ့ အငုံစိတ်ထဲမှာတော့ မိသားစု အရင်းအချာတွေ၊ မောင်နှမတွေ သိုက်သိုက်ဝန်းဝန်းပျော်ပျော် ပါးပါးရှိနေလျှင် အလိုလိုနေရင်းစိတ်အားငယ်တတ်နေသည်။

"သား သိပ်တော်တဲ့ ဆရာမကြီး တစ်ယောက် မိဘမဲ့ကျောင်းမှာ ရှိခဲ့တာ သုပဲသားကို ငယ်ငယ်တည်းက ကျွေးမွေးထိန်းကျောင်းလာတာ ဆိုတော့ သားက သူ့ကို သိပ်ချစ်တာတယ်တဲ့။ အဲဒီဆရာမကြီးဟာ တစ်နေ့ သားတို့ ကလေးတွေကို ထမင်းခွံ့ကျွေးရင်း ရုတ်တရက် ဦးနှောက်သွေး



www.burmeseclassic.com

www.burmeseclassic.com



ကြောပြတ်ပြီး လဲကျသေဆုံးသွားတယ်။ ကလေးတွေ အများကြီးရှေ့မှာ ချက်ချင်းကြီးသေဆုံးသွားတဲ့ အဖြစ်ကြောင့် ကလေးတော်တော်များများ ကြောက်လန့်ငိုကြွေးဖျားနာ ကုန်တဲ့အထဲမှာ သားလည်းပါတယ်။ အားလုံး ပြန်နေကောင်းတဲ့ အချိန်မှာ သားကတော့ စကားမပြောတော့တာတစ်ခု ကျန်ရစ်ခဲ့ပြီး အဲဒီသုံးနှစ်အရွယ်ထဲကစပြီး ဘယ်သူ့ကိုမှစကားမပြောတော့ပဲ ပုံတွေလိုမ့်ဆွဲတော့တာပဲ"

ဆရာမကြီးကို ခုထိ တစ်ချက်တစ်ချက် သတိရနေတတ်သေးပေမဲ့ အသွင်သဏ္ဍာန်ကတော့ ဝိုးတဝါးလောက်သာ မှတ်မိတော့သည်။

"အမေတို့က သားရဲ့အဖြစ်အပျက်ကို စိတ်ဝင်စားတာက သားက အားလုံးသော ကလေးတွေထဲမှာ ထူးခြားပြီး ချစ်စရာကောင်းနေတာကြောင့်ရော ရွေးပြီး ခေါ်မွေးစားခဲ့တာပေမဲ့ အိမ်ရောက်ပြီး သိပ်မကြာပါဘူး ကိုယ့်သားအရင်းလိုကို ချစ်သွားတာပါကွယ်"

မွေးစားမိဘနှစ်ပါးက သူ့အပေါ် ဘယ်လောက်ချစ်သလဲ ဆိုတာလည်း သူ့ခြွင်းချက်မရှိယုံကြည်မိပါသည်။ ကလေးမရနိုင်လို့ နည်းမျိုးစုံနဲ့ ကြိုးစားခဲ့ကြပေမဲ့ ဘယ်လိုမှ ရဖို့နည်းလမ်းမရှိသောအခါမှာ ကလေးတစ်ယောက်မွေးစားဖို့ ဆုံးဖြတ်လိုက်ခြင်းကြောင့် မိဘမဲ့ကလေးလေးတစ်ဦးဖြစ်သော တော်သူစံတစ်ယောက် ဂုဏ်သရေရှိ ဆရာဝန်လင်မယားအ၏ တစ်ဦးတည်းသော သားဖြစ်ခွင့်ရခဲ့ပါသည်။

"တကယ်တော့ သားနာမည်က တိုးတိုးပါ။ မိဘမဲ့ကျောင်းက ဆရာမတွေပေးထားတဲ့ နာမည်ပေါ့။ နောက်ထပ် တိုးတိုးလာတဲ့ အသစ်က လေးတစ်ယောက်ဆိုပြီး ပေးထားတဲ့ နာမည်။ ဒါပေမယ့် အမေတို့ကတော့





သားဟာ တော်တဲ့ကလေးမို့ တော်သူစံရမယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ တော်သူစံ လို့ နာမည်ပြောင်းပေးလိုက်တာ"

ဒေါက်တာဦးမိုးစံနှင့် ဒေါက်တာခင်ခင်ထားတို့၏ တစ်ဦးတည်းသော သားဦးတော်သူစံဆိုသော ဂုဏ်ပုဒ်သည် သူ့ကိုများစွာ မျက်နှာပွင့်စေခဲ့တာ ခုထိပင်။ အဖေနဲ့အမေက အသက်လည်း သိပ်အကြီးကြီးတွေ မဟုတ်သလိုသိပ်လဲမငယ်တော့ပေမဲ့ ယူနီဆက်(ဖ) မှာ အခုထိ အလုပ်လုပ်နေဆဲ ဖြစ်ကာ နိုင်ငံတကာလှည့်ပြီး ကူညီဆေးကုနေဆဲ ဖြစ်ပါသည်။ အခုနောက် ဆုံး သတင်းကြားတာတော့ ကမ္ဘောဒီးယားရောက်နေသည်ဟု သူ့ဆီ အီးမေးလ်ပို့ထားပါသည်။ အသက်မငယ်လှတော့ပါဘူး။ ဒီလို ကမ္ဘာပတ်ပြီး ဒုက္ခသည်တွေ ကူညီနေရတာကိုပင် ဝမ်းသာကျေနပ်လျက် စိတ်ချမ်းသာနေကြသူဖြစ်လေသည်။

"သားကို ပထမဦးဆုံးစကားပြန်ပြောစေတဲ့အဖြစ်ကတော့ပုဂံကို မိသားစုအလည်သွားတဲ့နှစ်မှာပဲ  သားအသက်ခုနစ်နှစ်လောက် ရှိတော့မယ်။ ခရီးလမ်းတစ်လျှောက်လုံး ဘာစကားမှ မပြောခဲ့တဲ့ သားဟာ ပုဂံမြေကားဝင်လိုက်တာနဲ့...ပါးစပ်ကဘာတွေမှန်းမသိဘူး။ဗလုံးဗထွေးတွေပြောတော့တာ။အဖေနဲ့အမေမှာဝမ်းသာလွန်းလို့ကားထဲမှာထထောင်ခုန်တယ် သားရယ်၊ ဗလုံးဗထွေးတွေပြောလိုက်၊ ဟိုဘက်ပြေးကြည့် ဒီဘက်ပြေးကြည့် လိုက်လုပ်ရင်းက ဟိုတယ်ထဲလည်း ရောက်ရော ပီပီသသစကားနှစ်ခွန်းကို စပြီးပြောတယ်၊ ဘာလဲဆိုတော့ ပုဂံတဲ့ ကဲ .... ဘယ်လောက်ထူးဆန်းသလဲ၊ သားမှာ ပုဂံနဲ့ပတ်သက်ပြီး အဆက်အသွယ်တွေ အတိတ်ဘဝမှာ ရှိခဲ့တယ်ထင်တယ်။ အဲဒီခရီးကစပြီး သားကစကားတွေပြန်ပြောလာပေမဲ့ အမေက ပုဂံနဲ့ ပတ်သက်ပြီး သားကို မေးရင် သား ဘာမှတော့မှ



www.burmeseclassic.com

www.burmeseclassic.com



မပြောပြခဲ့ပါဘူး။ အမေတို့ကလည်း ခေတ်ပညာတတ် ဆရာဝန်တွေဆိုတော့ ဒီလို Supernatural (စူပါနက်ချုရယ်) ဆန်ဆန် အဖြစ်အပျက် ကို သိပ်ပြီး စိတ်ဝင်စားလို့ ဂရုမထားခဲ့ပါဘူး။အေးလေ သားက ခုတော့ မြန်မာပြည် ပြန်ပြီး ပုဂံမှာ researd (ရီဆော့ရှ်) လုပ်မယ်ဆိုတော့ အမေတို့ တစ်သက်လုံးမေ့ထားတဲ့ အရာတစ်ခုကို အစဖော်ထုတ်လိုက်တယ်လို့ပဲ ယူဆပါတယ်"

သူ့ရဲ့ ပုဂံ ပရောဂျက်အကြောင်းကို အဖေအမေတို့ကို အသိပေးလိုက်သောအခါမှာ အမေရဲ့တုံ့ပြန်မှုကတော့ လိုက်လိုက်လှဲလှဲရှိခဲ့ပါသည်။

အခုတော့ သူအမျှော်လင့်ကြီးမျှော်လင့်စောင့်စားခဲ့သော ပုဂံမှာ သုတေသနလုပ်ငန်းလုပ်ခွင့်က နီးကပ်လာခဲ့ပြီ၊ သူ ဘာကိုရှာမှာလဲ၊ ဘာကိုတွေ့ချင်တာလဲ၊ တွေ့ခဲ့တဲ့ရှေးဟောင်းပစ္စည်းတွေက တစ်ဆင့် ဘယ်လိုအကြောင်းအရာကို သိချင်တာလဲ ဒါမှမဟုတ် သိခွင့်ရမလဲ၊ တော်သူစံသည် ဝိုးတဝါးနှင့် မရေရာလှသော သူ့ရဲ့ ရည်မှန်းထက်သန်လျက်တော့ ရှိလေသည်။

*   *   *

# အပိုင်း(၇)

တော်သူစံသည်း ကောင်မလေးကို မြင်မြင်ချင်း မှတ်မိနေမိသည့်အတွက် သူ့ဘာသာသူတော်တော် အံ့ဩနေပါသည်။ ပထမတစ်ကြိမ် တွေ့တုန်းကလဲ ဆေးရုံခုတင်ပေါ်မှာ ဖြူဖျော့နေတဲ့ပုံလေးနဲ့ တစိမ်းယောကျ်ားတစ်ယောက်ပါလာလို့ ရှက်တတ်တတ် ခေါင်းငုံ့နေခဲ့တဲ့ ကောင်မလေးကို သူ အသေအချာတောင် ကြည့်ခဲ့တာ မဟုတ်၊ မိန်းမပျိုလေးတစ်ယောက် လဲလျောင်းနေတာမို့ သူလည်း အားနာနာနဲ့ အသေအချာ စိုက်မကြည့်ခဲ့မိပါ၊ သို့သော် ကောင်မလေးရဲ့နားသက်ဆံစပ်ဖျားလေးကို မြင်လိုက်တာနဲ့ တင် မှတ်မိနေခဲ့လေသည်။ဒါတောင် လူတွေကြားထဲရောနေကာ ဖြတ်ကနဲ လှမ်းမြင် လိုက်ရတာပေမဲ့ သူ ချက်ချင်းပင် ဒါဟာ ကြာညိုသွင်ပဲ၊ကိုမင်းညို ရဲ့ညီမလေးပဲလို့ အလိုလို သိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူအများထဲမှာ ထင်းနေအောင်လှတာမျိုးလဲ မဟုတ်၊ အားလုံးထက်လဲ အရုပ်ပိုမြင့်နေတာ မဟုတ်တဲ့အပြင် ပုပြီး ပျောက်သလိုတောင် ဖြစ်နေသော ကောင်မလေးကို သူကြံ့ကြံ့ဖန်ဖန်မှတ်မိနေသတဲ့။

ကောင်မလေးက သူ့ကိုမမြင်။ ဘာကို သည်းကြီးမည်းကြီး အာရုံစိုက်ကြည့်နေမှန်း မသိ။ စိုက်ကြည့်နေသဖြင့် တော်သူစံလည်း ကောင်မလေး စိုက်ကြည့်နေရာဆီ လှမ်းမျှော်ကြည့်လိုက်ရာ အဘွားကြီး တစ်ယောက် ဖြစ်နေတာကို တွေ့ရသည်။ ရင်ဖုံးအကျီအဖြူညစ်ညစ်၊ ယောဂီလုံချည်ခပ်ဟောင်းဟောင်း ဝတ်ဆင်ထားသော အဘွားကြီးက တော့ လမ်းမလည်ကြီး ရပ်ပြီး ပုတီးတရမ်းရမ်းလုပ်နေသည်၊ စိတ်မနှံ့သော မိန်းမကြီးများလားလို့တွေးနေစဉ်ကြာညိုသွင်က ထိုအဘွားကြီးဆီ အလျှင်အမြန်သွားနေတာ တွေ့လိုက်ရသည်။

ထူးဆန်းတာက ဘေးပတ်ဝန်းကျင်ကို မကြည့်ဘဲ လုပ်ချင်တာ လုပ်နေသော အဘွားကြီးဟာ ကြာညိုသွင် သူ့ဆီလျှောက်လာတာနဲ့ တစ်ပြိုက်နက် ရပ်နေရာမှ သုတ်ခြေတင်တော့တာ ဖြစ်ပါသည်။ ဘေးဘီပတ်ဝန်းကျင်ကို တစ်ချက်မှ မကြည့်သော်ငြား ထိုအဘွားကြီး ပုံစံက ကြာညိုသွင် သူ့မထံ လျှောက်လာနေတာကို သိနေသည့်အလား ဥဒဟို သွားနေသော လူတွေကြားထဲ ကိုဝင်ပြီး သုတ်ခြေတင်လေသည်။

တရုတ်တန်းရဲ့ ညနေပိုင်းလို လူရှုပ်ချိန်မှာ ကြာညိုသွင်ကလည်း ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ တိုး၍တိုက်၍ အဘွားကြီးနောက်ကို လိုက်ပါသည်။ အဘွားကြီးကလည်း သွားနေပုံသာ ခပ်နေးနေးထင်ရပေမဲ့ ဘယ်လိုမှလိုက်မမှီလောက်အောင်မြန်နေတာ သတိထားမိသည်။ သူတို့နောက်ကို





တော်သူစံလည်းမထင်မှတ်ဘဲ လိုက်၍ကြည့်မိသဖြင့်သူပါ နောက်ကတန်းတန်းပါနေသလိုဖြစ်နေသည်။

တစ်နေရာရောက်တော့ အဘွားကြီးက လမ်းချိုးတစ်ခုထဲ ကွေ့ဝင်သွားလေရာ ကြာညိုသွင်လည်း ကမန်းကတန်းလိုက်ချိုးကွေ့ဝင်ပြီး အမှီလိုက်လေသည်။

တော်သူစံက ကြာညိုသွင်ကို မှီလာခဲ့ပြီး လှမ်းခေါ်မလို့ စိတ်ကူးနေတုန်းကြာညိုသွင်က စိတ်ပျက်သော မျက်နှာနှင့် ဒီဘက်ပြန်လှည့်လာတာတွေ့ရသည်၊ အဲဒီတော့မှ နောက်ကပါလာသော တော်သူစံနှင့် မျက်နှာချင်းဆိုင်လိုက်သလိုဖြစ်သွားကာ

"ဟင် … ဟို … ဆရာ"

ဟု ကောင်မလေး တအံ့တဩပင်ယောင်၍ နှုတ်ဆက်လိုက်သံကိုကြားရသည်၊ တော်သူစံလည်း သူ့ဘာသာ မလုံမလဲဖြစ်ပြီး နှာခေါင်းပေါ် လျှောကျလာသည့် မျက်မှန်ကို အသာတွန်းတင်၍ ပြုံးမိ၏ ကိုယ်က သူတို့ကိုနောက်ယောင်ခံလိုက်နေမိသလိုလို ဖြစ်နေတာမို့ပင်။

"ဘယ် … ဘယ်လာတာလဲဟင်"

ကြာညိုသွင်ကလည်း သူ့ဘာသာ မလုံမလဲဖြစ်ပြီး အထစ်ထစ်အငေါ့ငေါ့မေးလေသည်၊ သွင်က ဟိုအဘွားကြီးကို ဒီရက်ပိုင်းတွေမှာ မလှမ်းမကမ်းမှာ ရိပ်ကနဲ လှမ်းလှမ်းတွေ့နေလို့ စိတ်အနှောင့်အယှက်ဖြစ်နေတာကြာပြီ၊ အဲဒီအဘွားကြီးကို လှမ်းတွေ့လိုက်တိုင်း သူ့နောက်အမှီလိုက်ရင်း ဘယ်တော့မှ မှီတင်မရှိပဲ ပျောက်ပျောက်သွားတာကြောင့် မကျေမချမ်း ဖြစ်ရပေါင်းလဲများပြီလေ၊ ဒီနေ့လည်း ပျောက်သွားပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တွေ့ရင် မေးစရာတွေ သွင့်မှာ တစ်ပုံကြီးမို့လို့ မေးလိုက်မယ်ဆိုတဲ့ မေးခွန်းတွေဟာ သွင့်ကို အင်မတန်မှ နှိပ်စက်နေပါသည်။

ရှင် ဘယ်သူလဲ ဘယ်ကလဲ ကလျာပဘာရဲ့ လူဝင်စားအဖြစ် ကျွန်မ ဒီဘဝကို ရောက်နေတာ ရှင်ဘယ်လိုသိလဲ။ ချစ်ရတဲ့သူကို တွေ့ရင်း သူ့ကို ချစ်နေပါပြီလို့ ထုတ်ဖော်ပြောမိရင် ကျွန်မ သေကိုသေရမယ်လို့ ရှင် ဘယ်လိုလုပ်သိလဲ။ ကလျာပဘာက ပြောတယ်၊ ရှင်ဟာ ကျွန်မကို ရှေ့ဘာဖြစ်မယ်လို့ ကြိုတင်ပြီးလာသတိပေးတဲ့ ပုဂ္ဂိုလ်ကောင်းတဲ့၊ ဒီတော့ ရှင့်အကူအညီကို ကျွန်မလိုချင်တယ် အဘွားကြီးရယ်၊

"ကျွန်တော် မညာတတ်ဘူး။ အထူးသဖြင့် ကိုယ့်ထက်ငယ်တဲ့ ကလေးတစ်ယောက်ကို မညာချင်တော့ အမှန်အတိုင်းပဲ ပြောပါမယ်၊ ကလေးကိုတွေ့လိုက်တော့ ထူးထူးဆန်းဆန်းပဲ တစ်စုံတစ်ယောက်နောက်ကိုစိတ်ဝင်တစားလိုက်နေတာတွေ့လို့၊ပြီးတော့အဲဒီတစ်စုံတစ်ယောက်ကလည်း စိတ်သိပ်မနှံ့သလို ထင်ရတဲ့ အဘွားကြီးတစ်ယောက်မို့ ။ အဲဒါနဲ့ နောက်ကလိုက်ကြည့်တာပါ။ ကျွန်တော်က အဲဒီလိုပဲ သိချင်ရင မျိုသိပ်မထားနိုင်ဘူး။ စိတ်အလိုအတိုင်း လိုက်လုပ်လိုက်ရမှ"

တော်သူစံမှ အလိုအလျောက်ပင် ကြာညိုသွင်ကို တော်သူစံ အမှန်အတိုင်းပြောပြချင်စိတ်ဖြစ်လာသဖြင့် ပြောပြဝန်ခံလိုက်ပါသည်၊

သူ့စကားကြောင့် သွင်တစ်ယောက်ရက်ကိုးရက်ကန်း အသံ ထွက် ရယ်လေသည်။

သူ့ရဲ့ "ကလေး" ဟု ခေါ်သံက ရင်ထဲကို ဘယ်လိုနွေးထွေးစေမှန်း မသိ ဘယ်လိုခံစားချက်နဲ့မှ နှိုင်းယှဉ်မရသော ကြည်နူးခြင်းကို ခံစားရလေသည်၊





"ဆရာ အားရင် အဖေအေးဖြစ်ဖြစ် အပူဖြစ်ဖြစ် သောက်ရင်း စကားပြောရအောင်လေ"

"ကျွန်တော်ကလေးရဲ့ဆရာ မဟုတ်ဘူးနော်"

"အဟင်းဟင်း ဘယ်လိုခေါ်ရမှန်းမသိလို့"

"နာမည်ပဲ ခေါ်ပါ"

"အစ်ကိုလို့ပဲ ခေါ်မယ်နော်"

"ကလေးနဲ့ လူကြီးပဲလေ ကျွန်တော်ပဲ ကျွေးပါ့မယ်၊ ဘာစားမလဲ"

"သွင်က အရင်ခေါ်တာလေ သွင် ကျွေးမှပေါ့ ရပါတယ်"

"ကဲ — ကဲ — သဘောပဲ — ဒါဖြင့် ကလေးကြိုက်တာရွေးတော့"

"ဟော — ဒီမှာ — လက်ဖက်ရည်ဆိုင်နားရောက်နေပြီပဲ။အစ်ကိုနော့ လက်ဖက်ရည်ကြိုက်လား သောက်ရအောင်"

"ကြိုက်ပါတယ်"

"သွင်က ဆိုင်လက်ဖက်ရည်ကြိုက်တယ်လေ အနုခေတ်စားနေတဲ့ ကော်ဖီဆိုင်တွေက ကော်ဖီတွေ၊ တီးတွေ မကြိုက်ဘူး။ လက်ဖက်ရည်ဆိုင်က ကျကျနန နှပ်ဖျော်တဲ့ ဆိုင်ဖျော်လက်ဖက်ရည်ကိုပဲ ကြိုက်တယ်"

နှစ်ယောက်သား လက်ဖက်ရည်ဆိုင်ကြီးထဲ ဝင်ထိုင်လိုက်ကြသည်၊ ထူးဆန်းတာက သူတို့အခုမှ ဒုတိယအကြိမ်တွေ့ရပေမဲ့ တစ်ယောက်နဲ့ တစ်ယောက်ရှိန်မနေ၊ ရှိုးတိုးရှန့်တန့် ဖြစ်မနေ၊ စိမ်းမနေ။ အလိုအလျောက်ပင် အသိုးသိုးရဲ့စိတ်ထဲမှာ ရင်းနှီးနေပြီးသလို ခံစားရလေသည်။ အဲဒါတော့ တော်တော်ထူးဆန်းလှပါသည်။ မရည်ရွယ်ပါပဲနှစ်ယောက်အတူ လက်ဖက်ရည်ဆိုင်တောင် ထိုင်ပြီး စကားပြောဖြစ်ဖို့ ဆုံးဖြတ်လိုက်နိုင်ကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ရည် ကျဆိမ့်တစ်ခွက် မလိုင်ထည့်မယ်နော်၊ အစ်ကို ကရော"

တော်သူစံက လက်ဖက်ရည်ပုံစံကို ကျွမ်းကျွမ်းကျင်ကျင်မှာနေသော မိန်းကလေးကို ပြုံးကြည့်လျက်…

"ကျဆိမ့်ပဲပေါ့… မလိုင်တော့ မကြိုက်ဘူး၊ မထည့်နဲ့"

ဟု စားပွဲထိုးကောင်လေးကို မှာလိုက်ပါသည်၊ တခြားစားပွဲထိုးတစ်ယောက်က ဆိုင်ရှိမုန့်မျိုးစုံကို စားပွဲပေါ်လာချပေး၊ ရေနွေးကြမ်းခွက်ကို ရေနွေးပူစိမ့်ထားသော ဇလားကြီးထဲမှ ညှပ်သန့်သန့်ဖြင့် ဆယ်ယူပြီး လာချပေးလုပ်ပေးပါသည်၊ အခုခေတ်မှာ အဆင့်မြင့်လက်ဖက်ရည်ဆိုင်ကြီးတွေက မုန့်မျိုးစုံလဲရသလို၊ သန့်ရှင်းမှုလည်း အပြည့်ရှိနေတာက ကျေနပ်စရာကောင်းလှသည်၊

"အစ်ကိုတို့ ပုဂံမှာ ဘာတွေရှာတွေ့ခဲ့လဲ ပြောပါဦး"

"ဒီလိုပါပဲ… ကျွန်တော်စိတ်ကူးထဲမှာရော ကိုးကားထားတဲ့စာအုပ်ထဲမှာပါ၊ စိတ်ဝင်စားရတဲ့ အချက်တစ်ချက်ကို အခြေခံပြီး ရှာနေတာ ပါ… ကိုမင်းညိုတို့ကိုတော့ ပြောပါတယ်၊ ကိုယ်စိတ်ပါတဲ့ဆိုဒ်ကို resear… လုပ်ရင်ရပါတယ်၊ ကျွန်တော့် နောက်လိုက်စရာမလိုဘူးဆိုပေမဲ့ သူတို့… ကျွန်တော် ရှာချင်တာကို ပိုစိတ်ဝင်စားသွားကြတော့ ကျွန်တော့်နောက်… လိုက်ကြတယ်"

"ထပ်သွားရဦးမှာပေါ့"

"ဒါပေါ့၊ ကိုယ်သိချင်တာရှာမတွေ့မချင်းဇောနဲ့ ရှာဖွေတတ်တာ… တော့ ကျွန်တော်တင်မကဘူး archeologist (အာစီရော်လော်ဂျစ်) တိုင်း… မှာရှာတဲ့ စိတ်ဓာတ်ပါပဲ"





"ကိုကြီးမင်းညိုက အစ်ကို့လို ဆရာမျိုးရတာ ကံကောင်းပါတယ်"

"ဒါနဲ့ နေပါဦး… ခုနက ဘာတွေဖြစ်နေတာလဲ၊ စိတ်မနံ့တဲ့ အဘွား…ကြီးနောက်လိုက်ပြီး ဘာတွေစုံစမ်းမလို့လဲ"

သွင်က ရုက်သလိုဖြင့် ထပ်၍ရယ်မိပြန်သည်၊ သွင့်ဘာသာ… ကိုယ့်စိတ်ကူးနဲ့ ကိုယ် နိုးလုပ်နေတာကို သူမြင်သွားပြီ၊ ရုက်လဲရုက်ပါရဲ့… ခေတ်လူငယ်တစ်ယောက်ဖြစ်နေပြီး အတိတ်ဘဝတွေ၊ အကြားအမြင်တွေ… ဗျိန်စာတွေ၊ လူဝင်စားတွေကို ယုံကြည်နေမိတာမို့ ကိုယ့်ကိုယ်ကိုလည်း အားမလို အားမရဖြစ်နေရဆဲပါ၊ ဒါပေမယ့် အကြောင်းအရာတွေက သိပ်… ဆိုက်ဆိုင်နေလွန်းတော့လဲ၊

"အဲဒီအဘွားကြီးက စိတ်မနံ့တာတော့မဟုတ်ဘူးလို့ ထင်တယ်"

"ဟုတ်လား၊ ကလေးနဲ့ သူဆုံဖူးလို့လား"

"တစ်ခါဆုံဖူးတယ်၊ အဲဒီတုန်းကတော့ သူ့ကို စိတ်မနံ့တဲ့ အဘွား…ကြီးလို့ ထင်ခဲ့တာပါ၊ သူက သွင့်လက်ကို ကိုင်ပြီး ဘာတွေမှန်းမသိဘူး… အကြားအမြင်ပဲရသလိုလို၊ ဘာလိုလိုတွေလျှောက်ပြောခဲ့ဖူးတယ်၊ အဲဒါ… ကြောင့်…"

"နောက်တော့ ဘယ်လိုက ဘယ်လို သူ့ကို စိတ်မနံ့တဲ့အဘွား…ကြီးလို့မထင်တော့တာလဲ"

"သူ ပြောတာတွေက မှန်သလိုလိုဖြစ်နေတော့ သူဟာ တကယ်ပဲ… အကြားအမြင်ရနေသလားလို့ ထင်မိတယ်"

"ဟားဟား… ကလေးတို့အုပ်စုက အဲဒါမျိုးတွေ အတော်ဝါသနာ… ပါရတယ်နော်၊ ကျွန်တော်နဲ့ စတွေ့တော့လည်း ဗေဒင်ဆရာမဆီသွားပြီး… …ပြီး မွေးလဲလို့ ဆေးရုံရောက်ရတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သွင့်ကို ဒီလိုဝေဖန်စံရတော့ သွင် ရှက်ပေမဲ့ ကိုယ့်ပုံစံက တကယ်ပဲ ဒီလိုဖြစ်နေတော့ မငြင်းချင်။ သူက သွင်ဟာ ရေးဘဝ ခေတ်တစ်ခေတ်ရဲ့ မိန်းမပျို၊ မိန်းမချော၊ သူဌေးသမီး၊ မောက်မာရိုင်းပျလှသူ၊ ဂုဏ်ဆောင်လှသူ ကလျာပဘာ ရဲ့ လူဝင်စားတစ်ယောက်ပါလို့ ဘယ်လိုလုပ်ဖွင့်ပြောမလဲ။ ကျိန်စာသင့်နေခဲ့သော ကြာညိုသွင်ပါလို့ ဘယ်လိုအကြောင်းအရာတွေနဲ့ ပြောပြလို့ရမှာလဲ။ ဘယ်လိုမှဖြစ်နိုင်တဲ့ အကြောင်းအရာလဲမဟုတ်။

သွင့်ဆီကို ကလျာပဘာ ဟာ သံတမန်လို့ သူမခေါ်ဝေါ်နာမည်ပေးထားတဲ့မီးနိုးလိုလို၊ အရိပ်ငွေ့လိုလိုပဲလွှတ်ပြီး အရင့်အရင်ဘဝအတိတ်ဘဝတွေကို ပြန်လည် လည်ပတ်ခွင့်ရအောင် ဖန်တီးပေးနေတယ်။ Time Tavelar (တိုင်း(မ) တရယ်ဗယ်လာ) ဟုခေါ်သော အချိန်ကို ခေတ်နောက်ပြန်၍လည်းကောင်း၊ ခေတ်၏ အရှေ့ကိုလည်းကောင်း ခရီးသွားသူတစ်ယောက်လို အသုံးချ၍ သွားနိုင်အောင် ဖန်တီးပေးကာ သွင့်ရဲ့အတိတ်ဘဝတွေကို ပြသပေးနေပါသည်။ သွင်သွားခွင့်ရတဲ့ အတိတ်ဘဝတိုင်းမှာ ချစ်ရသူကို ချစ်တယ်လို့ ပြောလိုက်မိတာနဲ့ ချက်ချင်းပဲ လဲကျနေမကောင်းဖြစ်ကာ သေဆုံးရတာချည်း၊ တချို့ဘလေသော ဘဝမှာကျတော့ ချစ်တဲ့သူကို ချစ်တယ်လို့တောင် ပြောခွင့်မရလိုက်ဘဲ စိတ်ထဲမှာ ချစ်လိုက်မိတာနဲ့တင် အဖြေရှာမရသော၊ ရှာဖွေမရသော ရောဂါတစ်မျိုးဖြစ်ကာ သေဆုံးသွားရပါသည် ... လို့ ဦးတော်သူစံကို ဘယ်လိုများ ရှင်းပြရမလဲ။

"သူ့နောက်ပြေးလိုက်ပြီး ဘာတွေမေးမလို့လဲ"

"သူ့ကို မတွေ့တာကြာလှပြီ၊ ခုတလောမှာမှ သွင် သွားတတ်တဲ့ နေရာတွေမှာ ဖြတ်ကနဲ ပေါ်ပေါက်လာတာတွေ့ရတယ်။ သူ့နောက်ပြေးလိုက်ပြန်ရင်လည်း ဘယ်တော့မှ မီလိုက်တယ်မရှိဘူး။ လွတ်လွတ်သွားရလို့ အဲဒါနဲ့ မရမကလိုက်မိတာပါ။ မေးစရာမရှိပါဘူး"

"ကျွန်တော်က ခင်လို့ မေးတာနော် ... စိတ်မရှိပါနဲ့၊ သိပ်လည်း ရင်းနှီးတာမဟုတ်ဘဲ သွင့်ကို ဘာတွေလုပ်နေတာလဲလို့ စပ်စုမိနေပြီ"

တော်သူစံ သူ့ဘာသာမေးချင်ရာ စွပ်မေးပြီးမှ သွင့် မျက်နှာ မသာမယာရှိလှတာကို သတိထားမိသွားပြီး ပြန်တောင်းပန်လိုက်မိပါသည်။ ဘာကြောင့်ရယ်မသိ စိတ်ထဲမှာ ဒီမိန်းကလေးကို အလိုလိုနေရင်း အလွယ်တကူ ရင်းနှီးနေလျက် သူမဘာတွေလုပ်နေလဲ၊ ဘာတွေတွေးနေလဲ၊ ဘာတွေဝါသနာပါလဲဆိုတာ သိလဲ သိချင်လာသည်။

စတက်(ပ)ဆံပင်မတိုမရှည်လေးနှင့် ထိုဆံပင်လေးကို ချောကလက်ရောင် ခပ်ရင့်ရင့်ဟိုက်တ်လိုက်တင်ထားသော သူ့ထက်အသက် ဆယ့်သုံးနှစ်နီးပါးငယ်သည့် မိန်းကလေးကို သူဘာကြောင့် အရောဝင်ချင်သွားရတာလဲ၊ သိပ်ချောသိပ်လှပါတယ်ဆိုတဲ့ မိန်းကလေးတွေနဲ့ ဆုံဖူးခဲ့ပေမဲ့ ရင်ထဲမှာ မှတ်မှတ်တင်တင်မဖြစ်ခဲ့ပဲ ဒီမိန်းကလေးကိုတော့ ပထမအကြိမ်ဆုံစဉ်ကပင် အမှတ်တရဖြစ်နေတာဟာ တစ်ခုခုပဲလို့ တွေးမိသည်။

တော်သူစံလည်း ဒီအရွယ်ပဲရောက်နေပြီ။ ချစ်သူအဖြစ်တွဲခဲ့ဖူးသော မိန်းကလေးနှစ်ယောက်လောက်လည်း ရှိခဲ့ဖူးသလို ချစ်သူမဖြစ်လိုက်ရပဲ တော်တော်တွဲနေသော ကာလမှာပင် အလုပ်တာဝန်ကြောင့် တစ်ယောက် တစ်နေရာစီဝေးပြီး ခွဲခွာကြရာမှ တဖြည်းဖြည်းအဆက် အသွယ်ပြတ်ခဲ့ရသူ တစ်ဦးလဲ ရှိခဲ့သည်။ ဒါကြောင့် ကြာညိုသွင်အ... အမှတ်တရရှိနေမှုသည် အချစ်ဆိုသောအရာများဖြစ်နေမလား... အဖြေရှာရတော့မလားပင်။ အချစ်ကို မစိမ်းခဲ့ဖူးသော ချစ်... စိုက်







www.burmeseclassic.com

www.burmeseclassic.com



ခံစားခဲ့ဖူးသောယောကျ်ားတစ်ယောက်အနေနှင့်မိန်းကလေးတစ်ယောက် အပေါ် ပတ်သက်သော ခံစားချက်ကို အဆန်းတကြယ်တော့ ဖြစ်မနေတော့ပါ။

"အင်း ... လက်ဖက်ရည်က သောက်လို့ကောင်းသားပဲ"

တော်သူစံ စကားကို လွှဲလိုက်ပြီး လက်ဖက်ရည်အကြောင်း စကားစလိုက်ပါသည်။

"အစ်ကိုကြည့်ရတာ လက်ဖက်ရည်ဆိုင် သိပ်မထိုင်ဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"ဟီဟီ ... စိတ်ဝတ္တမဆိုးနဲ့နော် ... သွင် မှာသလိုလို အတုခိုးပြီး လိုက်မှာလို့။ မှာလဲမမှာတတ်ဘူး ထင်တယ်လို့တွေးနေတာ"

"မှာတတ်တဲ့ယောကျ်ားလေးတွေကျ ဘာတွေမှာလဲ"

"ယောကျ်ားလေးတွေက အများအားဖြင့် ပေါ့ကျ ကြိုက်ကြတယ်ထင်တာပဲ"

"အချိုပေါ့ပေါ့နဲ့ ခပ်ကျကျလေးလား"

"ဟုတ်တယ်"

"ကလေးရဲ့သူငယ်ချင်းကောင်လေးတွေ အဲဒီလိုပဲမှာသလား"

"အဲဒီလိုပဲမှာတယ်၊ ပြီးတော့ သွင့်သူငယ်ချင်းထဲမှာလေ နည်းနည်းလေးယောကျ်ားလျာဆန်နေတဲ့ တစ်ယောက်ရှိတယ် သူ့နာမည်တမေရှားအောင်တဲ့။ သူက ယောကျ်ားတွေလုပ်တာမှန်သမျှ အတုခိုးတော့တာပဲ။ ဒါကြောင့် ယောကျ်ားလေးသူငယ်ချင်း သီးသန့်ပေါင်းစရာကို မလိုဘူး။ သူ့ဆီက အကုန်တွေ့ရတယ်"





"ကျွန်တော်က ဟုတ်တယ်ဗျ။ လက်ဖက်ရည် ကော်ဖီသိပ်မကြိုက်ဘူး။ ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ ထိုင်ပေမဲ့ အအေးလောက်ပဲ မှာသောက်တယ်၊ မြန်မာပြည်ကနေ ရှစ်နှစ်ကိုးနှစ်လောက် ဝေးသွားတော့ တစ်ခါတလေ အလုပ်ထဲမှာသောက်ဖြစ်တယ်။ အခုနောက်ပိုင်းပါ သောက်ဖြစ်တက်တော့ Green Tea (ဂရင်းတီး) လို့ခေါ်တဲ့ ရေနွေးကြမ်းပဲ အခုမှကြိုက်လာတာ ကျွန်တော်စပယ်နံ့ပါတဲ့ Jasmine Tea (ဂျာ့စ်မင်တီး) တို့ပိုကြိုက်တယ်၊ အဲဒါတော့တော်တော်သောက်ဖြစ်တယ်"

"အစ်ကိုက ဘယ်နိုင်ငံတွေမှာ နေဖြစ်ခဲ့လဲ... တစ်ယောက်တည်း သွားနေတာလား"

"အမှန်တော့ ဝီအိပ်ချ်ဒီ ပြီးတော့ ဒီမှာ ဆရာပြန်လုပ်ဖို့ စီစဉ်ဆဲမှာ မိဘတွေက ယူနီဆက်(ဖ)ဝန်ထမ်းတွေဆိုတော့ နိုင်ငံခြားထွက်ရမယ်ဖြစ်တာနဲ့ ကျွန်တော်လည်း အတွေ့အကြုံရအောင် မိဘတွေနောက်လိုက်ရင်း ဘွဲ့လွန်တက်လိုက်၊ researd တွေလုပ်လိုက်နဲ့ ပျော်မွေ့နေတာ၊ ထမဦးဆုံး အာဖရိကမှာနေကြတယ် နောက်တော့ သူတို့က တစ်နေရာထဲ အတည်တကျမဟုတ်ဘဲနေနေတော့ ကျွန်တော်လည်း ဘွဲ့တစ်ခုပြီးပြီးချင်း ကိုယ်စိတ်အဝင်စားဆုံးတစ်နေရာကို ရွေးလိုက်တော့တယ်၊ တစ်ယောက်တည်းပဲ အဲဒီမှာ သွားအလုပ်လုပ်လိုက်တော့တယ်၊ အရင်ဆုံးအလုပ်ဝင်တာက ဂျေရုဆလင်မှာ ပြီးမှ အီဂျစ်ကိုင်ရိုကို ထပ်ပြောင်းတယ်။ မြန်မာပြည်ပြန်မလာခင်မှာတော့ ကမ္ဘောဒီးယားဘက် ခြောက်လလောက် ဝင်ပြီး အန်းကောဝပ် တစ်ဝိုက် ဝင်မွှေလိုက်သေးတယ်"

သွင်က သူပြောသမျှ မျက်လုံးလေးဝိုင်းပြီး စိတ်ဝင်တစားထောင်နေလေသည်။ တော်သူစံသည် ထိုမျက်လုံးလေးတွေထဲ စိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ရင်ထဲမှာ စွဲစွဲနစ်နစ်ဖြစ်လာပါသည်။ သူ ရှာဖွေနေသော တစ်စုံ တစ်ယောက်ကို တွေ့ရသလိုပဲ ခံစားလာရသည်။

ခဏထိုင်စကားပြောခွင့်ရတဲ့ဒီတဒင်္ဂလေးကိုမကုန်ဆုံးချင်တော့ သလို ဖြစ်နေသည်။ စကားတွေအကြာကြီးပြောရင်း သူ့အကြောင်း၊ ကိုယ့် အကြောင်းဖလှယ်ချင်နေမိသည်။ ဒါပေမယ့် သူ့စိတ်ကူးက ဖြစ်မလာခဲ့ပါ။ သွင်ကစကားပြောရင်း လက်ပတ်နာရီလေးကို ထောင်ကြည့်လိုက်ကာ…

"စကားပြောကောင်းနေတာနဲ့ သွင်သွားစရာရှိတာတောင် မေ့ နေတယ် အစ်ကို။ ဆောရီးပါ သွင် ကျူရှင်သွားရမဲ့အချိန်နီးနေလို့ ခွင့်ပြုပါဦး နော်။ သွင့်ကျူရှင်က ဒီတရုတ်တန်းက သူငယ်ချင်းတစ်ယောက်အိမ်မှာပါ"

ဟု ခွင့်တောင်းလျှင် တော်သူစံလည်း သွင်နှင့်အတူ ထ ရပ်လိုက် ရတော့လေသည်။

* * *

# အပိုင်း(၈)

ဒီတစ်ခါတော့သွင်သည် သံတမန်တွေဆီကတစ်ဆင့် ပြီးဆုံး ပြီးသော ဘဝတစ်ခုဆီ ပြန်သွားကြည့်ဖို့ ဆုံးဖြတ်ပြီးနေပြီ။ လိုက်ခေါင်း သဏ္ဍာန်ဖန်ဆင်းပေးထားသော သံတမန်များ (မီးခိုးအရိပ်များ) မှာ သွင့်ကို တီးတိုးအသံတွေဖြင့် ပြောနေပေမဲ့ ဘာမှန်းရေရေရာရာ မကြားရ။ လေသံ မှုသာဖြစ်နေသော စကားသံတွေ သွင့်အနားမှာ ကပ်နေပါသည်။

ရုတ်တရက်ပင်အလင်းရောင် တစ်ခုက သွင့်မျက်စေ့အစုံကို ထိုး လိုက်သလို ဖြစ်သောကြောင့် သွင်မျက်စေ့ကို တစ်အား မှိတ်ချလိုက်ပါ သည်။ တဒင်္ဂမှိတ်ချအပြီးတွင် သွင့်အနီးအနား တစ်ဝိုက်၌ အော်ဟစ် ညည်းညူသံများစတင်၍ တဖြည်းဖြည်းကြားလာရသည်။ သွင် သိချင်ဇော ဖြင့် မျက်ဝန်းတို့ကို ပြန်ဖွင့်ကြည့်လိုက်သောအခါ…

"ဟင် … ဒါ … ဆေးရုံတစ်ရုံပါလား"



www.burmeseclassic.com

www.burmeseclassic.com



သွင် ချက်ချင်း သိလိုက်သည်။ ဆေးရုံတစ်ရုံ၏ အသွင်အပြင်ဟာ ဘာမှမှားစရာမရှိ။ မျက်နှာကြက်ဖြူဖြူ၊ နံနံဖြူဖြူနှင့် အိပ်ရာခင်းအဖြူများ ခင်းထားသော ဆေးရုံခုတင်များ . . . ။ ထိုခုတင်တိုင်းတွင် လူနာအပြည့်ရှိနေသလို လူနာတိုင်းဟာလည်း ဒဏ်ရာအကြီးအကျယ် ရထားသော ယောကျ်ားလူနာဖြစ်နေသည်။

"ဟေး ... သူ ဘာရုပ်လုပ်နေတာလဲ။ ရှေ့တန်းမှာ ဒဏ်ရာအပြင်း အထန်ရတဲ့ တပ်စပ်တစ်စပ်လုံး ဝင်နေတာလေ။ ဘယ်ခုတင်ယူရမလဲ စဉ်းစားမနေနဲ့ တွေ့တဲ့ခုတင်သာ ပြေးတော့။ ဒေါက်တာမလာခင် လူနာကို သက်သာအောင် ပြုစုပေးထားပါ"

သွင့်ကို အသာပခုံးပုတ်ရင်း အော်သွားသော စစ်သူနာပြု နာ့(စ)လေးကို သွင် တအံ့တသြလိုက်ကြည့်နေမိ၏။ ဟင် ... သူ...သူ အဲဒါဟုတ်တယ် သွင်သိတယ်။ သူကသွင့်ထက် အများကြီးချောမောလွန်းလှသလို အရုပ်အမောင်းကောင်းကောင်းနဲ့ မိန်းမချောလေးဖြစ်ပေမဲ့ သူဟာ သွင့်ရဲ့ အတိတ်ကာလက တစ်ဘဝပိုင်ရှင်ပါပဲဟု သွင် အလိုလိုသိသည်။ သွင် မမိုတ်မိလဲ သွင့် အနားမှာ ရှိနေကြသော သံတမန်အရိပ်များက ပြောကို ပြောမှာပင်။ ကလျာပဘာ ရဲ့ လူဝင်စားဘဝတိုင်းဟာ အားလုံးချောချောလှလှ၊ အဆင့်မြင့်မြင့်မိန်းမလှများ ဖြစ်နေတာဟာ အင်မတန်မှ အံ့သြဖို့ ကောင်းပါသေးသည်။ မည်မျှပင် စိတ်ထားမောက်မာ မာနကြီးခဲ့ပါစေ မြတ်စွာဘုရား၏အဆုံးအမကို ကောင်းမွန်စွာခံယူကာ အလှူရေစက်လက် နဲ့မကွာ လှူဒါန်းခဲ့ခြင်း၊ ဥပုသ်သီတင်းသီလ မှန်မှန် ဆောက်တည်ခဲ့ခြင်း ဘုရားကျောင်းကန်များ ရက်ရက်ရောရောလှူဒါန်းခဲ့ခြင်း၊ သံဃာတော်များ ကို မပျက်သော ဆွမ်း ကျမ်းပစ္စည်းလေးပါးစသဖြင့်ကို လှူကာ သာသနာ့





အကျိုးကိုတော့ မြှင့်တင်ပေးခဲ့ခြင်း စသည့် ကောင်းမှုအထွေထွေကြောင့် ကလျာပဘာ သည်ဖြစ်လေရာလူ့ဘဝတွင် မိန်းမဘဝကိုပင်ပြန်ရသော်ငြား ဆုတောင်းကောင်းစွာပင် ချောမောလှပအဆင့်မြင့်သော မိန်းကလေးသာ ဖြစ်ရလေသည်။ ကလျာပဘာ ဟာ လူပြန်ဖြစ်ရတိုင်း ယောကျ်ားဘဝကို တစ်ခါမှ မရခဲ့ပါဘဲ မိန်းမဘဝကိုသာ ပြန်ရောက်ရခြင်းကတော့ ထူးဆန်းပါသည်။ ကျိန်စာကြောင့်များဖြစ်နေမလားဟု စဉ်းစားစရာပင်။

သွင်သည် ကိုယ့်အဝတ်အစားကိုပင် ကိုယ်ငုံ့ကြည့်လိုက်တော့ ဒီဆေးရုံက နာ့(စ) ယူနီဖောင်း ဖြစ်မနေသဖြင့် ဒီအတိုင်းကြီး မနေရဲတာကြောင့် နာ့(စ) နားနေခန်းဝင်ကာ လျှောက်ရှာဖွေနောက်လိုက်တော့ ဝတ်စုံတစ်စုံရပါသည်။ ဝတ်စုံက သွင့်ထက် နည်းနည်းပါကြီးနေပေမဲ့ သွင့် ခရစ်ကို်မနေတော့ဘဲ ယူဝတ်လိုက်သည်။ စားပွဲတစ်ခုပေါ်မှာ တွေ့သော နာမည်တပ်ထားသည့် Name Batch (နိမ်း(မ)ဘက်ချ်) တစ်ခုကို အလွယ် ဘကူကောက်တပ်လိုက်၏။

"အဟေး ... ယူ ... ဩော် ယူ့နာမည် ခင်နှင်းဆီလား၊ အသစ်ထင်တယ်"

သွင်၏ လူဝင်စား နာ့(စ)လေးက သွင့်ကို တွေ့တော့ တရင်းတနှီး နှုတ်ဆက်သည်။ သူ့နာမည်လေးကတော့ မြရင်ရင်ဟု ဖက်မိသည်။

"အတော်ပဲ ယူရောက်လာတာနဲ့ ဒီလူနာကို တစ်ချက်စောင့်ပေး ထားပါနော်။ Pain Shock (ပိန်းရှော့(စ)) ရချင်သလိုလို ဖြစ်နေပြီ"

အပေါ်ပိုင်း စစ်ယူနီဖောင်းတစ်ခုလုံး ပေါက်ပြဲနေပြီဖြစ်သော လူနာကိုမြင်တော့ သွင် မူးပြီးလဲတော့မလိုဖြစ်သွားပါသည်။ သွေးတွေဟာ သူ့ကို စီးထားသော ပတ်တီးဖြူဖြူရဲ့ အပြင်ကိုတောင် စိမ့်ထွက်နေတာ။

www.burmeseclassic.com



သွင် တစ်ခါမှ မကြုံဖူး၍ သွေးမြင်တော့လန့်ပြီး ခြေဖျားလက်ဖျား အေးနေ လေသည်။

"အား ... အား ... ကျုပ်ကို ဒီအတိုင်း မထားပါနဲ့ ။ ဒီအတိုင်း ပစ်ထားပါနဲ့။ တစ်ခုခု လုပ်ပေးပါ။ ဒေါက်တာ မအားရင်လည်း ခင်ဗျား ကျုပ် လက်ကို ဖြတ်လို့ရရင် ဖြတ်ပေးလိုက်ပါတော့ လက်က...လက်က ကျုပ်ကို ဒုက္ခပေးနေတာ"

လက်ကနေ ရင်ဘတ်တစ်ခြမ်းထိသိုင်းပြီး စည်းနှောင်ထားသော ပတ်တီးကို အကောင်းကျန်သော လက်ဖြင့် ဆွဲဖြေဖို့ကြိုးစားရင်း ညည်းညူ နေသူကို သွင် ဘယ်လို နှစ်သိမ့်ရမှန်းမသိဖြစ်နေသည်။

"ဟင် ... ခင်ဗျား ... ခင်ဗျားက ဘယ်သူလဲ၊ ကျုပ်ရဲ့နတ်သမီးလေး ရော၊ နတ်သမီးလေးဘယ်ရောက်သွားပြီလဲ"

"ဟို . . . ဟို . . . ရှင်ပြောတာက ခုနက နာ့(စ) ကိုလား။ နာ့(စ) မြရင်ရင်ကိုမေးနေတာလား"

"သူက သိပ်ကြင်နာတော သူရှိနေရင် ရောဂါတစ်ဝက် ပျောက် တယ်လို့ထင်ရတယ်"

သွင်သည် ကိုယ့်ရဲ့ လုပ်ငန်းကလေးအတွက် ဝိတိဖြစ်သွား မိပါသည်။ ပတ်တီးတစ်ခုလုံးသွေးရောင် စိုရွှဲလာသော စစ်သားလူနာကို ဘာလုပ်ပေးလို့လုပ်ပေးရမှန်း မသိပဲ၊ မထိရဲ၊ မကိုင်ရဲ ဖြစ်နေသော သွင့်အ နား လူရိပ်တစ်ရိပ်ရောက်လာပါသည်။

"သွေး ထွက်လွန်နေတယ်။ လိုအပ်ရင် သွေးသွင်းရလိမ့်မယ်။ သွေးအဆင်သင့်ပြင်ထားခိုင်းလိုက်ပါ"

"......"





"နာ့(စ) ... ဟေး ... နာ့(စ) ... ဘာဖြစ်နေတာလဲ။ သွေးမမြင်ဖူးဘူး လား။ ကြောက်ပြီးဖြူလျော့နေလိုက်တာ နေပါဦး ညည်းဘယ်သူလဲ ဒါ New Posting (နယူးပို့စတင်)လား"

သွင်သည် ဆရာဝန်ကို ဘာမှပြန်မဖြေရှင်းရဲပဲ လူနာကို ဟိုဘက်က ကိုင်ရမလိုလို၊ ဒီဘက်က ကိုင်ရမလိုလိုဖြစ်ကာ ပြာနေစဉ် သွင့် ရဲ့ကိုယ်ပွားက အချိန်မီအနား ရောက်လာပါသည်။

"ဟေး ... ယူ ... ပင်ပန်းနေရင် ခဏသွားနားရင် နားလိုက်ပါ။ အိုင်ပဲ ဒေါက်တာကို ကူလိုက်မယ်လေ"

အမှန်တော့ သွင်က ဘာမှ ပင်ပန်းရသူမဟုတ်။ အခုလေးတင်မှ ရောက်လာသူပါ။ မြရင်ရင်ခမျာမှာတော့ ထုံးထားသော ဆံလုံးက ဆံပင် လေးတွေပင် ဖွဲထွက်လျက်၊ ချွေးလေးတစိုစိုနဲ့ အသက်တောင် ဝ အောင်မ ရှုံးလုရှုနေရတဲ့ ပုံစံလေးနဲ့။ ဘယ်လောက်တောင်များပင်ပန်းထားပါလိမ့် အိပ်တောင်အိပ်ရသေးရဲ့လား မသိ။ မျက်ကွင်းလေးတွေတောင်ညိုကာ မျက်နှာလေးချောင်ကျနေသည်။ သို့သော် အပြုံးမပျက် ၊ မငြိုငြင်၊ မတွက် ဘပ်ပဲ သူတစ်ပါးကို ကူညီပေးချင်စိတ်လေးကြောင့် မြရင်ရင်ရဲ့ မျက်နှာ လေးမှာ လန်းဆန်းပြီး အေးချမ်းနေပါသည်။

သွင်သည် မြရင်ရင်အနားက မခွာလိုသေး၍ သူမကို ဘေးကနေ ဟိုဟာကူယူပေး၊ဒီဟာကူယူပေးနှင့်အရောဝင်ဖို့စဉ်းစားနေလိုက်ပါသည်။

"ယူ တခြားခုတင်သွားဖို့ သင့်တယ်နော်။ ဒီမှာရှိတဲ့ နာ့(စ) နဲ့ လူနာမများဘူးဖြစ်နေတယ်။ တော်ကြာ ယူ အဆူခံရလိမ့်မယ်"

"ဒို့ သွားမှာပါ။ ယူ့ကို မေးစရာလေးရှိလို့ မေးမယ်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



မြရင်ရင်က လူနာကို ကျွမ်းကျင်စွာပင် ပတ်တီးအသစ်ပြန်စည်းပေးလျက် ခေါင်းအသာညိတ်ပါသည်။

"စိတ်မရှိနဲ့နော် ယူ့အသက်နှစ်ဆယ်ပြည့်ပြီးပြီလား"

"ပြည့်ပြီးပြီ၊ မနေ့ကတင်"

"ဒါနဲ့ ... ဟို ... ချစ် ...အဲ ... ချစ်ရသူရော ရှိပြီးလားဟင်"

"အဟင်းဘယ်လိုပြောရမလဲ ... သူ့ကို အဖြေတောင်မပေးရသေးဘူး။ သူက ရေ့တန်းတစ်ခေါက်ပြန်ထွက် သွားရတော့တယ်လေ"

"အဲဒီသူ့ကို သိပ်ချစ်တာပဲလားဟင်၊ အရမ်းချစ်တယ်လို့ ခံစားရလား ... ပြီးတော့ ထူးဆန်းတဲ့ အိပ်မက်တွေ ဘာတွေရော မက်ဖူးလား ... ပုဂံခေတ်က အဝတ်အစားမျိုးရဲ့ အမျိုးသမီးတစ်ယောက်အကြောင်း အိပ်မက်မက်ဖူးလားဟင် ...နောက်ပြီး ယူ့အနားမှာ အရိပ်လိုလိုတွေ"

မြရင်ရင် စူးကနဲ တစ်ချက်မော့ကြည့်လိုက်ပါသည်။

"ရှင် ဘယ်သူလဲ ဘယ်ကလာတာလဲ ဒီလိုအချိန်မှ အဲဒီလို စကားတွေပြောဆို ဆွေးနွေးနေရမဲ့ အချိန်မဟုတ်ဘူး။ ရှင် သွားပါ၊ သွားပါတော့၊ အိုင် သူ့ကို မြင်မြင်ချင်း၊ ခင်မင်မိတဲ့စိတ်နဲ့ လက်ခံစကားပြောမိတဲ့ ကိုယ့်ကိုယ်ကိုတောင် နောင်တရပါတယ်"

သွင်သည် တစ်စုံတစ်ယောက်အတွက် တုန်လှုပ်ချောက်ချားသလိုလို ဖြစ်သွားကာ မြရင်ရင်၏ အမူအရာတွေကို အကဲခတ်မိသွားပါသည်။ သွင် သူ့ကို မေးလိုက်တာတွေသည် အမှန်တကယ်ပင် မြရင်ရင် ကြုံတွေ့ရပြီးသားတွေဖြစ်နေပြီလား။ သူမအခုထိ အသက်ရှင်နေရထဲမှာချစ်သူကိုချစ်ပါတယ်လို့နှုတ်ကဖွင့်ဟဝန်မခံရသေး၍များလား။ ချစ်သူအကြောင်း မေးစဉ်က ရှင်မြူးချိုမြသွားသော မျက်ဝန်းလေးတွေကတော့ ချစ်သူကို





တကယ်ချစ်ကြောင်းပြသနေပါသည်။ သွင်သည် ကိုယ့်ရဲ့ကိုယ်ပွားကလေး မြရင်ရင်ကိုသူမအားအော်ဟစ်နှင်ထုတ်သည့်အတွက် စိတ်မကွက်ရက်ဘဲ သနားကြင်နာစွာ တစ်ချက်ကြည့်ကာ တစ်ဖက်ခြမ်းကို လှည့်ထွက်လာခဲ့ပါသည်။

ထောင့်ချိုးအကွက်တစ်ခုမှာ အသင့်ရှိနေသော သံတမန်များ (အရိပ်များ) ထဲ တိုးဝင်လိုက်ပါတော့သည်။ သွင် တခြားဘဝက လှုဝင်စားဆီတော့ သွားချင်ပါသေးသည်။ သို့သော် သွင့်မှာ ခွန်အားမရှိတော့၊ သွင်သည် ဒီအရိပ်များထဲကို တိုးဝင်ပြီး အတိတ်ဘဝတွေဆီ တစ်ခါသွားလည်တိုင်း ယခုဘဝဆီပြန်ရောက်လာခဲ့လျှင် အင်မတန်မှ ပင်ပန်းနွမ်းနယ်ခြင်းကို ခံစားနေရတတ်သည်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိသော ခွန်အားတွေ အသုံးချခံလိုက်ရသလို ခံစားရကာ အိပ်လို့ကို မဆုံးတော့၊ ဘယ်လောက်အိပ်အိပ် အိပ်ရေးက ဝ တယ်ရယ်မရှိ၊ သုံးလေးငါးရက်လောက် မထတမ်းပြန်အိပ်နေမိတတ်ပါသည်။

ယခုလည်း သွင့် အခန်းထဲပြန်ရောက်သောအခါ နေ့ခင်းဘက်ကြီးဖြစ်ပေမဲ့ သွင်အိပ်ရာပေါ်ထိုးလှဲလိုက်ကာ တစ်ချိုးတည်း မထတမ်းအိပ်ပစ်လိုက်မိပါသည်။

ဘယ်လောက်ထိတောင် နှစ်နှစ်ခြိုက်ခြိုက်ပျော်သွားသည်မသိ၊ မေမေ လာနှိုးတော့မှ အသိဝင်တော့သည်။

"သမီး ... သမီးငယ် .. သွင် ... သွင် သွင်... ဟဲ့ ဘယ်လိုများ ဖြစ်နေတာလဲ ဟယ်၊ နေ့ခင်းဘက်ကြီးတစ်အားကို အိပ်နေပါလား ... မှုန်း ... ပြုစ်မ်း ... ကိုယ်များပူသလား"

"မေမေ သွင် ဘာမှမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှသာ မဖြစ်တယ် အိပ်နေလိုက်တာများ ခေါ်မကြား၊ အော်မကြားနဲ့ လှုပ်နိုးနေတာကြာပြီ တစ်ချက်မှကို မနိုးဘူး။ မိန်းကလေးက အဲဒီလောက် အအိပ်မက်နေရသလားကွယ်"

"မေမေ ဘာပြောစရာရှိလို့ လာနိုးတာလဲ"

"ဘာပြောစရာမှမရှိဘူး၊ သမီးအစ်ကို ဒီညနေ ဖလိုက်နဲ့ ပုဂံတစ်ခေါက်ပြန်ထွက်ဦးမယ် ... အဲဒါ သမီး လေဆိပ်လိုက်ချင်လားမေးမလို့၊ သိပ်နေမကောင်းရင်လည်း အိပ်နေလေ"

ကိုမင်းညို ပုဂံသွားဦးမယ်ဆိုတာနဲ့ သွင့် အာရုံထဲတွင် အစ်ကိုတော်သူစံကို ချက်ချင်းသတိရသွားပါသည်၊ ကိုကြီးမင်းညိုတို့သွားဦးမယ်ဆိုရင် အစ်ကိုတော်သူစံလည်း ပါမှာပေါ့၊ မတွေ့ရတာကြာတော့ ထပ်တွေ့ချင်လာသည်။ စိတ်ထဲမှာ လွမ်းသလိုလို ခံစားလာရသည်၊

"လိုက်မယ်မေမေသွင်ကိုကြီးမင်းညိုတို့သွားတာလိုက်နှုတ်ဆက်ချင်တယ်"

"အေး ဒါဖြင့် အဝတ်အစားလဲပြင်ဆင်တော့ သမီးအစ်ကိုက နောက်နာရီဝက်ကြာရင် အိမ်က ထွက်မယ်လို့ပြောတယ်"

"ဟုတ်ကဲ့ မေမေ"

"တစ်ရက်ကျ သမီးလည်း ဆရာဝန်လေးဘာလေးသွားပြဦး။ လူက အလကားနေရင်း တစ်အားအိပ်နေပြီး မှုမမှန်ဘူး၊ အိပ်သလောက်လူလည်း ဝဖြိုးလာသလား ဆိုတော့ မ ဝလာဘဲ ဖြူလျော့သလိုလိုတောင် ဖြစ်လာတယ် အဲဒါ ဘာဖြစ်နေတာလဲ ဆေးလေးဘာလေး သွားစစ်ရမယ် လူက ကျန်းမာ သလိုလို ထင်ရပေမဲ့ ကိုယ်ထဲမှာ အခံရောဂါတစ်ခုခုရှိနေရင် တဖြည်းဖြည်း အားယုတ်လာတတ်တာနော်"





မေမေက မိခင်တွေထုံးစံအတိုင်း ဗျစ်တောက်ဗျစ်တောက် ပြောဆိုမှာကြားကာ အခန်းထဲက ပြန်ထွက်သွားပါသည်၊ သွင်လည်း ဘာမှ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ရေချိုးခန်းထဲ အမြန်ပြေးဝင်ကာ ရေပန်းအောက် ဝင်လိုက်သည်၊ ရေချိုးပြီးတာနဲ့ မျက်နှာကို ခရင်(မ) လိမ်း၊ ပ်ကပ်ရှည်ပွတ်၊ အပေါ်က ပေါင်ဒါဖိပြီးလျှင် ကော့ပြီးသား မျက်တောင်ကော့တွေကို မက်(စ)ကာ ရာဖြင့် တပ်ကော့လိုက်သေးသည်။ မျက်ခွံကို ကော်ဖီရောင်ညိုညိုလေးတင်ပြီးတာနဲ့ လိမ္မော်ဖျော့ကို တင်လိုက်ပါသည်။ ကိုယ်ပြင်ဆင်ထားရတာ အဆင်ပြေရဲ့လားဟု အပြန်ပြန်လှန်လှန် စစ်ဆေးနေမိသည်၊

သွင် ကိုယ့်ကိုယ်ကိုလည်း အံ့ဩပါသည်၊ အစ်ကိုတော်သူစံဟာ သွင်တွေ့ဖူးသမျှ ယောကျာ်းလေးတွေထဲမှာ သူထက်ပင် ချောမောသူ၊ ဆွဲဆောင်မှုရှိသူတွေနဲ့ ဆုံပေမဲ့ အစ်ကိုတော်သူစံလောက် သွင့်ကို ညှို့ငင်မထားနိုင်ခဲ့ပေ၊ သွင်သည် သူ့ကို မြင်ကတည်းက အယောင်ယောင်အမှားမှား ဖြစ်ရတဲ့အထိ၊ စကားမပြောရဲမဆိုရဲ ဖြစ်ရတဲ့အထိ သူ့ရှေ့မှာ ကျဆုံးခဲ့ရသည်ဖြစ်လေရာ ဒါကို ဘယ်တော့မှ မမေ့နိုင်တော့၊

သူ့ဘက်က သွင် အပေါ် ဘယ်လို သဘောထားသည်မသိသော်လည်း သွင်ကတော့ သူ့သာ သွင့်ကို ချစ်လာခဲ့သည်ဆိုလျှင် ...၊ ...၊

ရုတ်တရက် သွင် လန့်သွားပါသည်။ သွင် ... သွင် ... ဘယ်သူကိုမှ ချစ်လို့ မဖြစ်ဘူး။ ချစ်တတ်လို့ဝန်ခံလို့ မဖြစ်ဘူးထင်တယ်။ အဲဒါဆိုရင် ကျိန်စာထဲက အတိုင်း သွင် တကယ်ပဲသေရလိမ့်မယ်၊ အဲဒါဟာ သေချာတယ်ဆိုတာ သွင်သိနေတယ်၊ ယုံလည်းယုံကြည်နေပါသည်။ ဒါကြောင့် သွင်သည် ကျိန်စာကို ပျက်အောင် ဘယ်လိုရှာရမလည်းဆိုတာ အပူတပြင်း သိ



www.burmeseclassic.com

www.burmeseclassic.com



ချင်နေမိသည်။ သံတမန်တွေထဲကနေ အတိတ်ဘဝတွေဆီသွားပြီး ဘယ် လိုနည်းနဲ့ ကျိန်စာပျက်အောင် လုပ်ရမလည်းဆိုတာ လိုက်လံရှာဖွေနေမိ သည်။

သွင်သည် မေမေ ထပ်တံခါးလာခေါက်တော့တဲ့အထိ အကျႌ တောင် မလဲရသေး။ မျက်နှာသုတ်ပဝါကြီးပတ်ကား ခုတင်ပေါ်ထိုင်လျက် ငေးနေမိဆဲ ဖြစ်နေမိသည်။

"ဟဲ့ ... အဝတ်မလဲရသေးဘူးလား"

"ဩော် ...ဟုတ် ...မေမေ။ လဲတော့မှာပါ။ ခဏလေး ... ခဏလေး"

"ပြီးရင် ဆင်းခဲ့တော့ သားကြီးလိုက်ပို့ပြီးတာနဲ့ အငယ်မကို စနွယားသင်တန်းမှာ ဝင်ခေါ်ရမယ်"

သွင်လည်းမျက်စေ့ထဲမှာအဆင်ပြေမယ်ထင်တဲ့ဘလောက်(စ) ပန်းရင့်ရောင်ပွပွလေး တစ်ထည် ယူဝတ်လိုက်ပါသည်။ အောက်ကတော့ Skinny Jean (စကင်းနီးဂျင်း(န)) ဟုခေါ်သည့် ဘောင်းဘီနဲ့ အတိ ဂျင်းအ ကျပ်ကို ဝတ်လိုက်သည်။ ပန်းရင့်ရောင်အကျႌပွပွနှင့် ဂျင်း(န်)နက်ပြာရင့် အကျပ်လေးက လိုက်ဖက်နေပြီး ဟိုက်(ထ်)ဟီးလ်ကြိုးသိုင်း အမြင့်လေး ကို ရွေးစီးလိုက်သောအခါ သွင့် ပုံစံက ကြွားဝင့်သွားပါသည်။ သွင်က သိပ် အလှကြီးတော့ မဟုတ်ပေမဲ့ ပြင်တတ်ဆင်တတ်ပြီး ဖက်ရှင်ကျကျလေး တွေလည်း ဝတ်ဝတ်ကာ မျက်နှာလေးက အမြဲပြုံးနေသဖြင့် လူကြားထဲမှာ ပျောက်မနေတော့ဘဲ ပေါ်လွင်နေတတ်ပါသည်။ သို့သော် သွင့်ရဲ့ အရင်ဦး ဆုံး အတိတ်ဘဝပိုင်ရှင် ကလျာပဘာ အနေနဲ့ဆိုလျှင် သွင်သည် သူမပြန် လူဝင်စားဖြစ်သမျှ ဘဝတွေထဲက မိန်းကလေးတိုင်းနှင့် ယှဉ်လျှင် အတော် ကြီးကို မလှသော သူတစ်ဦးဖြစ်နေပါသည်။





ဘဝဆက်တိုင်း မိန်းမဘဝသာ ပြန်ဖြစ်ခွင့်ရပြီး လူပြန်ဖြစ်ရသော မိန်းကလေးတိုင်းဟာလည်း အများက ငေးရလောက်အောင် မိန်းမချော တွေချည်း ဖြစ်နေတတ်ပါသည်။ သွင်သည် ဝတ်စားပြင်ဆင်ပြီးနောက် ကိုကြီးမင်းညိုကိုလေဆိပ်လိုက်ပို့ရန်ဟုအကြောင်းပြကာ ကားပေါ်ပါလာခဲ့ သောအခါ အစ်ကိုတော်သူစံကို ပြန်တွေ့ရဖို့ စိတ်စောနေပြန်တော့လေ သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

ညတုန်းကအိပ်မက်ထဲတွင်အသေအချာထပ်မြင်တွေ့ခွင့်ရသော မိန်းမပျိုလေး၏မျက်နှာသွင်ပြင်ကို အကြမ်းဖျင်းခဲခြစ်ပန်းချီ ဆွဲ၍ကြည့်နေခဲ့၍ ဒီတစ်ခါတော့ အနီးစပ်ဆုံးကို တူအောင် ဆွဲလိုက်နိုင်သည်။ ခဲပန်းချီဖြင့်သာ ခြစ်ထားသော မျက်နှာပြင်ပေမဲ့ အင်မတန်မှ ချောမောလှပသော မိန်းကလေးမှန်း သိသာလှသည်။ ရှေးခေတ်အသွင်သဏ္ဍာန်အပြင်အဆင်နဲ့ပေမဲ့ အခုခေတ်လူတစ်ယောက်အနေနဲ့ ကြည့်ရင်တောင် သိပ်လှပြီး ကျက်သရေရှိတဲ့ မိန်းမတစ်ယောက်ပဲလို့တောင် သတ်မှတ်၍ရလေသည်။

အချိန်ကဆယ့်နှစ်နာရီတောင်ထိုးခါနီးနေပြီမို့လူတော်တော်များများအိပ်စက်နေသဖြင့် ပတ်ဝန်းကျင်က တိတ်ဆိတ်နေသည်။ ပုရစ်မြည်သံတွေသာဆူညံနေပေမဲ့ ပုဂံညကတော့ အခါများစွာတွေလိုပဲ အေးချမ်းဆိတ်ငြိမ်လှသည်။





တော်သူစံသည် သူအပြီးသတ်စိတ်ကြိုက်ဆွဲပြီးတော့ အိပ်မက်ထဲက မိန်းကလေးပုံကို ငေးကြည့်ရင်း သူနားထဲတွင်

"မောင်တော်ဖုရား မြတ်ထိပ်တင်ဖုရား"

ဟူသော ခေါ်သံသဲ့သဲ့တွေကိုပြန်ကြားယောင်နေမိပြန်သည်။ အိပ်မက်ထဲတွင် ထိုမိန်းကလေးက ခေါ်သောအသံသည် သူ့ရင်ကို လာရောက်ပုတ်နှိုးသလိုပင် ခံစားရသည်။ အိပ်မက်ပြီးသွားတိုင်း လွမ်းပြီးကျန်ခဲ့ရသည်။

တော်သူစံသည် ထိုမိန်းကလေးဟာ သူနှင့် ဘဝတစ်ခုတွင် တော်စပ်ခဲ့ဖူးသော ချစ်သူတစ်ဦးအဖြစ် လက်ခံထားပြီးပေမဲ့ သူကိုယ်သူ ချစ်သူသေဆုံးပြီး လူတစ်ယောက်လို ခံစားပြီး ကျန်ရစ်နေရလေသည်။ ထိုမိန်းကလေးသာ သူ့ရဲ့ တစ်ဦးတည်းချစ်ရသူဟု ခံစားရပြီး အရင်က တွဲခဲ့ဖူးသော မိန်းကလေးတွေအကြောင်း အစဖော်၍ မရအောင်ပင် မေ့ပျောက်သွားမိနေတတ်သည်။

"မြတ်ထိပ်တင်ဖုရား ဆိုတာ ငါ့ရဲ့အဲဒီ အတိတ်ဘဝ နာမည်လား။ ငါ့ရဲ့ချစ်သူမိန်းကလေးနာမည်က ဘာလဲ။ ခုထိအိပ်မက်ထဲမှာ တစ်ခါမှ ခေါ်ခဲ့သံလည်းမကြားဖူးဘူး။ အိပ်မက်ထဲမှာ သိလည်းမသိနေဘူး။ သူဟာ သာမာန်ရောဂါဖြစ်ပြီး ဆုံးပါးရတာပေမဲ့ ဘာကြောင့်သူ့ကို စုန်းမက ပြုစားတိုက်စားတိုက်လို့ သေရတာလို့ ခဏခဏပြောသလဲ။ ဘာတွေမှန်းမသိပေမဲ့ ဒီလိုအဖြစ်မျိုးတွေကို မယုံဘူးလို့ အငြင်းမပွားချင်ဘူး။ ဒီတော့ ငါဘာကိုရှာရမလဲ"

သူဘာသာ ခေါင်းထဲစဉ်းစားရင်း ပန်းချီပုံလေးကို တစိမ့်စိမ့်ကြည့်နေမိသည်။ ကြည့်ရင်းကြည့်ရင်း ဖြစ်ပွားလာသော ချစ်ခင်မှု၊ မြတ်နိုးမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပြောမပြတတ်အောင်ပင်၊ ဒါပေမယ့် ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်သောအကြောင်းအရာကို သူဒီလိုစွဲလမ်းနေတာကို မေ့ပျောက်ပစ်ရပါမည်။

"ဟော ဆရာ မအိပ်သေးဘူးပဲကိုး"

ရုတ်တရက်ပေါ်လာသော အသံရှင်ကား ကိုမင်းညို ဖြစ်နေပါသည်။ ကိုမင်းညိုက ပြုံးပြီး သူနဲ့ မျက်နှာချင်းဆိုင် ကြိမ်ခုံမှာ ဝင်ထိုင်ပါသည်။ ကိုမင်းညို ပြုံးနေသောအခါ အမြဲတမ်းပြုံးရွှင်ကြည်မြနေတတ်တဲ့ အပြုံးပိုင်ရှင် မိန်းကလေး တစ်ယောက်ကို သတိရသွားပါသည်။ ကြာညိုသွင် ဟူသည့်မိန်းကလေးက သူ့ဘဝတွင် ရင်ခုန်သံ တစ်မျိုးဖြစ်ထွန်းစေသော မိန်းကလေးဖြစ်လေသည်။ လေဆိပ်လိုက်ပို့စဉ်တုန်းက သူတို့ သိပ်စကားမပြောဖြစ်ကြပေမဲ့ ပြောခဲ့သောစကားလုံး တချို့ကိုပင် တော်သူစံတင်ယောက်ခဏခဏ ပြန်ကြားယောင် သတိရနေမိတဲ့ အထိပင်၊

"အစ်ကို နေကောင်းတယ်နော်"

"ကောင်းပါတယ်ခင်ဗျာ။ ကျွန်တော်ကိုသာ မေးနေတယ်ကလေးရော နေကောင်းရဲ့လား"

"မျက်နှာလေးရှောင်ပြီး ဖျော့နေသလိုပဲ ...နည်းနည်းလည်းပိန်သွားတယ်"

"အဟင်း ...စိတ်ထင်လို့ပါ။ သွင်နေကောင်းပါတယ် အရမ်းလည်းအိပ်နေလို့ ဝလာပြီတောင်ထင်တယ်"

"ဒါနဲ့ ...ဟို ယောဂီအဘွားကြီးနဲ့တွေ့သေးလား။ သူ့ကိုဖမ်းမိပြီလား"

"အဟားဟား ... အစ်ကိုက ဒါကိုမှတ်မိနေတယ်နော်"





သွင် ...ရုက်သလိုရယ်ပြီး သူမအမေကြားမှာလည်းစိုးတဲ့အသံနှင့် နိုးကြောင်နိုးဂုက်အသံလေးဖြင့် ...

"ခုထိ သွင် သွားတဲ့လမ်းတွေမှာဆို သူ့ကိုတွေ့တွေ့နေတာပဲ။ သူ့နောက်လိုက်တိုင်းလည်း လိုက်မမှီဘဲ ခြေရာပျောက်ပျောက်သွားနေသေးတာပဲ အစ်ကိုတော်သူစံရဲ့။ သိပ်ထူးဆန်းတယ်နော် ဂမ္ဘီရအတတ်နဲ့များ သွင့်ကို လိုက်မမှီအောင် လုပ်ထားလားမသိဘူး"

ဟု ...ပြောပြခဲ့လေသည်။ သူတို့ ခဏတဖြုတ် စကားလက်ဆုံကျဖြစ်တာက အဲဒီလောက်လေးပေမဲ့ သူသည်လေယာဉ်ပေါ်တက်လာသည်အထိတောင်မကာပုဂံရောက်ပြီးတစ်ရက်၊နှစ်ရက်အထိပင် အခါခါပြန်လည်ကြားယောင်နေမိခဲ့သည်။

အံ့ဩစရာလည်းကောင်းသော ကြာညိုသွင်၏ အပြုအမူကိုသည်း သုံးသပ်နေမိသေးသည်။ ကြာညိုသွင်ကဲ့သို့ ခေတ်မီပြီး ပေါ့ပေါ့ပါးပါးနေတတ်ပုံရတဲ့ ခေတ်မိန်းကလေးဟာ အကြားအမြင်တွေ၊ ဗေဒင်တွေ၊ ဂမ္ဘီရတွေ ယုံသတဲ့လား ဆိုသော အံ့ဩ စိတ်လည်းဖြစ်မိသည်။

ဘာလိုအကြောင်းအရာက သူမကို ဒါတွေယုံကြည်သွားစေတာလဲ၊ ဘာကြောင့် အဲဒီစိတ်မနံ့သလိုလို ပုံစံပေါက်နေတဲ့ ယောဂီဝတ်အဘွားကြီးနောက် မှီအောင်လိုက်ဖို့ ကြိုးစားနေရသလဲ။

"ဆရာက ညဘက်တွေကျ သိပ်စောစောလည်း မအိပ်ဘူးနော်။ ဒါပေမယ့် မနက်ကျတော့လည်း အစောကြီးနိုးနေတတ်တယ်"

ကိုမင်းညိုက သူ့သတိထားမိတာကို ပြောသည်။

"ကိုမင်းညိုလည်း ဘာထူးလည်းအခုတောင် ညသန်းခေါင်ကျော်နေပြီ မအိပ်သေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က တစ်ခါတလေမှပါ။ များသောအားဖြင့် အစောကြ
အိပ်ရာဝင်တတ်ပြီးအိမ်မှာလည်းအစောဆုံးအိပ်ရာထတဲ့လူဖြစ်နေတယ်"

"ဒီနေ့တော့ မအိပ်ချင်ဘူးလား"

"ဟုတ်တယ်ဆရာ စဉ်းစားစရာလေးတွေရှိနေလို့ပါ။ နေ့လယ်
အိမ်နဲ့ ဖုန်းပြောဖြစ်တော့ စိတ်ထဲမှာ စဉ်းစားစရာတွေ များသွားလို့ပါ"

သူတစ်ပါးမိသားစုကိုယ်ရေးကိုယ်တာဖြစ်နေသည့်အတွက်
တော်သူစံဘာမှမမေးဘဲ မျက်မှန်ကိုသာ အသာပင့်တင်ရင်း ခေါင်းညိတ်
ညိတ်လိုက်ပါသည်။

သူက မမေးပေမဲ့ ကိုမင်းညိုကတော့

"ဆရာနဲ့လည်း မိတ်ဆွေရင်းတွေလို ရင်းနီးနေပြီဆိုတော
ပြောပြရဦးမယ်ဆရာ ... ညီမလေးအကြောင်းပါပဲ"

ဟု ...စကားစတော့ တော်သူစံ၏ရင်ထဲတွင် အနည်းငယ်လှုပ်ရှာ
သွားပါသည်။ ခုလေးတင် ကြာညိုသွင် အကြောင်းစဉ်းစားနေသေးလေ
တိုက်တိုက်ဆိုင်ဆိုင် ကိုမင်းညိုက ပြောလာလေပြီ။

"မမေ ပြောတယ် သွင် ခုတလော တစ်မျိုးဖြစ်နေတယ်တဲ့"

"ဘယ်လိုတစ်မျိုးလဲ"

"အမြဲတမ်းအခန်းအောင်းအိပ်နေတတ်ပြီး သွားမနိုးရင် နိုး
မနိုးတဲ့အထိ အိပ်အိပ်နေတာကြာပြီတဲ့"

"နေများမကောင်းလို့လား"

"နေလည်းကောင်းပါတယ်။ လူကလူကောင်းအတိုင်းပါပဲ။ ဒါေ
မယ့် ဘယ်လောက်အိပ်အိပ် လူက မျက်နှာပြည့်တယ်ရယ်လို့ကို မရှိ
မျက်နှာတွေ ချောင်ကျနေတယ်တဲ့ ။ အစားလည်းသိပ်ဟက်ဟက်ပက်ပ





မစားဘူးတဲ့။ အိပ်ပဲအိပ်နေတာတဲ့။ အရင်ကဆို သူ့သူငယ်ချင်းတွေနဲ့
သူဟာ တစ်နေ့တစ်နေ့ အတန်းပြီးတာနဲ့ သင်တန်းတွေ ဆက်တိုက်လိုက်၊
ရုပ်ရှင်ရုံ သွားလိုက်၊ ရှိုးပွဲတွေသွားလိုက်၊ ရှော့ပင်းတွေထွက်လိုက် လုပ်နေ
တာမို့ အပြင်မှာချည်းပဲ။ အိမ်ကို ညနေစောင်းမှ ပြန်လာတယ်။ အခုတော့
ကျောင်းသွားဖို့တောင် မနည်းနိုးလွှတ်နေရတယ်။ ကျူရှင်တွေဆိုမသွားသ
လောက်ပဲ ။ သူ့ဘာသာ အိပ်ရာထဖို့ Alarm (အလန်း) ဘယ်လောက်ပေး
ထားထား မနိုးလို့ လူကြီးတွေက ဝင်ဝင်နိုးယူရတာလဲ ကြာပြီ ...ဆရာ"

"ဒါတော့ ပြောရခက်တယ်။ သူ့မှာ ကိုယ်တွင်းရောဂါတစ်ခုခု ဝင်
နေလို့များလား၊ စဉ်းစားကြပါဦး။ ဆရာဝန်သွားပြပြီး တိုင်ပင်ပါဦး။
ကိုမင်းညိုတို့က ဘာထင်လို့ စိုးရိမ်နေကြတာလဲ"

ကိုမင်းညို တစ်ချက်ခပ်တွေတွေ စဉ်းစားသလိုလိုဖြင့် နားထင်
တုတ်လိုက်၊ ပါးကိုကုတ်လိုက် လုပ်နေပါသည်။ ပြီးမှ...

"မမေတို့က သူ့ကို ဆေးစွဲနေသလားထင်ပြီး စိုးရိမ်တာ ဆရာ ...
လူငယ်တွေဆိုတော့ လျှောက်စမ်းသပ်ကြည့်ရာက စွဲများစွဲသွားသလား
ပေါ့။ အဲဒီလိုထင်တာ"

ဟူ၍ မဖြစ်နိုင်တာ။ မဖြစ်နိုင်ပါဘူး။ သွင့်လို မိန်းကလေးက ဒီလို
မိုက်မဲတဲ့အရာတော့ လက်တည့်စမ်းမယ်မထင်ပါဘူး။

"သူ့ သူငယ်ချင်းတွေရော အကျိုးအကြောင်းမေးကြည့်သေး
လား။ သွင် အမူအရာပြောင်းတာတွေဘာတွေ သူတို့နဲ့ပဲ အတူတူသွားလာ
သေးလား ဘာညာပေါ့။ သွင့်မှာ သူတို့ကလွဲရင် တခြားအပေါင်းအသင်းရှိ
သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မေးမကြည့်ရသေးပါဘူး၊ သွင့်မှာလည်း တခြားသူငယ်ချင်းမရှိပါဘူး ဆရာ ... သွင်က လူကသာ အသွက်ပေမဲ့ အပေါင်းအသင်း ကျနည်းတယ်၊ အဲဒီသုံးယောက်ပဲ ပေါင်းတာ"

"ကျွန်တော်စိတ်ထင်တော့ ဆေးစွဲတာ မဖြစ်နိုင်လောက်ပါဘူး။ သူ့ကြည့်ရတာ ကြည်ကြည်လင်လင်ပဲ ကျွန်တော်နဲ့ လေဆိပ်မှာ ဆုံလိုက်တော့ စကားနည်းနည်းလေးပြောဖြစ်ကြသေးတယ်၊ သူနည်းနည်းလေး ချောင်ကျပြီး ပိန်သွယ် သွားတာတော့ သတိထားမိပါတယ်၊ ဒါပေမယ့် ဆေးစွဲတဲ့ လူပုံတော့ မပေါက်ပါဘူး"

"ကျွန်တော်လည်း မေမေစိုးရိမ်တာကြီးပြောတော့ စိတ်ပူသွားတယ်ဆရာ၊ သွင်က ကျွန်တော်နဲ့ အထက်အောက်ဆိုတော့ ညီမနှစ်ယောက်ရှိတဲ့ အထဲမှာ သွင့်ကို ကျွန်တော်က ပိုခင်တယ်ဆိုတော့ ပိုလည်း စိုးရိမ်မိတယ်"

"သိပ်မစိုးရိမ်ပါနဲ့ဦး ... သင့်တော်တဲ့ ဆရာဝန်ဆီခေါ်သွားပါဦး၊ သူ့မှာရောဂါအခံ တစ်ခုခုများဖြစ်နေလို့လားပေ့ါ၊ စစ်ကြည့်လိုက်ပါဦး"

တော်သူစံကတော့ သွင်တစ်ယောက်တည်း စိတ်မနှံ့ပုံရတဲ့ ယောဂီ အဘွားကြီးနောက် လိုက်နေတဲ့အကြောင်း မပြောပြတော့ပါ။ အဘွားကြီးဟာ သွင့်ကိုဘာတွေပြောသွားခဲ့သလဲ၊ သွင်အရမ်းအိပ်အိပ်နေတဲ့ အကြောင်းအရာဟာ အဲဒီအဘွားကြီးနဲ့များ ဆိုင်သလား ဟူ၍ မဆီမဆိုင် ဆက်စပ်တွေးတောနေခဲ့သည်။

"ကျေးဇူးပါပဲဆရာ ... ကျွန်တော် အိပ်မပျော်တာနဲ့ ဆရာ့ရဲ့ကိုယ်ပိုင်အချိန်တွေကိုဖဲ့ယူပြီးကျွန်တော့်ကိုယ်ရေးကိုယ်တာတွေလာညည်းညူပြမိသွားပြီ ဆောရီးပါဆရာ"





"ရပါတယ် ... ဒီလိုပေ့ါ ... ကျွန်တော်တို့က Team Work (တင့်(မ) တ့ါခ်) အနေနဲ့ အလုပ်အတူတွဲလုပ်နေရတဲ့ အဖော်အပေါင်း လုပ်ဖော်ကိုင်ဖက်တွေပဲလေ၊ မိသားစုတွေလိုပေ့ါဗျာ၊ တစ်ယောက်အခက်အခဲတစ်ယောက် ရင်ဖွင့်ကြရတာပေ့ါ၊ ရင်ဖွင့်လိုက်ရတော့လည်း နေသာထိုင်သာရှိသွားတာပေ့ါ"

"ဆရာရော ရင်ဖွင့်စရာမရှိဘူးလား ... အဟားဟား ... နောက်တာနော် ဆရာ ... ဆရာပြောချင်တာရှိရင် ပြောလို့ရပါတယ်"

တော်သူစံက သူ့အိပ်မက်တွေအကြောင်း ဖြတ်ကနဲ သတိရသွားပါသည်၊ သို့သော အဲဒါကို ပြောပြလိုက်ဖို့ရာက အတော်ကြီးကြောင်တောင်တောင်နိုင်ကာ ခေတ်ပညာတတ် ပီအိပ်ချ်ဒီဒေါက်တာတစ်ဦးဖြစ်ရက်နဲ့ အတိတ်ဘဝတွေ၊ လူဝင်စားတွေ၊ ကျိန်စာတွေ ယုံသလားလို့ အထင်ခံရနိုင်စေတာမို့ ဘယ်သူ့ကိုမှ မပြောပြချင်။ ရင်ထဲမှာ တစ်ယောက်ယောက်ကိုတော့ ဖွင့်ပြောကြည့်ချင်ပေမဲ့ ထိုတစ်ယောက်ဟာ ကိုမင်းညိုတော့ မဟုတ်သေး။

"ရင်ဖွင့်စရာကတော့ ကိုမင်းညိုတို့သိထားတဲ့ အတိုင်းပါပဲ။ မအောင်မြင်ခဲ့တဲ့ အချစ်ရေးတွေကို စိတ်ကုန်လို့ တစ်ကိုယ်တည်းကိုယ်ဝါသနာပါရာကို ဇောက်ချလုပ်နေရတာပဲ၊ ဒါနဲ့ ကိုမင်းညိုကရော ဘယ်လိုလဲ"

"ဟောဗျာ ... လုပ်လာပြီ ကျွန်တော့်ဘက်လှည့်လာပြီ ... ဟားဟား"

"ကိုမင်းညိုအသက်အစိတ်နော်"

"ဟုတ်ကဲ့ ပြည့်ပြီးပါပြီ"

"အခုထိ ချစ်ရတဲ့သူမတွေ့သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တက္ကသိုလ်စတက်ခါစကတော့ ငယ်ငယ်ထဲက စိတ်ကူးယဉ်ခဲ့တဲ့အတိုင်း တက္ကသိုလ်ကျောင်းသားဘဝကို အပြည့်ခံစားမယ်၊ ရည်းစားထားမယ် ဆိုတဲ့စိတ်နဲ့ ကောင်မလေးတစ်ယောက်ကိုတော့ ချစ်ကြည့်ဖူးတယ် ... ဆရာ"

"ချစ်ကြည့်တယ်ဟုတ်လား ... ဘာလို့ပါလိမ့်၊ အချစ်ဆိုတာ သူ့ကို ချစ်တယ်ဆိုပြီး ရင်ထဲကပေါ်လာတာမျိုးမဟုတ်လား၊ ချစ်ကြည့်လိုက်ဦးမယ်လို့ ..."

ကိုမင်းညိုက တော်သူစံ စကားမဆုံးခင်ဖြတ်ပြောလိုက်သည်။

"ဆရာပြောတာ ဟုတ်ပါတယ်။ သေသေချာချာ မစဉ်းစားခဲ့ဘဲ ကောင်မလေးကြည့်လို့ကောင်းတယ် ချစ်စရာကောင်းတယ် ကိုယ်နဲ့လည်း စကားပြော အဆင်ပြေတယ်ပေါ့။ ကျွန်တော်မကြိုက်တဲ့ အမူအကျင့် အပြောအဆိုတွေ သူ့မှာမရှိဘူးပေါ့။ အဲဒီလိုပုံစံလေးကိုတွေ့တာနဲ့ ရည်းစားထားလိုက်တာပေါ့။ ချစ်၊ မချစ်တော့မသိပေမယ့် ချစ်ကြည့်ရင်းကနေ တကယ်ချစ်ရင်လည်းချစ်မယ်ထင်ပြီး... ဟို ... ဘယ်လိုပြောမလဲ အပျော် ရည်းစားထားတဲ့ သဘောလဲပါပါတယ် ... ဆရာ။ အဲဒါနဲ့ 1st year (ဖက်(စ်)ရီယား) နှစ်ဝက်မှာ ရည်းစားတစ်ယောက်ထားဖြစ်ခဲ့တယ်"

"နောက်တော့"

"နောက်တော့ ... အင်း ... ဘယ်လိုပြောမလဲ၊ စတွင်းရီးယားတတ်နေရင်း စိတ်ထဲမှာ ဘာဖြစ်သလဲဆိုတော့ ရည်းစားထားရတာ အလုပ်ပိုတယ်လို့ ထင်လာတယ်။ သူငယ်ချင်းတွေနဲ့ သွားမဲ့ အချိန်ထဲက ရည်းစားကိုဖဲ့ပေးရတာကို မပျော်တော့ဘူး။ သူနဲ့နေရတာ မလွတ်လပ်ဘူးလို့ ခံစားရတယ်။ သူ့ဘက်ကတော့ ဘယ်လိုသဘောထားလဲ မသိပါဘူး ဆရာရယ်—





သေသေချာချာလည်း အကဲမခတ်ဖြစ်ပါဘူး။ တဖြည်းဖြည်းနဲ့ ငြီးငွေ့လာတော့ သူ့ကိုလည်း သနားလာတယ်။ မိန်းကလေးတစ်ယောက်ကို တကယ်မချစ်ပဲနဲ့ ဒီလိုတွဲနေတာမကောင်းဘူး။ သူလည်း ရည်းစားရှိဖူးတယ်ဆိုတဲ့ နာမည်ကြီး အဖတ်တင်သွားပြီဆိုပြီး နောင်တလည်း ရလာတယ်"

ကိုမင်းညို၏ စိတ်ဓာတ်ကို တော်သူစံလေးစားသွားပါသည်။ တည်ကြည်မှန်မြတ်သော ယောကျာ်းတစ်ယောက်ရဲ့ စိတ်ဓာတ်ဟု . . . သုံးသပ်မိပါသည်။ လူငယ်သဘာဝပေမဲ့ အဲဒီအချက်လေးနဲ့ပင် လေးနက်သော အတွေးအခေါ်ကို တွေးနိုင်လေရာ တကယ်ချီးကျူးဖို့ကောင်းပါသည်။

အခုခေတ် လူငယ်လေးတွေကတော့ တစ်ယောက်နဲ့ တစ်ယောက် တကယ်လည်း ချစ်ကြတာ မဟုတ်ပါပဲ ဟိုလိုလို ဒီလိုလို တွေပြောပြီးတွဲမယ်၊ အတူသွားလာမယ်၊ ယောကျာ်းလေးကလည်း မိန်းကလေးကို တန်ဖိုးမထား၊ မိန်းကလေးတွေကလည်း ကိုယ့်ကိုယ်ကို တန်ဖိုးထားရမှန်းမသိ၊ ဖြစ်ပျက်ချင်တိုင်းဖြစ်ပျက်နေကြတာတွေ သတင်းကြားရတာ ကြောက်ဖို့တောင် ကောင်းပါသည်။ ဩော်... ဒီလောက်တောင် ဖြစ်နေကြပြီလားဟု အံ့သြနေရတော့သည်။

ကိုမင်းညိုတို့ကတော့ အုပ်ထိန်းမှုကောင်းတဲ့ မိဘလက်အောက်မှာကြီးပြင်းလာရတဲ့ သားသမီးတွေမို့ ဒီလိုအကျင့်စရိုက်စိတ်ဓာတ်တွေရှိနေ၊ ရင်ထဲမှာလည်း ကြာညိုသွင်လေးအတွက် စိတ်ချလက်ချ ဖြစ်သွားရသလိုပင်၊ သူမလေးကလည်း ခေတ်ရဲ့ သမီးပျိုလေးပေမယ့် အဲဒီလို လူမှုရေး အရှုပ်အရှင်းတွေ၊ ရည်းစား အရှုပ်အရှင်းတွေရှိပုံမရ၊ ဘာမဟုတ်တဲ့ အကြားအမြင်တွေ၊ ဝေဒင်တွေ၊ ဂမ္ဘီရတွေနဲ့ လုံးပမ်းနေပုံရသည်။

"သူ့ကိုကျွန်တော်အမှန်အတိုင်းပဲဖွင့်ပြောပြီးဖြတ်လိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးဘက်ကရော"

"ဟားဟား ကျွန်တော့်ပါးတစ်ခြမ်းတော့ ပေးလိုက်ရတာပေါ့ဗျာ။ သူ့ရိုက်ချင်ရင် ရိုက်မယ်ဆိုတာ သိပေမယ့် ကျွန်တော် သူ့ရဲ့ဘောကြောင်ကြောင်နဲ့ ရှောင်နေတာမျိုးမလုပ်ချင်ဘူး။ အဲဒါနဲ့ သူ့ကိုတွေ့ပြီးရင်ဆိုင်ပြောပြီး ဖြတ်လိုက်ပါတယ်"

"နောက်ရော သူနဲ့ ပြန်ဆုံသေးလား"

"ကျောင်းတက်တဲ့တစ်လျှောက်လုံးတော့မကြာခဏဆုံပါတယ်။ ဖမဂျာမတူပေမဲ့ တစ်ကျောင်းတည်း တက်တာဆိုတော့ ဆုံဖြစ်ပါတယ်။ သူလည်း ဘယ်ရည်းစားမှမရှိတော့ဘဲ နောက်ဆုံးနှစ်ကျမှ ကောက်ခါငင်ခါ စေ့စပ်လက်ထပ်သွားတယ်။ သတင်းကြားတာတော့ အိမ်ကသဘောတူတဲ့ သူတဲ့။ သူလည်း သဘောကျလို့ ဖြစ်မှာပေါ့။ ခုတော့ သူ့မိသားစုနဲ့သူ ကျွန်တော်ကို မေ့တောင်မေ့နေလောက်ပြီ"

"အဲဒီနောက်ပိုင်းကိုမင်းညို တကယ်ချစ်ရတဲ့သူ မတွေ့တော့ဘူးလား"

"မတွေ့သေးဘူး ဆရာ ... မိန်းကလေးတစ်ယောက်ယောက်ကို ကြိုက်သလိုလိုဖြစ်လိုက်၊ စိတ်ထဲမှာ မရေမရာနဲ့ ငါသူ့ကို တကယ်ချစ်ရော ချစ်ရဲ့လား။ ပထမဦးဆုံးတစ်ယောက်လိုများ ဖြစ်နေမလား ဆိုပြီး တွေးတောလိုက်၊ သူက သူများနောက်ပါသွားလိုက်နဲ့ပဲ ... ဟား ဟား ... အခုတော့ ပီအိပ်ချ်ဒီနဲ့ပဲ ညားပြီး အားလုံးကို ချစ်ရမှန်းမသိတော့ဘူး။ ရှေးဟောင်းရုပ်ကြွင်းတွေနဲ့ပဲ ဖူးစာဆုံနေရပြီ ဆရာ"

ကိုမင်းညို စကားကြောင့် သူတို့ ပြုံးတူရယ်မော မိလိုက်ကြပါသည်။





ညက တော်တော်လေးနှင့်သွားပြီမို့ အသီးသီးနှုတ်ဆက်ကာ၊ ဟိုတယ်ခန်းဆီပြန်ခဲ့ကြသည်။ ကိုမင်းညိုကတော့ ဘယ်လိုနေမည်မသိ။ ဆော်သူ့စံမှာတော့ ကိုမင်းညိုပြောပြသည့် ကြာညိုသွင်ရဲ့ အခြေအနေအကြောင်းခေါင်းထဲထည့်မိကာ ဟိုဘက်ကလှည့်တွေး၊ ဒီဘက်ကလှည့်တွေးနှင့် စိုးရိမ်နေမိခဲ့ပြီတည်း။

*  *  *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

သွင်သည် ဘီးဆံထုံးကြီး ကော့နေအောင် ထုံးထားတာကို သဘောတကျပင် ငေးကြည့်မိ၏။ မိန်းကလေး၏နဂိုဆံပင်ကကို လူထဲနက် မှောင်ပြောင်လက်နေကာ ကိုယ်ပိုင်ဆံပင်ဖြင့်ပင် ဒီလို ဘီးဆံထုံးကြီးကို ပြန်ထုံးထားပုံမှာ ကျက်သရေရှိလှသည်။ လှပသော စိန်ဆံထိုးများ၊ စိန်ပန်းနိုင်များနှင့် ဖက်ထုပ်စိန်နားကပ်ကြီး တလက်လက်ဖြစ်နေသောကြောင့် ဂုဏ်သရေရှိ အထက်တန်းလွှာ မိန်းကလေး၏ မျက်နှာမှာ ဝင့်ကြွားဝင့်နေသည်။

စိန်ကြယ်သီးများ တပ်ဆင်ထားသော ဖဲသားရင်ဖုံးလက်ရှည် လက်ခေါင်းပွပွ အင်္ကျီနှင့်ဖဲသား ဇရိုကိုတ်လုံချည်ရှည်တို့ကို ခြေမျက်စိဖုံးအောင် ဝတ်ထားသေးသည်။ မြေပြင်နှင့်ပင် ထိဖူးပုံမရသော ခြေဖဝါးနုနုတ ခြေဖနောင့်ထိပ်လေးတွေမှာ ပန်းရောင်ထနေကာ နုဖတ်နေသည်။





သွင်သည် သူမ၏အတိတ်တစ်ဘဝဆီမှ မိန်းကလေးကို အငေးသားကြည့်နေမိသည်။ သူမကဒီမြို့မှာ အချမ်းသာဆုံးသော မိသားစုဝင်တစ်ဦးဖြစ်သေးလေသည်တဲ့။ သူမဘေးမှာ လိုချင်သူ အစ်ကိုကာလသားလူပျိုသူဌေးသားများ အရာရှိ အရာခံလူပျိုများ၊ ဘွဲ့ရပညာတတ်လူပျိုများ ဝိုင်းဝိုင်းလည်နေလေသည် ဟုလည်း သိထားပါသည်။

သွင် သံတမန်များမှ တစ်ဆင့် ဖြတ်သန်းရောက်ရှိချိန်တွင် ဒီအိမ်ဂေဟာကြီးထဲမှာ အကြီးအကျယ်ပါတီပေးနေချိန်ဖြစ်သည်။ ဖခင်၏ စီးပွားဖက် သူဌေးများကို ပြုလုပ်ပေးရသသည့် ပါတီပွဲတွင် နိုင်ငံခြားသားများလည်းပါသဖြင့် အအုပ်အထိန်းကောင်းသော မိခင်က သူမ၏သမီးဖြစ်သူကို ခွဲထဲပေးမဆင်း။ ပါတီပွဲထဲလည်း ဝင်မပါခိုင်းဘဲ အခန်းအောင်းကာ ရုပ်ရှင်ပြစက်တစ်လုံးဖြင့် ဇာတ်ကားများကြည့်နေစေပါသည်။

သွင်က ယောင်တောင်တောင်ဖြင့် မီးဖိုခန်းထဲ ဝင်သွားမိသည်။ အိမ်ဖော်ထိန်းဟု ထင်ရသော မိန်းမကြီးက သွင့်လက်မောင်းကို ဆောင့်ဆွဲလိုက်ပြီးလျှင်...

"အမယ်လေး ... လာပါ ...လာပါ ... လာတော်မူပါ ။ လူတစ်ယောက်လိုတယ်ပြောထားတာ ဒေါ်ဘုမက လွှတ်ပေးမယ်ဆိုလို့ စောင့်နေရတာ တစ်မေ့တစ်မော။ ခုမှပဲ အချိန်ကိုက် ရောက်လာတော့တယ်နော်... တဲ ... ညည်း ... ဒီအတိုင်းရပ်မနေနဲ့ဦး... ချက်တတ်ပြုတ်တတ်ရဲ့လား"

"ဟို ... ကျွန်မ ... မချက် ... အဲ ... နည်းနည်းပါးပါးပဲရတယ်"

"ကျွတ် ...လုပ်ပြီ ...တဲ... တဲ ဒါဖြင့်လည်း သွား ကြက်သွန်ခွာ၊ အာလူးခွာ၊ အသားပြုတ်တွေနွှင် ... ဒါတွေဖြစ်အောင်လုပ်၊ ညည်းတော့



www.burmeseclassic.com

www.burmeseclassic.com



ဝါအားမှပဲ ကောင်းကောင်းသင်ရတော့မယ်။ ဘယ်လိုဟာကို လွှတ်ပေး လိုက်တယ် မသိပါဘူး"

သွင်သည် အပုံလိုက်ဖြစ်နေသော ကြက်သွန်၊ အာလူးများကို မော့ကြည့်ရင်း စိတ်ညစ်သွားသည်။ သွင်က ကလျာပဘာ ရဲ့လုပ်ဝင်စားဘဝ တစ်ခုစီ ပြန်အလည်လာပြီး အခြေအနေလာကြည့်တာ ဘယ့်နှယ့် အစေခံ တန်းလျားထဲ တန်းရောက်လာရတာလဲ။

ခုနက ရောက်ရောက်ချင်းနေရာဖြစ်တဲ့ ဟိုဘီးဆံထုံးမိန်းကလေး ရဲ့အခန်းနားမှာ ပုန်းနေရင်ကောင်းသား။

"ဒီအိမ်က သူဌေးသမီးလေးက တော်တော်လှတယ်လို့ သတင်း ကြီးတယ်နော်"

သွင်က အာလူးတွေယူခွာရင်း အနီးရှိ အစေခံမိန်းကလေးကို ခပ် တိုးတိုး စနည်းနာလိုက်ပါသည်။

"မာနလည်းကြီးတယ်လို့ရော သတင်းမကြားဘူးလား"

"ဟုတ်လား။ သူမာနကြီးသလား"

"ဒီလိုပဲပေါ့ ... မွေးကတည်းက ရွှေဇွန်းကိုက်မွေးလာတာကိုး"

"သူ့နာမည်က ဘာလဲဟင်"

"သူဌေးသမီး လှတယ်ပဲ သတင်းကြားပြီး နာမည်ကျ မသိဘူးတဲ့ တော်။ မသိရင် မှတ်ထားလိုက် စိန်မမတဲ့"

အတော်ကြီးစီးပိုးပြီး ဂုဏ်သရေရှိလှချေသော အမည်မျိုးဟု သွင် မှတ်ချက်ချရင် ရင်ထဲမှာ မကောင်းတော့ပြန်။ ကလျာပဘာ ကဲ့သို့ မာနကြီး ရုပ်ချော အဆင့်အတန်းခွဲသော သူဌေးသမီးဘဝကို သွင် ပြန်မမြင်ချင် သွင် မြင်ချင်တာက ကြင်နာတတ်သော၊ လူကိုလူလိုမြင်သော၊ မေတ္တာ





တရား ကြီးမားသော "မြရင်ရင်" ကဲ့သို့သော ဘဝမျိုးကို သွင်မြင်ချင်တာ ဖြစ်သည်။ သွင် ... ဒီဘဝကို အမှတ်မထင်ရောက်လိုက်ရသဖြင့် အမြန်ပြန် ထွက်နိုင်ဖို့ သံတမန်တွေကို မျက်လုံးကစားရှာဖွေမိသည်။

ဖြစ်ချင်တော့ သွင့်အနားမှာ အမြဲတစေရှိနေတတ်သည့် သံတမန် တွေ ရှိမနေပြန်ပါ။ သူတို့မရှိလျှင် သွင်သည် တစ်ဘဝမှ နောက်တစ်ဘဝကို ကူးပြီး ပြန်သွားချင်လို့မရ။ သူတို့ပြန်ရောက်လာအောင် စောင့်ရုံသာရှိတော့ သည်တည်း။

"ဟဲ့ ... ဟဲ့ ... တစ်ယောက်သွားစမ်း ...မြန်မြန် ... မမလေး ခေါ်နေတယ်။ အမယ်လေး မြန်မြန်သွားပါဟဲ့ ... ငါ ခေါင်းကျိန်းလိုက်တာ"

သွင်က သွားချင်ရက်လက်တို့ဖြစ်နေသူမို့ ဝမ်းသာအားရပင် အမြန်ထရပ်လိုက်သည်။ တက်တက်ကြွကြွသွားဖို့ ပြင်သော သွင့်ကို နောက်ဖေးမီးဖိုချောင်ရှိ အစေခံမိန်းကလေးတွေက တအံ့တသြမော့ကြည့် နေသူကြည့်၊ တချို့က သနားကရုဏာသက်သလိုလို မျက်လုံးတွေနဲ့ ကြည့် သူကြည့်၊ တချို့ကတော့ မှာကြားချင်သလိုလို ကြည့် ... အမူအရာတွေနဲ့ ကျန်ရစ်ခဲ့လေသည်။ သွင် ရိပ်မိသားပဲ။ စိန်မမဟာ အလှဂုဏ်မာန်၊ ပစ္စည်း ဂုဏ်မောက်ပြီး အဆင့်အတန်းမတူသူ ဘယ်သူ့ကိုမဆို နှိမ်ချဆက်ဆံ နေတတ်လိမ့်မည်ဆိုတာ။ သို့သော် သွင် ဂရုမစိုက်ပါ။ စိန်မမကိုလည်း မကြောက်ပါ။ သွင့်ရဲ့အတိတ်ဘဝ ကိုယ်ပွားတစ်ခုကို ဘယ်လိုအခြေအနေ မျိုးနဲ့ဖြစ်ဖြစ် ခဏတော့ ဆုံချင်သည်။ စကားနည်းနည်းလေး ပြောကြည့် ချင်သည်။

ခမ်းနားကျယ်ဝန်းပြီး ရဲတိုက်ကြီးတစ်တိုက်လိုဖြစ်နေသော အိမ်ကြီးပေါ် သွင် တက်လာခဲ့ပါသည်။ သွင့်အနားတစ်ဝိုက်တွင် သံတမန်

www.burmeseclassic.com



အရိပ်များပါလာနေပေမဲ့ သွင် ပြေးဝင်ပြီး ဒီဘဝကနေ ပြန်ထွက်ဖို့ မစဉ်းစားသေးပါ။ သွင် စိန်မမကို ခဏတွေ့ချင်သေးလေသည်။

"ဘယ်သူလည်း ဝင်ခဲ့စမ်းပါ၊ မြန်မြန်"

သွင် တံခါးဝတွင် ခြေချလိုက်တာနဲ့ မာထန်သောအသံက ထွက်လာသည်။ ခပ်ဩဩနှင့် ကြည့်သောအသံပေမဲ့ ဟိန်းဟိန်းဟောက်ဟောက် အော်သံကြောင့် နားဝင်မချိုလှ။

"အိုး ... ညည်းက ဘယ်သူလဲ"

သွင့်ကို တွေ့လိုက်တော့ စိန်မမ မျက်နှာ တစ်မျိုးဖြစ်သွားပြီး မေးလိုက်သည်။ သူမသေဆုံးပြီးသောအခါ ဘဝများတွေ ဆက်ဖြတ်သန်းပြီးလျှင် နှစ်ထောင့်တစ်ဆယ့်သုံး ဟူသည့် သက္ကရာဇ်အသစ်တစ်ခုမှာ အရွယ်ရောက် မိန်းကလေးတစ်ယောက်အဖြစ် ရှိနေမည့် သွင့်ကို တွေ့ရတော့ ကိုယ့်ဆွေမျိုး အရင်းအချာတစ်ယောက် တွေ့သလို ခံစားလိုက်ရမည် ထင်ပါသည်။

ဘာကြောင့်လည်းဆိုတော့ သွင်လဲ ကိုယ့်ရဲ့ အတိတ်ဘဝ မိန်းကလေးတစ်ယောက်နဲ့ ဆုံရတိုင်း အဲဒီခံစားချက်ကို ခံစားရ၍ပင်။

"ညည်းနဲ့ တစ်နေရာမှာများ ဆုံဖူးသလား"

"ဆုံရမှာပါ"

သွင်က ဆုံဖူးမှာပါ "မဖြေဘဲ" "ဆုံရမှာပါ" ဟုပြန်ဖြေတာကို သတိ ထားမိပုံမရဘဲ စိန်မမက ကျောက်ပြင်ကို လက်ညှိုးညွှန်လိုက်တာ-

"သနပ်ခါး သွေးစမ်း"

ဟု ခိုင်းလိုက်လေသည်။ ဘယ်နေရာများလိမ်းမှာပါလိမ့်။ မျက်နှာမှာလည်း အကောင်းစားမိတ်ကပ်၊ နှုတ်ခမ်းဆိုးဆေးများ လိမ်းထားပြီးပုံ





သောကြောင့် သနပ်ခါးထပ်သွေး ခိုင်းတာကို သွင် စဉ်းစားမရဖြစ်နေပေမဲ့ သွင် သွေးပေးလိုက်ပါသည်။

"မြန်မြန်သွေး မပျစ်မကျဲသွေးနော်... ပျစ်ပျစ်ကြီးလည်း ငါ မကြိုက်ဘူး။ ကျဲလွန်းရင်လည်း လိမ်းထားရတာ အေးတယ် ကိုကိုမောင်က သနပ်ခါးနံ့လေးရရင် ရင်ထဲမှာ အေးသွားတယ်ဆိုလို့သာ လိမ်းရတာ၊ ငါက သိပ်လိမ်းချင်တာမဟုတ်ဘူး။ Channel 5 (ရှယ်နဲယ်ဖိုက်) အနံ့လေး တောင်းကကောင်းနဲ့၊ ကိုကိုမောင်က ရေမွှေးနံ့ မကြိုက်ဘူး ဆိုလို့"

စကားပြောနေရင်း စိန်မမ ချောင်းတဟွတ်ဟွတ်ဆိုးပါသည်။ သွင် ဘာလုပ်ပေးရမှန်းမသိပဲ၊ စိန်မမ နားပြေးသွားလိုက်မိ၏။ ရင်ဘတ်ကို ဖိပြီး ချောင်းဆိုးနေတာ စိန်မမ၏ဝေဒနာခံစားရပုံကို မြင်ပြီး သွင့် ရင်ဘတ်ထဲတောင် အောင့်လာပါသည်။

"ဟယ် ... သွားစမ်း ... သွားစမ်း... ငါ့မထိနဲ့ နင် သွေးထားတဲ့ သနပ်ခါးရရင်သာ ... ငါ့ခြေထောက်တွေကို လိမ်းပေးတော့"

"ရှင် ...ဘာရယ်"

"ဘာ ...ရှင်လဲ... သနပ်ခါးသွေးခိုင်းထားတာလိမ်းဖို့ပေါ့။ ငါ့ခြေထောက်ကိုလိမ်းပေးရမှာလေ၊ ဘာဖြစ်ရတာလဲ။ ဒီမှာ ကျွန်သဘောက်မ ငါ့ခြေထောက် နင့် မျက်နှာ ထက်တောင် မြတ်သေးတယ်နော်"

သွင့်ကို ရင့်ရင့်သီးသီးပြောလိုက်လေရာ သွင်ဒေါသတွေ ထောင်းကနဲထ သွားပါသည်၊ သွင် ခပ်မာမာ ခပ်စိမ်းစိမ်းပြန်ကြည့်တော့ စိန်မမက ဒေါသတကြီးပင် သူ့အနားရှိ ကြည့်မှန်တစ်ချပ်ဖြင့် ကောက်ပစ် လိုက်ပါသည်။ သွင် ခပ်မြန်မြန်ပင်ရှောင် လိုက်ရာ၊



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ...အံမယ် ... နင်က ရှောင်တယ်ဟုတ်လား ... ဟင် ... ဟင် ...နင့်တော့ ...နင့်တော့ လုပ်ရရင် သေတော့မယ်။ ဒီအိမ်မှာ ငါ့အပြင် ပေးရင် ရှောင်ရဲတဲ့သူမရှိဘူး။ နင်ငြိမ်ခံရမယ်ဆိုတာ မသိဘူးလား၊ ရင်ဘတ်တောင်နာတယ်။ ချောင်းဆိုးပြီးနေလို့ထိုင်လို့ မကောင်းလို့ စိတ်ညစ်ရတဲ့အထဲ ဘယ်လိုကျွန် မနဲ့လာတွေ့သလဲမသိဘူး"

"အဲဒီလို နေမကောင်းဖြစ်နေတာ ဘယ်တုန်းတည်းက စတာလဲ ...ဟင်"

"အံမာ ...လျှာရှည်နေပြန်ပြီ ...ညည်း... ပြောလေကဲလေပါလား"

"အရင်ကတော့ သိပ်ကျန်းမာတယ် ။နာစေးချောင်းဆိုး၊ ခေါင်းကိုက် ဖျားနာတောင် မဖြစ်ဘဲ ခုတလောမှ အဲဒီလို တရှောင်ရှောင် ဖြစ်လာတာမဟုတ်လား။ နေမကောင်းဖြစ်နေတယ်လို့ ခံစားရပေမဲ့ သိပ်ဆိုးဆိုးရွားရွားကြီး ဖြစ်လာတာလဲ မဟုတ်ဘဲ စိတ်ထဲမှာ မပျော်တော့ဘူး။ တစ်ခုခုကို စိုးရိမ်ကြောင့်ကြသလိုလို ဖြစ်ပြီး အိပ်မက်ဆိုးတွေ မက်တတ်လာတယ် မဟုတ်လား"

စိန်မမ ဒေါသတကြီး (သို့သော်) အံ့ဩမှုကို မလုံ့နိုင်သော မျက်လုံးတွေဖြင့် ဝုန်းကနဲ ထရပ်လိုက်ပါသည်။ သွင့်ကို သရဲတဘတ် တစ်ကောင်အလား အထိတ်တလန့်လည်းဖြစ်နေပုံရသည်။

"ကိုကိုမောင်ဆိုတာ စိန်မမရဲ့ချစ်သူမဟုတ်လား။ သူ့ကို သိပ်ချစ်ရတယ်လို့ ပြောခဲ့ပြီးပြီ မဟုတ်လား"

"နင် ...နင် ...ဘယ်သူလဲ ဘာလဲ ဘာတွေလာပြောနေတာလဲ"

"ငါတို့အားလုံး ကျိန်စာမိနေခဲ့ကြတာ ... ငါလည်း တစ်နေ့နေ့ကျရင် နင့်လိုဖြစ်ရမှာစိုးလို့ အဲဒီရဲ့ဟာကွက်ကို လိုက်ရှာနေတဲ့သူပဲ"





"သွားစမ်း ... သွားစမ်း ...နင်ထွက်သွားစမ်း"

စိန်မမသည် သူမအနားတွင် ရှိနေသမျှ ပစ္စည်းပစ္စယများစွာဖြင့် သွင့်ကို တဒိုင်းဒိုင်း ပစ်ပေါက်အော်ဟစ် မောင်းထုတ် နေပါတော့သည်။ အခန်းထဲက ဝုန်းဒိုင်းကျဲ အသံများကြောင့် စိန်မမ၏ အခန်းဆီအပြေး ရောက်လာသော ခြေသံ တချို့ကို ကြားရသည်။

စိန်မမကတော့ ဒေါသသာဖြစ်နေရပေမဲ့ ရင်ဘတ်ကိုဖိကာ မောဟိုက်ပန်းလျှသလိုဖြစ်နေလျက် အသက်ကိုပင် မနည်း ရှုနေရပုံပေါက်နေသည်။

"ဟယ်...ထွက်...ထွက်...ငါ့သမီး ဒေါသဖြစ်အောင် လုပ်တဲ့ကောင်မ ...။ သွား...ထွက်သွားခုချက်ချင်းအိမ်ထဲက ထွက် ...ညည်းဒီမှာ အလုပ်ဆက်လုပ်ရဖို့ မမျှော်လင့်နဲ့တော့"

စိန်မမ နည်းတူ မောက်မာရင့်သီးမှုအပြည့်ရှိသော စိန်ရွှေရတနာ တွေညွှတ်နေသည့် သူဌေးမကြီးက အော်ဟစ်ငေါက်ငန်း မောင်းထုတ်ပါသည်။ သွင်သည် အတိတ်တစ်ဘဝမှာတောင် ခပ်ခံဖူးသော အမေ သူဌေးမကို မှတ်မိအောင် အသေအချာ ကြည့်ခဲ့သည်။ မကြာခင်မှာ သမီးဖြစ်သူရဲ့ သေကွဲခွဲရတော့ ရှာမှာကိုမသိတဲ့ အမေတစ်ယောက်မို့ သွင် သနားလှသည်။

"မမ ... ဘာဖြစ်နေတာလဲ"

"ရှင် ...အမယ်လေး"

သွင် လှေကားတစ်လျှောက်ဆင်းလာစဉ် လှေကားအောက်ခြေမှာ ရပ်လျက် အပေါ်သို့ မော့ကြည့်မေးနေသူကြောင့် သွင် ယောင်၍ အော်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချောမောသန့်ပြန့်သော ရုပ်ရည်ပိုင်ရှင်အမျိုးသားဟာ စိန်မမ ချစ်သူ ကိုကိုမောင်ပါပဲလို့ သွင် အတတ်သိလိုက်ရသလို...။

"မမ ဘာဖြစ်လို့လဲ မိန်းကလေး"

ကိုကိုမောင် ကတော့ စိန်မမလိုမဟုတ် နူးညံ့ကြင်နာသော အသံဖြင့် မေးပါသည်။ သွင်ကသာ ...။

"မမ ခုတလောသိပ်နေမကောင်းသလို ဖြစ်နေတယ်လို့ ဝါတို့ ပြောတယ် ဒီတော့ ဖြစ်နိုင်ရင် သူ့ကို စိတ်ဆိုးဒေါသထွက်ရအောင် မလုပ်ပါ ပါစေနဲ့ကွယ်။ သူ ဆိုးတာတော့ဆိုးတာပဲပေါ့။ သူ့အစား ငါက တောင်းပန် လိုက်ပါတယ်။ ဒါပေမယ့် သူ့ကိုတော့ စိတ်ဆင်းရဲအောင် မလုပ်မိပါစေနဲ့"

သွင် တုန်လှုပ်ချောက်ချားစွာပင် လှေကားထောင့်ချိုး အကွယ် ကို အမြန်ပြေးသွားလိုက်မိပါသည်။ သွင် အနားယူဖို့လိုပြီ။ သံတမန်တွေဆီ ပြန်ဖို့ လိုပြီ။ သွင် ဒီအဖြေကို သိရဖို့ လိုပြီ။ ဘာကြောင့်လည်းဆိုတော့ ကိုကိုမောင်ဟာ အစ်ကိုတော်သူစံ ကိုယ်တိုင်ဖြစ်နေခဲ့လို့ပဲ ...။

*    *    *

# အပိုင်း (၁၁)

ဒီတစ်ခါတော့ ထိုအဘွားကြီးကို တွေ့သူမှာ တော်သူစံဖြစ်နေ သည်။ ကြာညိုသွင်ကြောင့် တစ်ခေါက်လောက်သာ ဖြတ်ကနဲ လှမ်းမြင် လိုက်ဖူးပေမဲ့ အခုပြန်တွေ့သောအခါ ဘာကြောင့်မှန်းမသိ အလိုလိုပင် အလွယ်တကူ မှတ်မိနေသည်။ ဗိုလ်တထောင်ဘုရားရှိ ရဟန္တာများနှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဟိများ ၏ ရုပ်ထုတွေ ထည့်ထားရာ တန်ဆောင်းအ ဆောင်ကြီး၏ ထောင့်တစ်ရာ ခပ်ကြောင်ကြောင်မျက်လုံးတွေဖြင့် ထိုင်နေ သည်ကို ဖြတ်ကနဲ တွေ့လျှင် တွေ့ချင်း သူမှတ်မိသွားပါသည်။

အဘွားကြီးကြည့်ရတာ အကြားအမြင်ရသူ၊ ဗေဒင်ဟော တတ် သူ ပုံစံမပေါက်ဘဲ စိတ်မနှံ့သူလို့ တောင်ထင်ရသည်။ တော်သူစံသည် ဘုရားရင်ပြင်တစ်နေရာမှာ (အဘွားကြီးထိုင်နေရာကို မြင်ရသည့် နေရာ လောက်မှာ)ခဏထိုင်ကာအဘွားကြီးကိုမသိမသာအကဲခတ်စောင့်ကြည့် မိနေပြန်သည်။ သူ့အလိုလို အဲဒီလို လုပ်မိခြင်းအတွက် ကိုယ့်ကိုယ်ကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းမကျသော်လည်း ဒီနေရာကနေ ထ သွားမလားဆိုတော့လည်း မသွားချင်ပြန်။

"မောင်ရင် ကျုပ်ဆီက ဘာသိချင်လို့တုန်း"

ရုတ်တရက် တော်သူစံနားထဲတွင် မေးသံတစ်သံကြားလိုက်ရရာ ဘေးဘီတစ်ဝိုက်ကို လှည့်ကြည့်ပေမဲ့လဲ ဘယ်သူမှ မတွေ့။ အသံက အဘွားကြီးသံပေါက်နေသဖြင့် တော်သူစံသည် အတော်လှမ်းသောနေရာတွင် ခပ်ကြောင်ကြောင်မျက်လုံးတွေနဲ့ ထိုင်နေသည့် အဘွားကြီးကို စူးစမ်းသလို အသေအချာကြည့်လိုက်ပါသည်။ အဘွားကြီးဆီက မေးသံဟုလည်း စိတ်ထဲမှာထင်နေမိသည်။ သို့သော် ထင်ရအောင်လည်း သူတို့နှစ်ယောက်က အဝေးကြီး တစ်နေရာစီမှာ ထိုင်နေတာဖြစ်နေသည်။

"မင်း ...ငါ့ကို ခိုးကြောင်ခိုးဝှက်စောင့်ကြည့်နေစရာမလိုဘူး။ အနားလာခဲ့လို့ရတယ်။ ငါသိတယ် မင်း...ငါ့ကိုကြည့်နေတာ သိနေတယ်... လာခဲ့၊ လာခဲ့ပါ။ ငါကလည်း ပြောစရာတွေရှိနေတယ်၊ မောင်ရင်ကလည်း ဆိုက်ဆိုက်မြိုက်မြိုက်လာတွေ့တယ်...တဲ့"

တော်သူစံ သိလိုက်ပြီ၊ ဒါအဘွားကြီးသူ့ကို လှမ်းပြောနေတာပဲ ဟု၍ ...၊ သို့သော် ထူးဆန်းတာကတော့ အဘွားကြီးဟာ သူ့အနားလည်း ရောက်မလာ၊ သူ့ကိုလည်း မကြည့်၊ စတွေ့တုန်းကပုံစံအတိုင်း ခပ်ကြောင်ကြောင်မျက်လုံးတွေနဲ့ ထိုင်နေတာဖြစ်သည်။

တော်သူစံ ချက်ချင်းပဲ ကြာညိုသွင်ကို သတိရသွားပါသည်၊ ဒါကြောင့် ဒီကောင်မလေးအဘွားကြီး နောက်တလိုက်လိုက်ဖြစ်နေတာကိုး။ သွင့်ကိုရော ဘာတွေများ ပြောသွားပါလိမ့်၊

တော်သူစံအနေနဲ့ ခေတ်ပညာတတ် ပီအိပ်ချ်ဒီ ဘွဲ့ရ ...





Arachaeologist တစ်ယောက်မို့ ဒီလိုမျိုးကိစ္စတွေမှာ အယုံအကြည်မရှိခဲ့ပါဘူး ဆိုသော်ငြား သူ့ရဲ့အိပ်မက်တစ်ခွန်းတစ်စတွေကြောင့်သဘာဝလွန်ဖြစ်ရပ်တွေ၊ လှုဝင်စားတွေ၊ အတိတ်ဘဝတွေဆိုတာကို ယုံကြည်စပြုလာသည်။

"လာခဲ့ပါ ...မောင်ရင်၊ မင်း... သိချင်တာတွေရှိချင်မှ ရှိပေမဲ့ ကျုပ်ဆီမှာတော့ ပြောပြစရာတွေရှိတယ်၊ မင်း ...ကျုပ်နဲ့ တွေ့ရကျိုးနပ်မှာပါ။"

တော်သူစံ ထရပ်လိုက်ပါသည်၊ ဘာပဲဖြစ်ဖြစ် ထူးခြားမှုတစ်မုံတစ်ရာရှိနေသော အဘွားကြီးကို သူ သွားတွေ့လိုက်ပါမည်၊

တော်သူစံ အဘွားကြီးနားရောက်တော့ အဘွားကြီးက လက်မှာဝတ်ထားသောအလုံးကြီးကြီးစိတ်ပုတီးလုံးများကိုတချောက်ချောက်အသံမြည်အောင် စိပ်တော့သည်၊

"ရေစက်ပါလို့ ပြန်တွေ့ကြရတာ၊ ဟုတ်ပြီလား၊ မိန်းကလေးနဲ့လည်း ဆုံနေရပြီ၊ မင်းက မသိသေးဘူး၊ သူလည်း မသိမသေးဘူး"

"အမေကြီး ဘာကို ပြောနေတာလဲ"

"အိပ်မက်တွေရှိနေတယ် မဟုတ်လား။ကလျာပဘာ ကို တွေ့တယ်မဟုတ်လား။ မြတ်ထိပ်တင် မင်းသား ဘယ်သူလည်းသိလား"

"ခင်ဗျာ"

တော်သူစံ တုန်လှုပ်သွားပါသည်၊ ကလျာပဘာ ဘာကိုမသိပေမဲ့ မြတ်ထိပ်တင် ဟူသော အမည်ကို အိပ်မက်ထဲမှာ သဲ့သဲ့ကြားဖူးသဖြင့် အံ့ဩတုန်လှုပ်ရခြင်း ဖြစ်ပါသည်။ အိပ်မက်တွေ အကြောင်းကိုလည်း ဒီအဘွားကြီးပြောလိုက်သဖြင့် တော်သူစံပိုစိတ်ဝင်စားသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင် မင်းဟာ မြတ်ထိပ်တင်မင်းသားပဲ... မင်းညီမင်းသား ပေမဲ့ မိဖုရားခေါင်ကြီးရဲ့သားတော့ မဟုတ်ဘူး၊ အိမ်ရှေ့စံမင်းသားနဲ့ ဖအေတူမအေကွဲတော်စပ်ရတဲ့ မင်းသားလေးတစ်ပါး အိမ်နိမ့်စံကိုယ်တော်လေး တစ်ယောက်ပါ။ တခြားမင်းညီမင်းသားတွေလို မာနမထောင်လွှားဘူး။ ထီးနန်းရယူခွင့်ရရင် ယူလိုက်မယ်ဆိုတဲ့ လောဘလည်းမရှိဘူး၊ စာပေ အနုပညာ ပန်းချီဝါသနာပါပြီး နလုံးသားနူးညံ့တဲ့ မင်းသားတစ်ပါးပါပဲ"

တော်သူစံ ဘာမှဝင်မပြောပဲ နားထောင်နေမိသည်။ ယုံသည် လည်းမဟုတ်၊ မယုံဘူးလည်းမဟုတ်ပေမဲ့ ရှေးနစ်ပေါင်းရာစုများစွာက အကြောင်းအရာတစ်ခုမို့ ရှေးဟောင်းသုတေသန ပညာရှင်တစ်ဦးပီပီ စိတ်ဝင်စားစွာပင် နားထောင်ခဲ့ပါသည်။

ကလျာပဘာ ကတော့ မာန်မာနကြီးတယ်၊ မောက်မာတယ် ကိုယ့်ထက်နိမ့်ပါးသူဆို နိုင့်ထက်စီးနင်း ဆက်ဆံတတ်တဲ့ စိတ်ဓါတ်အပြည့် ရှိတယ်၊ သူ အဲဒီလိုဖြစ်နေနိုင်လောက်လည်း သူ့မိဘက ဗွတ်အလိုလိုက် ထားတာလေ၊ တစ်ချက်မဟန့်ဘူး၊ မဆုံးမ၊ မသွန်သင်ဘူး၊ ဒါကြောင့်လည်း သူ့ကျိန်စာသင့်သွားခဲ့ရတာပေါ့၊ ဒေါ်ပုညရဲ့သားကိုမှ အရှက်ရအောင် သွား လုပ်ခဲ့တာကိုး။ ဧကာင်ကလေးခမျာ မအေနဲ့ မတူပါဘူး။ လူရိုးလူကောင်း လေးပါ။ သိပ်လှတဲ့ သူဌေးသမီးကို ကြည့်ချင်ရှာလို့ တစ်ချက်မော့ကြည့် လိုက်တာဟာ အပြစ်ကြီးလိုဖြစ်သွားတယ်၊ ဒီအကျိုးတရားကြောင့် ဘဝအဆက်ဆက် အကြောင်းတရားတွေ ဖြစ်လာရတယ်"

တော်သူစံမှာ ပုံပြင်ဆန်သော အကြောင်းအရာတွေကို နား ထောင်နေရာမှ တစ်ချက်ဖြတ်မေးချင်လာတာကြောင့် အဘွားကြီး စကား အဆုံးတွင်...





"အဘွား... ဘယ်သူ့အကြောင်းတွေ ပြောနေသလဲ ခင်ဗျာ။ ကျွန်တော်ကတော့ အဘွားက ဒီနားလာခဲ့ပါ ... ခေါ်လို့လာတာပါ။ ပုံပြင်ဆို လည်း ကျွန်တော်ကပုံပြင်နားထောင်ရမယ့် အရွယ်လည်း မဟုတ်တော့ပါ ဘူး။ အဘွားလှူဖို့၊ တန်းဖို့၊ စားသောက်ဖို့ ... ငွေလှူပြီး ပြန်ပါရစေလား"

ဟု၍ သူ့အတွင်း စိတ်၌ဖြစ်ပေါ်နေသော ဆန္ဒတွေကို ဆန့်ကျင်ပြီး ပြောလိုက်ပါသည်။ သူ့စိတ်ထဲမှာ ဒါတွေသိလည်းသိချင်၊ သိခွင့်ရရင်လည်း ဒါတွေတကယ်ရှိခဲ့ဖူးသလားဆိုတဲ့ ယုံကြည်စိတ်နဲ့ စိတ်ဆင်းရဲကြေကွဲရမှာ ကို မလိုလား။ ထိုသို့ ဒွိဟ ဖြစ်နေတာမျိုးပင်။

"ကလျာပဘာ ဟာ ကျိန်စာကြောင့် ဘဝအဆက်ဆက် လူဖြစ်ခွင့် ရတိုင်းမိန်းကလေးပဲဖြစ်နေရတယ်။ သူ့အသက်နှစ်ဆယ်ကျော်ကျော်လေး ဖြစ်တဲ့အချိန်မှာ သူ့ချစ်တဲ့သူကို တွေ့ပြီဆိုရင် အမျိုးအမည်တပ်လို့ မရတဲ့ ရောဂါတစ်မျိုးဝင်ပြီးသေဆုံးရတာချည်းပဲ၊ ချစ်သူနဲ့ သေကွဲကွဲရတာချည်းပဲ အဲဒါ မောင်ရင်သိရဲ့လား။ ကလျာပဘာ ကို မောင်ရင် သိပ်ချစ်ခင်မြတ်နိုး ခဲ့ရပေမဲ့ မောင်ရင့်မျက်စေ့ရှေ့မှာတင် သေဆုံးသွားရတာကို ဒီအတိုင်း ကြည့်ပြီး ကျန်ရစ်ခဲ့ရတာလေ၊ မင်းက လူ့ဘဝကို အကြာကြီးနေမှ တစ်ခါ ပြန်ရတယ်၊ လူ့ဘဝရတိုင်းလည်း ယောကျာ်းဘဝရချင်မှ ရခဲ့တယ်။ ဒီတော့ ကလျာပဘာ နဲ့ ဘဝဆက်တိုင်း မဆုံခဲ့ရဘူး။ မင်းတို့ အတိတ်မှာ တစ်ဘဝပဲ ဆုံခဲ့ရတယ်။ ကျန်တဲ့ ဘဝတွေမှာ မင်းတို့ ဆုံကို မဆုံခဲ့ရဘူး။ အခု ...ဒီဘဝ မှာတော့ ပြန်ဆုံရပြန်ပါပြီ"

တော်သူစံ အတိုက်အခံပြောမနေတော့ဘဲ အလိုက်အထိုက်ပင် ပြန်မေးလိုက်ပါသည်။

"ကျွန်တော်က လူဝင်စား ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်ထိပ်တင်မင်းသား ဝင်စားတာ ။ ဒါပေမယ့် ဘဝတွေက သိပ်ဝေးသွားပြီမို့ မင်းဘယ်လိုမှ မမှတ်မိနိုင်တော့ဘူး။ ဒါပေမယ့် အစောင့်အရှောက်တွေက မင်းကို အိပ်မက်တွေပေးပြီး အတိတ်ဘဝကို လာလာပြောပြနေပြီလေ"

"ထားပါတော့လူဝင်စားဖြစ်နေတဲ့ကျွန်တော်က ဘာလုပ်ရမလဲ"

"မင်းရဲ့ချစ်သူမိန်းကလေးကိုကယ်ရတော့မယ်။ သူ့ရဲ့ကျိန်စာဟာ နှစ်ပေါင်းရာနဲ့ချီပြီး တည်နေတာ၊ ဘဝဆက်တိုင်း သူ ဒီလိုခံစားခဲ့ရတာ မနည်းတော့ဘူး။ ငါတို့တွေက မင်းနဲ့သူ လူ့ဘဝမှာ တိုက်တိုက်ဆိုင်ဆိုင်ပြန်ဆုံမယ့်အချိန်ကို စောင့်ပြီး ကယ်ဖို့ကြိုးစားနေတဲ့သူတွေပဲ"

"ဒီဘဝကျမှ ဘာဖြစ်လို့ပြန်ဆုံရသလဲ"

"ဒါကတော့ မင်းတို့က ဘဝဆက်တိုင်းဆုံရပါစေလို့ အတူတူဆုမတောင်းဖြစ်ခဲ့ကြဘူး။ ကုသိုလ်ကံအကြောင်းတရားတွေ၊ ဧစက်တွေဆုံတဲ့ အခေါက်တွေကျမှ လူ့ဘဝအတူတူဆုံရတယ်"

"အဘွားပြောတဲ့ မိန်းကလေးက ဘယ်သူလဲ...ဘယ်မှာလဲ"

"ကလျာပဘာ က လူ့ပြည်မှာရှိတယ်၊ လူဝင်စားပြန်ဖြစ်နေတယ်လေ။ မင်းတို့ဆုံနေကြပြီ တစ်ယောက်နဲ့ တစ်ယောက်သာ မသိကြသေးတာ"

"သူဘယ်သူလဲဆိုတာ ... အဘွားပြောပြလို့ရမလား"

"ပြောပြလိုက်ရင် အပြစ်ကြီးသွားမှာပေါ့... မဖြစ်ဘူး၊ မဖြစ်ပါဘူး ပြောလို့မဖြစ်ဘူး။ မင်းတို့ဘာသာ စူးစမ်းရှာဖွေရင်း သိလာရင် ပိုကောင်းမယ်။ ဒါမှ ကျိန်စာပြယ်သွားအောင် အတူတူလုပ်ကြရတဲ့အခါ ပိုပြီးစိတ်စွမ်းအင်ကြီးမယ်။ မြတ်ထိပ်တင်မင်းသားကယ်မှ ကလျာပဘာ ရဲ့ကျိန်စာ





တွေ ဒီဘဝတွေပြယ်မှာ၊ ဒီဘဝမှာ မပြယ်ခဲ့ရင် ထပ်ဝေးသွားဦးမယ်။ နောက်ထပ်ဘဝပေါင်းများစွာ အကြာကြီး ... အမယ်လေး ... မရေမတွက်နိုင်အောင်ပဲ... အရိမေတ္တေယျမြတ်စွာဘုရားပွင့် တဲ့အထိ ဆက်တိုက်ခံနေရမှာ၊ မင်း မသနားဘူးလား။ သူလည်း အရွယ်ကောင်းမှာသေရမယ်။ မင်းလည်း ရင်ကွဲပက်လက် ကျန်ခဲ့ရမယ်၊ မင်းကတော့ ဘဝဆက်တိုင်း မဟုတ်ပေမဲ့ သူကတော့ ဘဝဆက်တိုင်းပါပဲ။ ခံစားရရှာမှာ"

အဘွားကြီးက ပြောပြောဆိုဆို စိတ်ဖောက်လာသည့် အလားသင်... တော်သူစံ အနားကနေ ချက်ချင်း ထ ရပ်လိုက်ပါသည်။ ပုတီးလုံးတွေကို တချောက်ချောက်စိပ်၊ ခေါင်းတခါခါ၊ လက်တလှုပ်လှုပ်နှင့် ပါးစပ်က ဘာတိုးတိုး တိုးတိုး ရွတ်မှန်းမသိ ရွတ်ကာ တန်ဆောင်းအပြင်ဘက်ထွက်သွားပါတော့သည်။ တော်သူစံကတော့ နောက်ကလိုက်မသွားဘဲ အဘွားကြီးကတော့ အရွယ်နဲ့ မလိုက်သော ခြေလှမ်းတွေနဲ့ ဘုရားရင်ပြင်တစ်လျှောက် လျှောက်သွားတော့လေသည်။

တော်သူစံသည်အတန်ကြာရပ်ကြည့်နေမိပြီးမှ အသိဝင်လာကာ ဘုရားမှ ထွက်လာခဲ့ပြီး ရပ်ထားသော သူ့ကားပေါ် ငေးငေးငေါင်ငေါင်ဖြင့် ခင်ထိုင်လိုက်ပါသည်။

ကားထဲမှာ သွားလေရာ သူသယ်သွားတတ်သော ပုံဆွဲ စာအုပ်ကြီး ပါပါသည်၊ သူ့အပြင်ထွက်ရင် လက်မှာပွေ့ချီတစ်မျိုး၊ ဒါမှမဟုတ် လက်ကိုင်ကို ကိုင်၍တစ်မျိုး သယ်သွားနေကျ ယောကျာ်းကိုင် သားရေအိတ်တစ်လုံးထဲတွင် သူ၏ သုတေသန ဆိုင်ရာ စာရွက်စာတမ်းများနှင့် ရောင် တစ်ခုအပြင် ဒီပုံဆွဲစာအုပ်ကြီးကလည်း ထည့်ယူနေကျဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူ ထိုစာအုပ်ကြီးကို အလိုလိုပင် ထုတ်ကြည့်ချင်စိတ်ဖြစ်လာသောကြောင့် ထုတ်ကြည့်မိလေသည်။

ပုံဆွဲစာအုပ်ကြီးမှာ နေရာလပ်မကျန်အောင် အခုတော့ ပုံတွေပြည့်နေသည်။ အများစုပုံတွေကတော့ မထင်မရှား မသဲမကွဲရှိလှသော အကြမ်းခြစ်ထားသည့် ရှေးခေတ်မင်းသမီး ပုံတွေဖြစ်ပေမဲ့ နောက်ဆုံးအသေသတ်ဆွဲခြစ်ခဲ့သော ပုံကြမ်းကတော့ ပီပီပြင်ပြင် ရှိလှသည်။ ပုဂံမှာရှိသော တစ်ညက သူ ဒီပုံကို အပြီးသတ် အမှန်ကန်ဆုံး အတိကျဆုံး ဆွဲနိုင်ခဲ့တာလည်းဖြစ်သည်။

ဒီပုံလေးကို ဆွဲပြီးစဉ်က သူတစိမ့်စိမ့်ကြည့်မဆုံးဖြစ်ကာ ရင်ထဲတွင်လွမ်းမောကြေကွဲသောခံစားရမှုကိုအခုထိသတိရနေသေးလေသည်။ ချစ်သူကို လောလောလတ်လတ်ဆုံးရှုံးပြီးစ လူတစ်ယောက်လိုပဲ သူတကယ်ခံစားခဲ့ရပါသည်။ အခုတော့ အဖြစ်အပျက်၊ အကျိုးအကြောင်းတွေကို မယုံလို့ မရတော့ဘူး။ ဒီအဘွားကြီးပြောတာတွေကို ယုံတယ်ရယ်မဟုတ်လှပေမယ့် ဒါဟာ တကယ်ဖြစ်ခဲ့ဖူးတယ်ဆိုတာတော့ ခံစားနေရပြီသည်။

ကလျာပဘာ လား။ မင်းနာမည်က ကလျာပဘာ ဖြစ်ခဲ့သလား ... မိန်းကလေးရယ် ...။ ငါကရော မြတ်ထိပ်တင်လား။ ဘာတွေလဲ တကယ်ယုံရမလား။ ယုံသင့်သလား။ ဒီခေတ်ကြီးထဲမှာ ဒါတွေကို ယုံလိုက်ရမလား"

* * *

## အပိုင်း(၁၂)

သွင်သည် သံတမန်များမှတစ်ဆင့် သွင့်ရဲ့ အိမ်ခန်းထဲကို ပြန်ရောက်လာရသောအခါ စိတ်ထဲမှာ မတင်မကျဖြစ်သွားရပြန်သည်။ သွင်ဒီတစ်ခါ ထပ်သွားခဲ့သော အတိတ်ဘဝတစ်ခုကတော့ သွင် ဟာ (၁၉၆၀) ပြည့်လွန်နှစ်များဆီကို ပြန်ရောက်သွားခဲ့တာ ဖြစ်ပြီး သွင်က သာမာန်ရှမ်းပျိုမြူမိန်းကလေးဖြစ်သည်။ မိခင်ဖခင်တို့နှင့် ရှမ်းတောင်တန်းများမှာ သာအတူလုပ်ရင်း ဘဝကို ပျော်ရွှင်အေးချမ်းစွာ ဖြတ်သန်းနေခဲ့သူဖြစ်သည်။ သို့သော် သွင်က မန္တလေးမှ အလည်လာသော မြို့သားလေးကို ချစ်မိသွားသည်။ ထိုမြို့သားလေး မြို့မပြန်ခင်မှာ သွင်၏ လူဝင်စားရှမ်းမလေးက ဆိုလှပျိုကို ချစ်ကြောင်းပြန်အဖြေပေးလိုက်ပါသည်။

အဖြေပေးပြီးပြီးချင်း နောက်တစ်နေ့ မနက်မှာပင် ဘာအတွက်ကြောင့်ရယ်မသိ ရုတ်တရက်ကြီးပင် အဖျားကြီး သတိလစ်ကာ နေ့တစ်ဝက်တောင် မခံဘဲ သေဆုံးရသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် သွင်၏ ချစ်သူ မန္တလေးသားလူချောလေးမှာလည်း သွင် တစ်ဘဝတွင်ဖြတ်ကန် ဆုံလိုက်ရသော အစ်ကိုတော်သူစံ မဟုတ်ပြန်၊ တခြားအမျိုးသားလေးတစ်ယောက်ဖြစ်နေပြန်သည်။ ဒီတော့သွင် စဉ်းစားစရာ ဖြစ်သွားပါသည်။

သွင်က "ကိုကိုမောင်" ဟူသော လူဝင်စားကို ပိုင်ဆိုင်ဖူးသည့် အစ်ကိုတော်သူစံကို တွေ့လိုက်စဉ်က ရင်ထဲတွင် လှုပ်ကန်နေအောင်ပင် အံ့ဩဝမ်းသာခဲ့ရဖူးလေသည်။ သွင်နဲ့ အစ်ကိုတော်သူစံတို့ဟာ ဘဝဆက်တိုင်း ချစ်သူတွေများဖြစ်ခဲ့သလားရယ်လို့ ဝမ်းသာပီတိဖြစ်မိတာပါ။

အခုတော့ မဟုတ်ပြန်၊ အစ်ကိုတော်သူစံ မဟုတ်သော တခြားအမျိုးသားလေးနဲ့လည်း သွင် တစ်ဘဝဟာ ချစ်သူဖြစ်ရပြန်တာပါပဲလား-ဆိုသော အံ့ဩစိတ်နှင့် မတင်မကျဖြစ်ရလေသည်။ သွင် အတော်ကြီးပင်ပန်းသွားပြန်လေရာ အခန်းထဲ ရောက်ရောက်ချင်းလဲ့အိပ်မိပြန်ပါသည်။

"မမ ...မကြီး...မကြီး...ဟာ...လုပ်ပြီ၊ အိပ်နေပြန်ပြီ...မေမေရေ ...မေကြီးရေ ဒီမှာ မမကြီးအိပ်နေပြန်ပြီ"

သွင့်ညီမ အငယ်ဆုံးလေး ဆူဆူညံညံအသံဖြင့် အိပ်ခန်းထဲ ဝင်လာကာ ခုတင်ပေါ်တက်ခုန်ရင်း သွင့်ကို နှိုးတာကြောင့် သွင် လန့်နိုးသွားပါသည်၊ အိပ်ချင်မူးတူးဖြစ်နေဆဲ သွင်သည် ရုတ်တရက် လာနှိုးလိုက်သော ညီမလေးကို စိတ်မဆိုးပေမဲ့ ခေါင်းတွေနောက်ကျိနေသေးသဖြင့် မရယ်နိုင်၊ မပြုံးနိုင် ဖြစ်နေပါသည်။

သွင် အိမ်မှာ ခဏခဏအိပ်ပျော်နေကာ အိပ်ပြန်လျှင်တော်ရုံနှိုးမနိုးသောကြောင့် အခုနောက်ပိုင်းအိမ်ရှိလူကုန် သွင့်ကို စောင့်ကြည့်နေကြကြောင်း သွင်သိပါသည်။





ဖေဖေ၊ မေမေနဲ့ ကိုကြီးမင်းညိုတို့က သွင်ဟာ မူးယစ်ဆေးတစ်ခုခုသုံးနေသလား ဟုပင် သံသယရှိနေကြောင်း သွင် သိပါသည်။ သွင့်ကိုလည်းဆရာဝန်ပေါင်းများစွာနှင့် တွေ့ပေးပြီး ဆီးစစ်၊ သွေးစစ်၊ ဓါတ်မှန်ရိုက်၊ CT SCAN ရိုက်ဖြင့် ရောဂါတွေလည်း ရှာကြသည်။ သို့သော် သွင့်မှာ ဘာရောဂါမှလည်းမရှိ၊ ဆီးထဲမှာလည်း မူးယစ်ဆေးဝါးသုံးထားသောသဲလွန်စမျိုးပင် မရှိဖြစ်နေသဖြင့် သူတို့ တော်တော်ခေါင်းခြောက်နေကြကြောင်း သွင် နားလည်လေသည်။

အခုနောက်ပိုင်း သွင် အိပ်နေတာမြင်လျှင် အတင်းလာနှိုးကြတဲ့အထိ သွင့်ကို စောင့်ကြည့်နေကြတာမျိုးဖြစ်လာသည်၊ မေမေကဆို...

"တစ်ခါတလေကျ အတွင်းရောဂါရှာမရတာမျိုးဖြစ်နေပြီး စိတ်ရောဂါတစ်ခုခုကြောင့်လည်း၊ အားနည်းပြီး တခွေခွေလုပ်နေတတ်တာမျိုးရှိတယ်လို့ ကြားဖူးတယ်၊ ဒီတော့ သူ့ကို အိပ်မနေစေနဲ့ သိလား။ အိပ်ရာကနိုးနေစေပြီး စိတ်ပြောင်းအောင် လုပ်၊စိတ်ရောဂါကု ဆရာဝန်နဲ့ပြဖို့ဆိုတာကလည်း တော်တော်စဉ်းစားရဦးမယ်၊ တော်ကြာ မပြခင်ကအကောင်းကြီးမှ ပိုဆိုးလာရင် ခက်မယ်"

ဟု၍ ဖေဖေ့ကို တီးတိုးတိုင်ပင်နေသံပင် သွင်ကြားထားပါသည်၊

"သီရိ ...သီရိ ...တော်ပြီ အော်ဟစ်မနေနဲ့တော့ ငါနိုးနေပြီ"

"ဟီဟိ ... မမကြီး...မတွေ့လိုက်ရမှာစိုးလို့ လာနှိုးတာ"

"ဘာ"

သီရိသွင် ခုန်ဆွခုန်ဆွဖြင့် မျက်လုံးလေးပြူးကာ ...

"ကိုကြီးမင်းညိုရဲ့ဆရာ ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု...သတင်းပေးလေသည်။ သွင့် ရင်ထဲမှာ ဒိန်းကနဲ ဖြစ်သွားပါသည်။

"သူလာတော့ဘာဖြစ်လဲငါမတွေ့လိုက်ရမှာရောနင်ဘာကြောင့်စိုးရိမ်လဲ"

"မမကြီးပဲ သီရိကို ပြောဖူးတယ်လေ... ဆရာဦးတော်သူစံက သိပ်ကြည့်ကောင်းတာပဲဆို"

"အံမာ ...ဒါမျိုးကျ သိပ်မှတ်မိတယ်"

"မေမေကလည်းပြောတယ်"

"ဟာ ...မဟုတ်ပါဘူး။ မေမေ့ကို ဆရာဦးတော်သူစံနှင့်ပတ်သက်ပြီး ဘာမှမပြောပါဘူး။ မေမေ့ဘာသာပြောတဲ့ စကားကြောင့်ပါ မေမေက မမကြီးတစ်ယောက်တည်း ငေးငေးငေါင်ငေါင်နဲ့ သူငယ်ချင်းတွေနဲ့လည်း သိပ်မတွေ့တော့တာမကောင်းဘူးတဲ့။ ရည်းစားရှိရင်လည်း ကောင်းသားတဲ့ ...စိတ်အပြောင်းအလဲဖြစ်ပြီး စိတ်ရောဂါမရတော့ဘူးပေါ့တဲ့ အဲဒါကြောင့် ဆရာဦးတော်သူစံနဲ့ မမကြီးရည်းစားဖြစ်သွားရင်ကောင်းမယ်ဆိုပြီး သီရိဘာသာ စိစဉ်နေတာ ...ဟီဟီ..."

"အံမာ ...တီးထည့်လိုက်ရ ...ကလေးကဒါမျိုးပြောစရာလား"

"မမကြီး ...လာပါ...ထပါ... အောက်ဆင်းရအောင်ပါ။ ဆရာဦးတော်သူစံကို ကိုကြီးရော မေမေကပါ အတင်းခေါ်လို့ညနေစာ ထမင်းစားမယ်တဲ့ မမကြီး ချစ်စရာကောင်းအောင် ပြင်ပြီး ဆင်းလာခဲ့နော်"

"သွား...သွား...နင်ဆင်းနင့် ...ငါရေချိုးလိုက်ဦးမယ်..."

"မမကြီး ...ပန်းရောင်ဂါဝန်လေး ဝတ်နော် ။ အရုပ်ခလေးတွေပါတဲ့ ဂါဝန်... ။အဲဒီဂါဝန်လေးက မမကြီးနဲ့ လိုက်တယ်"





သွင် ညီမငယ်ကို ခေါင်းတစ်ချက်ပုတ်ပြီးနောက် ရေချိုးခန်းထဲဝင်ခဲ့ပါသည်။ တကယ်တော့ မနက်စောစောထဲကသွင် ရေချိုးပြီးပါပြီ။ ဒါပေမယ့် ခုနကအိပ်လိုက်ရတာရော၊ ဘာတွေမှန်းမသိသောအိပ်မက်တွေကြောင့် မောပန်းချွေးပြန်ပြီး ပင်ပန်းသလို ခံစားလိုက်ရတာကြောင့်ရော သွင် ရေထပ်ချိုးချင်သွားတာနဲ့ ရေချိုးလိုက်တာဖြစ်သည်။

ဘာလိုလိုနဲ့ အစ်ကိုတော်သူစံနဲ့ မတွေ့ဖြစ်တာပင်...တော်တော်ကြာသွားပြီ။ ပုဂံသွားဖို့ လေဆိပ်လိုက်ပို့စဉ်ကသာ ခဏတဖြုတ်ခဏလေး ဆုံလိုက်ရတာပဲ ရှိသည်။ တစ်လကျော်တောင် ကြာပြီထင်သည်။ သွင့်အတွက်တော့ နေ့ရက်တွေဟာ ကျောင်းကို ဝတ္တရားကျေ သွားတယ်။ ကျောင်းပြီးတာနဲ့ အိမ်တန်းပြန်ဖို့ပင်...အာရုံရှိနေကာ၊ သူငယ်ချင်းတွေနဲ့တောင် အနေဝေးသလို ဖြစ်နေခဲ့သည်။ သူငယ်ချင်းတွေကတော့ ခပ်စိမ်းစိမ်းလိုနေသွားသော သွင့်ကို နားမလည်နိုင်သော မျက်လုံးတွေနဲ့ ကြည့်ကျန်ရစ်ခဲ့တာ ကြာပြီ။ ဘာမှတော့ ဖွင့်မမေးသေးပေမဲ့ ... တစ်နေ့ကျရင်တော့ မေးလာတော့မည်ပင်။ အရင်က တစ်တွဲတွဲရှိနေပြီးမှ သွင် ဘာတွေ စိတ်ပြောင်းသွားသလဲ ဆိုတာ သူတို့ သိချင်ကြပေလိမ့်မည်။

သွင် . . . ရေချိုးပြီးသောအခါ ကရင်(မ) လေး နည်းနည်းပွတ်၊ သနပ်ခါးရေကျဲလေး လိမ်းကာ သီရိမှာသလို ပန်းရောင်ဖျော့ဖျော့ ဂါဝန်ရှည်လေးကို ဝတ်လိုက်ပါသည်။ ပန်းရောင်ဖျော့ဖျော့လေးပေါ်မှာ ပန်းခရမ်းများ၊ ခရမ်းရင့်များ၊ အနီရင့်များ၊ ရောယှက်နေသော Fairy (ဖဲရီ) ဟုခေါ်သည့် နတ်သမီးရုပ်သေးသေးလေးပါသည့်အဆင် အိမ်နေရင်း မက်ဆီပုံစံဂါဝန်ရှည်လေးက တော်တော်ရှည်သဖြင့် လမ်းလျှောက်လျှင်၊ လှေကားပေါ်မှ အဆင်းအတက်လုပ်လျှင် အသာလေးမကာ သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ...သွင် ဇတောင်ဆင်းလာပြီ"

သွင့်ကို ပြုံးနေသော မျက်ဝန်းတွေဖြင့် လှမ်းကြည့်လိုက်သော မျက်မှန်အောက်မှ ဦးတော်သူစံ၏ မျက်ဝန်းတွေကို သွင် ရင်ဆိုင်ရလေသည်။

"အစ်ကိုတော်သူစံရောက်နေတယ်နော်။ မတွေ့တာတောင်ကြာပြီ"

"ဟုတ်တယ်"

တော်သူစံက အလိုက်အထိုက်ပြောသလို ဖြေပေမဲ့ သူ့စကားသံမှာ နွေးထွေးရင်းနှီးမှုကို ပြနေသည်။သွင့်ကို သူဖြတ်ကာနဲ ကြည့်ရုံကြည့်ပါသည်။ ပြီးတော့ တစ်ချက်မှ အသေအချာထပ်မကြည့်တော့သောအခါ သွင့်ရင်ထဲမကျေမနပ်ဖြစ်ရသည်။ သွင်ကတော့ ညီမဖြစ်သူ အကြံပေးတဲ့အတိုင်း ချစ်စရာကောင်းတဲ့ အရောင်လေး ဝတ်ပြီး သူ့ရှေ့ထိုင်နေလိုက်ရတာ သူကတော့ အရေးတယူ မရှိဘူး။

"ဆရာတော်သူစံရှင်၊ မေမေက ထမင်းစားခန်းကို ကြွပါလို့ ဖိတ်ပါတယ်ရှင်"

သီရိထွက်လာပြီး ကိုကြီးတို့နှစ်ယောက်ရှေ့လာရပ်ပြောလျှင်...

"လိမ္မာလိုက်တာကွယ်...ကိုမင်းညို ညီမက တကယ်အလိမ္မာလေးပဲ"

"ဟားဟား ...ဆရာချီးကျူးမစောပါနဲ့ဦး။ ဒါ သူ့ကို မေမေသင်လွှတ်လိုက်တာ။ သူ့ဘာသာဆိုပြောပါလိမ့်မယ်၊ အခု ဒီနေ့က ထူးထူးခြားခြားကို လိမ္မာပြနေတာ အကြောင်းရှိမယ်"

"ကိုကြီးကလည်း မီး တကယ်လိမ္မာပါတယ်"





"ဟုတ်ပါတယ် ...ကိုမင်းညိုရဲ့ ကလေးကလိမ္မာပါတယ်။ ဆိုးတယ်ဆိုတဲ့ကလေးတွေက ဘယ်လိုမှ သွန်သင်လို့မရအောင် ဆိုးတာဗျ"

သွင်က ကိုကြီးတို့ ဝင်မလာခင် ထမင်းစားခန်းထဲကို သီရိနှင့်အတူဝင်လာပါသည်။ သွင်တို့အိမ်မှာ ထမင်းစားခန်းက သီးသန့်ဖြစ်သည်။ မီးဖိုခန်းကလည်း ခေတ်မီနံရံကပ်ဗီရိုများ၊ လျှပ်စစ်မီးဖို၊ ဂက်(စ)မီးဖိုများနှင့် မီးခိုးကြပ်ခိုးမရှိ။ ရှုပ်ပွမနေပေမဲ့ အိမ်လည်းကျယ်သော အခန်းတစ်ခန်းလို ထမင်းစားခန်း သီးသန့်ဖွဲ့ထားတာမျိုးဖြစ်ပါသည်။

အိမ်ဖော်နှစ်ယောက် ရှိပေမယ့် သွင်က သူတို့နဲ့အတူ ပန်းကန်တွေ နေရာချနေစဉ် ကိုကြီးမင်းညိုတို့ ဝင်လာသည်။ ဖေဖေကတော့ ညစာဒီနေ့ မစားဖြစ်ချေ။ ညစာစားပွဲတစ်ခုရှိ၍စောစောမပြန်နိုင်ပါ။

"ထိုင်ပါ ဆရာ"

"အားလုံးပဲ တစ်ခါတည်း ဝင်စားကြမယ် မဟုတ်လား"

"စားမှာပေါ့။ အိမ်မှာများသောအားဖြင့် လူမစုံကြတော့ ရှိသလောက်လူနဲ့ပဲ ညစာစားဖြစ်ကြတာများတယ် မောင်တော်သူစံရေ။ သမီးကလည်း ခုတလော အိမ်မှာသာရှိတာ အိပ်အိပ်နေလို့ အတင်းနှိုးပြီး စားခိုင်းရတယ်"

"မေမေ ...ထမင်းစားမယ့်ဟာ ဘာတွေလျှောက်ပြောနေတာလဲ အစ်ကိုတော်သူစံ စိတ်ညစ်နေပါ့မယ်"

သွင်က မပြောစေချင်သဖြင့် အမေကို ဟန့်မိသည်။ တော်သူစံကတော့ ခပ်ပြုံးပြုံးဖြင့် ဖွန်းခက်ရင်းကိုင်ရင်း သွင့်ကိုကြည့်ပါသည်။ သွင်သည် ကိုယ့်ဘဝရဲ့ ရှုပ်ထွေးမှုကို ဘာမှအသေအချာ မရှင်းလင်းရသေးခင်မှာ တော်သူစံကို အသိမပေးချင်သေးပါ။ သွင့်ရဲ့အတိတ်တစ်ဘဝမှာ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ပါဝင်ခဲ့ဖူးသော ကိုတော်သူစံနဲ့ ဒီဘဝကျမှ သွင်ဘာကြောင့် ပြန်ဆုံရသလဲ။ ကျန်တဲ့ဘဝတွေတုန်းက ဘာကြောင့် ချစ်သူအဖြစ် မဆုံရလဲ။ သွင်က ဘဝဆက်တိုင်း ချစ်သူဖြစ်ခဲ့ဖူးသည်ဆိုတာကိုသာ တောင့်တမိနေသည်။

သွင်သိချင်တာက ကလျာပဘာ ၏ ချစ်သူဖြစ်ခွင့်ရသော ယောကျာ်းကိုပင် ထိုသူဘယ်သူဖြစ်ခဲ့သလဲဆိုတာ သွင်ခုထိ သိခွင့်မရသေးပဲ သွင် သွားလည်ခဲ့ဖူးသော ဘဝဟောင်းတွေဆီက ချစ်သူယောကျာ်းကိုသာ သိခဲ့ရတာမျိုး ဖြစ်နေသည်။ အခုနောက်ပိုင်း သွင် အတိတ်ဘဝတွေဆီ ပြန်သွားတိုင်းလည်း ကလျာပဘာ ဆီပြန်မရောက်နိုင်ဘဲ ရှိနေသည်။

"ဒါက ငါးဖယ်ဆီပြန်ပါ ဆရာ ခရမ်းချဉ်သီးအနှစ်ကလေးနဲ့ ချက်ထားတာ၊ ကြက်သားကြော်ကတော့ သီရိက ငါးဖယ်မကြိုက်လို့ ကြော်ထားတာဆိုပေမဲ့ အိမ်ကလူတွေက ကြက်သားကြော်ဆို ဒီအတိုင်းလည်း စားကြတော့ များများလေးကြော်ရတယ် Broccoli (ဘရော့ကော်လီ) (ပန်းဂေါ်ဖီစိမ်း)ကတော့ သွင်က သိပ်ကြိုက်တာလေ ပေါင်းပြီး ဒီအတိုင်းလည်း စားတယ်၊ ခရုဆီလေးနဲ့ ကျက်ရုံလေးကြော်လည်း သူက ဒီအတိုင်း ထမင်းနဲ့ စားတယ်၊ ငါးခြောက်ထောင်းကြော်လည်း ထည့်ပါဦး။ သားကြီး မင်းက နီးနေတာ ဆရာ့ကို ထည့်ပေးလေကွယ်"

"ရပါတယ် ... ရပါတယ် ... အန်တီတို့စားကြပါ၊ ကျွန်တော့်ကို ဧည့်သည်လိုသဘောထားမနေပါနဲ့ ဟင်းလည်း ကိုယ့်ဘာသာထည့်ပါမယ် ခင်ဗျာ"

တော်သူစံက စကားနည်းနေပြီး ထမင်းတွေကို မွှေတာများများ စားတာနည်းနည်း လုပ်နေသော သွင့်ကို အကဲခတ်မိသည်၊ ခုနကတော့





ရွှင်ရွှင်ပျပျပေမယ့် ခုတော့ ငေးငေးငေါင်ငေါင်နဲ့ပါလား။ သူ့အစ်ကိုတွေ မိဘတွေ စိုးရိမ်သလိုတော့ ဆေးတွေဘာတွေ စွဲနေတဲ့ ပုံစံလည်း မဟုတ်ပါဘူး၊ ဘာများ ဖြစ်နေသလဲ၊ မင်း အပူတပြင်းနောက်က လိုက်ရတဲ့ အဘွားကြီးကို ကိုယ်လည်းတွေ့ပြီးပြီလို့ ပြောပြလိုက်ရင် သွင် ဘယ်လိုဖြစ်သွားမလဲ။

အကြားအမြင်တွေ၊ ဗေဒင်တွေ စိတ်ဝင်စားပုံရသော သွင့်ကို သူမှာအတိတ်ဘဝတစ်ခုရှိကြောင်း သူဟာ လူဝင်စားဖြစ်ကြောင်း ပြောပြလျှင် သွင် ဘာများပြောမလဲ။

"ကလေးတို့အဖေတော့ ဒီနေ့ညစာစားပွဲတစ်ခု တက်ရမှာမို့ အချိန်မီပြန်မလာနိုင်ဘူးလေ၊ နောက်မှ အဖေပါ ဆုံရပါတယ်"

"ဪ ဟုတ်တယ်နော် အန်ကယ်လည်း ပြန်မရောက်သေးဘူး ပဲ"

"ညစာစားပွဲတွေ ခဏခဏတက်ရလွန်းတော့ အန်တီလည်း အခေါက်တိုင်းမလိုက်ချင်တော့တာနဲ့ နေခဲ့တာ ဟိုတယ် စာတွေ ညဘက် ကြာခဏပေါ့ တစ်ပတ်သုံးရက်လောက် စားရရင် လူက သိသိသာသာ ဝိတ်တက်သွားတတ်လို့ သတိထားနေရတယ်"

"အန်တီရော အန်ကယ်ရော သိပ်မဝပါဘူး၊ ကြည့်ကောင်းပါတယ်"

"ဟုတ်တယ် ... လူကြီးတွေဆိုတော့ သိပ် ဝလွန်းရင်လည်း မကောင်းဘူးလေ ... ရောဂါဘယမျိုးစုံဝင်လာမှာ ကြောက်ရတော့ အစားအသောက်ကြည့်ရှောင်ရတာပေါ့။ အန်တီက မနက်ဆို ဒီအနားတစ်ဝိုက်က ရွယ်တူတွေနဲ့ ကန်တော်ကြီးဘက် လမ်းအတူလျှောက်ကြတယ်အန်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မနက်ဆို ဝေါ့(ခ်)ပုံမှန်လေးထွက်ရိုက်တယ်။ ဒါတောင် မင်း အန်ကယ်မှာ သွေးတိုးက ဝင်နေပြီ။ အန်တီမှာတော့ arthritis (အာသရိုက်တစ်(စ်)) ရှိတော့ "အအေးမိရင် အဆစ်အမြစ်တွေ ကိုက်တာလည်း တစ်ဒုက္ခ"

မေမေက သူခင်မင်တဲ့သူဆိုရင် ခင်မင်တတ်တဲ့အလျှောက်ပင် စကားတွေ ဝေဝေဆာဆာပြောကာ ဦးတော်သူစံကို ဧည့်ခံပါသည်။ စကား ခဏပြတ်သွားတော့ သီရိက ဖြူနီးဆိုလက်ညှိုးလေးတစ်ချောင်းထောင်ကာ ခွင့်တောင်းလိုက်ပြီး...

"မီးမီး တစ်ခုမေးချင်တယ်မေမေ"

"မေး ...မေး...ဘာလဲ"

"မေမေ့ကို မဟုတ်ဘူး။ ဆရာဦးတော်သူစံကိုပါ"

အားလုံးက ဘာရယ်မဟုတ် အသံထွက်ရယ်လိုက်ကြပါသည်။ ဦးတော်သူစံက ချစ်စနိုးမျက်လုံးတွေနှင့် သီရိကို စိုက်ကြည့်ရင်း...

"မေးပါဗျာ ...မေးပါ... သမီးဘာမေးချင်တာလဲ"

သီရိကိုတော့ "သမီး" ၊ သွင့်ကိုတော့ "ကလေး" ဟုခေါ်တတ်သော ဦးတော်သူစံ၏အခေါ်အဝေါ်တွေကပင် သူ့ရင်ထဲက အကြောင်းနာတရားကို ပြသနေသကဲ့သို့ ရှိနေသည်။ သွင်ကား ကိုယ်သဘောကျမိသူမို့ အလိုအလိုနေရင်း ကျေနပ်သဘောကျနေပြီတည်း။

"ဆရာက ပုံဆွဲအရမ်းတော်တာပဲဆို"

တော်သူစံက မင်းညိုကို တစ်ချက်ကြည့်လိုက်မိရာ မင်းညိုမလှုံ မလဲရယ်ရင်း...





"ဆရာပုံလေးတွေ ဆွဲဆွဲနေတာတွေရှုးလို့ ကျွန်တော်ပြောမိတာကို ဒီကောင်မှတ်ထားတယ်ဗျာ"

ဟု...ဖြေလိုက်ပါသည်။

"ရပါတယ် ...ပုံဆွဲတာကို ကျွန်တော်လည်း လျှို့ဝှက်မထားပါဘူး။ စိတ်ထဲမှာ ဆွဲချင်စိတ်ပေါ်လာတာလေးတွေကို ဆွဲတဲ့သဘောပါ ကျွန်တော် ငယ်ငယ်က ပုံတွေ သိပ်ဆွဲတယ် ဆရာ မရှိဘဲနဲ့ ဆွဲတာတောင် လက်ရာ အရမ်းကောင်းနေလို့ မိဘတွေက ဆရာကောင်းနဲ့ အပ်ပေးပြီး သင်ပေးခဲ့ဖူးတယ် ...အင်း...ဒါပေမယ့် နာမည်ကျော်ပန်းချီဆရာကြီးတော့ ဖြစ်မလာခဲ့ပါဘူးလေ"

"သီရိလည်း ပန်းချီဝါသနာပါလို့ သင်တန်းတွေ ပေးတက်ခိုင်းပါတယ်...ဒါပေမယ့် သူက ဘာဝါသနာပါမှန်းကို မသိဘူး။ ဟိုစပ်စပ် ဒီစပ်စပ် ဖြစ်နေတော့ တစ်ခုခုမှာ မထူးချွန်တော့ဘူး။ သူငယ်ချင်းက ဂစ်တာဆိုရင် သူလဲ ဂစ်တာ၊ ပီယာနိုဆို ပီယာနို ဖြစ်နေတော့ သူတကယ်ပါရမီရှိတဲ့ ပန်းချီကို စိတ်မနှစ်တော့သလို ဖြစ်သွားတယ် ။ အခုလည်း ဆရာ့ပုံတွေကြည့်ချင်တာ အလကားဗျ ...စပ်စုချင်တာ ပညာယူဖို့မဟုတ်ဘူး"

"ကိုကြီးမင်းညိုနော် ...မီး တကယ်ကြည့်ချင်တာ အလကား ကြည့်ချင်တာမဟုတ်ဘူး"

"ကဲ ...သမီးက အလကားမကြည့်ဘူးဆိုရင်ပြောပါဦး၊ တစ်ပုံ ဘယ်လောက်ပေးကြည့်မှာလဲ"

တော်သူစံကပါ အတည်ပေါက် ဝင်ပြောလေရာ သီရိတစ်ယောက် မျက်လုံးလေးပြူးကာနေတော့သည်။ လူကြီးတွေအားလုံး ချစ်ဖွယ်ရယ်လိုက်ကြပါသည်။ ထမင်းစားပြီးသောအခါ သွင်က မေမေနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်တွေကို ဦးစီးပြီး ပန်းကန်တွေ သိမ်းနေစဉ် သီရိတစ်ယောက်ကတော့ တောသူစံနားက မခွာတော့ဘဲ ပန်းချီစာအုပ်ကို ကြည့်ဖို့သာ စိတ်ပါနေတော့သည်။

သွင်သည် ပန်းကန်တွေကို ပန်းကန်ဆေးစက်ထဲ စီထည့်ရင်း သွင့်နားတစ်ဝိုက် လှည့်လည်နေသော အရိပ်များကို စိတ်ရှုပ်သလို မျက်လုံးတွေကြည့်လိုက်ရင်း...

"အခု မသွားသေးဘူး၊ မသွားချင်သေးဘူး၊ ငါ သူနဲ့ စကားတွေ ပြောချင်သေးတယ်"

ဟု ခပ်တိုးတိုး ရွတ်မိပါသည်။

မေမေက သွင့်ကို သတိထားမိပြီး...

"သွင်...သမီး ...ဘာတွေရေရွတ်နေတာလဲ"

"ဘာမှမဟုတ်ပါဘူးမေမေ"

"သွား ...သွား ...ဆက်လုပ်မနေနဲ့တော့၊ ဦးတော်သူစံနဲ့ စကားသွားပြောရင် ပြောတော့လေ၊ သီရိတောင် သူ့ပန်းချီပုံတွေ ကြည့်နေပြီ သမီးလည်းသွားလိုက်ပါဦး"

"သွင်မှ ပန်းချီ စိတ်မဝင်စားတာ"

"သွင်ရယ်...သွားပါကွ ...ညှေ့သည်နဲ့စကားလေးဘာလေးပြော၊ နောက်နေ့ခတွေကျ သူငယ်ချင်းတွေခေါ်ပြီး ဈေးတွေဘာတွေထွက်ဝယ်ပါဦး။ ကြည့်လိုက်ရင် အိမ်ထဲပဲ အောင်းပြီး ငုငုငေါင်ငေါင်နဲ့ မေမေအဲဒါမကြိုက်ဘူး။ ကိုယ့်သားသမီး ဒီလိုဖြစ်နေတော့ မေမေလည်း စိတ်မချမ်းသာဘူး"





"သွင် ဘာမှမဖြစ်ပါဘူး မေမေရယ် ...ဘာမှမဖြစ်ချင်တဲ့ အကြောင်းပြောလည်း မေမေကမှ မယုံတာ"

"ကဲ...သွား...သွား...အပြင်ထွက်တော့"

သွင် မေမေ့နားက ထွက်ခဲ့ပါသည်။ တကယ်တော့ သွင်လည်း အစ်ကိုတော်သူစံနဲ့ စကားပြောချင်ပါသည်။ သို့သော် သွင်တို့ဆုံးဖူးတာမှ သုံးလေးခါပင် မပြည့်လေရာ ဘာစကားတွေပြောရမှန်းမသိ။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

"သွင် ...နေကောင်းရဲ့လား"

တော်သူစံက ဖြူဖတ်ဖြူလျော် မျက်နှာလေးနှင့် သင မေ့တော့မလိုလိုဖြစ်သွားသော သွင့်ကို သတိထားမိလေရာ ခပ်တိုးတိုး မေးလိုက်သည်။ သီရိနှင့်အတူ ပန်းချီပုံတွေကြည့်နေသော တော်သူစံတို့ အနားသွင်ရောက်လာသောအခါမှာတော့ သွင်သည် ယိုင်လဲတော့မလိုမျက်နှာနှင့် ဖြစ်သွားပါသည်။ မင်းညိုကတော့ ဆရာဦးတော်သူစံ၏ ပန်းချီပုံတွေကို တအံ့တသြပင် သီရိနှင့်အတူထိုင်ကြည့်နေမိလေရာ သွင် ရုတ်တရက် အပြောင်းအလဲဖြစ်သွားတာကို မတွေ့လိုက်။

"သွင် ...ညီမလေး...ဟုတ်သားပဲ ဘာဖြစ်နေတာလဲ"

"ဒီနားရောက်ရောက်ချင်းပဲ သူ့မျက်နှာတွေ ဖွေးကနဲ ဖြစ်သွားပြီး ပျော့ခွေသွားတာ"





သွင်သည် သီရိလှန်ထားသော ပန်းချီပုံတစ်ပုံကို ငေးစိုက်ကြည့်ရင်းမှ...

"အစ်ကို ...အစ်ကိုတော်သူစံ သိပြီးနေပြီပေါ့။ ဒီအကြောင်းတွေ သိပြီးနေပြီပေါ့ ...ဒါကို ...အစ်ကိုတော်သူစံ လက်ခံလိုက်ပြီပေါ့"

ဟု၍ တတွတ်တွတ်ရွတ်နေသည်။

သွင် အသံက အိပ်မက်ထဲမှာ ယောင်၍ရွတ်သလိုပင် ဗလုံးဗထွေးဖြစ်နေသည်။ မျက်လုံးတွေက မပွင့်တပွင့်နှင့် မေးစင်းလျက် ထိုပန်းချီပုံကို အာမလွှတ်တမ်းကြည့်နေသည်။ အားလုံးက သွင်မျက်လုံးတွေငေးစိုက်ရာကို ကြည့်မိပေမဲ့ သွင် ဘာကိုဆိုလိုချင်မှန်း မသိဖြစ်နေကြသည်။

"သွင် ...ဘာဖြစ်တာလဲ"

မင်းညို စိတ်မရှည်တော့ဘဲ...သွင့် ခေါင်းကို ငယ်ထိပ်မှနှုပ်ကိုင်၍ လှုပ်ခါပြီး ထပ်မေးလိုက်သည်။

"သူ...သူ့ကို သွင်သိတယ် သွင်သိသလို အစ်ကိုတော်သူစံလည်း သိနေတယ်လို့ ထင်တယ်။အဲဒါဟုတ်လားဟင်...အစ်ကိုတော်သူစံ သူ့ကို သိလို့လား"

မင်းညိုက ပန်းချီပုံထဲက ရှေးခေတ်မိန်းကလေးကိုကြည့်လိုက်၊ တော်သူစံကိုကြည့်လိုက်၊ သွင့်ကို ကြည့်လိုက် ဖြစ်ကာ အဖြေရှာမရဖြစ်နေသည်။

တော်သူစံကား...သွင်နှင့် ဆက်စပ်ပတ်သက်နေပုံရသော သူ့အိပ်မက်ထဲက မိန်းမချောအကြောင်း ဘယ်လိုရှင်းပြရမှန်းမသိ။ ဒါဟာ စိတ်ကူးယဉ်ပြီး ဆွဲထားတာလို့ ပြောလိုက်သင့်လား။



www.burmeseclassic.com

www.burmeseclassic.com



"သွင် ...ဒါ...ဆရာ သူ့ဘာသာဆွဲထားတာလေး၊ နင်က ...ဘာတွေပြောနေတာလဲ"

မင်းညိုက အားနာသည့်ဟန်ဖြင့် တော်သူစံကို ကြည့်ပါသည်။

"သွင် ...ပြောပါ၊ သွင်ဘာကို ပြောပြချင်တာလဲ၊ ကျွန်တော်လည်း သိချင်ပါတယ်။ ဒီမိန်းကလေးအမည်ကို သိချင်နေတယ်"

တော်သူစံ၏ တုံ့ပြန်စကားကြောင့် မင်းညိုအံ့သြငြိမ်သက်သွားသည်။

"အစ်ကိုတော်သူစံကရော ဒီပုံဘာဖြစ်လို့ ဆွဲထားတာလဲ၊ ဒီ တစ်အုပ်လုံးမှာ သူ့မျက်လုံးပုံပဲဆွဲလိုက်၊ ဆံပင်ပဲဆွဲလိုက်၊ ဘေးတစ်စောင်းမသဲမကွဲလေးပဲဆွဲလိုက် ပုံစံအမျိုးမျိုးဆွဲထားတာ ဘာကြောင့်လဲ သူ့ဘေးမှာ ပြင်ဆင်ဖွဲ့စည်းထားတဲ့ အခန်းတို့ ပတ်ဝန်းကျင်တို့ကရော ဘာတွေလဲ"

"သွင်က ကျွန်တော့်ကို ဘာဝန်ခံစေချင်တာလဲ"

"အစ်ကို ဒီအကြောင်းတွေ သိထားပြီးပြီလို့ထင်တယ်"

"အမှန်အတိုင်းပြောမယ်"

တော်သူစံ ဘာမှမပြောသေးဘဲ ခေတ္တအသံတိတ်၊ လေကိုပြင်းပြင်းရှူသွင်းလိုက်ကာ...

"ကျွန်တော်ဒီပုံတွေကိုအိပ်မက်မက်ပြီးတိုင်း ဆွဲထားချင်စိတ်ပေါ်လာလို့အိပ်မက်ထဲမှာ တွေ့တာလေးတွေ အကြမ်းချစ်ထားမိတာပါ။ ပုံတွေသာဆွဲထားတယ် ဘာမှန်း ရေရေရာရာမသိခဲ့ပါဘူး။ ကျွန်တော်နဲ့ တစ်ခုတစ်ခုတော့ ပတ်သက်နေမလားလို့ ခဏခဏသံသယရှိခဲ့ဖူးတယ်"

ဟု စတင်ပြောပြလိုက်ပါသည်။





"ဒီအိပ်မက်တွေထဲက ပတ်ဝန်းကျင်တွေ ဝတ်စားဆင်ယင်ပုံတွေကို မှန်းကြည့်ပြီး ပုဂံနဲ့ ခပ်ဆင်ဆင်တူနေတာမို့ ပုဂံမှာပဲ ရှေးဟောင်း သုတေသနလုပ်ငန်းတွေလုပ်တော့မယ်လို့ ဆုံးဖြစ်ပြီး မြန်မာပြည်ကိုပြန်လာခဲ့တာပါ။ အိပ်မက်တွေ မက်မက်နေတာတော့ ကျွန်တော်အရွယ်ရောက်ခါစပေါ့၊ လူပျိုပေါက်အရွယ်လောက်ကပဲ စပြီးမက်မက်နေတာ တဖြည်းဖြည်းနဲ့ နှစ်ကြာလာလေလေ အိပ်မက်ထဲမှာ မြင်ရတာတွေပါ ပီပြင်လာလေလေပေါ့။ တစ်လမှာ နှစ်ခါ သုံးခါ လောက်အမြဲမက်မက်နေတဲ့ အိပ်မက်ကို အာမှန်းမသိပေမဲ့ အဲဒီအိပ်မက်ထဲက မိန်းကလေးကို ချစ်ခင်နှစ်လိုမိလို့ သူတို့ ပိုးကနဲဝါးကနဲ မြင်လိုက်တဲ့ပုံလေးကိုပဲ ပုံကြမ်းဆွဲဆွဲထားမိတာပါ။

သွင်ကလွဲရင် မင်းညိုရော သီရိရော ပုံပြင်တစ်ပုဒ်ကြားရသလိုပဲ စိတ်ဝင်စားစွာ နားထောင်နေခဲ့ပါသည်။

"သွင် ... ကျွန်တော်ကလေးကို မပြောပြရသေးတဲ့ တစ်ခုလည်း ရှိတယ်...အဲဒါကတော့ သွင် အမြဲနောက်ကနေ ပြေးလိုက်လိုက်ပြီး အမိဖမ်းနေတဲ့ ယောဂီဝတ်အဘွားကြီးနဲ့ ကျွန်တော် ဗိုလ်တထောင်ဘုရားမှာ ဆုံလိုက်ရတယ်။ ကျွန်တော်ကျတော့ သူ့နောက်ကိုအမှီလိုက်စရာမလိုဘူး။ သူကကျွန်တော်ကို ခေါ်လို့ သူနဲ့သွား စကားပြောဖြစ်သွားတယ်၊ အဲဒီမှာ သူဘာ ကျွန်တော်အိပ်မက်တွေကို ကြိုသိနေသလိုလိုနဲ့ ပုံပြင်ဆန်ဆန်ဒဏ္ဍာရီဆန်ဆန် ခေတ်တစ်ခေတ်မှာ ဖြစ်ပျက်ခဲ့ဖူးတဲ့ အကြောင်းအရာတစ်ခုကို ပြောပြပါတယ်"

"ဆရာ ယုံရောယုံရဲ့လား"

"အင်း...ဘယ်လိုပြောရမလဲ ...ယုံသလိုလိုတော့ဖြစ်ပေမယ့် ဒါတွေက တကယ်ပဲရှိခဲ့သလား ဆိုတာ ဘယ်လိုမှ သက်သေမပြနိုင်ဘူးမို့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘာကြောင့်ဟန်ဆောင်နေရတာလဲ...အစ်ကိုယုံပါတယ် ...အစ်ကိုသိပါတယ်...ကလျာပဘာ ကို သိပါတယ်"

မင်းညိုက ညီမဖြစ်သူ၏ ဖွတ်တရွတ်အပြောကြောင့် ဆရာဦးတော်သူစံကို အားနာသလို မျက်လုံးတွေနှင့် လှမ်းကြည့်ရင်း...

"သွင် ...စိတ်ထိန်းလေ ...ညီမလေး၊ ဆရာ့ကို အားနာစရာကောင်းနေပြီနော်"

ဟုလည်း သတိပေးလိုက်ပါသည်၊

"ကလျာပဘာ ကိုသိတယ်ဆိုရင် သိတယ်လို့ ဘာလို့ ဝန်မခံရသေးတာလဲ"

"သွင် တော်တော့လို့ ပြောနေတယ်လေ"

မင်းညို သွင့်ကို စိတ်မရှည်တော့ဘဲ အော်ဟစ်လိုက်ပါသည်၊

"ကိုမင်းညို ရပါတယ် သွင့်ကို မအော်ပါနဲ့"

အမှန်တော့ တော်သူစံဟာ သူ့တပည့်လိုဖြစ်နေသော ကိုမင်းညိုရှေ့မှာ ဒီအကြောင်းအရာတွေ ဝန်ခံလိုက်ရမှာ ရှက်နေ၍ မသိချင်ဟန်ဆောင် နေခဲ့တာလည်း ဖြစ်သည်၊ ကလျာပဘာ ဟူသော အမည်မြတ်ထိပ်တင်မင်းသားဟူသော အမည်တွေကို သူသိနေပြီးပေမဲ့ ဝန်မခံချင်၊ ယောဂီဝတ်အဘွားကြီးပြောပြခဲ့တဲ့ အကြောင်းအရာတွေရယ် သူ့အိပ်မက်တွေရယ် ဆက်စပ်ပြီး အဖြေထုတ်ကြည့်တဲ့အခါ ဒါတွေဟာ ဖြစ်နိုင်ချေရှိတယ်လို့ ယူဆသုံးသပ်ပေမဲ့ ပီအိတ်ချ်ဒီဘွဲ့ရတစ်ယောက်အနေနဲ့ ဒါတွေယုံပါသည်ဟု ဖွင့်ပြောဝန်ခံရမှာ ရှက်သလိုတော့ ဖြစ်နေသေးသည်၊

သွင်ကတော့ သူ့ကို မကျေမချမ်းကြည့်ရင်းစွပ်စွဲနေခဲ့သဖြင့် သွင်ဟာ ဒီအကြောင်းတွေကို တော်တော်ကြီးလက်ခံထားပုံပေါ်နေပါ သည်၊





ဆရာရေ...သွင် ဘယ်တုန်းထဲကများ ဒါတွေသိနေပါလိမ့်၊ သွင်နဲ့ ဘယ်လိုဆက်သက်နေပါလိမ့်၊ သွင်ရော သူ့လိုအိပ်မက်တွေမက်ရင်း သိနေခဲ့သလား၊ သွင့်ကို ယောဂီဝတ်အဘွားကြီးက ပြောပြခဲ့လို့ သွင် ဘာကြောင့် ဒါကိုစွဲလမ်းနေသလဲ၊

"ကလျာပဘာ ဆိုတဲ့အမည်ကို ကြားဖူးတာ ယောဂီဝတ် အဘွားကြီးပြောပြလို့ပါ၊ ဒါပေမယ့် ဒီပုံထဲက မိန်းကလေးဟာ ကလျာပဘာ လား၊ ဘယ်သူဘယ်ဝါလဲ ဆိုတာတော့ ကျွန်တော်မသိပါဘူး၊ သွင်ကရော ဒီပုံမြင်တာနဲ့ ဘာကြောင့် ကလျာပဘာလို့ တပ်အပ်သိနေရတာလဲ၊

"အစ်ကို တကယ်ပဲမမှတ်မိဘူးလား"

"ဘာလဲ...သွင်၊ ကျွန်တော်ဘာတွေကို မှတ်မိရမှာလဲ"

"အရင်ဘဝဟောင်းကို"

ကိုမင်းညိုမှာ ညီမဖြစ်သူကို စိတ်ပူကလက်ပူက်ခေါင်းခါကြည့်နေပါသည်၊ သွင့်မှာစိတ်ရောဂါရှိနေပြီးလားလို့လည်း သံသယဖြစ်လာမိသည်၊ သွင့်ဆီက ဒီလိုအဆန်းတကြယ်တွေ ကြားရတာ ဒါပထမဦးဆုံးကြားဖူးခြင်းပင်၊ ဆရာဦးတော်သူစံနဲ့တော့ ဘယ်လိုမှဆက်စပ်လို့ရစရာအကြောင်းမရှိသော အဖြစ်အပျက်တွေကို သွင် ဘာကြောင့် စွပ်စွဲနေသနည်း၊

"အစ်ကိုတော်သူစံ ပြောတယ်လေ အိပ်မက်တွေ မက်မက်နေတယ်ဆိုတာ"

"သွင် ဘာကို ပြောချင်တာလဲ"

"အဲဒီ အိပ်မက်တွေဟာ တစ်စုံတစ်ရာပတ်သက်နေလိမ့်မယ်ဆိုတာကို အစ်ကိုဘာကြောင့် သံသယမရှိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သွင် ကျွန်တော်ပြောရတာ အားတော့နာပါတယ်၊ ကျွန်တော် အဲဒီလိုစိတ်ကူးယဉ်ဆန်ဆန် အကြောင်းအရာတွေကို စိတ်မဝင်စားခဲ့ဘူး၊ ယောဂီဝတ်အဘွားကြီးပြောချင်ရာပြောသွားခဲ့တာတွေနဲ့ ဒီအိပ်မက်နဲ့လည်း ဆက်စပ်နေမယ်လို့ မထင်ပါဘူး"

သွင်သည် စိတ်ပျက်အားလျော့သွားသော မျက်လုံးတွေနှင့် ဖြတ်ကနဲ ထရပ်လိုက်ပါသည်၊ ပြီးတော့ တော်သူ့စံကို အဓိပ္ပါယ်ပါပါ စိုက်ကြည့်ကာ မပီပြင်သောအပြုံးတုတစ်ခုဖန်တီး၍ပြုံးလိုက်သည်၊

"သွင်က ကလျာပဘာ ဝင်စားတာပါ"

အားလုံး အံ့အားသင့်စွာ ငေးကြည့်နေစဉ်မှာပင် သွင်သည် နောက်ထပ်ဗလုံးဗထွေးနှင့် မသဲကွဲတော့သော စကားလုံးတွေ ရေရွတ်လိုက်သေးကာ ချက်ချင်းပင် ပျော့ခွေလဲကျမေ့မြောသွားခဲ့တော့လေသည်တည်း၊

* * *

# အပိုင်း (၁၄)

သူငယ်ချင်းတွေ အခန်းထဲဝင်လာသောအခါ သွင်က လှဲနေရာမှ ထထိုင်လိုက်ပါသည်၊

"သွင်"

မေရှားက သွင့်အနားဝင်ထိုင်ကာ နှုတ်ဆက်သလို ခေါ်လိုက်သည်၊ မူယာက လူကြီးတွေအရိပ်အချည်ကြည့်ရင်း...

"နေမကောင်းဘူးဆိုလို့ဟယ်အိပ်ရာထဲတော်တော်လဲနေမယ်ဆင်တာ"

ဟု...ခပ်တိုးတိုးပြောလိုက်သလို...

"အန့်တီက ပြောနေတယ် သွင် ဝေဒင်ဆရာမဆီ သွားပြီးကတည်းက စိတ်ရောဂါလိုလိုဝင်သွားတာတဲ့...၊ အခုသူ့ကိုယ်သူ လူဝင်စားလို့ ဘာလိုလိုတွေပြောပြီး စိတ်ရောဂါပါ ရလာပြီတဲ့..."



www.burmeseclassic.com

www.burmeseclassic.com



ဟု၍ မေမေ ဖုန်းထဲမှာ ပြောပြတာတွေကိုပါ အသိပေးလေသည်။

"ငါတို့ကတော့ နင့်ကိုစိတ်ရောဂါရတယ်လို့ မထင်ပါဘူး"

မြူနက အခိုင်အမာပြောပါသည်။

"ငါတို့ကိုယ်တိုင်မြင်ခဲ့တာပဲ နင့်ကိုအကြားအမြင်ဆရာကြီး ပြောလိုက်တဲ့ အတိတ်ဘဝ အကြောင်းကြားပြီး နင်မေ့လဲသွားတယ်။ အဲ့ဒါ ဟာ တိုက်ဆိုင်မှုမဖြစ်နိုင်ဘူး။ နင်နဲ့ တစ်စုံတစ်ခု ဆက်စပ်နေလို့ဖြစ်မယ်လို့ ယူဆတယ်။ ငါ ဒါမျိုးတွေလည်းယုံတယ်။ အခုရော ဘာဖြစ်သွားတာလဲ။ နင်မေ့လဲသွားပြီးတော့ အကြီးအကျယ်ဖျားတယ်ဆိုလို့ ပြေးလာချင်နေတာ အန်တီက နင်သေသေချာချာ နေမကောင်းသေးဘူးဆိုလို့ အောင့်နေရတယ်"

"နင်တို့လာတာ ကျေးဇူးတင်ပါတယ်ဟယ်...ငါ့အမေရဲ့ ဆက်ဆံရေးမပြေပြစ်ရင်လည်း ခွင့်လွှတ်ပါ။ ပြောရမှာတော့ အားနာပါတယ် မေမေက နင်တို့နဲ့ငါ လူငယ်တွေပီပီ မူးယစ်ဆေးဝါးတွေ လက်တည့်စမ်းရင်း ငါ့စိတ်တွေ ကယောင်ချောက်ချားဖြစ်လာတယ်ထင်နေကြသေးတယ်"

သွင် သူငယ်ချင်းတွေကို အားနာစွာပင် အခြေအနေကိုပြော လိုက်ရပါသည်။

"ရပါတယ်...လူကြီးမိဘတွေဆိုတာဒီလိုပဲ ...ကြံဖန်တွေးပြီး စိတ်ပူတတ်ကြတာ ငါတို့ နားလည်ပါတယ်"

"သွင် နင် ဘာဖြစ်တာလဲ ငါတို့ကို ပြောပြလို့ရမလား"

မေရှားက အားနာတတ်တဲ့ စိတ်ခါတ်မျိုးမရှိသူမို့ သွင် ဘာဖြစ်နေ ကြောင်းကို သိလိုပာန်ဖြင့် အပြီးအပြတ်မေးချ လိုက်တော့လေသည်။





ချန်တဲ့မြူနတို့ မှုယာတို့ကတော့ သွင့်ကို အားနာပြီး မျက်နှာချင်းဆိုင် ကြည့်ရဲသလို ဖြစ်သွားပါသည်။

သွင့် ကွယ်ရာတွင် သူတို့သုံးယောက်ဘာတွေများ ထင်မြင်ချက် ပေးပြီး ဝေဖန်ပြောဆိုနေကြပါလိမ့်။ သွင် မသိချင်ပေမယ့် အနည်းငယ် တော့ တွေးလိုက်မိသေးလေသည်။ သို့သော် သွင် သူတို့ကို စိတ်မဆိုးပါ။ စိတ်လည်းမကွက်ပါ။ သူတို့ ခေါ်လို့လည်း သွင်ဟာ အကြားအမြင်ဆရာမ ကြီး ဆီရောက်ပြီး အတိတ်ဘဝတစ်စွန်းတစ်စကို ကြားခွင့်ရခဲ့တာ။ အဲဒီက စပြီးသွင့်ရဲ့ပထမဦးဆုံးဘဝပိုင်ရှင်ကလျာပဘာနဲ့အရင့်အရင်အတိတ်ဘဝ တချို့တွေဆီသွင်ရောက်ခွင့်၊မြင်ခွင့်၊ကြုံတွေ့ခွင့်ရပြီးလွမ်းမောစရာတွေကို ပြန်သိခွင့်ရခဲ့သူလည်း အဖြစ်သည်။ သွင်က ဒီလိုဘဝတွေကို ပြန်သိခွင့်၊ မြင်ခွင့်ရခြင်းကိုပင် ဝမ်းသာပီတိဖြစ်ရသည်။ သွင်လောက် ကုသိုလ်ကံ ထူးခြားတဲ့သူ ဘယ်သူများရှိမလဲ။ သွင်ဟာ အတိတ်ဘဝက ကိုယ်ရဲ့ လှုဝင်စားမိန်းကလေးတွေဆီ ပြန်အလည်သွားခွင့်ရတဲ့သူ အဖြစ်ကျေနပ် ပါသည်။ အတိတ်ဘဝမှာ ဆိုးရွားတဲ့သူဖြစ်စေ၊ စိတ်သဘောကောင်းသူ ဖြစ်စေ ဘယ်သူ့ကိုပဲမြင်ရမြင်ရ သွင်သည် သူမရဲ့ ကိုယ်ပွားတွေ အဖြစ် အားလုံးကို ချစ်ခင်တွယ်တာပါသည်။

တစ်ခုပဲ သွင် မကျေမနပ်ဖြစ်တာက သွင် ဒီဘဝမှာ ဆုံရသော အစ်ကိုတော်သူစံသည် သွင်၏ တစ်ခုတည်းသော အတိတ်ဘဝမှာသာ သွင့်ချစ်သူအဖြစ် ပါဝင်ခွင့်ရခြင်းပင်။

တခြား ...တခြားသောဘဝများစွာတွေမှာ သွင်၏ ချစ်ခွင့်ရသော ယောကျ်ားတွေမှာ အစ်ကိုတော်သူစံမဟုတ်ခဲ့။ သွင်ဟာ အစ်ကိုတော်သူစံ နဲ့ဘာကြောင့် ဘဝဆက်တိုင်းချစ်သူဖြစ်ခွင့်မရခဲ့တာလဲ။ စိန်မေဆိုသော



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ပိုင်ဆိုင်စဉ်က တစ်ခါသာ အစ်ကိုတော်သူစံကလည်း ကိုကိုမောင် ဟူသည့် အမည်ဖြင့် သွင့်ချစ်သူဖြစ်ခွင့်ရခဲ့ဖူးသည်။ ကျန်တဲ့ ဘဝတွေမှာ သွင့် အနားကို အစ်ကိုတော်သူစံရောက်လာခြင်းမရှိခဲ့၊ ယခုဘဝမှာ တစ်ခါ ပြန်ဆုံရပြန်လေပြီ။ သို့သော် အစ်ကိုတော်သူစံက ဒါကို လက်မခံပါ။ ခြင်းကာ သွင့်ကို ဉပေက္ခာပြုနေခဲ့လေသည်။

"ငါက ဟိုးပုဂံခေတ်တုန်းက သူဌေးသူကြွယ်ကြီးရဲ့ အရမ်းလှတဲ့ တစ်ဦးတည်းသော သမီးတစ်ယောက်ဖြစ်ခဲ့ဖူးတယ်ဆိုတာ နင်တို့ယုံလား"

သူငယ်ချင်းတွေက အကြားအမြင်ဆရာမကြီး အမေသိန်းပြောခဲ့ သည်တို့ကို ကြားခဲ့ကြသူတွေမို့ သွင် အစပြန်ကောက်ပြီး အကျယ်တဝင့် ရှင်းပြနေဖို့မလိုတော့ပေ။ ပြီးတော့ ထိုအဖြစ်အပျက်တွေ မတိုင်ခင်က ယောဂီဝတ်အဘွားကြီးနဲ့ တွေ့ခဲ့ရသည့် အဖြစ်ကိုလည်း သွင် သူငယ်ချင်း တွေကိုသာ အသိပေးခဲ့ဖူးရာ သူတို့ကို ဒီစကားတွေသွင် စပြောလည်း သူတို့အတွက် အထူးအဆန်းတော့ သိပ်မဖြစ်လှပါ။ သူတို့က သွင့်ကိုသာ အံ့ဩသလို ပြန်စိုက်ကြည့်နေကြသည်။

"နင်တို့ယုံကြလား"

သွင် ထပ်မေးတော့ သူတို့ အသီးသီးပင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ရင်း ဖြူနက...

"ယုံတယ်ရယ်လို့တော့ မဟုတ်ဘူး၊ မယုံဘူးလို့လည်း မပြောချင် ဘူး။ ဒါပေမယ့် နင်ကိုယ်တိုင်က ယုံတယ်ဆိုရင် ငါတို့လည်း ယုံလိုက်ရုံ ဝန်မလေးဘူး"

ဟု...ဘာအဓိပ္ပါယ်မှန်းမသိသော အဖြေကိုပေးပါသည်။ မုယာက





"ရှုပ်နေတာပဲဟယ်... နင့်အဖြေကလည်း ငါကတော့ လူဝင်စား ဆိုတာ ယုံတယ်။ အတိတ်ဘဝတွေ၊ နောက်ဘဝတွေကိုယုံတယ်။ ဒီတော့ သွင်ဟာ လူဝင်စားဖြစ်တယ်ဆိုရင်လည်း လက်ခံတယ်"

ဟူ၍ အတိအကျပင် ပြောပါသည်။

မေရှားကတော့ ပခုံးတတွန့်တွန့်ဖြင့် ဘာအဖြေမှမပေးပါ။ သဘောကအားလုံးက "ဒါ" ဆိုရင်သူလည်း "ဒါ" ကိုလက်ခံလိုက်မယ်ဆိုတဲ့ အမူအယာပင်ဖြစ်လိမ့်မည်။

"ငါလည်း မယုံပါဘူး။ ယောဂီဝတ်အဘွားကြီးနဲ့တွေ့ပြီးကတည်း က အခြေအနေတွေ စပြီးပြောင်းသွားတာပဲ၊ နင်တို့သိပါတယ်။ သူနဲ့ တွေ့ ပြီးကတည်းက ငါ့အနီးအနားမှာ အရိပ်တွေ စတွေ့လာရတယ်။ ခေါင်းထဲမှာ အမြဲလိုလိုနောက်ကျိုပြီးမှုးနေတယ်။ အဲဒီမှာ နင်တို့ခေါ်လို့ အကြားအမြင် ဆရာမကြီးအမေသိန်းဆီ ရောက်တော့မှ ငါ့ရဲ့အတိတ်ဘဝကို သူပြောပြလို့ တစ်စွန်းတစ်စ ပြန်မှတ်မိသလိုလို ဖြစ်လာတယ်။ နောက်တော့ ငါအိပ်မက် တွေမက်တယ်၊ လူကအမြဲပဲ နေလို့မကောင်းသလို ဖြစ်လာတယ်၊ တစ် ရက်မှာ အရိပ်တွေထဲက ခေါ်သံလိုလိုအသံကြားတယ်ထင်ပြီးတစ်ချက် ခြေလှမ်းရွှေ့လိုက်တာ အဲဒီအရိပ်တွေထဲက တစ်ဆင့် ငါ ဘယ် ရောက်သွား တယ်ထင်လဲ"

သုံးယောက်သားမျက်လုံးပြူးပြီး သွင့်ကို ပြန်ကြည့်နေကြလေ သည်။ သွင်က တိတ်ဆိတ်နေသော သူငယ်ချင်းတွေကို တစ်ချက်အကဲခတ် လိုက်ပြီး...

"ငါ့ရဲ့အတိတ်ဘဝတွေဆီ ပြန်ပြန်ရောက်သွားတယ်။ အခုဘဝဆီ ပြန်လာချင်ရင်လည်း အဲဒီအရိပ်တွေထဲ ပြန်ဝင်လိုက်ပြီး ပြန်လာရုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါကတော့ အရိပ်တွေ Shadow (ရှဒိုး)တွေလို့ ခေါ်ပေမယ့် ကလျာပဘာ ကတော့ သံတမန်တွေလို့ ခေါ်တယ်"

ဟု၍ တစ်ခွန်းချင်း ပုံမှန်လေသံဖြင့် ပြောပြလိုက်ပါသည်။

"နင်...နင်ပြောနေတဲ့ ပုံစံက မဖြစ်နိုင်သလိုပဲ Time Traveller (တိုင်း(မ)ထရာဗယ်လာ)ဆိုတာ ရုပ်ရှင်တွေထဲမှာ စိတ်ကူးယဉ်ဖြင့် မြင်ဖူးတာ မဖြစ်နိုင်ဘူး... သွင်"

"ကလျာပဘာ ဆိုတာ ဘယ်သူလဲ"

"နင် လူဝင်စားဖြစ်တယ်ဆိုတာတော့ ယုံတယ်။ ဒါပေမယ့် အတိတ်ဘဝတွေဆီ ပြန်သွားလို့ရတယ်ဆိုတာတော့ သိပ်မယုံဘူး။ နင် အိပ်မက်မက်ပြီး မြင်တာတွေကို ပြန်များပြောပြနေသလား... သွင်"

သုံးယောက်သား တစ်ယောက်တစ်မျိုး၊ တစ်ယောက်တစ်ပေါက် ပင် သွင့်ကို တုံ့ပြန်ကြလေသည်။

"တစ်ခုချင်းဖြေမယ်"

သွင် စိတ်ရှည်လက်ရှည် ပြုံးလိုက်ပြီး...

"Time Traveller ကို မဖြစ်နိုင်ဘူး လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ငါ့ကိုယ်တိုင် တကယ်သွားလာနေတာပါ။ ငါကိုယ်တိုင် ငါ့ရဲ့ပထမ ဦးဆုံး ဘဝကို ရောက်ခဲ့ဖူးတယ်၊ ကြားထဲက ဘဝတချို့ကိုလည်း ရောက်ခဲ့ တယ်၊ ဒုတိယကမ္ဘာစစ်တုန်းက တောင်ယာလုပ်ကိုင်စားသောက်တဲ့ မိသားစုဝင် ရှမ်းမလေးတစ်ယောက်ဘဝကိုလည်း တွေ့ခဲ့တယ်၊ (၁၉၃၀) ကာလလောက်တုန်းကလည်း သိပ်ချမ်းသာတဲ့ သူဌေးကြီးရဲ့သမီး ဖြစ်ခဲ့ ဖူးတာကိုလည်း ကိုယ်တိုင်မြင်ခဲ့ရတယ်၊ ဒါအပြင် သီပေါမင်းပါတော်မူတုန်း ကလည်း နန်းတွင်းသူအဖြစ် အိန္ဒိယရတနာဂီရိကို လိုက်သွားရပြီး





အင်္ဂလိပ်အစိုးရဆီမှာ ခွင့်ပြုချက်ယူပြီး မြန်မာပြည်ပြန်လာကြတဲ့ထဲက နန်းတွင်းသူတစ်ယောက်ဖြစ်ခဲ့ဖူးတယ်၊ (၁၉၁၂) ခုနှစ် Titamic (တိုက် တင်းနစ်) သင်္ဘောကြီးမြုပ်လို့ ကမ္ဘာကျော်နေတဲ့အချိန်မှာ ငါကတော့ လူတစ်ယောက်ကို ချစ်တယ်ပြောမိလို့ ရောဂါဝေဒနာ ရှုတ်တရက် ခံစား ရပြီး သေဖို့စောင့်စားနေရတဲ့ မိန်းကလေးဖြစ်ခဲ့ဖူးတယ်၊ ကဲ ငါပြောတာတွေ ဘယ်လိုလဲ ယုံရောယုံရဲ့လား။ အိပ်မက်မက်တာပါလို့ ပြောချင်လား"

"သွင်ရယ် ...ဒါတွေတကယ်လား...ဟုတ်လား"

"ကလျာပဘာ ဆိုတာတော့ ငါ့ရဲ့ပထမဦးဆုံးသော ဘဝပိုင်ရှင်ပဲ။ ဒုံးခေတ်က သိပ်ကိုချမ်းသာကြွယ်ဝလို့ ဘုရင်က သူဌေးသူကြွယ်ဘွဲ့ပေးပြီး သူကောင်းပြုခံရတဲ့ သူဌေးကြီးရဲ့ တစ်ဦးတည်းသောသမီးပဲ။ သိပ်လှလွန်း လို့ တချို့အသိဉာဏ်မရှိတဲ့ လူတွေကဆိုရင် နတ်သမီးတစ်ပါးလို့တောင် ထင်ယောင်ထင်မှားဖြစ်ပြီး ကိုးကွယ်တော့မတတ် အလေးထားခံရတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ဒါပေမယ့် သူက သိပ်မောက်မာတယ် ရိုင်းပျ တယ် အဆင့်အတန်းသိပ်ခွဲခြားတယ် အဲဒါတွေကြောင့် သူဟာ မလုပ်သင့် တာကို လုပ်မိတဲ့အတွက် ကျိန်စာသင့်သွားတာပဲ"

"ဒါ ...ဒါတွေကို ...နင့်ဘာသာသိတာလား ...အမေသိန်းပြောတာ တွေလား"

"အမေသိန်းက အစဖော်ပေးလိုက်တာ အဲဒီနောက်မှ ငါ အရိပ် တွေတစ်ဆင့် အတိတ်ဘဝတွေဆီ ပြန်သွားကြည့်လို့ ရတာတွေဖြစ်လာ တော့တာပဲ၊ ငါ မရူးဘူး။ ရူးပြီး ထင်ယောင်ထင်မှား ကယောင်ချောက်ချား တွေ ဖြစ်ပြီးပြောတာ မဟုတ်ဘူး။ ငါ အခုတကယ်ကြုံရတာ"



www.burmeseclassic.com

www.burmeseclassic.com



သွင် တကာယ်ကိုတည်ငြိမ်စွာ အလေးအနက်ပြောနေသောအခါ သူငယ်ချင်းသုံးယောက်သား ငြိမ်သက်သွားကြပါသည်။

"မယုံကြဘူးလား"

"ယုံရတော့မလိုပါဘဲ သွင်ရယ်"

"ငါ အခု အမြဲတမ်းနေလို့မကောင်းတော့သလို ဖြစ်ဖြစ်နေတာ အားနည်းနေတာ ဘာကြောင့်လို့ထင်လဲ"

"မသိဘူး"

"ငါ ...ချစ်တဲ့သူကိုတွေ့ရင်... သူ့ကို ချစ်မိရင် ငါ အဲဒီလိုပဲ ရောဂါ အမည်တစ်လို့ မရဘဲ သေသွားရတယ်။ အဲဒီကျိန်စာသင့်နေလို့ အခု ငါသေ ရဖို့ နီးလာပြီ"

"ဟဲ့... သွင် ...ဘာတွေလည်း မဟုတ်က ဟုတ်က"

"ချစ်တဲ့သူတွေ့ရင် ဟုတ်လား။ ဘယ်သူလည်း သွင် နင်ချစ်တဲ့သူ ဘယ်သူလဲ"

"ဟယ် ...မူယာဟာလေ အရေးထဲမှာ"

""အရေးထဲလုပ်မနေနဲ့ ...သွင်... ဘယ်သူ့ကိုများ ချစ်သွားလို့ လည်းဆိုတာတော့ သိချင်တာပေါ့"

မေရှားက သိပ်သချာနေသောအသံဖြင့်...

"မေးနေစရာတောင် မလိုဘူး။ သူချစ်တဲ့သူ ဘယ်သူရှိမလဲ ဆရာ ဦးတော်သူစံပဲပေါ့"

ဟု ...သွင်မဖြေရခင်မှာ ဖြေလိုက်လျှင် အားလုံးရုတ်တရက်တော့ အသံတိတ်သွားကြသည်။

"နင်တို့ ချစ်သူဖြစ်သွားကြပြီလား"





"သူက ငါ့ကို ချစ် မချစ်တော့ မသိဘူး။ ငါကတော့ သူ့ကို ချစ်နေ တယ် သူဟာ ငါ့ရဲ့ အတိတ်ဘဝတစ်ခုမှာ ငါ့ရဲ့ချစ်သူတော်စပ်ခဲ့ဖူးတာကို သေိခင်တည်းက ချစ်သွားမိတာ"

"ဘာတွေလဲ ...သွင် ...ရှုပ်နေတာပဲ"

"သူနဲ့နင် ဘဝဆက်တိုင်းတွေ့ကြတာလား"

"ဘဝဆက်တိုင်း တွဲရတယ်။ သေကွဲခွဲရတယ် ဆိုရင်တော့ ကောင်းပါဘူး သွင်ရယ် ...ဒါနဲ့နေပါဦး ကျိန်စာက ဘာကြောင့်သင့်ရတာ လဲ"

သုံးယောက်သား စိတ်ဝင်တစား မေးမြန်းနေတာမြင်လျှင် သွင် သည် သွင့်မှာ အားကိုးမဲ့သလိုခံစားနေရတဲ့ခံစားချက်တွေ ပျောက်သွားပါ သည်။ သွင့်ဘက်မှာ ဒီသုံးယောက်ရှိကိုရှိရမယ်။ အစ်ကိုတော်သူစံဟာ ကလျာပဘာ ကိုသိရက်နဲ့ ဘာကြောင့်မသိပါဘူး ပြင်းရသလဲဆိုတဲ့ အဖြေ ကို ရအောင်ရှာရမယ်။ သူတစ်နေ့ဝန်ခံအောင်လုပ်ရမယ်။ သွင့် ...ရင်ထဲ တွင် ခွန်အားတွေ ပြည့်သလို ခံစားလာရသည်။

"ကလျာပဘာ ဆိုတဲ့ ဘဝမှာ သင့်ခဲ့တဲ့ကျိန်စာလေ ငါပြောသားပဲ သူကသိပ်လှပေမယ့် သိပ်မောက်မာရိုင်းပျတော့"

"မုန်းတဲ့လူက မုန်းပြီး ကျိန်လိုက်တာပေါ့"

"မဟုတ်ဘူး။ မုန်းပြီးကျိန်တာ မဟုတ်ဘူး။ သူက အမှားသွားလုပ် လိုက်လို့ပါ"

သွင်က အဖြစ်အပျက်ကို ပုံပြင်တစ်ပုဒ်ပြောပြသလိုပင် ပြောပြ လိုက်ပါသည်။ သွင်ပြောပြတာဆုံးတော့ သူငယ်ချင်းတွေ အခုမှ အသက်ရှူ နိုင်သတိရသလိုဖြစ်ကာ ဟင်းကနဲ သက်ပြင်းချလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ မှားတာလည်းမှားတာပေါ့လေ၊ ဒါပေမယ့် စုန်းမကြီးက လည်း လွန်ကိုလွန်ပါတယ်၊ ဘဝအဆက်ဆက်ဆိုတော့ သိပ်လွန်လွန်းနေတယ်"

"အမေသိန်း ပြောတုန်းက အဲဒါတွေပါလား"

"နင် အဲဒီတုန်းက သတိမေ့လဲသွားတာပဲ ငါတို့လှမ်းမြင်လိုက်တယ်၊ ဘာဖြစ်သွားမှန်းလဲ မသိလိုက်ဘူး၊ နင်နဲ့အမေသိန်းပဲ ကပ်ထိုင်ပြီး သူပြောတာကိုနင်တစ်ယောက်ပဲကြားရတော့ ငါတို့လည်းဘာမှမသိလိုက်ရဘူး၊ အဲဒီနောက်ပိုင်း နင်လည်း နေမကောင်းလို့၊ ခေါင်းမူးလို့ဆိုပြီး ပြန်သွားလိုက်ဖြစ်နေတာဆိုတော့ ငါတို့ အဆက်အသွယ် ပြတ်သလိုဖြစ်တောင်ဖြစ်သွားတယ်နော်"

"နင် အဲဒီလိုတွေဖြစ်နေတာ သုံးလေးလလောက်ရှိပြီ မဟုတ်လား"

"ငါတို့ အခု ဘာလုပ်ကြမလဲ"

"ဦးတော်သူစံကို ဒီအကြောင်းတွေပြောပြရင် သူယုံပါ့မလား မသိဘူးနော်"

"နင်တို့ဘဝဆက်တိုင်း"

သူတို့တစ်ယောက်တစ်ပေါက်ပြောလို့ ဝေဖန်လို့မဆုံး ဖြစ်နေသောကြောင့် သွင် လက်ကာပြရင်း...

"မဟုတ်ဘူး၊ အစ်ကိုနဲ့ ငါ ဘဝဆက်တိုင်း မတွေ့ရပါဘူး"

ဟု ...ဖြတ်ပြောလိုက်ရပါသည်၊ နောက်ဖို့သူတို့ ထုံးစံအတိုင်း တစ်ယောက်နဲ့တစ်ယောက်ငြင်းခုန် ထင်မြင်ချက်တွေပေး၊ ပြောချင်ရာ ပြောလို့ဆုံးတော့မှာ မဟုတ်၊





"အံမယ်...အစ်ကိုတဲ့"

"ကဲ...တော်...တော်...မူယာ သွင်ပြောတာနားထောင်ပါဦး"

မရွှားက ဝင်ဟောက်လိုက်သဖြင့် မူယာ မကျေမနပ် ရှုံ့မှုံ့လုပ်လေသည်၊

"ငါ...အဲဒီကွင်းဆက်ကို သိချင်နေတာ အစ်ကိုတော်သူစံကို ငါ့ရဲ့ ဘဝဟောင်းတစ်ဘဝမှာပဲ ပြန်တွေ့ရဖူးတယ်၊ ကျန်တဲ့ ဘဝတွေမှာ သူဟာ ချစ်ရတဲ့ သူအဖြစ် ငါ့အနားရောက်မလာခဲ့ဘူး၊ ကလျာပဘာ ရဲ့ ချစ်သူဟာ ဘယ်သူဖြစ်ခဲ့လဲဆိုတာကို ငါ အခုထိ ပြန်သိခွင့်မရသေးဘူး၊ အဲဒါတွေ သိချင်တယ် ငါ့မှာ အချိန်သိပ်မကျန်တော့သလိုပဲ ခံစားရတယ်၊ ငါ ကောင်းကောင်းလည်းအိပ်မပျော်ဘူး၊ မေမေတို့အမြင်မှာ ငါ အမြဲအိပ်အိပ်နေတယ်ထင်ပေမဲ့ တကယ်တော့ ငါ အိပ်မပျော်ဘူး၊ အရိပ်တွေထဲက ဖြတ်ပြီး အတိတ်ဘဝဟောင်းတွေဆီ သွားပြီး ပြန်လာရင် ငါ အားတွေယုတ်ပြီး ထတောင်မထနိုင်တော့လို့ လှဲနေတာ၊ အိပ်ပေမယ့်လည်း အိပ်မပျော်ဘူး၊ ဒါကြောင့် ငါတဖြည်းဖြည်းနေမကောင်းတော့ဘူး"

သူငယ်ချင်းတွေက စိတ်မကောင်းဖြစ်ပြီး သွင့်ကို ဝိုင်းဖက်ထားလိုက်ကြသည်၊

"နင်...မသေရပါဘူး သွင်ရယ်...ငါတို့ကူညီမယ်၊ နင် ဘာလုပ်ချင်လဲ ဒီကျိန်စာပြယ်အောင်လုပ်နိုင်တဲ့နည်း ဝိုင်းရှာကြမယ်"

"ဦးတော်သူစံကို ပြောပြလိုက်ပြီး သူ့ဆီက အကြံဉာဏ်တောင်းကြမလား"

သွင် ခပ်ယဲ့ယဲ့ပြုံးရင်း...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆီမှာ ကလျာပဘာ ရဲ့ပုံတူတွေချည်းဆွဲထားတဲ့ စာအုပ်တစ်အုပ်ရှိနေတယ်"

ဟု...ပြောလိုက်လျှင် သုံးယောက်သား ဟက်ကနဲ ဖြစ်သွားပါသည်။

"ဒါ...ဒါဆို"

"နေဦး...စိတ်မလောနဲ့ သွင် ဘာပြောဦးမလဲ နားထောင်ပါဦး"

"အေးလေ...သူ့ပဲဖြတ်ပြောချင်နေတယ်"

သုံးယောက်သားအချင်းချင်း ထုံးစံအတိုင်း အနည်းငယ်ခွပ်လိုက်ကြသေးသည်။

"သူ့ကို ငါဟာ ကလျာပဘာ ဝင်စားတာပါလို့ ပြောလိုက်ပါတယ်။ သူတစ်ခုခုတော့ သိပြီးပုံရတယ် ဒါပေမယ့် သူ ဝန်မခံဘူး။ သူ ဒါမျိုးတွေ မယုံဘူးလို့ပြောတယ်"

*　　*　　*

# အပိုင်း (၁၅)

ဒီတစ်ခါတော့...အိပ်မက်က တကယ့်ကို ခဏလေး ဖြတ်ကနဲ ...င်လိုက်တာမျိုးဖြစ်နေသည်။ မက်နေကျအတိုင်း သလွန်ညောင်စောင်း ...ွင် လဲလျောင်းနေသော အင်မတန်လှပသည့် မိန်းကလေးကို သူမြင်ရ ...ည်။ ရှည်လျားသော ပိတုန်းရောင် ဆံနွယ်တွေက တဏ္ဍိပါခေါင်းအုံးပေါ် ...ွင်ဖြန့်ကျက်လျက်ရှိသည်။

သူအနားရောက်သွားပုံမှာ လျှပ်စီးလက်သကဲ့သို့ ဖြတ်...ဖြတ်နဲ့ ...ောက်သွားခဲ့ပြီး မိန်းကလေးကို ငုံ့ကြည့်လိုက်သောအခါ...

"ဟင်...ဖြစ်ရလေ"

ဟု...သူရေရွတ်မိသည်။ အသက် သေဆုံးနေပြီ ဖြစ်သော ...န်းကလေး၏ အလောင်းကို ပြင်ဆင်ထားမှုန်း အသေအချာကြည့်မှ ...ိလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရင့်အရင်အိပ်မက်တွေတုန်းက သူ့ရင်ခွင်ထဲ ထွေးပွေ့ထားနိုင်ခဲ့သလို၊ စကားတွေလည်းပြောနိုင်နေသေးသော ရောဂါဝေဒနာခံစားနေသော မိန်းကလေးနှင့်သာ ဆုံရသည်ဖြစ်ရာ ယခုလို အသက်မရှိတော့သော အလောင်းကိုသာမြင်ရလျှင် သူ့ရင်ထဲနင့်သွားပါသည်။

ကြေကြေကွဲကွဲ သူငိုကြွေးနေမိလေသည်။ ငိုရင်းငိုရင်းသူနိုးသွားပါသည်။ စားပွဲတင်နာရီကို ကြည့်လိုက်တော့ မနက်ငါးနာရီလောက် သာရှိသေးသည်။ ဝေလီဝေလင်းမနက်ခင်းအချိန်မှာ မက်နေကျ အိပ်မက်မြင်နေကျမိန်းကလေးကို ထပ်မြင်ရတယ်။ သို့သော် စကားတွေ ဝေအောင်မပြောနိုင်၊ မောက်မာမာန်မာနရှိသော မျက်လုံးတွေပင် မဖွင့်နိုင်ရှာသဲ မိန်းကလေး၏အသက်ကင်းမဲ့နေသော ရုပ်အလောင်းကိုသာ တွေ့ခွင့်ရသတဲ့။

ရင်ထဲမှာ တကယ်ပင် သူတကယ်ချစ်ရသူ တစ်ယောက် လောလောလတ်လတ်ဆုံးရှုံးလိုက်ရသလိုဖြစ်ပြီး ကြေကွဲမှုတွေးလျက်ရှိသည်။

ထိုအချိန်တွင် သူ့ရဲ့ မိုဘိုင်းလ်ဖုန်းခေါ်သံ မြည်လာပါသည်။ ဘယ်သူပါလိမ့်။မနက်အစောကြီးငါးနာရီအချိန်မှာဘယ်သူဖုန်းခေါ်ပါလိမ့်။ သူမမြင်ဖူးသောဖုန်းနံပါတ်ကိုကြည့်ရင်းဖုန်းကိုလက်ခံနားထောင်လိုက်သည်။

"ဟယ်လို"

"အစ်ကို"

တော်သူစံ တစ်ချက်တွေဝေသွားပါသည်။ ဒါ ...သွင် အသံပဲတ မှတ်မိလိုက်သောအခါ...





"သွင်...ကလေး...ဘာလဲ...ပြောလေ"

ဟုလှိုက်လှိုက်လှဲလှဲ ထူးမိသည်။

သွင့်ကို ရင်ထဲမှာ နေရာတစ်နေရာ ပေးချင်ခဲ့သော်လည်း အိပ်မက်ထဲက မိန်းကလေးသည်သာ သူချစ်ရသူဟု ခံစားနေရသောအခါ သွင့်ရဲ့နေရာကလေးက အရာမထင်လာခဲ့သလို ဖြစ်နေသည်။ သို့သော် သွင့်ကို ဆုံရ၊ စကားပြောရတိုင်းတော့ နှစ်လိုခြင်းကို ခံစားရစမြဲ။

"ကလျာပဘာနဲ့ အစ်ကိုဘယ်လိုပတ်သက်နေခဲ့သလဲ"

"သွင် မနက်စောစောစီးစီး ဖုန်းဆက်တာ အဲဒါမေးချင်လို့လား"

"အစ်ကို ဘာကြောင့်ဝန်မခံချင်တာလဲ"

"သွင်က ဘာတွေသိထားလို့လဲ"

"သွင်က ကလျာပဘာ ဝင်စားတာပါ။ ကလျာပဘာ ရဲ့ ဘဝဆက်ဆက်ဟာ မိန်းမဘဝကိုပဲ ရခဲ့ပြီး အသက်နှစ်ဆယ်ပြည့်ပြီးစမှာပဲ အသိပ်ချစ်ရတဲ့ချစ်သူကို ဆုံရတယ်။ အဲဒီလိုဆုံပြီးရင် သေဆုံးသွားရတာချည်းပဲ ကျိန်စာတစ်ခုကြောင့် ဘဝအဆက်ဆက်အဲဒီလိုခံစားနေရတယ်။ အခု သွင်လည်း သေရတော့မယ်။ သွင် နေမကောင်းတော့ဘူး။ သွင့်အတွက် ရက်တွေသိပ်မကျန်တော့ဘူး"

"သွင်ရယ်...မဖြစ်နိုင်ပါဘူးကလေးရယ်၊ ဘယ်သူကလာပြောလို့ခုလိုအဲဒါတွေဒီလောက်ယုံနေရတာလဲ"

"သွင် အကုန်လုံးကို မြင်ထားတာပါ။ သွင် မသိသေးတာက ကလျာပဘာနဲ့အစ်ကိုဘယ်လို ပတ်သက်ခဲ့လဲဆိုတဲ့ ဘဝကိုပါ၊ သွင်ဟာ ကလျာပဘာရဲ့ လူဝင်စားဘဝတွေဆီ ရောက်ခဲ့ပြီးပါပြီ...သွင် မရူးဘူး။ ရူးနေလို့ပြောနေတာမဟုတ်ဘူး။ သွင် အမှန်ကို ပြောနေတယ်ဆိုတာ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တော်သူစံ သိမှာပါ။ သွင်ကို ကူညီပါ။ သွင်သိချင်တယ် သွင့်မှာ ကွင်းဆ တစ်ခုပျောက်နေတာပဲရှိတယ်။ ဘယ်လိုဆုံခဲ့သလဲပဲသိဖို့ လိုနေတယ်"

တော်သူစံ မျက်လုံးအစုံကို အသာမှိတ်လိုက်လျှင် စဉ်းစာ သည်။ ယောဂီဝတ်အဘွားကြီးပြောခဲ့ဖူးသည်တို့ကို ပြန်စဉ်းစားမိသည် မဖြစ်နိုင်ပါဘူးဟု မငြင်းချင်။ သူဟာ မြတ်ထိပ်တင်မင်းသား အခြ ကလျာပဘာနဲ့ ဆုံခဲ့ရသည်ဟု ဝန်ခံလိုက်ရမှာ မဝံ့မရဲဖြစ်နေသည်။

"သူ့ကို ကျွန်တော် ခဏခဏ အိပ်မက်မက်တာပဲရှိတယ်...သွ သူ့ကို ကျွန်တော် မသိပါဘူး။ ကလျာပဘာဆိုတဲ့ နာမည်ကိုတောင် သ စပြောမှ ကြားဖူးတာပါ။ ဆောရီးပါ သွင် ကျွန်တော်ဖုန်းပြောတာ ရပ်လိုက တော့မယ်။ ကျန်းမာရေးကိုဂရုစိုက်ပါ။ သွင် ငယ်ပါသေးတယ်။ အသက် ဖို့ အချိန်တွေအများကြီးကျန်နေပါသေးတယ်"

"သွင်...သွင့်မှာအချိန်တွေမကျန်တော့ဘူး။ သွင် ...ကလျာပ နဲ့သူ့ရဲ့လူဝင်စား မိန်းကလေးတွေလို အဖြစ်မျိုးဖြစ်နေပြီလေ။ သွင် တစ်ယောက်ကို တကယ်ချစ်မိသွားပြီ။ အဲဒါကြောင့် သွင်စပြီးနေမကော ဖြစ်လာတာ။ သွင် ချစ်တဲ့သူ ဘယ်သူလဲဆိုတာရော အစ်ကို မသိချင် လား"

တော်သူစံ မျက်လုံးအစုံကို မှိတ်ထားလိုက်မိသည်။ သွင် ဆက်ပြောလိုက်သော...

"အဲဒီလူဟာ အစ်ကိုပဲ အစ်ကို့ကို သွင်ချစ်တယ်လို့ ခံစားလို ပြီးကတည်းက သွင် စပြီးနေမကောင်းဖြစ်လာတာ"

ဟူသောစကားတို့ကို ရင်ထဲနင့်နေအောင် ခံစားလိုက်မိသည်။





"သွင်...ရည်းစား စကား စပြောတတ်တဲ့မိန်းကလေးမျိုးလည်း ဟုတ်ပါဘူး။ ရည်းစားလည်းအပျော်တောင်မထားဖူးပါဘူး။ အစ်ကို့ကို သွင်ပြောပြတာကလည်း သွင် ခံစားနေရတဲ့ ကျိန်စာကို သိစေချင်လို့ပါ။ သွင်အဲဒီကျိန်စာကြီးကိုကြောက်လှပါပြီ။ဒီဘဝမှာသွင်ကြုံသိခွင့်ရနေခဲ့တဲ့ သွင့်ဘက်ကအခွင့်သာတယ်ကျိန်စာပြယ်အောင်လုပ်ကြည့်နိုင်ခွင့်ရှိတယ် ဆိုပြီး သွင် မျှော်လင့်ချက်တွေနဲ့ အစ်ကို့ကို ပြောပြနေတာပါ။ သွင့်ရဲ့ အတိတ်ဘဝမိန်းကလေးတွေ ခများမှာတော့ သူတို့ဘာကြောင့် ရုတ်တရက် ဘောက်ခါငင်ခါ နေမကောင်းဖြစ်ပြီး သေဆုံးခဲ့ရသလဲဆိုတာ ကြုံသိခွင့် မရပဲအရှုံးပေးလိုက်ကြတယ်။ သွင်ကတော့ ဒီနှစ်ထောင့်ဆယ့်သုံး(၂၀၁၃) ဆိုတဲ့ နှစ်ကာလမှာ လူပြန်ဖြစ်လာရရုံတင်မကဘူး ကျိန်စာသင့်နေခဲ့တယ်။ ဘာကြောင့် သေရတယ် ဆိုတာတွေ ကြုံသိခွင့်ရတဲ့ တစ်ဦးတည်းသော သူပါ အစ်ကို"

တော်သူစံသည် ဘာကိုဆုံးဖြတ်ရမှန်းမသိဖြစ်ကာ တွေဝေနေ တော့သည်။ သွင့်ကို ပြောပြဝန်ခံလိုက်မလား။ ဒါမှမဟုတ် သွင် ပြောနေတာ တွေကရော တကယ်ပဲလား။ သွင် သူ့ဆွဲထားတဲ့ ပုံတူတွေမြင်လို့များ ပြောသလားလို့ လျှောက်လှည်တွေးပေမယ့် သူ့အိပ်မက်တွေကို သွင်က ဘယ်လိုလုပ်သိနိုင်ပါ့မလဲ ဟူ၍လဲ သူ့ကိုယ်သူပြန်ငြင်းဆန်နေမိပြန်သည်။

"သွင်...ကဲ...ကောင်းပြီ။ ကိုယ်တို့ဆုံပြီး စကားပြောကြရအောင်"

တော်သူစံ ဆုံးဖြတ်လိုက်သော အသံဖြင့်ခပ်ဖြည်းဖြည်းပြော လိုက်ပါသည်။

"အစ်ကို တကယ်ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



သွင့်ဘက်က လှိုက်လှိုက်လှဲလှဲ ဝမ်းသာအံ့သြသွားသော ပုံ...
ပြန်မေးလိုက်လေသည်။

"အခု...အိပ်ပျော်အောင်ကောင်းကောင်းပြန်အိပ်လိုက် ဟုတ်...
လား။ အိပ်ရေးဝအောင်အိပ်၊ ဘာမှ တွေးမနေနဲ့၊ သွင် ဘာအကြော...
ကြောင့်မှ မသေရဘူး။ သွင့်ကို ကိုယ်ကူညီမယ် သွင်သိချင်နေတာ...
ပြောပြမယ်၊ သွင်လည်း သွင်သိထားတာတွေ ပြောပြပေါ့၊ အိပ်ပျော်အော...
အိပ်လိုက်နော် ကလေး၊ သွင်နဲ့ ကိုယ်နေ့လယ် သုံးနာရီလောက်တ...
ဆုံကြမယ်လေ"

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်...သွင် အခု အရမ်းလည်...
ကြောက်တယ်။ သွင်ကို ဘယ်သူမှ မယုံကြဘူး။ အားကိုးရာမဲ့နေသ...
လည်း ခံစားရတယ် အစ်ကိုပဲ သွင်ပြောပြတာတွေကို နားလည်ပေးနိုင်...
သူပါ"

"ဟုတ်ပါပြီ သွင်ရယ်... ကိုယ်ကူညီပါ့မယ်"

"ဟို...ဟို...အစ်ကို"

သွင်က ရှက်ရွံ့အားနာသော အသံဖြင့် ခပ်တိုးတိုးခေါ်လျှင်...

"ပြောလေ...ကလေး"

ဟု...နူးညံ့ညင်သာသောလေသံဖြင့် တော်သူစံတုံ့ပြန်မိသည်...
မိန်းကလေးအပေါ် ချစ်သူအဖြစ်ခံစားပြီး ချစ်ကြည့်လို့ မရသေးပေမဲ့ အ...
မဖော်နိုင်သော သံယောဇဉ်လေး တချို့တော့ ငြိတွယ်နေမိပါသည်။

"သွင်က ...ဟို ...သွင်က ...အစ်ကို့ကို ချစ်နေတယ်ဆိုတာ...
အသိပေးတာပါ။ သွင့်ကို နစ်သိမ့်တဲ့အနေနဲ့ ပြန်ချစ်ပြဖို့လည်း မလိုပါဘူး...
သွင်က ...သွင်က ...သွင်မှာလေ"





သွင် ...ထစ်အထစ်အဖြစ်နေပြီးမှ...

"ကျိန်စာသင့်နေတဲ့ အကြောင်းကို အသိပေးချင်လို့ စိတ်လောပြီး
ပြောမိသွားတာပါ"

တော်သူစံကတော့ သွင် မမြင်မှန်းသိပေမဲ့ ခွင့်လွှတ်ပြီးဖြစ်သော
အပြုံးကို ပြုံးလျက်လေသံနှင့် ကိုယ်နားလည်ပါတယ် ...ကလေးရယ် ...ဟူ၍
သာ တုံ့ပြန်လိုက်ပါသည်။ နစ်သိမ့်တဲ့အနေနဲ့ ပြန်ချစ်ပြဖို့လည်း မလိုပါဘူး
ဆိုတဲ့လား သွင်ရယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၆)

သွင်သည် သူပို့ထားသော Message (မက်ဆေ့ချ်) ကို သေချာအောင် တစ်ချက်ဖွင့်ကြည့်လိုက်ပြီးမှ ဒီဆိုင်ပါပဲ သေချာတယ်လို့ ရေရွတ်ရင်း ဆိုင်ရှေ့ကားပါကင်ဝင်ရပ်လိုက်ပါသည်။ မြန်နှံ့ဝန်းနဲ့ ဖွင့်ထားသော ကော်ဖီဆိုင်လေးက ဆိတ်ငြိမ်အေးချမ်းနေသည်။ သွင် ကားတံခါး မဖွင့်ခင်မှာပင် တော်သူစံ၏ ဖုန်းကခေါ်လေသည်။

"အစ်ကိုတော်သူစံ သွင် ဆိုင်ရှေ့ရောက်နေပါပြီ"

"အိုကေ...အိုကေ...ဝင်ခဲ့နော်...နံပါတ်ငါးစားပွဲမှာ ကိုယ်နေရာယူထားတယ်"

သွင် ဆိုင်တံခါးကို တွန်းဖွင့်ဝင်ခဲ့သည်။ ဆိုင်၏မီးခိုးရောင်မှန်တံခါးများက အတွင်းကို မမြင်ရသော်လည်း အတွင်းထဲမှာတော့ အပြင်ကို ကင်းကင်းရှင်းရှင်း လှမ်းမြင်ရသည်။ ဒါကြောင့်လည်း သွင်ကားရပ်ရင်း





ချင်း တော်သူစံထံမှ ဖုန်းခေါ်တာကို ရတာဖြစ်မည်။ သူ သွင့်ကို မြင်လို့ ဖုန်းခေါ်လိုက်တာပင်။

သူပြောသော နံပါတ်ငါးစားပွဲကို သွင် တန်းသွားလိုက်ပါသည်။ ဒီဂရီမျက်မှန် ပါးပါးကြည်ကြည်အောက်မှ ကြင်နာမှု အပြည့်ရှိသော မျက်လုံးတွေ သွင် ရင်ဆိုင်မကြည့်ရဲ။ သွင်ဟာ အပြစ်ရှိသူတစ်ယောက်လိုပဲ ခံစားနေရသည်။ သွင်...တစ်သက်မှာ တစ်ခါမှ မလုပ်ဖူးသော အလုပ်ကို လုပ်ခဲ့ဖူး၍ပင်။ သွင်က ယောကျ်ားတစ်ယောက်ကို ချစ်နေမိပါပြီဟု စတင်ဝန်ခံမိသူဖြစ်နေရာ သွင် တွေးမိတိုင်း ဒါကို အတော်ရှက်လှသည်။

သွင် အဲဒီနေ့က ဘာကြောင့်မှန်းမသိ မနက်အစောကြီး နိုးသွားတာ ဘာမှမစဉ်းစားတော့ဘဲ အစ်ကိုတော်သူစံကို ဖုန်းဆက်လိုက်မိသည်။ ပြီးတော့ သွေးရူးသွေးတန်းနိုင်လှသော စကားတွေကို ပြောမိသည်။ ကိုယ့်ဘာသာ ဘာတွေပြောမိမှန်းပင် ပြန်မမှတ်မိတော့သည်အထိ သွင် တစ်ဖွတ်ထိုး ပြောခဲ့တာမျိုးဖြစ်သည်။

"ဘာသောက်မလဲ ...ကလေး"

"သွင် သစ်သီးဖျော်ရည်ပဲသောက်မယ်"

"သွင် ကြိုက်တာမှာပါ"

တော်သူစံပြောထား၍ ဝိတ်တာ က အခုမှပင် စားပွဲမှာ လာရပ်စောင့်ပါသည်။

"ဖရဲသီး ဖျော်ရည်တစ်ခွက်နော်...သကြားမထည့်ဘူး။ သဘာဝ အရှိအတိုင်းပဲ ဖျော်ပေးပါ"

"မုန့်လည်းမှာလေ...သွင်"



www.burmeseclassic.com

www.burmeseclassic.com



"မမှာတော့ဘူး အစ်ကို သွင် အခုရင်ထဲမှာ ပူနေပြီး ဘာစားစား အစာလည်းမကြေဘူး။ မနက်က မေမေအတင်းကျွေးလို့ ကြက်ဥ ဟပ်ဖ်ဘွိုင်းလ် (half boiled) တစ်လုံးသောက်လိုက်တာ ခုထိ ဗိုက် မဆာဘူး"

"အစာအိမ် ဲယောင်ချင်တာထင်တယ် ဆရာဝန်နဲ့ သေသေချာချာ ပြလေ"

"ပြပါတယ် အစာအိမ်ဆေးတွေလည်း ပေးတယ် သွင်ကိုတ မသက်သာတာ"

"ဟုတ်တယ် ...သွင် အရင်ကထက် စာရင်ပိုပြီး ပိန်သွားတယ်၊ အစွဲအလန်းတွေ သိပ်မထားပါနဲ့ ကလေးရယ်၊ တစ်ခါတလေကျ ကိုယ့်ရဲ့ ကျန်းမာရေးအခြေအနေဆိုတာဟာ စိတ်အစွဲအလန်းနဲ့လည်း ဆိုင်တယ်"

"အစ်ကို သွင့်ကို တရားဟောဖို့ခေါ်တာဆိုရင် သွင် နားထောင် မနေချင်တော့ပါဘူး၊ သွင် ပြန်ရလိမ့်မယ်"

သွင်ကစူပုပ်ပုပ်လေးပြောတော့တော်သူစံအသံထွက်ရယ်လိုက်သည်၊ သူ့ရယ်သံက ကလေးဆိုးတစ်ယောက်ကို ခွင့်လွှတ်သော လူကြီး တစ်ယောက်ရဲ့ ချစ်စနိုးရယ်သံမျိုးလိုလည်း ဖြစ်နေကြောင်း သွင်ဘာသာ သတိထားမိပါသည်၊ ဆံပင်ပျော့မတိုမရှည်၊ မျက်သိမ်ခပ်ကြီးကြီးနဲ့ ခပ်ပိန် ပိန်ကောင်မလေးဟာ လှလွန်းတယ်လို့ ပြောလို့မရဘဲ အပြစ်ကင်း ချစ်စရာ ကောင်းသူလေးတစ်ယောက် ဆိုတာတော့ ငြင်းမရ၊ အရောင်ဖျော့ အကျႌ လေးတွေသာ ဝတ်တတ်ပြီး ခေတ်လူငယ်လေးပီပီ စကပ်တွေ၊ ဘောင်းဘီ တွေ၊ ဂါဝန်တွေဝတ်ပေမယ့်လည်း ဘယ်တော့မှ အမြင်ရိုင်းအောင် မဝတ် တာလည်း သတိထားမိသည်။ ဝတ်လိုက်ရင် ချစ်စရာကောင်း လှသော





အရုပ်လေးတစ်ရုပ်အသွင် ဖြစ်နေတတ်သည့် သွင်သည် ဘာကြောင့်များ သူ့ကိုယ်သူ ကလျာပဘာ ဝင်စားပါသည်ဟု အတပ်ပြောကာ ဒီလူဝင်စား ဆိုတာကြီးကို ယုံနေရသလဲ၊ နှစ်ဆယ့်တစ်ရာစုထဲမှာ ဒါမျိုးတွေကို ယုံ ကြည်တဲ့ လူငယ်တွေ ရှိနေသေးသတဲ့လား၊

"တရားမဟောပါဘူး သွင်ရယ် . . . ကဲ...ကဲ . . . ပြော သွင်ဘာတွေ ပြောချင်လဲ ပြောပါ၊ ကိုယ်နားထောင်ပေးမယ်၊ သွင့်မှာ အားကိုးရာမဲ့ သလို ခံစားနေရတယ်ဆိုရင် ကိုယ့်ကိုပဲ အားကိုးထိုက်တဲ့ အစ်ကိုကြီး တစ်ယောက်လို သဘောထားပြီး ပြောနိုင်တယ်"

"အစ်ကိုပဲ မနက်ကပြောတော့ သွင်သိချင်တာတွေလည်း ပြောပြ မယ်ဆို"

"ပြောပြမှာပါ...သွင်ကများ အရင်ပြောပြချင်သလားလို့ ဦးစား ပေးလိုက်တာပါ"

"သွင် ပြောရင် အစ်ကိုက ယုံမှာမဟုတ်ဘူး"

"ဟောဗျာ...သွင် ...ပြောလည်းပြောပါဦး၊ ယုံ၏ မယုံ၏ကို ကိုယ် ကြိုမဆုံးဖြတ်ရသေးပါဘူး"

"အစ်ကို့ အကြောင်းကြားချင်တယ် အရင်ပြော"

သွင်က သူမရှေ့ရောက်လာသော အရောင်ရဲရဲနဲ့ ဖရဲသီးဖျော်ရည် ကို ပိုက်တံလေးမှတစ်ဆင့် တစ်ငုံငုပ်သောက်လိုက်ပါသည်၊ ဖရဲသီးရဲ့ အအေး ဓါတ်ရော၊ ရေခဲတုံးတွေကြောင့်ရော ဖျော်ရည်က အေးမြနေသည်၊ သွင် ...အခုတလော ရင်ပူကာ နေလို့မကောင်းသဖြင့် အေးတာလေးတွေပဲ ရွေးချင် သဖြင့် ဖရဲသီးဖျော်ရည်ကို ရွေးလိုက်မိတာလည်းဖြစ်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



တော်သူစံကတော့ espresso (အက်(စ)ပရက်ဆို) ကော်ဖီခါးကို မှာသောက်လေသည်။ သွင့်ကိုတော့ ကလေးတစ်ယောက်ကို အလိုလိုက်ချင်ဟန်ရှိသော မျက်လုံးတွေနှင့် တကြည့်ကြည့်ဖြစ်လျက် မကြာခဏပြုံးလိုက်သေးလေသည်။ သူတကယ်တော့ဒီလိုအဖြစ်အပျက်တွေကို ယုံနေပါတယ်။ ဘာကြောင့်များ တမင်ဟန်ဆောင်နေရသလဲ။ မယုံပါဘူးလို့ ဘာကြောင့် ငြင်းဆန်ပြနေသလဲ၊ သူလို ပီအိပ်ချ်ဒီ ဆရာကြီးတစ်ယောက်က ဒါတွေ ယုံပါတယ်ပြောရမှာ ရှက်စရာလို့များ ထင်လို့လား။

"ကိုယ့်အကြောင်းဘာပြောရမလဲ"

"အစ်ကို ဘယ်သူလဲ"

"ကိုယ်က တော်သူစံလေ…ဒေါက်တာတော်သူစံပါ။ ရှေးဟောင်းသုတေသန ပညာရှင်တစ်ယောက်ပါ သွင်။ ကိုယ့်ဘဝကို ကိုယ်ဒီလိုပဲ ခံယူထားတယ်"

"ဒါဆို ကလျာပဘာ ဟာ ဘယ်သူလဲ"

"ကိုယ် မကြာခဏအိပ်မက်မက်နေတဲ့ရှေးခေတ်က မိန်းကလေးတစ်ယောက်ပါ"

"အိပ်မက်ထဲမှာ ဘယ်လိုတွေ့ကြတာလဲ"

"ကိုယ် သူ့ကိုတွေ့ပဲတွေ့တာ"

"အစ်ကို တစ်ခုခုကို ချန်ထားတယ်"

"သွင်ရယ် ကိုယ်အဲဒါမျိုးတွေ သူများပြောလို့ နားတောင်ပြီး ထင်ယောင်ထင်မှား ဖြစ်ရတာကို မကြိုက်ဘူး။ ဒါကြောင့် မပြောချင်ဘူး။ ကိုယ်ရှေးဟောင်းသုတေသန အလုပ်တွေသာ လုပ်ရင်လုပ်မယ်၊ ရှေးဟောင်းက လူတစ်ယောက်ဟာ လူဝင်စားဖြစ်ပြီး ဘဝကူးရတယ်ဆိုတာမျိုး





မယုံဘူး။ သွင့်ကိုလည်း အဲဒီထဲ ဆွဲမထည့်ချင်ဘူး။ သွင်လည်း ယုံလွန်းမနေသင့်ဘူး"

"သွင့်ကို တရားဟောဖို့ ရည်ရွယ်ချက်နဲ့ အစ်ကိုက ခေါ်တွေ့တာလား"

"သွင့်ကို ဒီအစွဲအလန်းတွေ ပျောက်စေချင်တာပါ။ သွင့်ကို ကျန်းကျန်းမာမာပျော်ပျော်ရွှင်ရွှင် အပူအပင်ကင်းကင်းနဲ့ ဘဝကို သာမာန်လိုပဲ ဖြတ်သန်းနေတဲ့ မိန်းကလေးအဖြစ် မြင်ချင်တာ"

"မရတော့ဘူး။ သွင့်အဖြစ်အပျက်က အဲဒီလို နေချင်လို့ မရတော့ဘူး။ သွင့်ကို လာပြီး သတိပေးတဲ့သူက ပေးတယ်။ သွင်ရဲ့အတိတ်ဘဝတွေဆီ ခေါ်သွားတဲ့အရာတွေက ခေါ်သွားလို့ ရောက်ခဲ့ရတယ်၊ သွင် ဘာဖြစ်တော့မလဲဆိုတာ ကြိုသိပြီးနေပြီ"

တော်သူစံက အံ့ဩသလို မျက်ခုံးပင့်ရင်း…

"ဘယ်လို…ဘယ်လို…အတိတ်ဘဝတွေဆီ ပြန်သွားတယ် …ဟုတ်လား"

"ဟုတ်တယ်"

"သွင်ရယ်…မဖြစ်နိုင်တာ မြတ်စွာဘုရားရှင်က လွဲရင် ဘယ်လူသားတစ်ယောက်ကမှ အတိတ်ဘဝကို ပြန်မသိနိုင်၊ မမြင်နိုင်ကြပါဘူး"

"သွင့်ကို သူတို့ လာခေါ်ကြတာ ခေါ်သွားကြတာပါ။ သွင်က Time Traveller တစ်ယောက်ဖြစ်နေပြီ၊ ဒါပေမယ့် အတိတ်ကိုပဲ ပြန်သွားလို့ရတဲ့သူ…၊ အနာဂတ်ကိုတော့ သွားလို့မရတဲ့သူပါ။ ဘာဖြစ်လို့လည်းဆိုတော့ သွင့်မှာ အနာဂတ်မရှိဘူး။ သွင်က မကြာခင်သေရတော့မယ့်သူ"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်မက်တာများလား သွင်ရယ်...ကိုယ်တောင် အိပ်မက်မက်ပြီး ပုဂံခေတ်က အမျိုးသမီးတစ်ယောက်ကိုတောင် ပြန်တွေ့တွေ့နေရသေးတယ်"

"မဟုတ်ဘူး . . . သွင် . . . အိပ်မက်မက်တာ မဟုတ်ဘူး။ သွင်တကယ်ရောက်ခဲ့ရတာ သွင်ဟာ ဘဝပေါင်းများစွာ လူဝင်စားဖြစ်ပြီးနေပြီ။ ဝင်စားရတဲ့ ဘဝတိုင်းမှာလည်း မိန်းကလေးဘဝပဲ ရခဲ့ပြီး ချစ်တဲ့သူကို တွေ့ရင် သေကွဲခွဲရတာချည်းပဲ သွင်က ကျိန်စာမိနေတဲ့ သူတစ်ယောက်"

သွင် ဒါကိုပဲ ထပ်ခါထပ်ခါ ပြောနေသဖြင့် တော်သူစံလည်း အတိုက်အခံလုပ်မနေတော့ဘဲ သူဘက်က ဘာလုပ်ပေးသင့်သလဲဆိုတာကိုသာ စဉ်းစားနေမိသည်။ သွင် ဒါကို သိပ်အသည်းအသန်ကြီးယုံနေမှန်း ရိပ်မိပေမယ့် သူပြောလိုက်တဲ့ အကြောင်းအရာများ သွင့်ကို ပိုပြီး အစွဲအလန်းကြီး သွားစေလေမလားဆိုတဲ့ စိုးရိမ်စိတ်ဖြင့် တော်သူစံမှာ သူသိထားသမျှကို မပြောချင်။

သူကိုယ်သူ ကိုယ်ဟာ ကလျာပဘာရဲ့ ချစ်သူ မြတ်ထိပ်တင်မင်းသားပါဟု ပြောလို့ကို မထွက်။ ပါးစပ်ကိုက မရဲတာမျိုးဖြစ်နေသည်။ ကလျာပဘာကို အိပ်မက်မက်၍ မြင်ဖူးသည်၊ ဒါကြောင့် ပုံတူတွေဆွဲပါသည် ဟူ၍သာ အားလုံးကိုအသိပေးချင်နေသည်။

"ကဲပါ...သွင်က ကိုယ့်ကိုယ်ကို ကျိန်စာမိနေတယ်ထင်နေခဲ့ရင် အဲဒီကျိန်စာကို ပြယ်အောင် လုပ်ဖို့ရော မစဉ်းစားဘူးလား။ သွင့်ကို ကျိန်စာတိုက်ခဲ့တာ ဘယ်သူလဲ"

"အစ်ကို...သိပါတယ်...သိပြီးသားပါ။ သွင့်ကို မမေးပါနဲ့။ အစ်ကို ကူညီချင်ရင် သိတယ်လို့ပဲ ဝန်ခံလိုက်ပါ"





တော်သူစံသည်သေခါနီးဆဲဆဲ သူ့ကိုအားကိုးတကြီးမော့ကြည့်ကာ ပြောရှာတဲ့ ချစ်ရသူ ကလျာပဘာ၏ စကားတွေကို ပြန်စဉ်းစားတွေးတောသွားပါသည်၊ အိပ်မက်ထဲမှာ ကြားခဲ့ရတာမို့ မှတ်မိစရာသိပ်မရှိလှသော်လည်း မကြာခဏကြားကြားနေရသော အမည်နာမမို့ သူမေ့သွားစရာမရှိသော အမည်တစ်ခု...။

"ဟိုအဘွားကြီး . . . စုန်းမကြီး . . . နှမတော်ကို ကျိန်ခဲ့တာ မောင်တော်။ ဒေါ်သုဓါ...ဒေါ်သုဓါ ကျိန်တာ။ နှမတော်ကို သူမုန်းသွားပြီး သူဘယ်တော့မှ ဒီကျိန်စာကို ဖြေပေးမှာမဟုတ်တော့ဘူး"

ဒေါ်သုဓါလား ဒေါ်သုဒရာလား . . . သေသေချာချာ မသဲကွဲပေမဲ့ ကလျာပဘာ မကြာခဏထည့်ပြောသောအမည်သည် ချက်ချင်းခေါင်းထဲ ပေါ်လာပါသည်။

"အစ်ကိုက ရှေးဟောင်းသုတေသန ပညာရှင်ဆိုတော့ ရှေးဟောင်း ပစ္စည်းတွေတူးဖော်တဲ့အခါ ကျောက်စာတွေ၊ ကျိန်စာတွေ၊ အင်းတွေ၊ အဆောင်တွေ၊ လက်ဖွဲ့တွေရှိတတ်တယ်ဆိုတာမျိုးတော့ စာအုပ်စာတမ်းတွေမှာ ရေးထားလို့ ဖတ်ထားဖူးမှာပါ။ ကျိန်စာဆိုတာ သင့်တတ်တယ်၊ ကျိန်စာအတိုက်ခံရတတ်တယ်ဆိုတာလည်း လက်ခံမှာပေါ့"

သွင်က တော်သူစံ၏အမူအရာ တွေတွေဝေဝေကို အကဲခတ်ရင်း ဆက်မေးပါသည်။

"သွင် ပြောတာမှန်ပါတယ်၊ မယုံလို့မရပေမယ့် ဒီနေရာကိုသွားရင် ဒါတွေ ဒါတွေတော့ ရှိတယ်ဆိုတဲ့ ဆောင်ရန်၊ ရှောင်ရန်တွေတော့ ဖတ်ထားရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ ခေါင်းထဲတွင် သူ့အိမ်က စာကြည့်ခန်းထဲရှိ စာအုပ်ခန်းကြီးကို ပြန်မြင်ယောင်လိုက်ပါသည်။ စုန်းကဝေအကြောင်းရေးထားတဲ့ စာအုပ်မျိုးများ စုဆောင်းထားမိဖူးသည်။

"ကိုယ် စာအုပ်တွေထဲမှာ တစ်ချက်ရှာကြည့်လိုက်ဦးမယ်။ ကိုယ်သိတဲ့ အချက်တွေရှင် သွင့်ကို အကြောင်းကြားမယ်နော်။ စုန်းကဝေအကြောင်းတော့ သိပ်မလေ့လာဖူးလို့ မသိဘူး။ ဒါကြောင့် စာအုပ်များရှိမလားလို့ ရှာလိုက်ဦးမယ်"

"စာအုပ်ထဲမှာ ဖတ်ရတော့ရော ဘာလုပ်လို့ရမှာလဲ အစ်ကို"

"အားမငယ်ပါနဲ့ သွင် ...တစ်ခုခုတော့ရှာတွေ့မှာပါ"

သွင်၏ အားကိုးသော မျက်လုံးအစုံကို တော်သူစံကရုဏာသက်စွာ ကြည့်ရင်း မရည်ရွယ်ပါပဲ...သွင် လက်ချောင်းထိပ်လေးတွေကို အသာဆုပ်ညှစ်အားပေးလိုက်မိသည်။

*     *     *

# အပိုင်း (၁၇)

"စုန်းဆိုတာ နှစ်မျိုးနှစ်စားရှိတယ်။ အဖြူရောင်စုန်း (white witch ဝိုက်ထ် ဝှစ်ရှ်) နဲ့ အနက်ရောင်စုန်း (Black Witch ဘလက်စ်ဝှစ်ရှ်) ဆိုတာရှိတယ်။ တချို့ကလည်း Light Sided Witch လိုက်ထ်ဆိုဒ်ဒက်ဝှစ်ရှ်နဲ့ Dark Sided Witch ဒါ့ခ်ဆိုက်ဒ်ဒက်ဝှစ်ရှ် လို့ခေါ်တယ် နာမည်တွေမှာတိုက ကောင်းတဲ့သဘော မကောင်းတဲ့ သဘောတွေ ပါနေတယ်။ အဖြူရောင်စုန်းတွေက လူကို အလကားနေရင်း မပြုစားဘူး။ သူတို့လိုချင်တာကိုပဲ ဖန်ဆင်း တယ် ပြုစားတယ်ဆိုပေမယ့် အသက်အန္တရာယ် ဒုက္ခပေးတာတို့ဘာတို့ တော့ မလုပ်တတ်ဘူး။ အနက်ရောင်စုန်းတွေကတော့ ဆိုးတယ် သူတို့လို ချင်တာ ဆိုရင် မတရားတာ၊ တရားတာ ကြည့်မနေဘူး။ ပြုစားပြီး ယူတာပဲ။ လူကိုလည်းအလကားနေရင်းဒုက္ခပေးတတ်တယ်။ သူ့စုန်းပညာတိုးချင်လို့ လူကိုအမျိုးစုံပြုစားပြီး ပညာစမ်းတတ်တယ် သူတို့ချင်း ပညာ



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ရင်လည်း လူကို အသုံးချပြီး ပညာပြိုင်တတ်တယ်၊ အနက်ရောင်စုန်းတွေက သူတို့ရဲ့အသွင်သဏ္ဌာန်အမှန်ကို ဘယ်တော့မှ မပြဘူး။ အခြားအယောင်ဆောင်နဲ့ပဲ လာတတ်တယ်။ သူတို့ရဲ့တကယ့်အသွင်သဏ္ဌာန်ကျတော့ ရုပ်က ကြောက်စရာကောင်းတယ်၊ အဖြူရောင်စုန်းတွေကျတော့ သူတို့ရဲ့မူလ အသွင်သဏ္ဌာန်ကိုပဲ ပြတယ်၊ သူတို့ကျတော့ အများစုဟာ ရုပ်ရည်လှပကြ တယ်။ ရုပ်ဆိုးပြီး ကြောက်စရာကောင်းတဲ့ ရုပ်မျိုး မရှိဘူး။ ဒါကြောင့် သူတို့တွေက လူသားစစ်စစ်တွေနဲ့ မေတ္တာရှိကြတဲ့အခါမှာ သူတို့ရဲ့ချစ်သူ အန္တရာယ်ရှိမှာစိုးလို့ သူတို့ရဲ့ စုန်းပညာကို စွန့်လွှတ်ပစ်တယ်ကြတာများတယ်။ ဒါပေမယ့် သူတို့သိပ်ချစ်ရတဲ့ သူကို ဒုက္ခပေးလာတဲ့သူနဲ့ဆုံရရင်တော့ သူတို့ ပညာကိုပြန်သုံးတတ်ကြတယ်"

သွင်က ဦးတော်သူစံ ပြောပြသမျှပုံပြင်တစ်ပုဒ်နားထောင်သူလို မေးလေးထောက်ကာ နားထောင်နေခဲ့ပါသည်၊ ကြီးမားပြီး လေးဘက် လေးတန် နီးပါး စာအုပ်ထူကြီးများ ပြည့်နှက်နေသည့် စာအုပ်ဗီရိုကြီးတွေ ဝန်းရံထားသော စာကြည့်ခန်းထဲတွင် သွင်တို့ရှိနေပါသည်။ ဦးတော်သူစံတသူဖတ်ထားသော စာအုပ်ထူကြီးတွေ စားပွဲပေါ်ဖြန့်ပြ၊ စာအုပ်တွေ လှန်လှောပြ၊ ပုံတွေကို လက်ဖြင့်ထောက်ပြ စသဖြင့် စိတ်ဝင်တစားပင် သွင်ကို ရှင်းပြနေပါသည်၊

သွင်ကို ဦးတော်သူစံ ချိန်းသဖြင့် အပြင်မှာ တစ်ရက်ထပ်ဆုံဖြစ်သောအခါ ...

"ကိုယ် ကလေးကို ကိုယ်သိထားသမျှ စုန်းတွေအကြောင်း ပြောပြမယ်၊ ဘယ်မှာသွားထိုင်ကြရင်ကောင်းမလဲ"

ဟု ...အကြံဉာဏ်တောင်းခဲ့ပါသည်၊





"ဟုတ်လား...အစ်ကို တော်တော်ရှာ ဖတ်ရမယ်ထင်တာ ဖတ်တာမြန်သားပဲ"

"စာအုပ်တွေက ကိုယ့်အိမ်က စာကြည့်ခန်းမှာပဲရှိတယ်...သွင်၊ ကိုယ်...နိုင်ငံတကာသွားတိုင်းစိတ်ပါရင် ဝယ်သိမ်းထားတာတွေရှိတယ်၊ တချို့စာအုပ်ကျတော့ လက်ဆောင်ပေးထားတာတွေလည်း ရှိတယ်၊ ကိုယ့်စိတ်ပါလို့ ဝယ်တဲ့စာအုပ်ကျတော့ ဖတ်ဖြစ်တယ်၊ လက်ဆောင်ရတဲ့စာအုပ်ကျတော့ ဖတ်ဖြစ်တာလည်းရှိ၊ မဖတ်ဖြစ်တာလည်းရှိတယ်ပေါ့၊ အဲဒါကြောင့်စာအုပ်စဉ်ပြန်မွှေတော့မှ တစ်ခါက အင်္ဂလန်မှာ စာတမ်းဖတ်ပွဲရှိလို့သွားတုန်း မိတ်ဆွေသမိုးပညာရှင်က လက်ဆောင်ပေးထားတဲ့စာအုပ်သွားတွေ့တယ်၊ သူကိုယ့်ကို စုန်းကဝေနဲ့ ပတ်သက်တဲ့ စာအုပ်နှစ်အုပ် လက်ဆောင်ပေးခဲ့တာပဲ၊ ဘာကြောင့်ပေးလည်းဆိုတော့ ကိုယ်က Harry Potter (ဟာရီပေါ်တာ) ဝတ္ထုတွေအကြောင်း Beautiful creatures (ဗြူတီးဖူးလ် ခရီးချား(စ်)) ဆိုတဲ့ ဝတ္ထုအကြောင်းဆွေးနွေးမိတယ် အဲဒီ့ထဲက စုန်းပညာတွေအကြောင်း ဝေဖန်ရင်း သူကလည်း သူသိသလောက်ရှင်းပြရင်း ပြည့်ပြည့်စုံစုံ သိရအောင်ဆိုပြီး ဒီစာအုပ်နှစ်အုပ် ဝယ်ပေးလိုက်တယ်၊ ကိုယ် အဲဒီ့တုန်းကတော့ အမှုမဲ့ အမှတ်မဲ့ ဖြစ်ပြီး မဖတ်ဘဲ ပစ်ထားလိုက်တယ်၊ အခုမှ ဒါတွေက အသုံးဝင်လာတဲ့ သဘောပဲ၊ သွင် သိချင်တာသိရအောင် ကိုယ်ရှင်းပြပေးလို့ရသွားပြီပေါ့"

သွင်က သွင့်အတွက် အရေးတယူ၊ ဂရုတစိုက် သူလုပ်ပေးသားပဲဟူသော အတွေးဖြင့် ပီတိဖြစ်ရသည်။

"ခါတ်ပုံတွေလည်းပါတော့ ဖတ်ရတာ တော်တော်စိတ်ဝင်စားစရာကောင်းတယ်၊ ကိုယ်တောင် ညလုံးပေါက်ထိုင်ဖတ်ပြီးပြီးခြင်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ Mr.Liam Heing (မစ္စတာလီယန်ဟိုင်း၆) ဆီ အဲဒီ့ စာအုပ်အကြောင်းနဲ့ ကျေးဇူးတင်မိတဲ့အကြောင်း e-mail ပို့လိုက်သေးတယ်။ ကိုယ်အသုံးမဝင်ဘူးထင်ထားတဲ့အရာက အခုချိန်မှာ အသုံးဝင်လာတာဟာ စာအုပ်ရဲ့တန်ဖိုးကို ပိုမြင့်တက်လာသလို့ပဲလေ"

"သွင်...သွင်...အင်း...အစ်ကိုကို သွင် ဒီစကားတော့မပြောသင့်ဘူး ထင်ပါတယ်။ ဒါပေမယ့် ပြောလိုက်ရင်လည်း အစ်ကိုက သွင့်ကို အထင်သေးမယ့်လူတော့ မဟုတ်ဘူးထင်တယ်"

"ဘာစကားလဲ ပြောပါ။ ကိုယ်တို့ကြားမှာ ပြောသင့်တာ မပြောသင့်တာတွေ မရှိပါဘူး ကလေးရယ်"

သွင်မှာတော်သူစံစကားအဓိပ္ပါယ်ကိုဘယ်လိုအဓိပ္ပါယ်ဖော်ရမှန်းမသိဖြစ်နေသည်၊ "ကိုယ်တို့ကြားမှာ" ဆိုသောစကားဟာ ဘာကိုဆိုလိုသလဲ၊ ရင်းနှီးမှုကိုပြချင်တာလား။ ရှေးအရင်ဘဝတွေက ပတ်သက်မှုရှိတယ်ဆိုတဲ့ သဘောကိုပြောချင်သလား။ သူက ဒါကို လက်မခံပါဘူးလို့ ငြင်းနေပေမယ့် သူဟာ သူ့အိပ်မက်တွေကို စွဲလန်းသူဆိုရင် ဘာကြောင့် လက်မခံရာရှိလဲ၊ ဘာကြောင့် မယုံပါဘူးလို့ တမင်ငြင်းရာရှိလဲ။

"သွင်တို့ဆိုင်မှာအကြာကြီးစကားထိုင်ပြောရင်လည်း ဘေးဝဲဝန်းကျင်နဲ့ အနှောင့်အယှက်ဖြစ်တယ်။ သွင်ပြောမှာက စုန်းတွေအကြောင်းဆိုတော့ ဘေးလူမတော်တဆကြားသွားရင် သတိပြုနားထော င်ချင်စရာဖြစ်နေမှာစိုးတယ်၊ အစ်ကိုပြောတော့ ဓာတ်ပုံတွေလည်းစာအုပ်မှာပါတယ်ဆိုတော့ သွင် အဲဒါတွေလည်းကြည့်ချင်တယ်။ ဒီတော့ သွင် အစ်ကို့စာကြည့်ခန်းကို လိုက်လာပြီး စကားပြောရင်ရမလားလို့ပါ"

သွင်...ခပ်ရှက်ရှက်နဲ့ပင် မေးလိုက်ရပါသည်။





မိန်းကလေးတစ်ယောက်အနေနဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့ နေအိမ်ကိုလိုက်လာမယ်လို့ ပြောရခြင်းမှာ တော်တော်တော့ရှက်စရာကောင်းပါသည်။

"ဪ...သွင်ရယ်"

တော်သူစံက သွင်ငယ်ထိပ်လေးကို အမှတ်မထင်လက်ဖဝါးဖြင့် ဖိအုပ်လိုက်မိပါသည်၊ တကယ်တော့ သူကိုယ်တိုင်ကပင် သွင့်ကိုဖုန်းဆက်ပြီးက သွင် ဒီအိမ်ကိုလာရင် ကောင်းမယ်ဟုတောင် တိုင်ပင်ချင်တာပါ။

တပည့်လည်းဖြစ်ရ၊ လုပ်ဖော်ကိုင်ဖက်လည်းဖြစ်သူရဲ့ ညီမတစ်ယောက်၊ ဆုံတွေ့ပတ်သက်မှုဟာ ဆယ်ခါထက်တောင် မပိုတဲ့ မိန်းကလေးတစ်ယောက်ကို အိမ်ကိုဖိတ်ခေါ်ဖို့မသင့်ဘူး ထင်လို့ ထုတ်မပြောခဲ့တာပင်။

အဲဒီလိုနဲ့ပဲ သွင်တစ်ယောက် တော်သူစံ၏ အိမ်ထိလိုက်လာခဲ့တာလည်း ဖြစ်သည်၊ နှစ်ထပ်တိုက် အိမ်နှင့်ခြံ မကျယ်မဝန်း ရှိသော တော်သူစံ၏ အိမ်တွင်းအိပ်ခန်းလေးခန်း၊ ဘုရားခန်းတစ်ခန်းနှင့် စာကြည့်ခန်းကတော့ တကယ့်ကိုအကြီးကြီးဖြစ်နေသည်။ မိဘတွေကိုယ်တိုင်ကလည်း ဆရာဝန်တွေပီပီ ဆေးပညာဆိုင်ရာစာအုပ်တွေ စုဆောင်းသလို၊ စာဖတ်လည်းဝါသနာပါကြသဖြင့် စာအုပ်တွေ စုထားတာ မနည်းမနော။ တော်သူစံကိုယ်တိုင်ကလည်း စာအုပ်ကြိုက်လှသလို ဘယ်နိုင်ငံရောက်ရောက် စာအုပ်ဆိုင်ဝင်မွှေပြီး ဝယ်စုထားတတ်သူဖြစ်လေရာ စာကြည့်တိုက် အငယ်စားလေးလောက်နီးပါး စာအုပ်တွေစုံပြီး ပြည့်နှက်နေသည်။

ကြာညိုသွင်ကတော့ စာအုပ်စဥ်ကြီး တွေကို တအံ့တဩမော့ကြည့်လျှက်...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုအိမ်ခေါ်လာတာဟာလား...Library (လိုင်ဘရီ) စာကြည့်တိုက် ခေါ်လာတာလား"

ဟု၍ မှတ်ချက်ချလေသည်။

အဲဒီနောက်မှာ တော်သူစံက သူဖတ်ပြီးသော စာအုပ်ကြီးတွေရကာ သွင့်ကို စိတ်ရှည်လက်ရှည် ပြောပြတော့တာဖြစ်ပါသည်။

"အစ်ကိုရှင်းပြပုံအရဆိုရင် ဒေါ်သုခါဟာ အဖြူရောင်စုန်း ဖြစ်လိမ့်မယ်"

"ဘယ်သူ"

"ဒေါ်သုခါလေ ကလျာပဘာကို ပြုစားခဲ့တဲ့ မိန်းမကြီးလေ။ အစ်ကို ...သိလို့လား"

ကိုယ်...ကြားဖူးတယ်ဟု တော်သူစံ ဝန်ခံမိတော့မလို ဖြစ်သွားပါသည်။ ဒီအမည်ကို အိပ်မက်ထဲမှာလည်း ကလျာပဘာဆိုသော မိန်းမချောလေး ထည့်ပြောတတ်လေ့ရှိပေမယ့် သဲသဲကွဲကွဲကြီးကြားရတာ မဟုတ်။ အခုတော့ သွင်က ဒီအမည်ကို သေသေချာချာထည့်ပြောသဖြင့် တော်သူစံ ယခုမှ နာမည်အမှန်ကို ကြားရတာမျိုးဖြစ်သည်။ သို့သော် သူကိုယ်တိုင်လည်း ဒီနာမည်ကိုရင်းနှီးသလို ခံစားရလေသည်။

"ဒေါ်သုခါဟာ သူ့ရဲ့ပညာကို အသုံးမပြုတော့ဘဲ နစ်ပေါင်းများစွာ သာမာန်လူလိုပဲ နေလာခဲ့တာ။ သူဟာ စုန်းမတစ်ယောက်ဆိုတာ ဘယ်သူမှတောင်မသိခဲ့ကြဘူး။ သူ့ရဲ့ပညာကိုလည်း ဘာအတွက်ကြောင့်မှ မသုံးခဲ့ပေမယ့် သူသိပ်ချစ်တဲ့သားလေးဟာ ကလျာပဘာကြောင့် အရှက်ရပြီး စိတ်နှလုံးကြေကွဲရလို့ သေဆုံးသွားရတဲ့အခါဟာ သူကိုယ်တိုင်လည်း အရမ်းစိတ်ဆင်းရဲရတယ်။ သူ့နှလုံးသားတွေလည်း ကွဲကြေရတယ်...တဲ့





စုန်းတွေဟာ အချစ်လည်းကြီးတယ် သူတို့တစ်စုံတစ်ဦးကို ချစ်မိပြီဆိုရင်လည်း အသက်ပေးမလောက်ချစ်တတ်ကြတဲ့သဘောရှိလား... အစ်ကို"

"ဟုတ်တယ်...သွင်... စုန်းတွေက အချစ်ကြီးကြတယ်။ သူတို့ချစ်တဲ့သူကို ဒုက္ခရောက်အောင်လုပ်တဲ့သူဆိုရင် ချက်ချင်းပြန်ကလဲ့စားချေတတ်ကြတယ်။ ဒီနေရာမှာ အဖြူရောင်ပဲဖြစ်နေနေ အနက်ရောင်ပဲဖြစ်နေနေ စိတ်ဓာတ်ကတော့ အတူတူပဲ"

"ဒါကြောင့် ဒေါ်သုခါက ကလျာပဘာကိုကျိန်စာတိုက်ခဲ့တာပေါ့"

"ကျိန်စာဆိုတဲ့စကားကို ခဏခဏမပြောပါနဲ့ သွင်။ သွင်ဒီဘဝမှာ ကြိုသိခွင့်ရတယ်ဆိုရင် ဘာကြောင့်ဒီကျိန်စာကို မဖျက်နိုင်စရာအကြောင်းရှိလဲ"

"သွင် ကြိုသိတာပဲရှိတယ်။ သွင် ဘယ်လိုဖျက်အောင်လုပ်ရမလဲဆိုတာ မသိဘူး အစ်ကို။ သွင်က တဖြည်းဖြည်းနဲ့ သွင်အတိတ်ဘဝကမိန်းကလေးတွေလိုပဲ သေရမယ့်ရက်ကို အရှုံးပေးပြီး စောင့်နေရတဲ့ သူဖြစ်နေပြီ"

"မဟုတ်ပါဘူး သွင်ရယ် ။သွင်ဘာလို့ သေရမှာလဲ ကိုယ်ကူညီမှာပေါ့"

"အစ်ကို မကူညီနိုင်ပါဘူး အစ်ကိုက သွင့်ကို စိတ်ချမ်းသာစေချင်လို့သာ သွင့်အလိုလိုက်ပြီး ကူညီနေတာပါ။ တကယ်တော့ အစ်ကိုကိုယ်တိုင်တောင် အိပ်မက်မှာ ဒီအဖြစ်အပျက်တွေ တွေ့နေရက်နဲ့ မယုံပါဘူး။ ဒါတွေ တကယ်ရှိရင်လည်း ရှိမယ်။ ငါကတော့ လူဝင်စား မဖြစ်နိုင်ပါဘူးလို့ ငြင်းနေသေးတာပဲ"

*



www.burmeseclassic.com

www.burmeseclassic.com



သွင် ဝမ်းပန်းတနည်း ပြောနေလျှင် တော်သူစံ အင်မတန်မှ စိတ်ထိခိုက်သွားရပါသည်။ မျက်လုံးထဲတွင် မကြာခဏအိပ်မက်ထဲမှာ တွေ့ရသော ကလျာပဘာကို မြင်ယောင်လာခဲ့သည်။ သွင် အခုလိုပြောပုံလေးက ကလျာပဘာ ကြေကွဲစရာပြောနေခဲ့ပုံနှင့် အတော်ဆင်လှသဖြင့် သူ့ကိုယ်သူ အိပ်မက်ထဲ ရောက်နေသလိုပင် ခံစားလိုက်ရသည်။

သူ မထင်မှတ်ပါပဲ သွင့် ပခုံးလေးကို ထွေးပွေ့လိုက်မိသည်။ သွင်က အလိုအလျောက်ပင် သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လာသည်။ သူ့အင်္ကျီရင်ဘတ်မှာ မျက်ရည်တွေ စိုလာတာကို ခံစားလိုက်ရသည်။ သူ ဘယ်လိုလုပ်ရမလဲ။ သွင့်ကို ချစ်သလား။ ကလျာပဘာကိုပဲ ချစ်သလား ဘာမှကို မသေချာ။

သွင်နဲ့ တွေ့ရင်တော့ သွင်အပေါ်သံယောဇဉ်တွယ်မိကာ ချစ်ခင်တွယ်တာစိတ်ဖြစ်မိလေသည်။ သို့သော် အိပ်မက်ထဲမှာ ကလျာပဘာနဲ့ တွေ့ရရင်တော့ တကယ့်ကိုပဲ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ၊ မြတ်မြတ်နိုးနိုး ချစ်မိကာ အိပ်မက်က နိုးလာရတိုင်း ကြေကွဲလွမ်းမောပြီး ဒီမိန်းကလေးလောက်လွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်သော ခံစားချက်ကို ရရှိလေသည်။

အဲဒါနဲ့ပဲ ကလျာပဘာနေရာမှာ ဘယ်သူ့ကိုမှ အစားထိုးချစ်လို့ မရသလိုဖြစ်ကာ သွင့်အပေါ်မပြတ်မသားဖြစ်မိသည်။ သွင်ကကလျာပဘာရဲ့ လူဝင်စားပါလို့ ပြောလာသောအခါ တကယ်ယုံရနိုးနိုး၊ မယုံရနိုးနိုးဖြစ်လျက် တွေဝေရပြန်သည်။ ကလျာပဘာ ဝင်စားတယ်ဆိုတာနဲ့ပဲ စိတ်ပြောင်းပြီး သွင့်ကို ချစ်နေပြီလို့လည်း နှလုံးသားက မဆုံးဖြတ်ချင်။

သွင်က ကလျာပဘာကို ဘာသိလျက် မြတ်ထိပ်တင်မင်းသားကို မသိခြင်းမှာ ကွာဟနေသော ကွင်းဆက်တစ်ခုဖြစ်နေသည်။ တော်သူစံ





တတော့ သူ့ကိုယ်သူ မြတ်ထိပ်တင်မင်းသား ဖြစ်ခဲ့ဖူးသည်ဆိုတာ ဘာအထောက်အထားမှမရှိဘဲ မယုံချင်။ နှစ်ပေါင်းရာချီကြာသော ကာလတရှေးဟောင်းလူတစ်ယောက်ဟာ ဒီနှစ်ဆယ့်တစ်ရာစုမှာ လူပြန်ဝင်စားလို့ရသလား။ စုန်းတွေဟာ တကယ်ရှိတယ် ဆိုဦးတော့ သူတို့ရဲ့ကျိန်စာဟာ နှစ်ပေါင်းရာချီပြီးတော့တောင် တည်နေသေးသလား။

ထိုနေ့က သွင့်ကို အိမ်ပြန်ရောက်တဲ့ထိအောင် သွင့်ကားနောက်က သူ့ကားဖြင့်လိုက်မောင်းပို့ပေးပြီး အိမ်ပြန်လာခဲ့ပါသည်။

သွင်ကတော့ သူ့ရင်ခွင်ထဲမှာ ငိုခဲ့တာရော သူမပြောခဲ့တဲ့ စကားတွေရော တစ်ခုမှ ပြန်အစ မဖော်ခဲ့ဘဲ သူ့ကို နားလည်ခွင့်လွှတ်သော မျက်လုံး တွေနဲ့သာ နှုတ်ဆက်ပါသည်။

သူတို့နှစ်ယောက်ရဲ့ အိပ်အပြန်လမ်းခွဲမှုမှာ တိတ်ဆိတ်ပြီး တန်ဆောင်မှုတွေနဲ့ဖြစ်နေခဲ့ပါသည်။ သွင့်ကိုပြန်ပို့ပြီးသူ့အိမ်သူပြန်ရောက်သောအခါ တော်သူစံတစ်ယောက်သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်သလို ခံစားရလျှက်ချက်ချင်းပင် ပစ္စည်းတွေ ကောက်သိမ်း၊ သေတ္တာပြင်ကာ ပုဂံရှိ သူတို့ရှာဖွေတူးဖော်နေသော ရှေးဟောင်းသုတေသနလုပ်ငန်းရှိရာ Site ဆိုဒ်ထဲ သွားဖို့ပြင်ဆင်မိတော့လေသည်။

ဒီတစ်ခေါက်ပဲ သူတစ်ယောက်တည်း ဘယ်သူ့မှမခေါ်တော့ဘဲ ရှေးအဝေးပြေးကားလက်မှတ် ကောက်ဝယ်ကာ ပုဂံကို ခရီးနှင်မိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၈)

မနက်စောစောထ ဘရိတ်ဖက်(စ်)Breakfast စားပြီးသောအခါ စက်ဘီးတစ်ဘီးငှါးပြီး ဆိုဒ်ထဲ သွားဖို့ပြင်သည်။ ဆိုဒ်ထဲရောက်တော့ မနက် ရှစ်နာရီပင် မရှိသေး။ ဆိုဒ်မှာအစောင့်ထားသည့် အလုပ်သမားပင် သူ့နဲ့ ယာယီရှက်ဖျင်ထဲမှာ အိပ်ပျော်နေတုန်းရှိသေးသည်။

ရှေးဟောင်းသုတေသနအတွက် စတင်ထားရာ နေရာဖို့ သီးသန့် ကြိုးဝိုင်းတားထားသော လုပ်ငန်းသုံးပစ္စည်းကိရိယာတွေလည်း ဒီအတိုင်း ထားတာမို့ သူတို့အဖွဲ့မရှိတဲ့ အချိန်တွေနဲ့၊ ညနေအချိန်တွေမှာ ကင်းစောင့် ပေးဖို့ လူလိုသဖြင့် အလုပ်သမားနစ်ယောက် ငှားထားပါသည်။

တစ်ယောက်ကတော့ ဘယ်ထွက်သွားသည် မသိ။ ကျန် တစ်ယောက်ကတော့ တဲထဲမှာ အိပ်ကောင်းတုန်းရှိသေးသည်။





"မောင်စိန်...ဟေ့ ...မောင်စိန်...ထ...ထ...ရှစ်နာရီထိုးနေပြီ... ထတော့"

တော်သုစံ ညင်ညင်သာသာပင် ရှက်ဖျင်တဲကို တပုန်းပုန်း အသာ ဖုတ်ကာ အော်နိုးလိုက်ပါသည်။

"အင်...ဟင်...ဟင်...ဘာ...ဘာလဲ...ဘာလဲ ဘယ်သူလဲ"

"ငါပါ"

"ဟာ...ဆရာ...ဆရာကြီးဦးတော်သုစံ"

"အေး...ငါပဲ"

"ဆရာတို့အဖွဲ့ ဒီရက်ပြန်လာကြတာလား"

"အဖွဲ့နဲ့မဟုတ်ဘူး။ ငါတစ်ယောက်တည်း လာတာ"

"ဪ...ဒါဆို ကျွန်တော် ဘာလုပ်ပေးရမလဲ ခင်ဗျာ"

သူတို့တူးဖော်ချင်သော နေရာတွေဆိုလျှင် တူးဖို့ဆွဖို့ မြေပေါက် နှင့်အလုပ်သမားတွေငှားရသဖြင့် မောင်စိန်ပဲ တာဝန်ယူပြီး ရွာထဲက ခေါ်ပေး ခုလေသည်။ ဒါကြောင့် အခုလည်း မေးတာဖြစ်သည်။

"အခုတော့ လူမလိုသေးပါဘူး။ ငါတစ်ယောက်တည်းဆိုတော့ ဘာမှ မယ်မယ်ရရ လုပ်ဖို့ မပါပါဘူး။ စိတ်ပြေလက်ပျောက် ခဏထွက်လာ ခြင်း ဆိုဒ်ထဲ လာကြည့်တာ"

"ဟုတ်ကဲ့ ဆရာကြီး။ ဒါဆိုကျွန်တော် ကိုယ်လက်မျက်နှာ သန့်စင်ပြီးရင် ဆရာကြီးဆီ ပြန်ခဲ့မယ်"

မောင်စိန်က တော်သုစံထိုင်ဖို့ ခေါက်ကုလားထိုင်ချပေး၊ ခေါက် ခုံပွဲချပေး စနစ်တကျပြင်ဆင်ပေးပြီးမှ မျက်နှာသစ်ဖို့ပြေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်သူစံသည် ခေါက်ကုလားထိုင်မှာ ထိုင်ရင်း သူ့သားရေလွယ်အိတ်ထဲမှာပါလာသော စာရွက်စာတမ်းများကို ထုတ်ယူလိုက်ပါသည်။ စားပွဲလေးပေါ်တစ်ခုချင်းတင်ရင်း သူ့ရဲ့ပုံဆွဲစာအုပ်ကြီးကိုပါ ထုတ်ယူလိုက်မိပါသည်။

မရည်ရွယ်ပါပဲ စာအုပ်ကို လှန်လှောကြည့်မိပြန်သည်။ လှပသော ကလျာပဘာ၏ မျက်ဝန်းအစုံတွေကို စိတ်ကြိုက်ခြယ်မှုန်းခဲ့မိသည်မို့ ယခုလို စာအုပ်ပြန်ကြည့်လျှင် ထိုမျက်လုံးတွေမှာ အသက်ဝင်နေပြီး သူ့ကို ဆွဲဆောင်နေသယောင် ရှိလှသည်။

"သွင်က ကလျာပဘာ ဝင်စားတာ"

လို့ ခဏခဏပြောတတ်သော ကြာညိုသွင်ဆိုသည့် မိန်းကလေးကို ဖြတ်ကနဲ သတိရလိုက်ပါသည်။ သွင်ပြောတဲ့အချက်တွေနဲ့ သူ့အိပ်မက်ထဲမှာ တွေ့ရတဲ့အချက်တွေ တော်တော်များများတူပေမယ့် သူ့ဒါကို လက်မခံနိုင်သလို ဖြစ်နေသည်။ ထို့အတူပဲ မြတ်ထိပ်တင်မင်းသားကလည်း သတ်သတ် သူကိုယ်တိုင်ကလည်း သတ်သတ်သာ ဖြစ်ချင်သည်။

ရောက်တတ်ရာရာတွေးနေစဉ်အမှတ်မထင်လေကြမ်းတစ်ချက် ဝှေ့တိုက်သွားလေသည်။ လေကြမ်းကြောင့် သူ့စာရွက်စာတမ်း တချို့လွင့်စင်ပြန့်ကျဲသွားပါသည်။ ထူးဆန်းတာကတော့ ပုံဆွဲစာအုပ်အထူကြီးထဲရှိ စာရွက်တွေက တဖေါ်ဖေါ်လန်ထွက်ရုံမက စာရွက်တချို့မှာ မထင်မှတ်ဘဲ ပြုတ်ထွက်ကုန်တာပင်။ စပရိန်လိုကွင်းကလေးတွေနှင့် ချိတ်တွယ်ထားသော စာရွက်တွေမှာ အသေတွဲချုပ်ထားတဲ့ ပုံစံတော့မဟုတ်။ စပရိန်ကွင်းလေးတွေနဲ့ ချိတ်ထားတာမျိုး အရှင်လုပ်ထားပေမယ့် လူတစ်ယောက် တမင်ကြိုး ဆွဲဖြုတ်မှသာ ပြုတ်ထွက်နိုင်သော ပုံစံမျိုးဖြစ်သည်။ သို့သော်





ယခုတော့ ထူးထူးဆန်းဆန်းပင် လေကြမ်းတစ်ချက်ကြောင့် စာရွက်တချို့ ပြုတ်ထွက်ပြီး လွင့်ပျံကုန်ပါသည်။

"ဟာ . . . ဆရာကြီး စာရွက်တွေ လေတိုက်လို့ လွင့်ကုန်ပြီ။ ကျွန်တော် ကူကောက်ပေးမယ်နော်"

"ရတယ် . . . ဖြည်းဖြည်းကောက်ပါ။ မောင်စိန် မပြုမစုတ်ရင် ရပါတယ်"

မောင်စိန်လည်းတကုန်းကုန်းစာရွက်စာတမ်းတွေကောက်သလို သူကတော့ အရေးကြီးသော သုတေသနစာရွက်တွေကို မကောက်မိဘဲ ကလျာပဘာပုံစာရွက်တွေကိုသာ အရင်ဦးစားပေးရှာဖွေကောက်ယူမိပါသည်။

တစ်နေရာရောက်တော့ ကလျာပဘာ၏ပုံတူစာရွက်ကို ကောက်ယူစဉ် အောက်ကမြေစိုင်မြေခဲ တချို့ကြားမှာ မြုပ်တစ်စ၊ ပေါ်တစ်စ ဖြစ်နေသည့် အရာဝတ္ထုတစ်ခုကို ဖြတ်ကနဲ သတိထားမိလိုက်သည်။ နေရောင်ကြောင့် လက်နေပုံရသော အရာဝတ္ထုလေးက ဒီသုတေသနတူးဖော်နေရာ ပေါ်လာတတ်သော ရှေးဟောင်းပစ္စည်းများကို ရှာဖွေနေတုန်းက ဘာကြောင့် ဒီပစ္စည်းကို မတွေ့ခဲ့ကြပါလိမ့်။

တော်သူစံသည် သူ့အတွေ့အကြုံအရ ဒီမြုပ်တစ်စ၊ပေါ်တစ်စ ဖြစ်နေသော အရာဝတ္ထုလေးဟာ ဘာမှန်းမသိရသေးပေမယ့် ဒါဟာ ရှေးဟောင်းပစ္စည်းတစ်ခုပဲ ဆိုတာ ချက်ချင်းဆုံးဖြတ်နိုင်လေသည်။ မကျိုး မပဲ့ လို၍ သူ့လက်ဖြင့်ပင် ဘေးတစ်ဝိုက်က မြေကြီးတွေကို ယက်ထုတ်လိုက်ပါသည်။ မာကျောသော မြေစိုင်မြေခဲတွေကို ဘာအကူအညီမှမပါ သက်



www.burmeseclassic.com

www.burmeseclassic.com



ဗလာဖြင့် တူးဆွရသောကြောင့် လက်သည်းတွေတောင် နာကုန် သည်။ လက်ဖဝါးတစ်ခုလုံး ပွန်းပဲ့ကုန်ပြီး ညစ်ပတ်ပေကျံကုန်တော့သည်။

"ဆရာ ...ဆရာကြီး...ဘာတူးတာလဲ ကျွန်တော်ခေါ်လိုက်ရော ပေါ့ဗျာ။ သံတူရွင်းယူလာခဲ့မှာပေါ့ ခုတော့ ...ဟော...ပေါ်လာပြီ ဆရာကြီး အဲဒါ ...ဘာလဲမသိဘူး"

မောင်စိန်တစ်ယောက် ထုံးစံအတိုင်း စကားတွေဆက်တိုက် ပြောရင်း တော်သူစံနဲ့အတူ သူပါ လက်သုံးပြီး မြေစိုင်တွေ ယက်ထုတ်တော့ လေသည်။

"ဟော...ရပြီဆရာကြီး"

"ကျေးဇူးပဲ မောင်စိန်...မြေမှုန့်တွေတပ်နေတော့ ဘာပစ္စည်းမှန်း မသိသေးဘူးဗျ။ ကျွန်တော် သေသေချာချာစစ်ကြည့်ရဦးမယ်"

ပုံစံက အချွန်လိုလို ထိပ်ဖျားလေးပါတာ လက်တစ်ထွာလောက် အရှည်ရှိသည်။ ဒါ ရှေးဟောင်းပစ္စည်းပဲလို့ သိလိုက်ရချိန်မှာ တော်သူစံ သည် သူ့စိတ်ထဲမှာ ကြီးစိုးနေခဲ့သော ကလျာပဘာဆိုတာ တွေရော မြတ်ထိပ်တင်မင်းသားရော၊ ကျိန်စာရော၊ ကြာညို့သွင်ရော လှဝင်းစာ တာတွေရော ချက်ချင်းမေ့သွားကာ ဒီပစ္စည်းလေးကိုပင် အာရုံဝင်စားသွား တော့လေသည်။ သုတေသနလုပ်ငန်းသုံး ဘရပ်(ရှ်) Brush များ၊ ဆီမီး စက္ကူများ၊ အဝတ်နများ၊ သန့်စင်အောင်ဆေးသည့် ဆေးရည်သန့်များဖြင့် အသေအချာဆေးကြောတိုက်ချွတ် ပွတ်သုတ်လိုက်ပါသည်။

ဒီရှေးဟောင်းပစ္စည်း ဆိုတာတွေက နှစ်ပေါင်းထောင်ချီ ရာချီတွေ ဖြစ်သဖြင့် အသေးစိပ်ရသည်။ အနုစိပ်ဆေးကြောရသည်။ စိတ်လည်းရှည်ရသည်။ အကြမ်းပတမ်းကိုင်တွယ်၍မရ၊ အပိုင်းအစလေး





တစ်ခုခုကျိုးသွားလျှင် အင်မတန်မှ နစ်နာဆုံးရှုံးတတ်တာပဲမို့ စိတ်ရှည် လက်ရှည် သန့်စင်ရသည်။

တဖြည်းဖြည်းနဲ့ ပုံပေါ်လာသောအခါ နေရောင်မှာ ထောင်ကြည့် လိုက်ပါသည်။

"ဆံထိုးတစ်ခုပဲ။ ပုံတောင်မပျက်သေးဘူး။ ဆင်စွယ်ဆံထိုးဖြစ်ဖို့ များတယ်"

တော်သူစံ သူ့ဘာသာသုံးသပ်ပြီး သန့်စင်သွားပြီးဖြစ်သော ဆံထိုးလေးကို ဆီစိမ်စက္ကူအဖြူပေါ်တွင် အသာတင်လိုက်သည်။ တော်ဝင် သဇင်ခက်ပုံသဏ္ဌာန် အနုပညာလက်ရာမြောက်စွာ ထွင်းထားသောဆံထိုး ကို သူ အခုမှ မြင်ဖူးပေမယ့် ဒါမျိုးတစ်နေရာမှာ မြင်ဖူးတယ်လို့ ထင်လိုက်မိ ပြန်သည်။ ဘယ်မှာမြင်ဖူးမှန်း စဉ်းစားမရဖြစ်နေပြန်သည်။

"ဆရာကြီး နေတောင်အတော်မြင့်ပြီဗျ...ဆိုဒ်ထဲမှာနေဦးမလား။ နေမယ်ဆိုရင် ကျွန်တော့်တဲထဲ ဝင်ထိုင် နားပါလား။ ကျွန်တော်တော့ သာထဲခဏသွားလိုက်ဦးမယ်"

"ရတယ် . . . မောင်စိန် ကျွန်တော်လည်း နေ့လယ်စာ စားဖို့ တိုတယ်လည်း ပြန်တော့မှာပါ။ ဒီနေ့အတွက် မနက်စောစောရောက်လာ တာ အဆင်ပြေသွားတယ်။ ဒီရှေးဟောင်းပစ္စည်းလေးရလိုက်တာ ဝမ်းသာ ရောပဲ"

တော်သူ့စံရင်ထဲမှာလည်း တကယ်ပင် ဝမ်းသာသလိုလို၊ ကြေကွဲ ဆွမ်းဆွတ်သလိုလို ခံစားနေရပါသည်။ ပစ္စည်းလေးကို တယုတယပင် သူ့ရဲ့ ညည်သာ သားရေအိတ်ထဲ ထည့်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်လည်းရောက်သောအခါ နေ့လယ်စာစားပြီးလျှင် တရေးတမောအိပ်နားချင်သော်လည်း ရှေးဟောင်းဆံထိုးလေးကို ဆက်လက်ကြည့်ရှုလေ့လာချင်သဖြင့် အသေအချာကြည့်လိုက်၊ ပုံကြမ်းပုံတူ ကူးဆွဲလိုက်၊ ဘယ်ခေတ်ကာလက်ရာဖြစ်မလဲ၊ ဘယ်လိုအမျိုးသမီးတွေ ထိုးတတ်သော ဆံထိုးဖြစ်မလဲဆိုတာ ဖတ်ထားသမျှ စာအုပ်တွေထဲပြန်ရှာလိုက် လုပ်ရင်းအချိန်ကုန်ရသည်။

တစ်ချက်မှာတော့ ကွန့်မြူးတာကြည့်ရင်း ကြည့်ရင်း မျက်လုံးတွေစင်းကျသွားကာ စားပွဲပေါ်ခေါင်းတင်လိုက်မိသည်။ ဘယ်လိုက ဘယ်လိုအိပ်ချင်စိတ်ဖြစ်လာသည်မသိ။ မျက်လုံးတွေ မဖွင့်ချင်လောက်အောင်ဖြစ်လာသည်။ အိပ်ပျော်တော့မလိုလို ဖြစ်သွားချိန်တွင်...

"မောင်တော်ဖုရား...မောင်တော်ဖုရားမြတ်ထိပ်တင်ဖုရား"

ဟူသော ခေါ်သံသဲ့သဲ့ကို ကြားလိုက်ရသည်ထင်သည်၊

ငါ အိပ်ပျော်သွားတာ မဟုတ်သေးဘူး။ အိပ်မက်မက်နေတာမဟုတ်သေးဘူး။ ဒီအသံကို အပြင်မှာကြားတာ တကယ်ကြားရတာ ဟုအသိစိတ်က တဖွဖွအော်ဟစ်နေပေမယ့် မသိစိတ်ကတော့ သူ့ကို လုံးအိပ်မောကျသွားဖို့ကို တိုက်တွန်းနှိုးဆော်နေသည်၊

သူလုံးဝ အိပ်မပျော်ခင် အိပ်မက်မမက်ခင်မှာ ကလျာပဘာ ခေါ်လိုက်သံကို ကြားရခြင်းဖြစ်သည်။ နောက်တော့ တကယ်ပင် အိပ်ပျော်သွားပါသည်။ ထိုအခါ အိပ်မက်မက်ပါသည်။

ဒီတစ်ခါလည်း နောက်ဆုံးတစ်ခါက မက်ခဲ့သည့်အတိုင်းပင် ကလျာပဘာ၏ရုပ်အလောင်းကိုသာ တွေ့ရပြန်သည်။ လှပစွာပြင်ဆင်ထားသော ရုပ်အလောင်းဘေးမှာ ယူကြုံးမရသည်းထန်စွာငိုကြွေးနေကြသော





ဘခွေမျိုးသားချင်းတွေကိုလည်း ဒီတစ်ခါသူတွေ့ ခွင့်ရသည်။ အားလုံးက သူ့ကို ရှိတယ်ရယ်လို့တောင် ဂရုမပြုမိကြသလိုဖြစ်နေသည်။

သူက ဒီအိပ်မက်ထဲကို မြတ်ထိပ်တင်မင်းသားအဖြစ် ဝင်လာခြင်းမဟုတ်ဘဲ ဒီမြင်ကွင်းကို အပြင်ကနေ စီးကြည့်နေသလို ပုံစံဖြစ်နေသည်။ ဘာဖြစ်တာလဲ၊ ဘာကြောင့်လဲ၊ ဒီတစ်ခါ အိပ်မက်ထဲမှာ ကာယံရှင်အဖြစ် ဘာကြောင့်မပါရတာလဲ။ ဒါကို သူမကျေမနပ်ဖြစ်သွားပါသည်။

သူသည်ဒီအိပ်မက် ဖြစ်တည်နေရာပတ်ဝန်းကျင်တွင်ဝိညာဉ်တစ်ခုအဖြစ်သာ ဝင်ရောက်သွားခဲ့ရခြင်းဖြစ်ကြောင်း သူ့ကိုယ်သူ သတိထားမိလိုက်သည်။ ထိုအချိန်တွင်...

"ဟင်...သွင်...ကြာညိုသွင်ပါလား"

သူ့မြင်ကွင်းထဲသို့ ဝင်လာသော ကြာညိုသွင်ကို သူတအံ့တသြငေးမောသွားပါသည်။ ကြာညိုသွင်ကတော့ နှစ်ဆယ်တစ်ရာစုအပြင်အဆင်အဝတ်အစားနဲ့ ဒီပတ်ဝန်းကျင်ကို ပြန်ရောက်နေတာမျိုးဖြစ်ပြီး သူမကိုလည်း ဘယ်သူမှ ဂရုမပြုမိကြ။ သူမသည်လည်းပဲ အရိပ်တစ်ရိပ်၊ ဝိညာဉ်တစ်ခုပမာ ရောက်လာပုံမျိုး ဖြစ်နေသည်။

"သွင်...ဟေ့...ဟေ့...သွင်...ကြာညိုသွင်"

သူ လှမ်းခေါ် အသံပြုသော်လည်း သွင်က ကြားပုံမရ၊ တစ်ယောက်နဲ့ တစ်ယောက်ဟာ ကာလဒေသချင်း မတူစွာ ရပ်တည်နေကြသလား။ Dimension ဒိုင်မန်ရှင်း ဟူသော ရပ်တည်သည့် ပုံအခြေအနေတူးဘူးလား။ တစ်ယောက်နဲ့ တစ်ယောက်ဟာ The other side (သည်အားသားဆိုဒ်) အခြားတစ်ဖက်စီမှာ ရပ်တည်ပြီး ကလျာပဘာ၏ ရှုပနာမြင်ကွင်းကို ရပ်ကြည့်နေခြင်းမျိုးလား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ အပြင်းအထန်စဉ်းစားရင်း ရင်တွေပူ၊ အသက်ရှူမဝဖြစ်လာကာ ရုန်းရင်းကန်ရင်း ဝုန်းဆို သူပြုတ်ကျသွားပါသည်။ ကုလားထိုင်ရော လူပါ တစ်ပါတည်း ပြုတ်ကျပြီး သူနိုးသွားပါသည်။ ကုလားထိုင်မှာထိုင်၊ စားပွဲပေါ် လက်တင်၍ လက်ပေါ်ခေါင်းတစောင်းအိပ်လုံချကာ မိနစ်ပိုင်းလောက် မှေးကနဲ အိပ်ပျော်သွားတာဖြစ်ကြောင်း အခုမှ သူ့ကိုယ်သူ သတိထားမိလိုက်ပါသည်။

"အိပ်မက်နဲ့ တူကို မတူဘူး။ တကယ်ပဲ ခုလောလောဆယ် ဖြစ်ပျက်သွားတဲ့အတိုင်းပဲ၊ ဘာများဖြစ်တာပါလိမ့်"

တော်သူ့စံသည် သူ့ကိုယ်သူ မကျေမနပ်ရေရွတ်ရင်း ထရပ်လိုက်လေသည်။

*　*　*

## အပိုင်း (၁၉)

"ဟော ...ကိုမင်းညို...လာဗျ...ဩော်...ကားထဲမှာ ဘယ်သူပါလဲ၊ ဝင်ထိုင်ခိုင်းလိုက်လေ"

ကိုမင်းညိုက ကားပေါ်တစ်ချက်ကြည့်သည်။ ကားနောက်ခန်း ခပ်စောင်းစောင်းမှိုရင်း ပါလာသဖြင့် ဘယ်သူဘယ်ဝါမှန်း မသဲကွဲစွာ ...ရ၊ ကိုမင်းညိုကားက နေရောင်ဒဏ်ခံနိုင်အောင် မီးခိုးဖျော့စတစ်ကာ ...တာထားတာကြောင့်လည်း အတွင်းကို သေသေချာချာမကြည့်လျှင် ...ယ်သူမှန်း မသိနိုင်။

"သွင်ပါ"

"ဩော်...သွင်ဆို...ခေါ်လေ...ခေါ်ခဲ့တာ မဟုတ်ဘူး"

"ဩော်...ဟိုဒီလိုပါ ဆရာ...သွင်က ခုရက်ပိုင်း တော်တော်လေး ...ကောင်းနေတော့ အိမ်ထဲက အိမ်ပြင်တောင် သိပ်မထွက်ဖြစ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အပြင်ထွက်မယ် စိတ်ပြေလက်ပျောက် လိုက်ခဲ့လို့ အတင်းခေါ်ပြီး ဒိုလ်တထောင်ဘုရားဘက်က မြစ်ကမ်းနားတစ်လျှောက် လေကောင်းလေသန့်ရှူဖို့ စဉ်းစားထားတာ ဆရာ့ဆီ ဝင်တွေ့ရောက်စွလေ သတိရလို့ ဝင်မယ်ဆိုတော့ သွင်က သူဝင်မလိုက်ခဲ့ရင်ရလား မေးပါတယ်။ ကျွန်တော် လည်း သူ့စိတ်သဘောအတိုင်း မလိုက်ချင်ရင်လည်း မလိုက်နဲ့ ပြောထား တော့ ဟို...အဲဒါ...ဆရာ့ကို အမှန်အတိုင်းပဲပြောရတာ အားနာလိုက်တာ”

သွင်က သူ့ကို ဝင်မတွေ့ချင်ဘူးဟု သိလိုက်ရသောအခါ စိတ်မကောင်းဖြစ်ရပါသည်။ ဟိုတစ်လောက အဖြစ်အပျက်ကြောင့်များလား သွင်ရယ်။

“ဒါဆိုလည်း ...ရပါတယ်လေ...သူ့သဘောအတိုင်းပါပဲ”

သူ...ကားဆီတစ်ချက်ကြည့်ပြီး ကိုမင်းညိုနှင့် အိမ်ထဲ လှည့်ဝင်လို့ ပြင်လျှင် သူတို့နှစ်ယောက်၏ နောက်ကျောဆီမှ ကားတံခါးပိတ်သံ သဲ့သဲ့ကိုကြားလိုက်ရပါသည်။

“သွင်...ညီမလေး...ဘာလဲ။ ဘာဖြစ်လို့ ကားပေါ်က ဆင်းလာတာလဲ”

ကိုမင်းညိုက ခပ်ယိုင်ယိုင်ရှိနေသော ညီမဖြစ်သူထံ ပြန်လျှောက်ပြေးသွားရင်းမေးသည်။

“သွင် ထိုင်စောင့်မနေချင်တော့လို့”

“လာ...လာ...ဒါဆိုလည်း အိမ်ထဲဝင်ထိုင်ပေါ့”

ကိုမင်းညိုက ညီမဖြစ်သူသွင်ကို ဖေးဖေးမမခေါ်လာသည်။ ယခင်အပတ်က တွေ့ရသောပုံစံထက် ပို၍ဖြူလျော့လာသောသွင့်ကို





စိတ်မကောင်းခြင်းများစွာဖြင့် ငေးကြည့်မိ၏။ သွင်ပြောပြောနေတဲ့ ကျိန်စာဘာတကယ်ပဲလား။ သွင်ဟာ ကလျာပဘာလိုပဲ လုံးပါးပါးပြီး သေဆုံးရခြင်းရဲ့ ဘဝကို အဆုံးသတ်ရတော့မလား။ ဒါမှမဟုတ် ဥပါဒန်ကြောင့် ဥပါဒ်ရောက်ရတယ်ဆိုတဲ့ စကားလိုပဲ စိတ်စွဲလန်းပြီးတော့များ ရောဂါဝင်နေလေသလား။

ယခင်က မျက်လုံးဝိုင်းဝိုင်းလေးတွေနှင့် မျက်အိမ်ကျယ်ကျယ်ရှိသော သွင်သည် ယခုတော့ ပိန်သွယ်လွန်းသော မျက်နှာလေးကြောင့် မျက်လုံးလေးပင် ပြူးနေသယောင်ယောင် ထင်ရသည်။ အမှတ်မထင် သူ သဲ့သဲ့ပြုံးမိသည်။

“အစ်ကို...ဘာပြုံးတာလဲ”

သွင်က သူ့မျက်နှာသွင်ပြင်ကို အကဲခတ်မိသည့်အလား ချက်ချင်းမေး လိုက်သည်။

“ဪ...သွင်က မျက်အိမ်ကျယ်တော့ အခုလို ပိန်သွားတဲ့အခါ မျက်လုံးပြူးသလိုဖြစ်နေပြီလို့ တွေးမိတာနဲ့”

“မျက်ပြူးမလေးပေါ့”

သူတို့အားလုံးစာကြည့်ခန်းထဲ ဝင်လာကြသည်။ ကိုမင်းညိုကတော့ ညီမဖြစ်သူနှင့် သူ့ဆရာတို့၏ တရင်းတနှီးပြောဆိုနေသော ဆက်ဆံရေးကို တစ်ချက်မျှ အကဲခတ်ပေမယ့် မသိဟန်ဆောင်နေလိုက်သည်။ သူ့အိမ်မှာ ဆရာနဲ့ သွင် ဆုံစဉ်က သွင် သွေးရူးသွေးတန်းလိုလို၊ အိပ်မက်ကိုပဲ အယောင်ထင်မှားဖြစ်သလိုလိုဖြင့် ပြောခဲ့သည်များကို သူမှတ်မိနေပြီး ဆရာ့ကို ခုထိအားနာနေမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ တစ်ယောက်တည်းပုဂံကို သုံးရက်လောက် ထွက်သွား သေးတယ်ဆို၊ ဘာများအရေးကြီးလို့လဲ ဆရာ"

"အရေးတော့မကြီးပါဘူး။ အလုပ်မပါဘဲ ခဏသွား အပန်းဖြေ သဘောပါပဲ၊ ကျွန်တော်က ပုဂံကို ချစ်တယ်ဗျ။ အလုပ်ကိစ္စရှိရှိ မရှိရှိ ခဏ သွားကြည့်ချင် စိတ်ဖြစ်လာလို့"

"လိုအပ်တာရှိရင် နိုင်းပါ ဆရာ၊ အားမနာပါနဲ့ လိုအပ်ရင် အချိန် မရွေး လိုက်ခဲ့နိုင်ပါတယ်။ ဆရာ့အတွက် အနှောင့်အယှက် မဖြစ်ဘူးဆိုရင်ပေါ့"

"ဟာ...ဒီလိုလည်း မဟုတ်ပါဘူး၊ တပည့်တွေ၊ လုပ်ဖော်ကိုင်ဖက် တွေနဲ့ လူစုလူဝေးနဲ့သွားရတာကို ကြိုက်ပါတယ်၊ ဘာအနှောင့်အယှက်မှ မရှိပါဘူး။ ဟားဟား...ကဲ...ကဲ...ဒါတွေရှင်းနေတာနဲ့ ပြောရမယ့် စကား တောင် ဘယ်ရောက်ကုန်ပြီလဲ မသိဘူး"

တော်သူစံက သူ့စာကြည့်စားပွဲ၏ အံဆွဲကို ဆွဲဖွင့်ရင်း ကျွန်း သားဖြင့် ချုပ်လုပ်ထားသော ဗလာစာအုပ်အရွယ်ရှိ နက်ပြာရောင်အိတ် လေးကို ထုတ်ယူလိုက်ပါသည်။

"အလုပ်ကိစ္စမပါပဲ သွားလိုက်ပါတယ်ဆိုမှ ဆိုဒ်ထဲမှာ ကိုမင်းညို ကိုပြပြီး မှတ်တမ်းထဲ ထည့်စေချင်လို့ ခေါ်တာ ဒီမှာလေ"

ကိုမင်းညိုက ဒီအုပ်စုထဲတွင် သုတေသနဆိုင်ရာ မည်သည့် ပစ္စည်းကိုမဆို စာရင်းပြုစုထားသည့် တာဝန်ကိုယူသည်။ ဒိုင်ယာရီသဖွယ် လည်း ရေးထားတတ်သူဖြစ်သည်။ တော်သူစံက သူတစ်ဦးတည်းသွား၍ အမှတ်မထင်ရခဲ့သော ပစ္စည်းဖြစ်နေ၍ စာရင်းပြုစုသူ ကိုမင်းညိုကို ထည့် သင့်သည်ဟု ယူဆကာ အိမ်ကို ချိန်းလိုက်တာဖြစ်ပါသည်။





"ဆိုဒ်ကိုခဏသွားစစ်တဲ့နေ့မှာ ကောက်ရတယ်ပဲပြောရမှာပေါ့ လေ၊ ဘာလေးပါလိမ့်လို့ ကြည့်လိုက်မိရင်း မြေကြီးထဲ နစ်ဝင်နေတာနဲ့ တူးလာခဲ့တာပဲ။ ဆံထိုးလေးတစ်ခုဖြစ်နေတယ် ဆင်စွယ်စစ်စစ်နဲ့ လုပ်ထား တာ နှစ်ပေါင်းရာနဲ့ချီတဲ့ ဒီဇိုင်းမျိုးပေမယ့် ဆံထိုးကို မကျိုးမပဲ့ မပျက်စီးဘဲ အကောင်းအတိုင်းရလိုက်တယ်"

"ဘာပုံလေးဖော်ထားတာလဲ သဇင်ခက်ထင်တယ်နော် ဆရာ"

"ဟုတ်တယ် ကျွန်တော်လည်း သဇင်လို့ပဲ ထင်တယ်"

"ကျွန်တော် ဖုန်းနဲ့ဓါတ်ပုံရိုက်ယူသွားပြီး same file (ဆိမ်း(မ) ဖိုင်လ်)မှာ Save (ဆေ့ဗ်) လုပ်ထားလိုက်မယ်"

"ရှာတွေ့တဲ့ Date (ဒိတ်) က ( -/ - /၂၀၁၃) မနက် ကိုးနာရီနဲ့ ဆယ်နာရီဝန်းကျင် ဆိုဒ်ရဲ့ အရှေ့တောင်ဇရိယာလောက်မှာ တွေ့တာ။ အနီးစပ်ဆုံးမှန်းဆရရင် ပုဂံခေတ်ရဲ့လက်ကျန် တစ်ခုလို့ ထင်တယ်"

ကိုမင်းညိုက တော်သူစံပြောသမျှ စာရွတ်လွတ်တစ်ခုမှာ ရေး မှတ်လိုက်ပါသည်။ သူ့အိမ်ရောက်မှ စာရင်းပြုစုထားသည့် စာအုပ်ထဲမှာ ရော၊ ကွန်ပျူတာထဲမှာပါ မှတ်ပြီး သိမ်းဆည်းထားမှာ ဖြစ်သည်။

သွင်က သူတို့ပြောသမျှမေးလေးထောက်ကာ ငြိမ်နားထောင်နေ ပြီးမှ...

"ရှေးဟောင်းပစ္စည်းတွေက သိပ်ပြီး လက်နဲ့ထိရင်ကိုင်ရင် ကောင်းဘူး။ ပျက်စီးတတ်တယ်ဆိုတာ သိပေမယ့် သွင် အဲဒါလေးကို ခဏကိုင်ကြည့်ချင်နေတယ် အစ်ကို။ ကိုင်ကြည့်လို့ရမလားဟင်"

ဟု...အားတုံ့အားနာအသံဖြင့် မေးလေသည်။

"ရပ်ပြီ ဒီကောင်မလေးဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းညိုက လှည့်မာန်ပါသည်။

"မရှုပ်ပါဘူး...သွင်တစ်ယောက်ပဲ ခဏကိုင်တာကိုင်ကြည့်ပါဦးလေ"

ဟု၍ ကလေးတစ်ယောက်ကို အလိုလိုက်ချင်သော အသံဖြင့် ရယ်မြူးဖျစွာ ပြောလိုက်လျှင် ကိုမင်းညိုတစ်ယောက် မသိမသာ မျက်ခုံးပင့်သွားပါသည်။

တော်သူစံက ဆံထိုးကို အသာအယာကိုင်ပြီး သွင့်လက်ထဲထည့်သောအခိုက်အတန့်မှာပင် တော်သူစံတစ်ကိုယ်လုံးရောသွင့်တစ်ကိုယ်လုံးပါ တုန်ခိုက်သွားကာ နှစ်ဦးစလုံး၏ မျက်ဝန်းများထဲတွင် ဘာမှကို မမြင်တော့ပဲ ပုံရိပ်များကို ရုပ်ရှင်ပြကွက်တွေလိုပဲ ဖြတ်ကနဲ၊ ဖြတ်ကနဲ မြင်လိုက်ရတော့လေသည်။

မင်းခန်းမင်းနားအပြည့်ဖြင့် ကျင်းပနေတော့ နန်းတွင်းပွဲလမ်းသဘင်တစ်ခု၏ ပုံရိပ်များနှင့်ဘုရင့်ဆွေတော်မျိုးတော်များသာ သီးသန့်ထိုင်ရသော မဏ္ဍပ်ကြီး တစ်ခုအတွင်းမှ မြတ်ထိပ်တင်မင်းသားနေရာတွင် တော်သူစံမှာ သူ့ကိုယ်သူ ပြန်မြင်လိုက်ရချိန်တွင် ဘုရင်က သူ့ကောင်းမြကာ သူ့ဌေးသူ့ကြွယ်ဘွဲ့ ပေးအပ်နှင်းခံရသော သူကြွယ်ကြီးမိသားစုထဲမှ ရွှေရောင်အဆင်းလိုဝင်းပလုပနေသူလေး ကလျာပဘာအဖြစ်ကြာညိုသွင်ကိုပါ တစ်ဆက်တည်းမြင်ခွင့်ရလိုက်ပါသည်။

သူတို့ နှစ်ဦးဟာ မျက်လုံးချင်း အမှတ်မထင် ဆုံဆုံချင်းမှာပင် နှစ်ဦးကြားမှာ လျှပ်စစ်ကြောင်းတစ်ခု စီးဆင်းသွားခဲ့သလိုပဲ ချစ်ခြင်းမေတ္တာစီးကြောင်းက တခုချင်းမဟုတ် အပြန်အလှန်စီးမျောသွားပါသည်။





အဲဒီနောက်တော့ ဖြတ်ကနဲ ဖြတ်ကနဲ ပုံရိပ်များမှ သူတို့ချစ်သူဖြစ်သွားကြတဲ့ ပုံရိပ်များ ကလျာပဘာ၏ မောက်မာရိုင်းပျမှုကို ခံလိုက်ရသော ပန်းသည်သားအမိ၏ပုံရိပ်များ။ သားဖြစ်သူကို ဆုံးရှုံးလိုက်ရသောကြောင့် အမျက်ဒေါသဖြစ်စွာ ကျိန်စာရေရွတ်လိုက်သော ဒေါ်သုမာ၏ အခဲမကျေသည့် မျက်လုံးတစ်စုံ၊ နောက်တော့ မြတ်ထိပ်တင်မင်းသား၏ ရင်ခွင်တွင် ခေါင်းမှီရင်းမှ အသက်ပျောက်သွားခဲ့သော ကလျာပဘာ...။ ကလျာပဘာ သေဆုံးချိန်တွင် သူမအမြတ်တနိုး ဆုပ်ကိုင်ထားခဲ့သော ဆင်စွယ်ဆံထိုးလေးဟာ ဒေါက်ကနဲပြုတ်ကျသွားသောပုံရိပ်နှင့်အတူ သူလက်ဆောင်ပေးခဲ့သော ဆံထိုးလေးကို ကောက်ကိုင်စိုက်ကြည့်ရင်း ဝမ်းနည်းကြေကွဲနေခဲ့သော မြတ်ထိပ်တင်မင်းသားရဲ့ ပူဆွေးသောကဖြစ်နေခြင်း ပုံရိပ်များ သေဖြင့်တွေကို ရှင်းလင်းထင်ရှားစွာ နှစ်ဦးစလုံး နေခင်းကြောင်တောင် မအိပ်ဘဲ အိပ်မက်တစ်ခုမက်လိုက်သကဲ့သို့ ပြိုင်တူမြင်လိုက်ရတော့လေသည်။

နှစ်ယောက်စလုံးမှာ ဆံထိုးကို လွှတ်မပေးသေးဘဲ ပြိုင်တူကိုင်ထားသကဲ့သို့ ဖြစ်လျက် တဆတ်ဆတ်တုန်နေကြတာကို ဘေးမှာရှိသော ကိုမင်းညိုမြင်လျှင် ပထမတော့ အံ့သြဗေးကြောင်နေပါသည်။ နောက်တော့ ဒါဟာ တစ်ခုခုပဲလို့ သိလိုက်ကာ...

"ဆရာ... ဆရာ...ညီမလေး...သွင်...သွင် သတိထားလေ ဘာဖြစ်တာလဲ...ဘာလဲ"

ဟုညင်ညင်သာသာအသံနဲ့ ဘေးကနေ သတိပေးလိုက်ပါသည်။

ကိုမင်းညိုအတွက်တော့ ဆရာဦးတော်သူစံနှင့် သွင်တို့၏ အဖြစ်အပျက်ဟာ တစ်မိနစ်လောက် အချိန်လေးသာ ကြာမြင့်သည်ဟု သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဆရာဦးတော်သူစံနှင့် သွင်တို့အတွက်ကတော့ နှစ်ပေါင်းများစွာထဲ ပြန်ဆွဲခေါ်ခံရသလိုပဲ တစ်မိနစ်လောက်လေးအတွင်းမှာ နှစ်ပေါင်းရာချီကာ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အလုံးစုံကို သူတို့ပြိုင်တူမြင်လိုက်ကြရ သည်တည်း။

"ညီမလေး...သွင်"

တော်သူစံကတော့ ဘာမှမဖြစ်ပေမဲ့ သွင်ကတော့ ဆံထိုးကို ကိုင်လျက်သား မေ့မျောသွားခဲ့ပါသည်။ ကိုမင်းညိုမှာ ညီမဖြစ်သူကို စိုးရိမ် တကြီးပွေ့ပိုက်ရင်း...

"ဆရာ...ဘာဖြစ်သွားတာလဲဟင်...ကျွန်တော်တော့ နားမလည် နိုင်အောင်ပဲ ဆရာနဲ့ ညီမလေးတို့ ဒီဆံထိုးကို ကိုင်ရင်း တုန်ရီနေကြတာကို ဘာများလဲဆရာ"

ဟု...မေးမိတော့သည်။ ဆရာလည်း ဆရာမို့ အားနာတာနှင့်ရော ပြီး မေးရသည်ဖြစ်ရာ အထစ်ထစ်အငေါ့ငေါ့တော့ဖြစ်နေပါသည်။

"သွင့်ကို သတိရအောင်လုပ်ပါဦး...သူတို့ သက်တောင့်သက်သာ လှဲရအောင် နှစ်ယောက်ထိုင်ဆိုဖါပေါ် တင်လိုက်ပါ။ ကျွန်တော်စောင်ပါး လေးသွားယူလိုက်ဦးမယ်"

တော်သူစံရှောင်ထွက်လာခဲ့မိသည်။ အဖြစ်အပျက်တွေကို မယုံ နိုင်လောက်ပဲ အံ့ဩနေမိပြန်သည်၊ သူ လက်မခံချင်ခဲ့သော၊ သူ စိတ်မဝင် စားချင်ခဲ့သော၊ သူမနှစ်မြို့လှသော လူဝင်စားတစ်ယောက်ဟူသည့် အဖြစ် အပျက်ကို ခုတော့ သူလက်ခံလိုက်တော့မည်လား။ ဝန်ခံလိုက်ရတော့မည် လား။ ဒီဆံထိုးဟာ တမင်သက်သက်ပင် သူတို့နှစ်ဦးဆီ ပြန်ရောက်လာ အောင် ဖန်တီးပေးလိုက်တာကို ငြင်းမရ၊ တစ်စုံတစ်ခု (သို့) တစ်စုံတစ်ရာ





က ဒီဆံထိုးကို သူကိုယ်တိုင် ပြန်ရှာတွေ့အောင် တွန်းပို့ပေးခဲ့ပြီး ဝန်မခံချင် သော သူ့ကို ဝန်ခံသွားရအောင် တမင်ပင် သွင်နဲ့ ပြိုင်တူအဖြစ်အပျက်တွေ ကိုထင်ထင်ရှားရှားပြလိုက်ပေပြီ။

ရှောစောင်အပါးလေး ယူပြီး ပြန်ထွက်လာသောအခါ သွင်ပြန် သတိရနေပေပြီ၊ သူ့ကို မျက်ရည်ပြည့်နေသော မျက်ဝန်းများဖြင့် ကြည့် လိုက်ရာ သူ့ရင်ထဲ နင့်သွားပါသည်။

"သွင် နေကောင်းရဲ့လား"

"သွင် ရင်ထဲမှာ မောနေတယ်။ ဘယ်မှမသွားရပဲနဲ့ ခရီးအဝေးကြီး သွားခဲ့တဲ့သူလိုပဲ"

"ရော့...ခြေထောက်ပေါ်စောင်လေးခြုံထားလိုက်၊ ခြေဖဝါးတွေ အေးနေတယ်မဟုတ်လား"

ကိုမင်းညိုမှာ တော်သူစံတစ်ယောက် သွင့်ကို သူကိုယ်တိုင် စောင်ခြုံပေးရင်း သွင့် ငယ်ထိပ်လေးကိုပါ တစ်ချက်အသာလေး ဖိလိုက် တာကို အငေးသားကြည့်နေမိ၏၊ ဘယ်တုန်းက ဒီလောက်ရင်းနှီးသွားကြ တာလဲလို့ တွေးရင်း မျက်နှာပူရတော့မလိုလို ဖြစ်နေပြန်သည်။

"ဆံထိုးလေးကို သွင် သိမ်းထားမလား"

"မသိမ်းထားတော့ပါဘူး။ ဒါ...သွင့်ဆံထိုးမဟုတ်တော့ပါဘူး။ ကြာခဲ့ပြီပဲလေ၊ ဒီအရာတွေကို သွင်က အပြီးသတ်ချင်နေတာ"

"သွင် အခုတော့သိချင်တာ သိလိုက်ရတဲ့အတွက် စိတ်ရှင်းသွား ပြီလား"

"အစ်ကိုကရော"

သွင်က ပြန်မေးလိုက်တော့ တော်သူစံ ပြုံးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဟာ မြတ်ထိပ်တင်မင်းသားလို့ ကိုယ့်ကိုယ်ကို သိလိုက်တော့ အံ့ဩသွားပေမယ့် သွင့်ကို အမှန်အတိုင်းဝန်ခံရရင် ကိုယ်ဒါတွေကို အိပ်မက်ထဲမှာ ခဏခဏမြင်ခဲ့ဖူးပါတယ်"

"သွင်ကတော့ အစ်ကိုဟာ ကလျာပဘာ ဘဝမှာ ပထမဦးဆုံး ပါဝင်ခဲ့ရတဲ့ ကလျာပဘာရဲ့ချစ်သူဆိုတာ အခုမှ အသေအချာသိလိုက်ရတာပါ။ သွင်...အစ်ကိုကို ပြောဖူးသားပဲ။ သွင်က အစ်ကိုရဲ့ လူဝင်စား တစ်ဘဝကိုပဲ မြင်ခဲ့ဖူးတာလေ။ အဲဒီတုန်းက အစ်ကို့နာမည်က ကိုကိုမောင်တဲ့။ (၁၉၅၀) ဝန်းကျင်ကာလလောက် တုန်းကပေါ့"

ကိုမင်းညိုမှာ ဆရာဖြစ်သူနှင့် သွင်တို့ အပြန်အလှန်ပြောနေကြသည်ကို အနှောင့်အယှက်မပေးဘဲ နားထောင်နေလိုက်ပါသည်။ သွင် ပြောပြောနေကျဖြစ်သော လူဝင်စားဆိုသည့် အကြောင်းအရာကို အခုတော့ ဆရာကိုယ်တိုင်ပင် လက်ခံဆွေးနွေးနေသဖြင့် ဒီဆံထိုးဟာ တစ်ခုခုတော့ ပတ်သက်နေသလား။ ထူးခြားမှုတစ်ခုပဲ ဟု သိလိုက်သည်။ ရှေးဟောင်းသုတေသနလုပ်ငန်းတွေ လုပ်ကိုင်နေသူတစ်ယောက်အနေနဲ့ သမိုင်းကို မယုံ၍မရ၊ Supernatural စူပါနယ်ထရယ်လ် ဟုခေါ်သော သဘာဝလွန် အဖြစ်အပျက်တွေကို မယုံချင်၍မရ၊ ဝိညာဉ်လူဝင်စားကျိန်စာဆိုတာတွေကို ငြင်းပယ်ချင်၍မရ။

"သွင် အားလုံးကို သိလိုက်ရပြီအစ်ကို။ ဒါပေမယ့် သွင် ကြိုသိခွင့်ရတာပါ။ သွင် ဘာမှပြင်ဆင်လို့မရဘူး။ ဘဝဆက်တိုင်း ဒီလိုအဖြစ်မျိုး နဲ့ပဲ အဆုံးသတ်ရမှာပါ။ အစ်ကိုနဲ့ ဒီဘဝမှာ ဆုံရပေမယ့် နောက်တစ်ခါ လူပြန်ဖြစ်တဲ့ဘဝမှာတော့ ဆုံချင်မှဆုံတော့မယ်။ သွင် ဒီဘဝမှာ အစ်ကို့ကို ခဏပြန်ဆုံခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်"





"ဟာ...မဟုတ်ဘူးလေ သွင်ရဲ့။ ဘာတွေပြောနေတာလဲ ကိုယ်တို့ကို တစ်စုံတစ်ရာက ကူညီချင်နေလို့ ဒီဘဝမှာ အကြောင်းအရာအားလုံးကို ပြန်သိခွင့်ရအောင် လုပ်နေတာလေ။ သွင် ပြောခဲ့ဖူးသားပဲ အရင်ဘဝတွေတုန်းက သွင်တို့ ဘာမှသိခွင့်မရဘူးဆို၊ ဒီဘဝမှာမှ ကြိုသိခွင့်ရနေတာဆို ဒါဆိုရင် တစ်ခုခုတော့ ပြင်ဆင်လို့ ရနေလို့ပေါ့။ သွင့်ဘာမှ အားလျော့စရာမလိုဘူး။ ကိုယ် သွင်အနားမှာ အမြဲရှိနေပေးမယ်၊ သွင်...ဘာလုပ်ချင်လဲ ဘယ်သူကို သွားမေးချင်လဲ...ကိုယ်လိုက်ပို့ပေးမယ်"

ကိုမင်းညို ရက်ကိုးရက်ကန်းဖြစ်ပြီး အသာပင်ထ၍ ရပ်ကာ တံခါးဝမှာ သွားရပ်နေမိသည်။ ဆရာက သူရှိနေတာကို မေ့သွားသည့် အလား ညီမဖြစ်သူ သွင့်ကို တယုတယပင် ထွေးပွေ့ပြီး ပြောနေလျှင် သူ ဒီအတိုင်း ထိုင်မနေတတ်တော့။ သူတို့ သူ့ကိုဘာမှ မပြောပြပေမယ့်လည်း သူဟာ ဇာတ်လမ်းအကြောင်းအရာတွေကို နားလည်သလိုလိုဖြစ်ကာ ထိတ်တိတ်ဆိတ်ဆိတ်ပင် စောင့်ကြည့်နေလိုက်ပါသည်။

"သွင်...ယောဂီဝတ်အဘွားကြီးကို ရှာချင်တယ်"

"ဟုတ်ပြီ ကိုယ်တို့နေ့တိုင်း အတူတူရှာကြတာပေါ့"

"ပြီးတော့ အမေသိန်းကို တွေ့ချင်တယ်"

"ဘယ်သူ"

"သွင့်ကို အတိတ်ဘဝအကြောင်း ဒက်ကနဲ ဟောလိုက်တဲ့ အကြားအမြင်ဆရာမကြီးပါ။ သူလည်း သွင်ကို တစ်ခုခုတော့ ကူညီနိုင်မယ်လို့ ထင်နေတာကြာပြီ"

"ဒါဆို အခုတည်းက သွားလိုက်ပါလား...သွင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွင် အားနည်းပြီး နေမကောင်းဖြစ်နေတာ ကြာပြီဆိုတော့ မေမေတို့က ဘယ်မှပေးမထွက်ဘူး၊ သူငယ်ချင်းတွေ လာခေါ်ထုတ်လို့လည်း မရဘူး။ မေမေက သွင့်ကို စိတ်ရောဂါဖြစ်နေတယ်ချည်းထင်ပြီး Psychiatrist ဆိုက်ကီရာထရစ်(စ)နဲ့ပြဖို့ စီစဉ်နေတာ သွင်က အတင်းတောင်းပန်ထားလို့ ဒါပေမယ့် ခုတော့ မေမေက သွင့်စကားကို လက်မခံတော့ပဲ ဒီရက်ပိုင်းမှာပဲ ပြဖို့တောင် စီစဉ်နေပြီ အခုတောင် ကိုကြီးခေါ်လို့ အပြင်ခဏထွက်ခွင့်ရတာ"

"အမေဆိုတော့လည်း စိုးရိမ်မှာပေါ့လေ"

တော်သူစံက ကိုမင်းညိုကို တစ်ချက်လှမ်းကြည့်လိုက်ပါသည်။ ပြတင်းပေါက်နားမှာ ဘောင်းဘီအိတ်ထဲ လက်ထည့်ရပ်၍ ငေးနေသော ကိုမင်းညိုကလည်း သူ့ကို တစ်ချက်ပြန်၍အကြည့်နှင့်ဆုံသည်။

"ကိုမင်းညိုတော့ တော်တော် ဦးနှောက်ခြောက်သွားပြီ ထင်တယ်"

"နည်းနည်းပါးပါးတော့ မှန်းကြည့်လို့ရပါတယ်"

"ကျွန်တော် ဒီအကြောင်းတွေကို ပြောပြရင် ကိုမင်းညိုရော ကိုမင်းညိုမိသားစုရော အရမ်းအံ့သြမယ်ထင်တယ်"

ဟု အစချီကာ ကလျာပဘာ၊ မြတ်ထိပ်တင်မင်းသား၊ ဒေါ်သုမါနှင့် ကျိန်စာ၊ ထို့နောက် သူ၏အိပ်မက်မှာ ဒီဆံထိုးလေးနှင့် သူတို့ရဲ့ ဆက်စပ်မှု စသဖြင့်တွေကို ပုံပြင်ရှည်ကြီးပမာ ပြောပြလိုက်ပါသည်။

သွင်ကလည်း ယခုမှသာ အစ်ကိုဖြစ်သူကို သူမ၏ လူဝင်စားဘဝ ဇာတ်ကြောင်းတွေ အသေအချာ ပြောရဲရတော့သည်မို့ ပြောပြလိုက်ပါသည်။

* * *

## အပိုင်း (၂၀)

သွင် မေမေကို ရင်ဆိုင်ရသောအခါ တော်သူစံတစ်ယောက် ရှက်သလိုလို အားနာသလိုလိုဖြစ်ပြီး မျက်ခုံးကို လက်ညှိုးဖြင့် အုပ်လိုက်၊ မျက်မှန်ပါးကို နှာခေါင်းပေါ်ပြန် ပင့်တင်လိုက်လုပ်မိသည်။ မိခင်ပီပီ သွင့်မေမေက ရိပ်မိပေမယ့် ကုန္ဒြေဆောင်တာ ...

"ဆရာနဲ့ အဲဒီအမေသိန်းဆီ သွားမယ်ဆိုတာ သမီးပြောလို့ အန်တီလည်း လိုက်ချင်တာနဲ့လေ။ သမီးကို အခုရက်ပိုင်းမှာ စိတ်ကို မချနိုင်ဘူးဖြစ်နေတယ်။ အစက လုံးဝထင်မထားတဲ့၊ ယုံလည်းမယုံခဲ့တဲ့ ကိစ္စတွေဟာ တကယ်ပဲလို့ သိလိုက်ရတော့ သမီးဟာ အန်တီတို့ မျက်စေ့အောက်မှာနေ ရုတ်တရက်ပျောက်သွားတော့မယ်ထင်ပြီး လူက အိပ်လို့တောင် မပျော်ပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း အစက မယုံဘူးလို့ ...ကိုယ့်ကိုယ်ကို စိတ်တင်းထားခဲ့တာပါပဲ"

"အံ့ဩစရာကြီးပါကွယ် ။ နှစ်ပေါင်းရာနဲ့ချီနေပါပြီ၊ ဒီနေ့ခေတ်ထိ တောင် ဒါတွေရှိသေးသတဲ့နော်"

"ဒီဘဝမှာ သူနဲ့ ကျွန်တော်ပြန်ဆုံရတုန်းအချိန်မှာ သူခံစားနေရ တဲ့ ကျိန်စာကို ရအောင်ဖျက်ပစ်ရမယ်လို့ ကျွန်တော်ဆုံးဖြတ်ထားတယ်၊ ဟို မိခင်တစ်ယောက်ရှေ့မှာ ပြောရတာတော့ ရိုင်းသလိုဖြစ်နေမလား မသိ ဘူး အန်တီ၊ ကျွန်တော်ကတော့ ရင်ထဲရှိတဲ့ အတိုင်းပြောတတ်သလို ပြော ရရင် ကလျာပဘာတုန်းကလည်း ကျွန်တော် မေတ္တာရှိခဲ့ရတဲ့ မိန်းကလေး ကို သွင်အဖြစ်နဲ့လည်း ပိုပြီး ချစ်ခင်နှစ်သက်ရပါတယ်၊ သူ့ကို အဆုံးရှုံး လည်း မခံနိုင်ပါဘူး။ အရင့်အရင် ဘဝတွေတုန်းကလို သူ ကျွန်တော်ကို ခွဲ ခွာသွားတဲ့အဖြစ်မျိုးကို အရောက်အခံနိုင်ဘူး"

တော်သူစံ လိုက်လိုက်လှဲလှဲပြောမိသည်၊ သူ့ရင်ထဲမှာ ဘာလုပ်ရ မှန်းမသိအောင် ပူလောင်နေပါသည်၊ နေ့စဉ်ကျန်းမာရေးချို့ယွင်းလာသော သွင့်ကိုမြင်ရလေလေ သူ့အိပ်မက်ထဲတွင် ကလျာပဘာ၏ အလောင်းကို ပွေ့ပိုက်ငိုကြွေးရင်း ပူဆွေးသောကရောက်ရသော မြတ်ထိပ်တင်မင်းသား ကဲ့သို့ သူကိုယ်သူ ခံစားရလေလေ။

ဒါကြောင့်ပင် ရက်အကြာကြီးဆိုင်းမနေတော့ဘဲ ဒီရက်ပိုင်းအ တွင်းမှာပဲ အကြားအမြင်ဆရာမကြီးဆီ သွားဖို့ စီစဉ်လိုက်တာဖြစ်သည်။

သွင့်ကိုကားပေါ်တွဲတင်ပြီးသောအခါကားကိုစတင်မောင်းထွက် လိုက်ပါသည်။ ရှေ့ခန်းတွင် တော်သူစံနှင့် ကိုမင်းညိုထိုင်သည်။ သွင်က မေမေ နှင့်အတူ ကားနောက်ခန်းမှာ ထိုင်ပါသည်၊ သွင်က တော်သူစံကို





...ားပင်ဟာဟာ မပြောနိုင်ဘဲ မျက်လုံးလေးပင့်၍ ကြည့်ခြင်းနဲ့သာ နှုတ် ...တ်နိုင်သည်၊ မိခင်ဖြစ်သူက သူမကို ဖေးမ၍ပွေ့ထားသော အနေအထား ...ားပေါ်ပါလာခဲ့ရသည်၊

"ညကတော့ ဆရာဝန်ခေါ်ပြီး ဒရစ်(ပ)ချိတ်လိုက်တယ် ဆရာ၊ ...၊ ခရီးနည်းနည်းဝေးဝေးသွားရမှာမို့ အားရှိအောင်လေ"

"ကောင်းပါတယ်...သူ့ကြည့်ရတာ လန်းလန်းဆန်းဆန်းပဲ"

"ဆရာဝန်တွေလည်း ဦးနှောက်ခြောက်နေပြီဗျ...တစ်ကိုယ်လုံး ...ည်း ဆေးစစ်လိုက်တာလည်း စုံနေပြီ။ CT Scan (စီတီစကင်န်) လည်း ...တ်ပြီးပြီ၊ ဘာရောဂါမှကိုမတွေ့ဘဲ သူက နေမကောင်းဖြစ်နေတာဆိုတော့ ...မထိုးဘူးပေါ့၊ ဖေဖေကတော့ ပန်ကောက်ဖြစ်ဖြစ်၊ စကော်ပူဖြစ်ဖြစ် ...ားတုချင်နေတယ်၊ သွင်က လက်မခံလို့"

ကိုမင်းညိုက အားမလိုအားမရဖြစ်ပြီး ပြောပါသည်၊ သွင် ပြော ...သော လိပ်စာအတိုင်း အင်းတိုင်ရှိ ဆရာမကြီး၏ ခြံကို ရှာရပါသည်၊ ...က်ခင်းစောစောထွက်လာပေမယ့် ကားအမြန်မောင်းလျှင် သွင် အနေ ...တ်တာ ခေါင်းမူးမှာစိုး၍ ပုံမှန်သာ မောင်းလာသောကြောင့် တော်တော် ...ကြာလေး မောင်းရသလိုဖြစ်ပြီး နေအတော်ထွက်လာမှ အင်းတိုင် ...ယ်ထဲရောက်ကြရသည်၊

"သွင် တစ်ခေါက်ပဲရောက်ဖူးလို့ သိပ်မမှတ်မိတော့ဘူး...အစ်ကို"

ဟု ...ပြောထားသဖြင့် ဟိုမေးဒီမေးဖြင့် ဆရာမကြီး ခြံထဲ ...တ်လာပါသည်၊

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲမှာ ကားရပ်ပြီးပြီးချင်း လူကြီးတစ်ယောက်ဘယ်က ဘယ်လို ရောက်လာသည်မသိ၊ ကားဖေါ်က ဆင်းဆင်းချင်း မေးလိုက်သဖြင့် အားလုံး ထိုလူကြီးဆီကြည့်လိုက်ကြသည်၊ အသက်ခြောက်ဆယ်ကျော် ဝန်းကျင်ရှိ ရုပ်အင်္ကျီအစင်းကျားအနွမ်းနှင့် ပုဆိုးကြမ်း ခပ်တိုတို ဝတ်ထားသော လူကြီးက သစ်ပင်ရေလောင်းနေသူ ဖြစ်ပုံရသည်၊

"အမေသိန်းနဲ့တွေ့ဖို့ပါ"

"အသိမိတ်ဆွေတွေလား"

"မဟုတ်ဘူးခင်ဗျ...ဟိုဟာပါ အကြားအမြင်ဝေဒင် ဟောတယ် ဆိုလို့ပါ"

ကိုမင်းညိုက ထိုသို့ပြောရတာ ရှက်နေပုံဖြင့် ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်သည်၊

"အမေသိန်းက အဲဒါမလုပ်တော့ဘူး"

"ခင်ဗျာ"

"မလုပ်တော့ဘူး ဆိုတာထက် မလုပ်နိုင်တော့ဘူး ပြောရမှာပေါ့"

"ဘာများဖြစ်လို့လဲ"

"လေဖြတ်သွားတယ်လေ"

တော်သူစံ စိတ်ပျက်လက်ပျက် ခေါင်းခါမိတော့မလိုဖြစ်ပြီးမှ သွင်ကို သတိရကာ ဟန်ဆောင်လိုက်ရသည်၊ သူတောင် စိတ်ပျက်စိတ်အားငယ်သလို ဖြစ်သွားလျှင် သွင်သာဆို ဘယ်လိုနေလိမ့်မလဲ၊ သွင့်ကို အကဲခတ်လိုက်တော့ သွင်သည် ထူးခြားစွာပင် စိတ်အားငယ် ထိတ်လန့် သွားပုံ မပြဘဲ အပြောင်းအလဲမရှိသော မျက်နှာအမူအရာဖြင့်ပင် အေးဆေး နေလေသည်၊





"လာ ဝင်တွေ့မယ်...သွင်"

"အစ်ကိုသဘောပါ"

"အစ်ကို့သဘောမဟုတ်ဘူး၊ သွင့်သဘော သွင် တွေ့ချင်ရင် တွေ့လိုက်ပါ"

"တွေ့တော့ရော ဘာထူးမှာလဲ အစ်ကိုရယ်...အဲမေသိန်းက ဘာပြောနိုင်မှာမို့လဲ"

"တစ်ချက်တော့ဝင်တွေ့လိုက်ပါလေ"

သွင့်မေမေက စိတ်အားထက်သန်စွာပင် တိုက်တွန်းသဖြင့် သူတို့ အားလုံးရေနံရေးဝနေသော နှစ်ထပ်အိမ်ကြီးဆီ ရောက်ရတော့သည်၊ သွင် အရင်တစ်ခါက ဆုံရသော မိန်းကလေးပင် တံခါးဝလာရပ်ပြန်သည်၊ သွင့်ကိုမြင်တော့ ထူးထူးခြားခြားပင်သူမက မှတ်မိနေသည်၊

"ဟော...ဟိုတစ်ခါက လာတဲ့အစ်မ"

"အမေသိန်းနဲ့ ခဏတွေ့ချင်လို့"

"အစ်မ အမေသိန်းက စကားတောင် လေးလုံးကွဲအောင် မပီတော့ဘူး၊ အိပ်ရာထဲလှဲနေရတယ်၊ အကြားအမြင်လည်း မကြည့်နိုင်တော့ဘူး"

"သိပါတယ် အစ်မ...ခဏဝင်နှုတ်ဆက်ချင်လို့ပါ"

"ခဏလေး...ကျွန်မ...သွားမေးလိုက်ဦးမယ်"

အရင်တစ်ခါကလိုပင် တံခါးဖွင့်မပေးဘဲ သုတ်ကနဲ ပြန်ဝင်သွားပြန်သည်၊ တော်သူစံက သွင့်ကို အားပေးသလို အပြုံးဖြင့်နှစ်သိမ့်ရင်း ပခုံးကို ပွေ့ဖက်လိုက်ပါသည်၊ မိခင်ရယ်၊ အစ်ကိုရယ် ရှိနေတာကိုလည်း သွင်ရ ဆိုက်နိုင်အားတော့၊ သွင်ကလေး သိပ်အားငယ်နေမလားလို့ပဲ စိုးရိမ်မိ



www.burmeseclassic.com

www.burmeseclassic.com



ကာ ထွေးပိုက်နှစ်သိမ့်ချင်လှသည်။ အခုရက်ပိုင်းတွေမှာ တော်သူစုံဟာ လူတစ်ကိုယ်တည်းနှင့်ပင် ဘဝနှစ်မျိုးပူးကပ်ကျင်လည်နေသလိုဖြစ်လျှင် တစ်ခါတစ်ရံ သူကိုယ်သူ မြတ်ထိပ်တင်မင်းသားကဲ့သို့ ခံစားရလိုက်၊ တစ်ခါတစ်ရံ တော်သူစုံပြန်ဖြစ်လိုက်နှင့် စိတ်တွေအမျိုးမျိုး ပြောင်းနေတာ ထူးခြားပါသည်။ သူ သွင့်ကို ဒါတောင်မပြောပြရသေး။

သွင်နဲ့သူလည်း နှစ်ယောက်တည်း သီးသန့်ဆုံရတဲ့ နေ့ရက်လို့ မရှိသေးတာကိုး သူရင်ထဲက ခံစားချက်ကိုတောင် သွင့်ကို မပြောပြရသေးပါ။ သို့သော် နှစ်ဘဝလုံးအနေနဲ့ပင် သွင့်ကိုလည်း ချစ်သလို၊ ကလျာပဘာကိုလည်း ချစ်နေရလေသည်။

"အမေသိန်း နိုးနေတယ်... ဝင်တွေ့လို့ရတယ်...ဒါပေမယ့် အမေသိန်း အခန်းထဲတော့ အစ်မပဲ ပေးဝင်မယ်နော်"

"ရပါတယ် အစ်မပဲ ဝင်တွေ့မှာပါ"

မေမေတို့က ဆက်တီခုံများပေါ်တွင် ထိုင်စောင့်နေလျှင် သွင်တစ်ယောက်တော့ ကောင်မလေး ညွှန်ပြသော အခန်းကြီးထဲ ဝင်လာခဲ့ပါသည်။

ကျွန်းရောင်တောက်နေသော အဝတ်ဗီရိုအကြီးကြီးများရှိရာအိပ်ခန်းကျယ်ကြီးထဲတွင် နှစ်ယောက်အိပ်ကျွန်းခုတင်အကြီးကြီး ရှိနေသည်။ ပွတ်လုံးတိုင်များပါသော ရှေးဟောင်းကျွန်းခုတင်ကြီးမျိုးကို သွင် အခုမှသာ မြင်ဖူးပါသည်။

ခုတင်ကြီးပေါ်တွင် ခေါင်းအုံးများ ဆင့်ကာ ထိုင်နေသော အမေသိန်းကို တွေ့ရသည်။ ယခင်တစ်ခါ တွေ့တုန်းကလို နံ့သာဆီနံ့ အမွှေးတိုင်နံ့၊ နံ့သာဖြူ ကရမက်နံ့တွေ မရတော့ဘဲ ဆေးနံ့တွေသာ ထုံလွှမ်းနေသော အမေသိန်းအနားကို သွင် ရောက်သွားပါသည်။





အဘွားကြီးက သွင့်ကို မှတ်မိနေသော မျက်ဝန်းတွေနှင့် ငေးကြည့်နေသည်။ လေဖြတ်ထားသူတစ်ယောက်လည်း ဖြစ်သလို၊ နေ့စဉ် ဝေဒင်လာမေးတဲ့ သူရာနဲ့ချီခဲ့ဖူးသည့် လူတစ်ယောက်က သွင့်ကို ထူးထူးခြားခြားပင် မှတ်မိနေတဲ့ အရိပ်အယောင်ပြသတဲ့။

သွင် လှိုက်လှိုက်လှဲလှဲ ပြန်ပြုံးရင်း အမေသိန်းခုတင်ဘေးမှာ ကောင်မလေးအသင့်ချထားပေးသော ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်၏။

"မှတ်...မိ...တယ်"

မပီမသ ခပ်လေးလေးပြန်ဖြေသည်။

"အမေသိန်းအခုလိုအိပ်ရာထဲလဲနေရပြီး သိပ်မကျန်းမမာဖြစ်နေတာ တွေ့ရတော့ ကျွန်မ တကယ်စိတ်မကောင်းပါဘူး"

"ရပါတယ်...မလိုပါဘူး"

"ကျွန်မ တကယ်တော့ အမေသိန်းဆီက အကူအညီများ ရနိုင်မလား ဆိုတဲ့ မျှော်လင့်ချက်နဲ့ လာခဲ့တာပါပဲ။ အခုတော့ ကျွန်မရဲ့ ကံပဲပေါ့လေ။ ကျွန်မဒီဘဝမှာလည်းကျိန်စာထဲကအတိုင်းအသက်သေရဦးမှာပါပဲ။ ကျွန်မချစ်တဲ့သူကိုတွေ့ရပါပြီဒါပေမယ့်ကျွန်မသူနဲ့ဆုံဆည်းခွင့်မရှိတော့ပါဘူး။ ကျွန်မတို့ သေကွဲခွဲရတော့မယ်။ ကျွန်မ ဘာလုပ်ရမှန်း မသိတော့ဘူး"

သွင် မျက်ရည်တွေကျရင်း အားကိုးတကြီး တိုင်တည်မိပါသည်။ အမေသိန်းလည်း ဘာမှလုပ်မပေးနိုင်မှန်း သိပေမယ့် ပြောပြချင်သည်။

အားလုံးရှေ့မှာ (အထူးသဖြင့်) မိဘနှင့်မောင်နှမတွေရှေ့မှာ ဟန်ဆောင်ထားရသမျှအခုတော့ ဘာမှမသက်ဆိုင်သော တစိမ်းတစ်ယောက်ရှေ့တွင် ဟန်မဆောင်နိုင်ဘဲ ငိုကြွေးရင်ဖွင့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေသိန်းက သွင့်ဆီ သူမ၏ လက်တစ်ဖက်ကို ခပ်လေးလေး မြှောက်ရင်း လက်ကမ်းလေသည်။ သွင်လည်း အမေသိန်းလက်ကို ပြန် ဆုပ်ကိုင်လိုက်မိသည်။

"သမီး"

အမေသိန်းက သွင့်ကို ခပ်လေလေးအသံဖြင့် ခေါ်သည်။

"အဲ...ဒီ...တုန်းက...သမီး...သတိမေ့သွားလို့...အမေ...ဆက် မပြောလိုက်ရဘူး...ဒါပေ...မယ့်...မှတ်မိ...တယ်"

"ရှင်...ရှင်...အမေသိန်းဘာကိုမှတ်မိတာလဲ"

"ကျိန်စာကို..."

"ကျွန်မ...ဘယ်လိုလုပ်ရမလဲဟင်..."

"သူ့ကို...တွေ့အောင်ရှာ"

"ကျိန်စာ...တိုက်ခဲ့တဲ့သူ့ကို"

"ဘယ်လိုလုပ် ရှာမလဲ အမေသိန်းရယ်၊ ဒေါ်သုခါဆိုတာ ဘယ်ရောက်နေမှန်းမသိတော့ဘူးလေ၊ သူက နှစ်ပေါင်းရာ ချီတဲ့အချိန် ကာလမှာ ကျန်ခဲ့ပြီးပြီ"

"သူ့ကို...မတွေ့ရင်..."

"သူ့ကိုမတွေ့ရင် ကျွန်မဘာလုပ်ရမလဲ အမေသိန်း။ ကျိန်စာပြယ် အောင် ဘာလုပ်ရမလဲ"

"အစ်မ...အစ်မ...အမယ်လေး ဘာလုပ်နေရတာလဲ အမေသိန်း က ကျန်းမာရေးမကောင်းပါဘူး ဆိုမှ ဘာလို့ မေးနေပြန်တာလဲ"

သွင့်နောက်ကျောဘက်ဆီမှ အော်ချလိုက်သော တောင်မလေး အသံကြောင့် သွင် လန့်သွားပါသည်။ သနပ်ခါးပါးကွက်ကြီးနဲ့ တောင်မလေး





က သွင့်ကို စူးစူးစိမ်းစိမ်းကြည့်ရင်း...

"ဖယ်...ဖယ်...သွား...ထွက်တော့"

ဟုလည်း မောင်းထုတ်လေသည်။

"လူတွေဟာ ကိုယ့်ဒုက္ခပဲ ကိုယ်ရှေ့တန်းတင်ကြတယ်၊ ကျွန်မတို့ အမေသိန်းလည်း အဲဒီ အခြေအနေထိရောက်အောင် ဘယ်လောက် ကုခဲ့ ရသလဲ ဆိုတာတော့ ထည့်မတွေးဘူး မဟုတ်လား။ ကိုယ်ချင်းလည်း မစာဦး"

"အစ်မ မေးဖို့ရည်ရွယ်ချက်မရှိပါဘူး။ အမေသိန်း စပြောလို့မေးမိ တာပါ။ အစ်မလည်း ကျန်းမာရေးမကောင်းတဲ့သူကို စိတ်အနှောင့်အယှက် ပေးချင်ပါဘူး"

အမေသိန်းကတော့ သွင့်ကို ကရုဏာသက်သော မျက်လုံးတွေ နဲ့ကြည့်နေသည်။

"အမေသိန်းကို ကန်တော့ခဲ့ပါတယ်၊ ဒီဘဝမှာ ကျွန်မရဲ့ ကျိန်စာ သွေ မပျက်စီးခဲ့ပေမယ့် နောက်နောင်ဘဝများမှာတော့ ကျိန်စာပြယ်ချင်ပါ တယ် အမေသိန်းရယ်"

သွင် တကယ်ပဲ စိတ်ပါလက်ပါ ထိုင်ကန်တော့လိုက်ပါသည်။

အခန်းပြင်ပြန်ထွက်လာသောအခါ သွင့်မျက်နှာမှာ ဘာမှ မဖြစ်ခဲ့ သလိုပကတိအမူအရာဖြင့် အားလုံးကိုပြုံးပြနိုင်ဖို့သွင်ပြင်ဆင်နေပြီတည်း။

*　*　*

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၁)

အမေသိန်းဆီကပြန်ရောက်ပြီးနောက်တစ်နေ့မနက်အစောကြီး ခုနစ်နာရီလောက်မှာ ဆူဆူညံညံအသံတွေနဲ့ သွင့်အခန်းတံခါးကို ထု ခေါက်တာကြားရသည်။ ညက အိပ်မက်တွေနဲ့ ကယောက်ကယက်ဖြစ် ခဲ့သောကြောင့် သွင် မနက်စောစောမှ အသေအချာအိပ်ပျော်သွားပါသည် ဒါပေမယ့် မနက်ခုနစ်နာရီမှာ အနှိုးခံလိုက်ရသဖြင့် အိပ်ရေးမဝဘဲ ထလာ သည်။

"တံခါးဘုကို လော့(စ)မချထားဘူး။ ဝင်လာခဲ့ရတယ် ဘယ်သူ တွေလည်းဆိုတာ လူမမြင်ရသေးဘဲ အသံကြားတာနဲ့တင် သိတယ်နော်"

ရယ်သံများဖြင့် သူငယ်ချင်းတွေ သွင့် အခန်းထဲရောက်လာ သည်။

"ထ...ထ...သွင်...ရေချိုး...ပြင်ဆင်"





မုယာက သွင်ကို အတင်းဆွဲထူသည်။

"ဟဲ့ ခဏနေပါဦး။ ငါအိပ်ရေးမဝသေးဘူး။ လှဲပါရစေဦး"

"မရဘူး...မလှဲရဘူး... ပြင်ဆင်ရမယ်"

"ဘယ်သွားမလို့လဲ"

"ဒီလိုပဲ သွားကြမှာ မြန်မာဝတ်စုံနဲ့ သွားမှာ"

ဖြူနုပြောတော့မှသူငယ်ချင်းတွေအားလုံးမြန်မာဝတ်စုံလေးတွေ ဝတ်ထားကြတာကို သတိထားမိသည်။ ယောကျ်ားလျာလိုလိုဖြစ်နေသည့် မေရှားကတောင် နှံသရောင်ရင်ဖုံးတွေ၊ ပိုးချိုပ်တွေနဲ့ ဖြစ်နေသည်။

"ဘာပွဲလဲ"

"မေးနေတာကြာတယ်...လာ...သူ့ကို ဝိုင်းချိုပြီး ရေချိုးခန်းထဲ သွင်းရမယ်"

"ဟဲ့...ဟဲ့...မချိုနဲ့ ငါ့ဘာသာသွားပါ့မယ်"

"နင် ဝတ်ရမယ့် မြန်မာဝတ်စုံကိုလည်း ထုတ်ထားပေးမယ်"

"ငါ့ဆီမှာ သုံးစုံပဲ ရှိတာနော်"

အဲဒီသုံးစုံဟာလည်း အလှူပွဲတစ်ခု သွားလို့ ချုပ်ထားတာတစ်စုံ၊ တစ်စုံကတော့ မင်္ဂလာဆောင်တစ်ခုသွားစဉ် ဝတ်ချင်စိတ်ဖြစ်သဖြင့် ချုပ် ထားခဲ့တာတစ်စုံနှင့်ဆရာကန်တော့ပွဲတက်စဉ်က ချုပ်ထားမိတာ တစ်စုံတို့ ဖြစ်သည်။ အခုခေတ်သမီးပျိုလေးမို့လို့ ထမိတို့၊ ရင်ဖုံးတို့ဆိုတာ မဝတ်ဖြစ် ခဲ့သလောက်ရှားလျက် စကပ်တွေ၊ ဂါဝန်တွေ၊ ဂျင်းနိတွေ၊ သရီးကွာတား တွေသာ ဗီရိုထဲပြည့်နေသည်။

သွင် ရေနွေးနဲ့ ရေမြန်မြန်ချိုးရင်း မနက်စောစောစီးစီး သူငယ်ချင်း တွေ ရောက်လာပြီး မြန်မာဝတ်စုံဝတ်ပြီး သွားရန်ခေါ်သော နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလား၊ ဒါမှမဟုတ် ဘုန်းကြီးကျောင်းမှာလုပ်သော အလှူပွဲပဲလား ဟု စဉ်းစားကြည့် နေမိပါသည်။

"ဒါလေးပဲ ငါတို့မျက်စေ့ထဲ အလှဆုံးထင်လို့ ထုတ်လိုက်တယ် နော်"

အဝါနုရောင် ရင်ဖုံးလက်ရှည်အင်္ကျီလေးမှာ ပုလဲလုံးကြယ်သီး လေးတွေနှင့် ဖြစ်သည်။ ပိုးလုံချည်မှာ ရှိုးဆင်နှင့် ပန်းပွင့်များကို ခပ်ကျဲကျဲ လေး ဖေါက်ထားသော လုံချည်ဖြစ်ပါသည်။

"ဘုရားသွားမှာလားဟယ်...အရမ်းကို သားသားနားနားကြီး ဖြစ် နေပြီ"

"ဘုရားသွားမယ်လို့ ဘယ်သူပြောလို့တုန်း"

"ဒါဖြင့် ...ဘယ်လဲ"

"surprise လေ"

"ဆပ်ပရိုက်(စ်)လားဘာဆပ်ပရိုက်စ် လုပ်စရာရှိလို့လဲ"

"သွင်ကလေ မတွေ့တာကြာလေလေ ပိုပြီး အမေးအမြန်းထူလာ လေလေပဲ"

"ထိုင် ...ထိုင် ...လာ ...ငါပြင်ပေးမယ်"

"မပြင်ပါဘူး ...ဘာလို့ပြင်ရမှာလဲ ...အရင်က အတိုင်းပုံမှန်လိမ်း ရင် ရတာယ်မဟုတ်လား"

"မှယာ ...ထားလိုက်တော့ သူ့ကို သူ့ဘာသာပြင်ရင်လည်း ရပါ တယ် ငါ့သူငယ်ချင်း စိတ်ညစ်အောင် မလုပ်ကြနဲ့"

မေရှားက အငြင်းအခုန် ဖြစ်နေကြတာကို ဝင်ရှင်းသလို ပြော သည်။ သွင်က လိမ်းနေကျ L'oreal လောရီရယ် ကရင်(မ) မျက်နှာမှာ ပွတ်





ပြီးတာနဲ့ မိတ်ကပ်ရေည်ကို အစက်ချကာ ပွတ်လိမ်းလိုက်သည်။ ပြီးမှ အပေါ် က မိတ်ကပ်မှုန့်တို့ထားသော ရေမြှုပ်ဖြင့် အသာတို့လိုက်သည်။ ပုံဖေါ်ပြီး သားမျက်ခုံးကိုအညိုရောင်ခဲတံဖြင့်အသာဆွဲလိုက်သည်။ မျက်ခွံအပေါ်ကို တော့ ရွှေရောင်အိုင်းရှဲဒိုး ခပ်ဖျော့ဖျော့တင်ပြီးလျှင် မက်(စ)ကာရာ မျက် တောင်ကော့ဆေးဖြင့် မျက်တောင်ကို ခြယ်လိုက်သည်။ ပြီးလျှင် နှင်းဆီ ရောင် ပါးနီဖျော့ဖျော့ကို ဘရပ်(ရှ်)ဖြင့် သုံးလေးချက် တင်လိုက်ပါသည်။ အဲဒါတွေပြီးမှ နှင်းဆီရောင် နှုတ်ခမ်းဆိုးဆေးကို ဆိုးပြီးလျှင် သွင်က သူငယ်ချင်းတွေကို လှည့်ကြည့်လိုက်ကာ ...

"ကဲ ...ဘာလိုသေးလဲ တွေ့လား ငါ့ဘာသာလည်း ပြင်တတ် ပါတယ်"

ဟု ...ပြောလိုက်လေသည်။

သွင် နေသာမကောင်းပေမယ့် အားလုံးရှေ့မှာ ဟန်ဆောင်ကာ ရယ်ရယ်ပြုံးပြုံး၊ တက်တက်ကြွကြွနေပြတတ်နေပါသည်။ အခုလည်း သွင် သည် ဘယ်လိုကြီးမှန်းမသိပေမယ့် မနက်စောစောစီးစီး ရောက်လာသော သူငယ်ချင်းတွေကို ဟန်ဆောင်ကာ ဆက်ဆံနိုင်လေသည်။

"ငါသာဆို မျက်တောင်တုတပ်လိုက်တယ်"

မှယာက မျက်တောင်တုတပ်ရတာ ဝါသနာပါလျက် သူမဆီမှာ မျက်တောင်တုတွေ ဒီဇိုင်းမျိုးစုံရှိလေသည်။ သွင်လည်း သူနဲ့ အတူရော ယောင်ပြီး မျက်တောင်တု တချို့ဝယ်ထားဖူးပြီး တစ်ခါတစ်ရံ တပ်ပါသည်။

"မလုပ်ပါနဲ့ သွင်က အခုအရိမ်းပိန်ပြီး မျက်လုံးကပြူးနေတာ မျက်တော်တုကြီးနဲ့ဆိုရင် ဇီးကွက်ဖြစ်သွားမယ် မတပ်နဲ့ ဒီအတိုင်းပဲ၊ဘယ် ဘယ်ပြင်ထားမှန်းသိပ်မသိသာတဲ့ ခပ်ဖျော့ဖျော့လေးက ပိုလှတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူနုက သူကိုယ်တိုင်လည်း မိတ်ကပ်ပြင်တာ သိပ်မကြိုက်လှ... မို့ သွင့်ကို မပြင်ဖို့ အကြံပေးသည်။

"ကဲ ...သွင် ...အဆင်သင့်ဖြစ်ရင် အကျီလဲတော့"

"မေရှား နင်တို့ ငါ့ကို ပဟေဠိလုပ်မနေနဲ့"

"နောက်တော့ သိမှာပေါ့ဟယ်"

သွင် အားလုံးကို မျက်စောင်းကြီးထိုးလိုက်ပြီး အဝတ်အစား... လိုက်ရပါသည်။ ဘာပဲဖြစ်ဖြစ် သူငယ်ချင်းတွေနဲ့ ဝတ်စားပြင်ဆင်ပြီး အပြ... ထွက်ရမယ်ဆိုတော့လည်း စိတ်ပါပါသည်။ ရင်ထဲမှာ သိပ်နေလို့ မကောင်း... ပဲ ရင်ပူနေတာကို တမင်မေ့ထားလိုက်ပြီး စိတ်ပြေလက်ပျောက် အပြ... ထွက်ပါမည်။

"အချိန်ကျပြီ ...ကဲ ...သွားရအောင်"

မေရှားက နာရီကို လှမ်းကြည့်လိုက်ပြီး ပြောလိုက်သည်။ ရှစ်နာ... ခွဲသာ ရှိသေးသည်။

"မေမေ့ကို ခွင့်တောင်းပြီးပြီလား"

"အန်တီ အားလုံးသိတယ်"

"ဪ ဒါဆိုလည်း သွားကြတာပေါ့"

သွင့်အခန်းရှိရာ အပေါ်မှာဆင်းလာသောအခါ ဧည့်ခန်းဆီ... စကားပြောသံနှင့် ရယ်သံသဲ့သဲ့ကို ကြားနေရသည်။ မနက်စောစော... ဘယ်က ဧည့်သည်တွေများ ရောက်နေသလဲဟု တွေးမိပါသည်။ သူငယ်... ချင်းတွေ တစ်ဖက်တစ်ချက်ခြံရံကာ ဆင်းလာသော သွင်သည် ဘယ်သွား... မလဲဆိုတာ အခုထိ မသိရသေး၍ ထပ်မေးလိုက်သေးလေသည်။





"ဘယ်သွားကြမှာလဲဆိုတာ သွင့်ကို ခုထိ မပြောသေးဘူးနော် ...ဘာဖြစ်နေကြတာလဲ"

သွင်မေးခွန်းတွေ အဆုံးသတ်မှာ ပြတ်တောင်းပြတ်တောင်းနဲ့ ...ယ်တန့်ဆွံ့အသလိုဖြစ်သွားရစေသော မြင်ကွင်းတစ်ခုကို သွင် မြင်လိုက် ...ည့်မှာတော့ အားလုံးကို အံ့ဩတကြီး ကြည့်ငေးနေမိတော့လေသည်။

ဧည့်ခန်းကျယ်ကြီးမှာ ထိုင်နေကြသော လူစုလူဝေးတစ်ခုကို ...သွင် ငေးနေမိသဖြင့် မေမေက ...

"သမီးတို့ သွင့်ကို ဒီနားတွဲခေါ်လာပြီး ထိုင်ခိုင်းလိုက်ပါကွယ်"

ဟု ...လှမ်းပြောလိုက်သည်။ သွင် သူငယ်ချင်းတွေ ဆွဲခေါ်ရာကို ...သွားပါသည်။

"အံ့ဩသွားလား ...သွင်"

သွင်က တော်သူစုံကို မမြင်ဖူးသော လူတစ်ယောက်လိုပဲ ပြန်စိုက် ...ကြည့်နေမိသည်။

"မနေ့ကပဲ သွင့်ရဲ့ မိသားစုတွေနဲ့ ကိုယ်တိုင်ပင်လိုက်တယ် ...တွင်ချင်းပဲ ဖုန်းဆက်စီစဉ်ပြီး ဒီနေ့ မနက်စောစောကို သွင်နဲ့ကိုယ်လက် ...တ်ထိုးလက်ထပ်ဖို့ ဆုံးဖြတ်လိုက်တယ် သွင်။ အားလုံးကလည်း သဘော ...တူကျေနပ်ကြတယ် သွင်လည်း ဒီအစီအစဉ်ကို လက်ခံနိုင်တယ် ကိုယ့် ...ည်း သွင့်ကို ကယ်တင်နိုင်မယ်ဆိုရင် ဘာကြောင့် လက်မထပ်စရာရှိလဲ"

"အစ်ကို ...အစ်ကို ...မှားနေပြီထင်တယ် ...ဒီလိုလုပ်လို့လဲ"

သွင်က မျက်နှာချင်းဆိုင်မှာ ရှိနေကြသော တရားသူကြီး စုံတွဲဟု ...င်ရသည့် စုံတွဲကို တစ်ချက်ငေ့ကြည့်ရင်း ...

"ပြီးသွားမယ် ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍သာ ခပ်တိုးတိုးပြန်မေးလိုက်မိသည်။

လူတစ်စိမ်းတွေရှေ့မှာ ကျိန်စာတွေ၊ ဘဝအဆက်ဆက်တွေ ထည့်လည်း မပြောချင်၊ ဒါမိသားစုနဲ့ သူငယ်ချင်းတွေသာ သိထားတာ သဘာဝလွန်အဖြစ်အပျက်ကြီးတစ်ခုမို့ လူတိုင်းသိလို့ မဖြစ်ချေ။

"သွင် ဘာမှမစွန့်စားဘဲ ဒီအတိုင်း နေမလို့လား၊ ကဲ…ကဲ…ပြီးရင် ဆက်ပြောကြတာပေါ့…သွင် ကိုယ့်ကို လက်ထပ်နိုင်တယ် မဟုတ်လား ဟင်၊ ကိုယ်ခွင့်မတောင်းပဲနဲ့ စီစဉ်လိုက်ရတော့ သွင် ငြင်းလိုက်မှာလည်း စိုးရိမ်တယ်"

သွင်တို့သီးသန့်တီးတိုးခေါင်းချင်းဆိုင်ပြောဆိုဆွေးနွေးနေသည့် အချိန်တွင် ဖေဖေ၊ မေမေတို့ကတော့ တရားသူကြီးစုံတွဲကို ဆက်လက် ဧည့်ခံစကားပြောပေးနေပါသည်။

"သွင်…သေသွားခဲ့ရင်"

"ဘာမှမဖြစ်ဘူး…သွင် မသေရဘူး…သွင် မသေပါဘူး…အရင် ဘဝတွေတုန်းက သွင်နဲ့ကိုယ် လက်ထပ်တဲ့အဖြစ်ထိ မရောက်ခဲ့ရဘူး။ ဒီတော့ ဒီဘဝမှာတော့ လက်ထပ်တဲ့အထိ ရှေ့တိုးကြမယ် ဒါဟာလည်း ကျိန်စာကို ပြယ်စေတဲ့ နည်းလမ်းတစ်ခုဖြစ်နေရင် သွင် ဘာမလုပ်ရဲစရာ ရှိလဲ"

တော်သူစံက ခပ်တိုးတိုးပြောရင်း သွင့် လက်ဖဝါးတွေကို ဆုပ် ကိုင်ထားလိုက်ပါသည်။

"ကဲ…သမီးတို့ ဘာတွေတိုင်ပင်နေတာလဲ…အဆင်သင့်ဖြစ်ရင် တရားသူကြီးရှေ့မှာ လက်ထပ်စာချုပ်ကို လက်မှတ်ထိုးကြရအောင်နော်"





"အဆင်သင့်ဖြစ်ပါပြီခင်ဗျာ…သွင့်ကို မင်္ဂလာဧည့်ခံပွဲအကြီးကြီး လုပ်ကြမယ်လို့ တိုင်ပင်နေတာပါ"

"ကောင်းတယ်…ကောင်းတယ်…အခုလောလောဆယ် သမီးက ကျန်းမာရေးသိပ်မကောင်းသေးလို့ အိမ်မှာပဲ လက်မှတ်ထိုးဖို့ စီစဉ်လိုက်ရ တယ်လေ ပြီးမှပဲ ဧည့်ခံပွဲလုပ်ဖို့ အေးအေးဆေးဆေး စီစဉ်ရတာပေါ့။ ဟောဒီက သမီးသူငယ်ချင်းတွေကလည်း ဝိုင်းကူဖို့ အဆင်သင့်ပဲလေ"

မေမေက သူတို့ကို လက်မှတ်ထိုးဖို့ စာချုပ်လှလှလေးတွေ ရှေ့ချ ပေးတော့ သွင်ထပ် အံ့ဩရပြန်သည်၊ မနေ့ကတင် အမေ့သိန်းဆီက ပြန် လာပြီးတော့ သွင် စိတ်ဓာတ်လဲကျ၊ ဝင်လည်းပင်ပန်းပြီး အိပ်ပျော်သွားခဲ့ သည်။ တစ်ညနေတစ်ပိုင်း အိပ်ပျော်သွားချိန်ကစပြီး ညဝိုင်းပြန်နိုးလာ တော့ ကိုကြီးနဲ့ ဖေဖေတို့ အပြင်ထွက်သွားကြတာ သိပြီး ဘာတွေဘယ်လို တောက်စီစဉ်လိုက်မှန်းပင် မသိခဲ့ပါ။ ဒီလို အဆင်ပြေပြေနဲ့ လှပသော လက်ထပ်စာချုပ်လေး နှစ်ခုကို အပြေးအလွှား စီစဉ်ထားပေးခဲ့သော ကြောင့် ဖေဖေ၊ မေမေတို့ မေတ္တာကို ပီတိဖြစ်ရသည်၊ သွင့်ကိုအသက်မဆုံး ရှုံးရအောင် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကယ်တင်ပေးဖို့ သူတို့ ဘယ်လောက် စိတ်ပင်ပန်းလိုက်ကြရပါလိမ့်။ ထို့အတူ သွင့်ကို ကျိန်စာပြယ်ခွင့်ရဖို့ ဒီနည်း နဲ့ ဖြေရှင်းရင် ရမလားဆိုပြီး သူကိုယ်သူ စွန့်စားကာ ချက်ချင်း လက်ထပ်ဖို့ စိတ်ကူးရသော အစ်ကိုတော်သူစံကိုလည်း သွင် လေးစားမြတ်နိုးရပါသည်။ သူ့ကိုသွင်ကပဲ ချစ်ခဲ့ပါသည်ဟု ဝန်ခံခဲ့မေမယ့် သူကတော့ သွင့်ကို ချစ် သည်၊ မချစ်သည် တစ်ခွန်းမပြောခဲ့ပါပဲ ကလျာပဘာရဲ့ချစ်သူမြတ်ထိပ်တင် မင်းသားလို့ သူကိုယ်သူသိပြီးချိန်ကစပြီး သွင့်အပေါ် သူ ဖေးဖေးမ



www.burmeseclassic.com

www.burmeseclassic.com



ကြင်ကြင်နာနာရှိခဲ့တာကိုသာ သွင်ခံစားရသည်။ သွင့်ကို သူ စွန့်စွန့်စားစား လက်ထပ်လိုက်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပါပေ။

သွင် သည် လက်ထပ်စာချုပ်ပေါ်တွင် တင်သွားသော သူမ၏ လက်မှတ်လေးကို ငေးကြည့်နေစဉ် တော်သူစံက သွင့်ဘယ်လက်ဖဝါးကို ဆွဲယူလိုက်ပြီး…

"ဒါအမှတ်တရ မင်္ဂလာဦးလက်ဆောင်ပါ။ လက်ထပ်လက်စွပ်က တော့ ညည့်ခံပွဲကျမှ အတူရွေးပြီး ဝယ်ကြတာပေါ့"

သွင့် လက်ကောက်ဝတ်တွင် ကနုတ်နွယ်များ လုပစွာပုံဖော်ထားသည့် ရွှေလက်ကောက်တစ်ကွင်းကို ဝတ်ပေးလိုက်ပါသည်၊ လက်ရာမြောက်လှသော ကနုတ်ပန်းနွယ်များကြောင့် ရွှေလက်ကောက်ဝင်းဝင်းမှာ လက်ကောက်ဝတ်တွင် တောက်ပစွာ ကြွားရွှားနေကာ ထယ်ဝါလှသည်၊

"ကဲ…မင်္ဂလာလက်မှတ် ရေးထိုးခြင်းလည်း ထမြောက် အောင်မြင်သွားပြီဖြစ်တဲ့အတွက် တရားသူကြီးတို့စုံတွဲကို နံနက်စာ ဧည့်ခံဆောင်ဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျာ"

နံနက်စာကတော့ အိမ်ချက်အုန်းနို့ခေါက်ဆွဲနှင့် ကော်ဖီမုန့်များ ဖြစ်ပါသည်၊ မေမေနဲ့ အိမ်ဖော်တစ်သိုက် ဘယ်အချိန်ကများ စီစဉ်ချက်ပြုတ်ထားသည်မသိ။ ဖွယ်ဖွယ်ရာရာနှင့်စုံလှသည်။ သွင်ကတော့ ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေအတွက် အိပ်မက်မက်နေသလိုခံစားရတာ ငေးငေါင်လှသည်၊ စားစရာတွေကိုလည်း တို့ကနန်း ဆိတ်ကနန်းသာ စားနိုင်လေသည်။

တရားသူကြီး စုံတွဲပြန်သောအခါ မိသားစုဝင်တွေသာကျန်လျှင် ဖေဖေနဲ့မေမေက သွင့်ကို ဝိုင်း၍ ထွေးဖက်ပြီး…





"သမီးအတွက် ကြံ့ရာမရဖြစ်နေတော့ မနေ့က မေမေတော်တော် စိတ်ထင်းခဲ့မိတယ်"

"မောင်တော်သူစံက ဖေဖေ့တို့ဆီမှာ ခွင့်တောင်းပြီး ဒီအစီအစဉ်ကို တင်ပြတော့ သမီးရဲ့ ဆုံးဖြတ်ချက်ကို ဖေဖေ မယူချင်တော့ဘူး။ ဒီနည်းတာ သမီးအရင်းအရင်ဘဝတွေက ကြုံနေကျကျိန်စာကို ဖြယ်စေတဲ့နည်းများ ဖြစ်လေမလားဆိုပြီး မောင်တော်သူစံရဲ့ အစီအစဉ်ကို ချက်ချင်းပဲ လက်ခံလိုက်မိတယ်"

"ဆရာဦးတော်သူစံ ဆိုတာကလည်း ကိုယ်နဲ့ ရင်းနှီးပြီးသား မိတ်ရင်းဆွေရင်း တစ်ယောက် ဖြစ်တော့လည်း သမီးရဲ့ အတိတ်ဘဝမှာ တော်စပ်ခဲ့ဖူးတဲ့ ချစ်သူတစ်ယောက်ရဲ့ လူဝင်စားဆိုတာတွေ မေမေယုံသွားပြီ ဖေဖေလည်း ယုံတယ် ဒါကြောင့် သမီးတို့ကို အတိတ်ဘဝက အခြေအနေမျိုး မဖြစ်ရအောင် စီစဉ်လိုက်တာကွယ်…ငါ့သမီးလေး ဒီကျိန်စာဆိုးကြီးကာနေလွတ်ပါစေ"

"မင်္ဂလာညည့်ခံပွဲကိုတော့ သမီးစိတ်တိုင်းကျလုပ်၊ ဟုတ်လား။ သမီးစိတ်ချမ်းသာသလိုလုပ် ဖေဖေ ဘယ်လောက်ကုန်ကုန် တာဝန်ယူတယ်"

"အန်ကယ်လည်း ကျွန်တော် တစ်ခုလောက်ပြောပါရစေ"

တော်သူစံက မိသားစုတွေကြား ဖြတ်ပြောရသဖြင့် အားနာသလိုဖြစ်နေသည်။

"ပြောပါ…ပြောပါ…ရပါတယ်"

"ဒီလိုပါ ကျွန်တော်က ယောကျာ်းလေးဖြစ်တဲ့အတွက် မင်္ဂလာဆောင်စရိတ်ကို ကျွန်တော်ပဲ အားလုံးအကုန်ခံပါရစေ၊ အန်ကယ်တို့ သွင့်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုလုပ်ပေးချင်တယ်ဆိုရင်တော့ သွင်လိုချင်တာပဲ ဝယ်ပေးလိုက်ပါလို့ ကျွန်တော် အကြံပေးချင်ပါတယ်"

သွင့်ကိုသူငယ်ချင်းတွေကတော့ တစ်ဖက်တစ်ချက်ဝိုင်းဖက်ကာ

"ဘယ်လိုလည်း ငါတို့ကို စိတ်ဆိုးနေလား"

"အန်တီက ညဘက်ကြီး ဖုန်းဆက် အကူအညီတောင်းတော့ ငါ့မှာအိပ်လို့တောင် မပျော်ဘူး။ ဒီမနက်ရောက်ဖို့ စိတ်စောနေတာ"

"နင်...တစ်ယူသန်ပြီး လူကြီးတွေရှေ့မှာ ပြင်းလိုက်မှာကို အားလုံးက စိုးရိမ်နေကြတယ် သွင်ရယ်"

သွင်သည် အားလုံးအလယ်မှာ ခပ်ငြိမ်ငြိမ်လေး ထိုင်နေမိသည်။

"နင် ဘာမှစိတ်မလှုပ်ရှားဘူးလား"

ဟု...သူငယ်ချင်းတွေကမေးလျှင်

"အဖြစ်အပျက်ကမြန်လွန်း လို့ ဘာဖြစ်နေမှန်းတောင်မသိဘူး။ ယုံလည်းမယုံနိုင်ဘူးဖြစ်နေတယ်၊ ငါ ဘာလို့ဒီလောက်ထိ ဆုံးဖြတ်ရဲတာလည်းလို့ အံ့သြနေတယ်"

"ဦးတော်သူစံက နင့်ကို တကယ်ချစ်ပါတယ်"

"သူ...ငါ့ကို ချစ်တာလား၊ သူ့အိပ်မက်ထဲမှာ စွဲလန်းခဲ့တဲ့ ကလျာပဘာကို ချစ်တာလား"

"ဟီးဟီး ဒါတော့မသိဘူးလေ နှစ်ယောက်တည်းကျမှ ရှန်ဖြစ်ပေတော့"

"ဘာ နှစ်ယောက်တည်းကျမှလည်း ငါက မေမေတို့နဲ့ နေဦးမှာ။ သူနဲ့ ဘာလို့လိုက်နေရမှာလဲ"

"ဒါကတော့ ရှင်းပေတော့ သွင်ရေ"





တကယ်လည်းသွင်လိုက်နေစရာမလိုပါ။ အားလုံးလူစုခွဲ အိမ်ပြန်ကြသောအခါ သွင့်ကို သူနဲ့ လိုက်ခဲ့ပါလို့ တစ်ခွန်းမခေါ်ပဲ နားလည်သော ရှင့်လွှတ်သော အလိုလိုက်သော မျက်လုံးတွေနဲ့ နူးညံ့စွာ ကြည့်ကာ...

"ကိုယ်ပြန်တော့မယ်နော်...ကလေး။ မနက်ဖြန်ကျမှ အတူတူ ထိုင်ပင်ပြီး ဟိုတယ်လည်း ရွေးကြမယ် အဝတ်အစားတို့ ဘာတို့ပေါ့ ညေ့ခံ ပွဲအတွက် လိုတာတွေ တိုင်ပင်ကြမယ် အပြင်အတူတူ ထွက်ကြမယ် တုတ်ပြီလား"

ဟု၍ ...နှုတ်ဆက်ရင်း သူ့ရဲ့မနက်ဖြန်အစီအစဉ်ကို ပြောပြပါသည်၊

"အစ်ကို"

သွင် သူ့ကို ချစ်မြတ်နိုးစွာ ခေါ်လိုက်မိသည်ထင်သည်၊ သွင့်ရင်ထဲမှာ သူ့ကို အရင်ကထက် အဆများစွာ ချစ်မိနေသလို ခံစားနေရသည်။

"ဘာလဲ...သွင် ကလေး"

"အဟင်းဟင်း"

"ဘာရယ်တာလဲ"

"အစ်ကိုက သွင့်ကို အမြဲ့စုံခေါ်တယ်။ သွင်ခေါ်လိုက် ကလေးခေါ်လိုက် သွင်ကလေးဖြစ်လိုက်နဲ့"

"သွင်က ဘယ်လိုခေါ်တာ ကြိုက်လဲ"

"အကုန်လုံး ကြိုက်ပါတယ် ပြီးတော့"

သွင် စကားဖြတ်လိုက်မိသဖြင့် သွင့်ကို သူက စူးစမ်းသလို ကြည့်သည်။

"သွင် အစ်ကို့ကို အရမ်းချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက သွင့် ယေထိပ်လေးကို သူလက်ဖဝါးဖြင့် အုပ်ကိုင်၍ တစ်ချက်ဖိလိုက်ရင်း...

"အိပ်ပျော်အောင်အိပ် ဘာမှမတွေးနဲ့တော့၊ ကိုယ်နဲ့ တစ်သက်လုံး အတူတူနေရတော့မယ်လို့ဘဲ တွေးနေ၊ ကျိန်းစာတစ်ခု ပြယ်ရင်ပြယ် အခ်ိကကတော့ စိတ်ပဲ ကိုယ့်စိတ်က ပိုတန်ဖိုးကြီးနေရင် အဲဒီကျိန်စာဟာ သွင့်ကို ဘာမှ လုပ်လို့ရတော့ဘူး"

ဟု၍ အားပေးနှစ်သိမ့်လိုက်သလို သူ ကားပေါ်တက် စက်နှိုးလိုက်ပြီးမှ...

"ကိုယ်လည်း သွင့်ကို အရမ်းချစ်တယ်"

ဆိုသော သွင် မျှော်လင့်နေခဲ့သည့်စကားတစ်ခွန်းကို လှိုက်လှိုက်လှဲလှဲပင် သူ ပြောခဲ့လိုက်သောအခါ...။

*   *   *

# အပိုင်း (၂၂)

"ညည်းအကြံ့ ဒါအကုန်ပဲလား"

သွင်သည် ငါဘာလို့ ဒီကို ရောက်နေပါလိမ့် ဇဝေဇဝါ ဖြစ်နေမိ၏။ အိုပ်တွေကြားထဲက ဖြတ်လာတာ မဟုတ်ဘဲ ဘာကြောင့် အတိတ်ဘဝကို ပြန်ရောက်နေရသလဲ။ ဒေါ်သုမါက သွင့်ကို မကျေမနပ်ကြည့်နေသည်။ သူက သွင့်ကို တလျာပဘာ၏ လူဝင်စားတစ်ယောက်မှန်း သိပြီးပုံဖြင့်...

"ဒီဘဝမှာလစ်ကွက် ဟာကွက်ရှိသွားလို့ ကြိုသိခွင့်ရတယ်ဆိုပြီး ဒီ၍လှမ်းကို လှမ်းလိုက်နိုင်တာ ချီးကျူးပါတယ်"

ဟု...ထပ်ပြောနေသော ဒေါ်သုမါကို သွင် မုန်းတီးနေပေမယ့် သူ့ကို အာခံမပြောရဲ၊ သွင် သူ့ကို တောင်းပန်ဖို့သာ စိတ်ကူးမိသည်၊

"ဒေါ်သုမါ ရှင့်ကို ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မလည်း တလျာပဘာ ဘဝတုန်းကနေစပြီး အခုဘဝထိ နှစ်ပေါင်းရာချီပြီး ရှင့်ရဲ့ကျိန်စာကို



www.burmeseclassic.com

www.burmeseclassic.com



ခံခဲ့ရပြီးပါပြီ ကျေပါတော့၊ အမျက်အာဃာတတွေ ပြယ်ပါတော့ရှင်၊ ကလျာပဘာ မိုက်မဲလို့ ပြုခဲ့မိတဲ့ အပြစ်တရားကို ကျွန်မ ဘာကြောင့် ခံစားနေရဦးမှာလဲ"

"မခံရပါဘူး၊ ညည်း . . . မခံရတော့ပါဘူး"

"ရှင်...ဘာရယ်"

"ဒါပေမယ့် ညည်းချစ်တဲ့သူနဲ့လည်း မပေါင်းရဘူး"

"ဒေါ်သုဓါ ...ရှင် ...ဘာပြောနေတာလဲ"

"ဒီဘဝမှာ ဒီကျိန်စာဟာ နောက်ဆုံးပါပဲ . . . တရားဝင် အကြောင်း လင်မယားဖြစ်တဲ့အထိ ရှေ့ကို တိုးခဲ့လိုက်တာမို့ ငါ့ရဲ့ကျိန်စာ စွမ်းအင်လည်း ထိသင့်သူကို မထိတော့ဘဲ မထိသင့် သူတို ထိလိမ့်မယ်"

"ဘယ်သူကိုလဲ ဘယ်သူကိုလဲ ပြောပါ . . . ပြောပါ . . . ဒေါ်သုဓါ ကျွန်မကြောင့် ဘယ်သူခံစားရမှာလဲ"

"သူ့ကို ထိသွားပြီးရင် သူနဲ့ ညည်းဟာ ဒီဘဝမှာ မဆုံဆည်းရတော့မယ့် ညည်းရဲ့ ကျိန်စာဟာ ပြယ်ပါပြီ၊ ဘဝအဆက်ဆက်သံသရာရှိသရွေ့ ခံစားရမယ့် ကျိန်စာပြယ်သွားပါပြီ၊ စိတ်အေးလက်အေး ရစ်ပါတော့၊ ညည်းတို့ နောက်ဘဝမှသာ သေတစ်ပန် သက်တစ်ဆုံး ပေါင်းရဖို့ ရှိတော့တယ်၊ ငါဟာ စုန်းဖြူမပါ စုန်းမည်းမ မဟုတ်ဘူး၊ ဒီတော့ ငါ့ရဲ့ကျိန်စာမှာ အဲဒီလိုဟာကွက်တစ်ခုထားရစ်ခဲ့တယ် ညည်းဘဝ အဆက်ဆက်ကြီး မသိခဲ့ဘူး၊ ဒီဘဝမှာမှ သိခွင့်ရလို့ ဒီဘဝမှာ ဒီကျိန်စာပြယ်ခွင့်ရပြီ"

"သူ ...သူဆိုတာ ...အို ...ဟင့်အင်း ...မလုပ်ပါနဲ့ ...အစ်ကို့ကို ဘာမှ မလုပ်ပါနဲ့ ...အစ်ကို့ကို အသက်ရှင်ခွင့်ပေးပါ၊ ဒေါ်သုဓါရယ် ကျွန်မပဲ အစား





အရင်ဘဝတွေကလို သေရမယ်ဆိုရင် သေလိုက်ပါ့မယ်၊ အစ်ကိုက ဘာမှ အပြစ်မရှိခဲ့ပါဘူး၊ အစ်ကိုက ကျွန်မကို ကယ်ဖို့ကြိုးစားတာပါ"

သွင် ...သွေးရူးသွေးတန်း၊ ယူကြုံးမရဖြစ်စွာ ငိုကြွေးတောင်းပန်မိလေသည်။

"မရတော့ဘူး၊ ငါ့ရဲ့ကျိန်စာဟာ ညည်းကို မထိရတော့ရင် ညည်းချစ်တဲ့သူကို ထိဖို့သူ့ဘာသာ လမ်းလွှဲသွားတယ်၊ ဒါငါလုပ်တာ မဟုတ်ဘူး၊ သူ့ဘာသာ ဖြစ်သွားတာ"

"မဖြစ်ပါနဲ့ ...မဖြစ်ပါစေနဲ့...ကျွန်မကိုပဲ ကျွန်မ...သေပါရစေ... ကျွန်မပဲ ...သေသွားရတဲ့သူဖြစ်ပါရစေ"

သွင် မျက်ရည်များဖြင့် အော်ဟစ်ပြောဆိုနေပေမယ့် ဒေါ်သုဓါဟာ တဖြည်းဖြည်း သွင်ရဲ့ အာရုံတွေမှာ ကွယ်ပျောက်သွားပါသည်၊ သွင် တယောင်ချောက်ချား အော်ဟစ်ရင်း ပြေးလွှားရှာဖွေရင်း...

"ဟဲ့...သမီး...သမီး...သွင် ...ထ...ထ...ဘယ်လိုဖြစ်တာလဲ၊ ဘာတွေယောင်နေတာလဲ"

မေမေ အတင်းဝင်ဖက်လှုပ်နှိုးလိုက်တော့မှ သွင်သည် ချွေးစေးပြား မျက်ရည်များစိုရွှဲဖြစ်လျက် အိပ်မက်က နိုးသွားပါသည်၊ မေမေက သွင့်ကို စိုးရိမ်သော မျက်လုံးတွေနဲ့ ကြည့်နေခဲ့သည်။ သွင် အခန်းထဲကို မျက်လုံးကစားကြည့်ရင်း တစ်စုံတစ်ယောက်ကို ရှာဖွေနေမိပြန်သည်၊

"သွင် ...သမီး အိပ်မက်မက်ပြီးယောင်အော်နေတာလေ၊ ငိုလည်း ငိုအားငိုနေတယ်"

သွင်သည် မေမေ့ကို ဖက်ကာ ထပ်မျက်ရည်ကျမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကိုစိတ်ပူတယ် အစ်ကိုတစ်ခုခုဖြစ်တော့မလားမသိဘူး"

"အို...မဟုတ်တာ သမီးရယ်...သူ ဘာမှဖြစ်စရာ အကြောင်း မရှိပါဘူး"

"အိပ်မက်ထဲမှာ ဒေါ်သုမါက အစ်ကိုဟာ သွင့်ကြောင့် ကျိန်စာအကျိုးသူ့ခံရတော့မယ်လို့ ပြောသွားတယ်"

"သမီး စိတ်စွဲလို့ မဟုတ်တာတွေ မက်နေတာပါ။ ကျိန်စာလည်း မရှိတော့ဘူး။ သမီးလည်း ဘာမှမဖြစ်တော့ဘူး။ ဆရာဦးတော်သူစံလည်း ဘာမှမဖြစ်ဘူး။ စိတ်အေးလက်အေးနေပါ။ ကဲ...ကဲ...အိပ်ဆေးသောက်ပြီး ပြန်အိပ် ဟုတ်ပြီလား။ မနက်ဖြန်ကျ မင်္ဂလာကိစ္စတွေ စီစဉ်ဖို့ သူလာခေါ်တော့မှာလေ။ သမီး စိတ်ထဲမှာ ဒါကို တွေးပြီး စိတ်ချမ်းသာ နေပါ။ ကိုယ်ချစ်တဲ့သူနဲ့ ပေါင်းရပြီ မင်္ဂလာပွဲကြီးကို မြိမ့်မြိမ့်သဲသဲ ကျင်းပခွင့်ရပြီဆိုပြီး ဒီအချိန်မှာ စိတ်ချမ်းသာ ပျော်ရွှင်နေရတော့မှာလေ။ ဘာမှ မဟုတ်တာတွေ စိတ်စွဲမနေနဲ့တော့"

သွင်သည် မေမေအတင်းတိုက်သော အိပ်ဆေး တစ်လုံးကို မြိုချကာ တဖြည်းဖြည်းနဲ့ မျက်လုံးတွေစင်းပြီး ပြန်အိပ်ပျော်သွားခဲ့ပါသည်။ အိပ်ပျော်နေပေမယ့် အိပ်မက်ထဲမှာ...

"နောက်ဘဝကျမှ ဆုံရတော့မယ်နော်...အစ်ကို"

ဟု...သွင် အစ်ကိုတော်သူစံကို နှုတ်ဆက်နေသော မြင်ကွင်းကို မက်လိုက်၊ ကယောင်ချောက်ချားဖြစ်ပြီးလူကတစ္ဆေတလျားလွှင့်စင်လိုက်။ တစ်ဖန်ပြန်ပြီး တည်ငြိမ်သွားသောအခါ...

"နောက်ဘဝကျမှ ဆုံကြမယ်...သွင်...။ ကိုယ်နှုတ်ဆက်ခဲ့တယ်"





ဟု၍ အစ်ကိုတော်ဘ သွင် ရှင့်ကို နှုတ်ဆက်နေသော အိမ်တော်ထဲပြန်ဝင်သွားလိုက်...။သွင်သည့်စောင့်ဖြည့်လုံးကယောင်ချောက်ချားဖြစ်နေခဲ့ရနေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သွင့်ကို လာနှုတ်ဆက်နေတာ သွင် တွေ့လိုက်ရတယ်။ အစ်ကို အစ်ကိုရေ သွားနှင့်တော့နော် သွင့်ကို စောင့်နေနော် ။သွင်… အစ်ကိုနဲ့ တွေ့ရဖို့ နောက်ဘဝကို လာခဲ့မယ်။ နောက်ဘဝကျရင် သွင်တို့ ဆုံဆည်းကြမယ်"

ဟူ၍ တတွတ်တွတ် ရေရွတ်နေသည်မှာ မပြီးတော့၊ တစ်နေရာမှာ ထိုင်ပေမယ့် တည်ငြိမ်စွာထိုင်မနေနိုင်ဘဲ ရှေ့တိုးနောက်ပင် ကိုယ်ခန္ဓာကို လှုပ်ယမ်းနေကာ မျက်လုံးတွေစင်းပြီး ဒီစကားလုံးတွေကိုပဲ ထပ်ဖန်တလဲလဲ ရွတ်နေသော သွင့်ကို ဆရာဝန်ပင့်ပြီး စိတ်ငြိမ်ဆေးထိုးပေးသဖြင့် အိပ်ပျော်သွားရပြန်သည်။

သို့သော် အိပ်ပျော်သွားတုန်းသာ ခဏငြိမ်သက်သွားသည်။ ပြန်နိုးလာလျှင်တော့ ခုနစကားလုံးတွေကိုပဲ ရွတ်ကာ ရွတ်ကာ မမောနိုင် မပန်းနိုင် ဆက်တိုက်ပြောနေတော့သည်။

"နောက်ဘဝမှာ တွေ့မယ်နော်…နောက်ဘဝကျရင် ဆုံဆည်းကြမယ်နော် …သွင်နဲ့အစ်ကိုရဲ့အသစ်ပြန်စမယ့် ဘဝမှာ ဆုံမယ်နော်"

အားလုံးက သွင်ဟာ ရူးသွားပြီဟု ထင်လျက် ယူကြုံးမရတွေ ဒီတိုင်း လွှတ်ထားလိုက်တော့တဲ့အခြေအနေပင်။

သို့သော် သွင်ရဲ့ မျက်လုံးတွေက တည်ငြိမ်နေပါသည်။ အသိတရားနဲ့လည်း မကင်းလွတ်၊ အားလုံးကိုလည်း မှတ်မိသိရှိပြီး အသိအမှတ်ပြု ပြုံးပြနိုင်ပါသေးသည်၊ ဒါပေမယ့် သွင့် တွင် ဘာစကားလုံးမှ မရှိတော့သလို ဖြစ်လျက် ဘာစကားမှပြောစရာမရှိတော့သလိုဖြစ်သွားလျက် သွင် ပြောလိုသောစကားကိုသာ ထပ်ခါတလဲလဲ ရွတ်နေခြင်းဖြင့်သာ သွင့်ရဲ့ အလွမ်းစိတ်ကို ဖြေခွင့်ရှိလေသည်။



# အပိုင်း ( ၂၃ )

## နောက်တစ်နေ့ရဲ့

တစ်စုံတစ်ခုသောအချိန်နာရီတွင် သွင်သည် ဖုန်းသတင်းတစ်ခုကြောင့် ရူးသွပ်တော့မတတ်ဖြစ်သွားပါသည်။

"ဆရာဦးတော်သူစံ သူ့အိမ်က ထွက်အလာမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ချက်ချင်း ဆုံးသွားပါတယ်"

လူတွေအားလုံးက မယုံကြည်နိုင်သလို မင်သက်ငေးကြောင်နေပေမယ့် သွင်ကတော့ အရူးတစ်ယောက်လိုပဲ…

"ဒေါ်သုခ ပြောသွားတယ် အဲဒါကို ပြောသွားတယ်၊ သွင့်အစားသွင်ချစ်တဲ့သူက ခံရမယ်လို့ ပြောတယ်၊ ဒါပေမယ့် သူဝင်ခံပေးလိုက်တဲ့အတွက် ကျိန်စာက ဒီဘဝမှာ ပြယ်သွားပြီတဲ့ နောက်ဘဝမှာ သွင်တို့ ပေါင်းရမယ်တဲ့ ။ သွင် သိပြီးသား ဒီလိုဖြစ်ရမယ်ဆိုတာ ကြိုသိပြီးသား အစ်ကို

www.burmeseclassic.com



ဘာကြောင့်လည်းဆိုတော့ သွင့်မှာ ဒီမျှော်လင့်ချက်လေးတစ်ခုကိုပဲ ဖက်တွယ်ထားချင်လို့ပါ။ ဒီမျှော်လင့်ချက်ကပဲ သွင့်ကို အဓိပ္ပါယ်ရှိနေစေခဲ့လို့ပါ……ဆိုတာတွေကို ဘယ်သူမှ နားမလည်ပေးနိုင်ကြချေ။

သွင်သည် မျှော်လင့်ချက်တစ်ခုဖြင့် နောက်ထပ်အသစ်တစ်ဖန်ပြန်ဆုံမယ့် ဘဝကို စောင့်ဆိုင်းနေခဲ့သူသာတည်း……၊

*　　*　　*

"ချစ်ရတဲ့သူရေ…"

"အသစ်တစ်ဖန် ချစ်ခြင်းများစွာဖြင့် ပြန်ဆုံကြရမယ့် . . . နေ့တစ်နေ့သော်လည်းကောင်း…ဘဝတစ်ခုကိုသော်လည်းကောင်း …မျှော်လင့်ရင်းနဲ့…ချစ်ခဲ့ပါရစေ…"

ရှင်မိုး(ဆေးတက္ကသိုလ်)

BURMESE CLASSIC .com

**Synergy Publications** အမည်ဖြင့် စိစဉ်ထွက်ရှိပြီးစာအုပ်များ….

| | |
|---|---|
| ၁။ နိုင်းနိုင်းစနေ | အမေ့လက်ရေးစာစုများ |
| ၂။ အထောက်တော်လှအောင် | သားစစ်သည်၏ဒိုင်ယာရီ |
| ၃။ မြသန်းတင့် | ဖွဲ့နှိုးမဝိနှင့် အခြားဝံ့ထောက်ဝတ္ထုတိုများ |
| ၄။ နိုင်းနိုင်းစနေ | မျော်ရှင်ခြင်းရဲ့လျှို့ဝှက်အမှတ်<br>အောင်မြင်သူ့ရဲ့လမ်း |
| ၅။ တင်မောင်မြင့် | လူငယ်များအတွက် ဒိန်ခဲ |
| ၆။ နိုင်းနိုင်းစနေ | လင်းလက်တဲ့ချစ်မီးအိမ် |
| ၇။ မြသန်းတင့် | အင်ဒါဆင်၏ ဒဏ္ဍာရီများ |
| ၈။ မောင်မြတ်မိုး | ကျစ်ဆံမြီးတွင် ဓါကြိုးစည်းလိုက်ပါနှင့်<br>အမေ့သင်ခန်းစာများ |
| ၉။ နိုင်းနိုင်းစနေ | ဟိုတုန်းက အမှတ်တရနှင့် အခြားဝတ္ထုတိုများ |
| ၁၀။ ဝိန်ဝင်းဝိန် | ယုံကြည်ရာ |
| ၁၁။ နိုင်းနိုင်းစနေ | စမ်းချောင်းလေးရဲ့ခရီးစဉ်<br>(စိတ်ခွန်အားဖြည့်စာစုများ) |
| ၁၂။ မြသန်းတင့် | မယ့်တစ်ကိုယ် |
| ၁၃။ အထောက်တော်လှအောင် | လက်ညှိုးဆိုတာလက်စွပ်ဝတ်ရတာမှ<br>မဟုတ်ဘဲ မောင်မောင်ရယ် |
| ၁၄။ မြသန်းတင့် | ခေတ်ပြိုင်ရုပ်ပုံလွှာများ ၄၀၀၀ |
| ၁၅။ နိုင်းနိုင်းစနေ | ဉယျာဉ်ထဲကဝန်းတစ်ပွင့်(ဝတ္ထုတိုများ) |
| ၁၆။ စောငဝါ - ပျည်းမနား | အိုင်အမ်ဇီဝနည်းပညာအသုံးပြုစိုက်ပျိုးရေး |
| ၁၇။ မြသန်းတင့် | မြသန်းတင့်၏စာပေါင်းစု |
| ၁၈။ မောင်မြတ်မိုး | လူတိုင်းနှင့်စကားပြောနည်း |
| ၁၉။ ထန်လှိုင် | ဂန္ထဝင်တေးသီငှက် (သို့) တွံတေးသိန်းတန် |
| ၂၀။ နိုင်းနိုင်းစနေ | မေတ္တာတို့ပေါင်းစုရာ |

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၂၀။ တင်မောင်မြင့် | လာရိုကင်း၏ လာရိုကင်း |
| ၂၂။ မောင်မြတ်မိုး | မြန်မာ့အောင်ဆန်း |
| ၂၃။ မြသန်းတင့် | အမှောင်ရိပ်ဝယ် |
| ၂၄။ နိုင်းနိုင်းစနေ | ရတနာများနဲ့ ဆက်သွယ်ခြင်း |
| ၂၅။ နတ်နွယ် | တစ်ယောက်ပြီးတစ်ယောက်နှင့် အခြားစုံထောက်လျှို့ဝှက်သည်းဖိုဝတ္ထုများ |
| ၂၆။ ရှုမဝ | ရှုမဝပုံပြင်ပေါင်းချုပ် |
| ၂၇။ စိန်ဝင်းစိန် | လန်အန်ဒိုင်ယာရီ |
| ၂၈။ တင်မောင်မြင့်နှင့် တင်စိန် (ပထဝီဝင်) | ရောင်းချခြင်း အတတ်ပညာ |
| ၂၉။ နိုင်းနိုင်းစနေ | သတ္တိရှိတဲ့ ပထမခြေလှမ်း |
| ၃၀။ စောငုဝါ - ပျဉ်းမနား | အဆိပ်ပိုးသတ်ဆေးလွတ် စိန်တစ်လုံးသရက်စိုက်ပျိုးထုတ်လုပ်ရေး |
| ၃၁။ ကလောင်စုံ | ရှုမဝချစ်ကိုယ်တွေများ(၁) |
| ၃၂။ ကလောင်စုံ | ရှုမဝချစ်ကိုယ်တွေများ(၂) |
| ၃၃။ နိုင်းနိုင်းစနေ | ကျွန်မဖတ်ဖို့ |
| ၃၄။ စိုးသိကၡ | မေးသမျှဖြေကြ အကျော်ဧယျ |
| ၃၅။ စောငုဝါ(ပျဉ်းမနား) | အဆိပ်ပိုးသတ်ဆေးလွတ် မာလကာစိုက်ပျိုးထုတ်လုပ်နည်း |
| ၃၆။ မောင်မြတ်မိုး | ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းနည်းများ |
| ၃၇။ ဗိုလ်သိမ်းဆွေ | ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ |
| ၃၈။ နိုင်းနိုင်းစနေ | နှလုံးသားဝန်ဆောင်မှု |
| ၃၉။ စောငုဝါ(ပျဉ်းမနား) | ဂုဏ်သတ္တိသမှုလီနွယ်ပင်နှင့် ကင်ဆာဘေးအန္တရာယ်လျော့ချရေး |
| ၄၀။ အောင်ရှိန်ဘွား | ကားဝယ်လမ်းညွှန် |
| ၄၁။ နယဉ် | ပုံပြင်ပေါင်းချုပ် |
| ၄၂။ နိုင်းနိုင်းစနေ | ၉၀ - ၁၀ နိယာမ |
| ၄၃။ မင်းသုတ | ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလိပ်ဘာသာဖြင့်ပြောကြားခဲ့သော မိန့်ခွန်းများ (မြန်မာပြန်) |
| ၄၄။ နိုင်းနိုင်းစနေ | ကျွန်မဖတ်ဖို့(၂) |
| ၄၅။ စောငုဝါ - ပျဉ်းမနား | အီးအမ်ဇီဝနည်းပညာအသုံးပြုစိုက်ပျိုးမွေးမြူရေး |
| ၄၆။ ရှင်မိုး(ဆေးတက္ကသိုလ်) | တောက်ပ၍ နွေးထွေးသော ကောင်းကင်တစ်ခုအောက်မှာ |
| ၄၇။ ဝညာဦး | ကိုလိုနီနယ်မှ လူစွမ်းကောင်း |
| ၄၈။ နိုင်းနိုင်းစနေ | လျှို့ဝှက်တဲ့ သန်းကြွယ်သူဌေး |
| ၄၉။ စောငုဝါ - ပျဉ်းမနား | ဟော်လန်သံပရာ |
| ၅၀။ နိုင်းနိုင်စနေ | ဒုက္ခရှာ၍ မေမေ့ကိုကြည့်ရှုစောင့်ရှောက်ပါ |
| ၅၁။ မောင်မြတ်မိုး | စတ္တုန့်ဖြောက်ဆယ်အတွင်းအလုပ်ရရှိနည်း |
| ၅၂။ ရှင်မိုး | ၂၀၁၂ အချစ်ပုံပြင် |
| ၅၃။ စောငုဝါ - ပျဉ်းမနား | အဆိပ်ပိုးသတ်ဆေးလွတ် ဇီဝနည်းပညာသုံးသခွားစိုက်ပျိုးထုတ်လုပ်နည်း |
| ၅၄။ Wutyee Food House | ဟင်းလက်ရာ (၁၀၁) မျိုး |
| ၅၅။ ဧယျာဝင်းထွက် | လိုက်ဖက်ညီအရောင်များ |
| ၅၆။ နိုင်းနိုင်းစနေ | နေရာ |
| ၅၇။ ရှင်မိုး | အိပ်မက်ထဲက တကယ့်အဖြစ်အပျက် |
| ၅၈။ နိုင်းနိုင်းစနေ | ကျွန်မဖတ်ဖို့(၃) |
| ၅၉။ Evy's Kitchen | လွယ်ကူဆန်းသစ်သော မုန့်လုပ်နည်းများ |
| ၆၀။ နယဉ် | ကလေးကဗျာပေါင်းချုပ် |
| ၆၁။ ကျောက်ကျက် (ဆေးရောင်ခြယ်) | ရှုခင်းစုံရာရောင်ခြယ်ပါ |

www.burmeseclassic.com